# စစ်အာဏာရှင်

# ကြီးစိုးမှု မှောင်ရိပ်

## စီဒေါ ခင်ပြိုင်အစီရင်ခံစာ

မြန်မာနိုင်ငံမှ အမျိုးသမီးများ
၂၀၀၈ ခုနှစ်

# စစ်အာဏာရှင် ကြီးစိုးမှု မှောင်ရိပ်

## စီဒေါ စင်ပြိုင်အစီရင်ခံစာ

မြန်မာနိုင်ငံမှ အမျိုးသမီးများ

၂၀၀၈ ခုနှစ်

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ကျေးဇူးတင်လွှာ | | |
| အတိုကောက်စာလုံးများ | | |
| အနှစ်ချုပ် | | ၁ |
| နိဒါန်း | | ၅ |
| ပုဒ်မ ၁–၅ | ခွဲခြားဆက်ဆံမှု၊ ဥပဒေ၊ မူဝါဒအစီအမံပြဋ္ဌာန်းဆိုချက်နှင့် စီဒေါစာချုပ်ကို အကောင်အထည် ဖော်ခြင်းနှင့် လိင်ကွဲပြားမှုအခန်းကဏ္ဍများနှင့် ပုံစံခွက် အတွင်းထည့်သွင်းခြင်း | ၁၄ |
| ပုဒ်မ ၆ | လူကုန်ကူးခြင်း | ၂၈ |
| ပုဒ်မ ၁၀ | ပညာရေး | ၃၉ |
| ပုဒ်မ ၁၂ | ကျန်းမာရေး | ၅၀ |
| ပုဒ်မ ၁၄ | ကျေးလက်ဒေသနေ အမျိုးသမီးများ | ၅၉ |
| အထွေထွေ အကြံပြုချက် အမှတ် ၁၉ | အမျိုးသမီးအပေါ်အကြမ်းဖက်ခြင်း | ၆၆ |
| နိဂုံး | | |
| နောက်ဆက်တွဲ ဖော်ပြချက်များ | | |
| နောက်ဆက်တွဲ ၁ | | ၈၁ |
| နောက်ဆက်တွဲ ၂ | | ၈၂ |
| နောက်ဆက်တွဲ ၃ | | ၈၂ |
| နောက်ဆက်တွဲ ၄ | | ၈၃ |
| နောက်ဆက်တွဲ ၅ | | ၈၄ |
| နောက်ဆက်တွဲ ၆ | | ၈၅ |

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့် တိုင်းရင်းသား အမျိုးသမီး အဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံးအဖွဲ့ ဖြစ်သည်။ အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ်ဒေသများရှိ အမျိုးသမီး အဖွဲ့အစည်း (၁၂) ဖွဲ့ ပါဝင်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေ သည့် အဖွဲ့အစည်းဖြစ်သည်။

Women's League of Burma (WLB)

P.O. Box 413 GPO
Chiang Mai 50000 Thailand
Email: wlb@womenofburma.org
Website: www.womenofburma.org

## ကျေးဇူးတင်လွှာ

စီဒေါစင်ပြိုင် အစီရင်ခံစာလုပ်ငန်းစဉ်အတွက် တန်ဖိုးရှိသောအချက်အလက်များ ပံ့ပိုးကူညီပေးသော အဖွဲ့အစည်း များနှင့် Amarsanaa Darisuren; Nalini Singh နှင့် Usa Lerdsrisuntad အပါအဝင် တစ်သီး ပုဂ္ဂလများကို ကျေးဇူးအထူးတင်ရှိပါသည်။ အလုပ်များသည့်ကြားမှ အချိန်ပေးပြီး နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးသော Brenda Belak, Pippa Curwen နှင့် Johns Hopkins Bloomberg School of Public Health, လူထုကျန်းမာရေးနှင့် လူ့အခွင့်အရေးဌာနမှ Dr.V. Suwanvanichkij တို့ကိုလည်း အထူး ကျေးဇူးတင်ရှိပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ အခြေပြု၍ စတင်လုပ်ဆောင်သော စီဒေါစင်ပြိုင် အစီရင်ခံစာ လုပ်ငန်းစဉ်အတွက် ဘဏ္ဍာရေးအားဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အစီအစဉ် (NRP) မှတဆင့် ကူညီသည့် ဒတ်ချ်–မြန်မာ ကော်မတီ (DBC) နှင့် Burma Relief Centre (BRC) မှတဆင့် ကူညီသည့် Inter Pares တို့အား ကျေးဇူးအထူး တင်ရှိပါသည်။


## အတိုကောက်စာလုံးများ

| | |
|---|---|
| AASYC | ရခိုင်လူငယ်ကျောင်းသားများသမဂ္ဂ |
| ABFSU | ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ |
| ARV | အိပ်ချ်အိုင်ဗွီ ရောဂါပိုးတိုက်ဖျက်ဆေး |
| ASEAN | အရှေ့တောင် အာရှနိုင်ငံများ အသင်း |
| BMA | မြန်မာနိုင်ငံလုံးဆိုင်ရာ ဆေးပညာရှင်များအသင်း |
| BPFA | ဘေဂျင်း လုပ်ငန်းစဉ်မူဝါဒ |
| BPHWT | နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအသင်း |
| BRW | မြန်မာနိုင်ငံလုံးဆိုင်ရာ မြစ်များစောင့်ကြည့်ရေးအဖွဲ့ |
| BWU | မြန်မာ့အမျိုးသမီး သမဂ္ဂ |
| CAPS | ပညာရေးတိုးတက်မှုကို အဆက်မပြတ် စိစစ်သောစနစ် |
| CBO | လူမှုအခြေပြုအဖွဲ့အစည်း |
| CEDAW | အမျိုးသမီးများအပေါ် ခွဲခြားမှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (စီဒေါ) |
| DVB | ဒီမိုကရက်တစ် မြန်မာ့အသံ |
| ECDF | တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဆုံရပ် |
| EFA | အားလုံးအတွက် ပညာရေး |
| GDP | ပြည်တွင်းထုတ်လုပ်မှု နှစ်စဉ် ဝင်ငွေ |
| GONGO | အစိုးရက ဖွဲ့စည်းထားသော အဲန်ဂျီအို |
| HREIB | လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ) |
| GR | အထွေထွေ အကြံပြုချက် |
| HURFOM | မွန်လူ့အခွင့်အရေး ဖေါင်ဒေးရှင်း |
| IB | ခြေလျင်တပ်ရင်း |
| ICAAP | အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံတကာ အေအိုင်ဒီအက်စ် ကွန်ဖရင့် |
| ICC | နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး |
| ICRC | ကမ္ဘာ့ကြက်ခြေနီအဖွဲ့ |
| ID | နိုင်ငံသား စိစစ်ရေးကတ်ပြား |
| IDP | နိုင်ငံအတွင်း အခြေမဲ့သူများ |
| IDR | သတင်း၊ မှတ်တမ်းနှင့် သုတေသနဌာန |
| KDHW | ကရင်ကျန်းမာရေးနှင့် ဖူလုံရေးဌာန |
| KDNG | ကချင်လူမှု ဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ |
| KDRG | ကရင်နီ ဖွံ့ဖြိုးရေး သုတေသနအဖွဲ့ |
| KIO | ကချင်လွတ်လပ်ရေး အဖွဲ့အစည်း |
| KNWO | ကရင်နီအမျိုးသမီး အစည်းအရုံး |
| KORD | ကရင်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရုံး |
| KSWDC | ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန |
| KWAT | ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) |
| KWHRO | ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး |
| KWO | ကရင်အမျိုးသမီး အစည်းအရုံး |
| KyWU | ကယန်းအမျိုးသမီး သမဂ္ဂ |
| LIB | ခြေမြန်တပ်ရင်း |

| | |
|---|---|
| LNDO | လားဟူအမျိုးသား တိုးတက်ရေးအဖွဲ့အစည်း |
| LWO | လားဟူအမျိုးသမီး အစည်းအရုံး |
| MMCWA | မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း |
| MNCWA | မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ |
| MNHC | မွန်အမျိုးသား ကျန်းမာရေးကော်မတီ |
| MoU | နားလည်မှု စာချွန်လွှာ |
| MRDC | မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ |
| MSWRR | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| MTC | မယ်တော်ဆေးခန်း |
| MWAF | မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် |
| MWO | မွန်အမျိုးသမီး အစည်းအရုံး |
| MYPO | တိုးတက်သော မွန်လူငယ်များအဖွဲ့အစည်း |
| NCGUB | ပြည်ထောင်စု မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ |
| NGO | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| NHEC | အမျိုးသား ကျန်းမာရေးနှင့် ပညာရေးကော်မတီ |
| NLD | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် |
| NLD (LA) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) |
| NYF | တိုင်းရင်းသား လူငယ်များ ဆုံရပ် |
| OMWO | အဝေးရောက် မွန်အမျိုးသမီးအဖွဲ့ |
| PWO | ပလောင်အမျိုးသမီး အဖွဲ့အစည်း |
| PWU | ပအိုဝ်းအမျိုးသမီး သမဂ္ဂ |
| PYNG | ပလောင်လူငယ် လုပ်ငန်းကွန်ယက် |
| RWU | ရခိုင်အမျိုးသမီးများ သမဂ္ဂ |
| SCOEWBA | နယ်စပ်ဒေသရောက်၊ တိုင်းရင်းသူအမျိုးသမီးများ ကယ်ဆယ်စောင့်ရှောက်ရေးအဖွဲ့ |
| SGM | ရွှေသဘာဝဓါတ်ငွေ့ လှုပ်ရှားမှု |
| SHRF | ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင် |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| SPDC | နိုင်ငံတော် ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ |
| SRDC | ရှမ်းကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ |
| SWAN | ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း |
| TWU | ထားဝယ်အမျိုးသမီး သမဂ္ဂ |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| UNAIDS | ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်ခံအားကျဆင်းသောရောဂါဆိုင်ရာ ပူးတွဲအစီအစဉ် |
| UNDP | ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ် |
| UNESCO | ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ |
| UNIAP | ကမ္ဘာ့ကုလသမဂ္ဂ လူကုန်ကူးမှုဆိုင်ရာ အေဂျင်စီများအတွင်း လုပ်ငန်းစီမံချက် |
| UNICEF | ကမ္ဘာ့ကုလသမဂ္ဂ ကလေးများ ရံပုံငွေအဖွဲ့ |
| UNIFEM | ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ရံပုံငွေ |
| UNPFA | ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေဆိုင်ရာ ရံပုံငွေအဖွဲ့ |
| USD | အမေရိကန်ဒေါ်လာ |
| USDA | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) |

| | |
|---|---|
| VAW | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု |
| WCRP | အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာအခွင့်အရေး အဖွဲ့ |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |
| WLB | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WLC | ချင်းလဲန်း အမျိုးသမီးများ အဖွဲ့ချုပ် |
| WRWAB | မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးဆိုင်ရာအဖွဲ့ |

# မြန်မာနိုင်ငံမြေပုံ – ပြည်နယ်နှင့် တိုင်းများ



## အနှစ်ချုပ်

မြန်မာစစ်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် စီဒေါစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် စီဒေါကော်မတီသို့ ပေးပို့သော ၎င်း၏ ပထမဆုံး အစီရင်ခံစာကို ၂၂ ကြိမ်မြောက် စီဒေါကော်မတီအစည်းအဝေးတွင် ပြန်လည်သုံးသပ်ခဲ့ကြသည်။ တက်ရောက်သော ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သူမှာ အမျိုးသားဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စစ်အစိုးရမှ ၎င်း၏ ဒုတိယနှင့် တတိယအကြိမ် ပေါင်းတင်ပြထားသော ပုံမှန်အစီရင်ခံစာကို စီဒေါကော်မတီသို့ ပို့ခဲ့သည်။

### စီဒေါသဘောတူညီချက်စာချုပ်အား အကောင်အထည်ဖော်ရန် ခွဲခြားဆက်ဆံမှု၊ အခြေခံဥပဒေ၊ မူဝါဒများနှင့် စီမံချက်များဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက် (အပိုဒ် ၁၊ ၂ နှင့် ၃)

စစ်အစိုးရ၏ ၂၀၀၇ ခုနှစ်၊ အစီရင်ခံစာအရ ၎င်းမှ စီဒေါစာချုပ်၏ ရည်ရွယ်ချက်နှင့် ကျားမ ခွဲခြား ဆက်ဆံခြင်းဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို နားလည်သည့်ဖော်ပြမှုကို မတွေ့ရှိရပေ။ မြန်မာနိုင်ငံမှ အမျိုးသမီးများသည် မွေးဖွားစဉ်ကတည်းက အခွင့်အရေး အပြည့်အစုံကို ရရှိပိုင်ဆိုင်ထားပြီးဖြစ်သောကြောင့် မြန်မာနိုင်ငံ အတွင်းတွင် ခွဲခြားဆက်ဆံမှုများ မဖြစ်ပါဟု စစ်အစိုးရမှ အတိအလင်း ပြောဆိုထားသည်။ ၎င်း၏ နိုင်ငံအတွင်း ဖြစ်ပွားနေသော အစီအစဉ်ချ ချိုးဖောက်နေသည့် စိုးရိမ်ဖွယ်ရာ ခွဲခြားဆက်ဆံမှုများကို အသိအမှတ်ပြုရန် ဆက်လက် ငြင်းဆိုနေခြင်းသည် စစ်အစိုးရမှ ခွဲခြားဆက်ဆံမှုကို ပပျောက်စေရန်နှင့် အမျိုးသမီးတန်းတူရေးကို မြှင့်တင်ပေးရန် စွမ်းဆောင်နိုင်သော လုပ်ငန်းစဉ်များနှင့် ပေါ်လစီ (မူဝါဒ) များကို သဘောရိုးဖြင့် ပြဋ္ဌာန်းပေးမည် ဆိုသည့်မျှော်လင့်ချက်နှင့် အလွန်အလှမ်းကွာဝေးလျက်ရှိကြောင်း သိသာစွာ ဖော်ပြနေသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ထိရောက်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အာမခံချက်ရှိသော စစ်မှန်သည့် တန်းတူရေးကို မရရှိကြပေ။ စစ်တပ်မှ လတ်တလော အတည်ပြုခဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ကျားမတန်းတူရေးကို ထိရောက်စွာ မြှင့်တင်ခြင်းကို မလုပ်ဆောင်နိုင်သည့်အပြင် အမျိုးသားများသာ ပိုင်ဆိုင်သော အသင်းအဖွဲ့ဟု ပြောနိုင်ဖွယ်ရာရှိသည့် စစ်တပ်မှ ဥပဒေပြုရေး၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နေရာများ၏ ၄ ပုံ ၁ ပုံကို ချုပ်ကိုင်နိုင်ရန် အာမခံချက်ပေးထား ပြန်သည်။ တချိန်တည်းမှာပင် စစ်အစိုးရက အမျိုးသမီးများ၏ တန်းတူရေးနှင့်ပတ်သက်၍ နားလည်စေရန် အကူအညီပေးနိုင်သည့် ယာယီအထူးစီမံ ချက်များ ဆိုသည်ကိုလည်း မိတ်ဆက်ပေးရန် လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။

နိုင်ငံ၏ အခြေခံဥပဒေမှ တိုက်ရိုက်နည်းနှင့် သွယ်ဝိုက်နည်းဖြင့် ခွဲခြားဆက်ဆံမှုများကို ဖော်ပြရန် ပြန်လည်ပြုပြင်မှုများ ပြုလုပ်ပြီးဖြစ်ကြောင်း (သို့မဟုတ်) စီဒေါစာချုပ်နှင့် ၎င်း၏ အခြေခံမူများကို ပြည်တွင်းတရား ဥပဒေပြုရေးတွင် ထည့်သွင်းထားပြီးဖြစ်ကြောင်းကို ညွှန်းပြပြောဆိုမှုများ မရှိပေ။ မိသားစုဆိုင်ရာ ဥပဒေအရ လက်ထပ်ထိမ်းမြားခြင်း၊ အမွေစားအမွေခံ မွေးစားခြင်း၊ ပစ္စည်းပိုင်ဆိုင်မှုနှင့် အမွေဆက်ခံမှုဆိုင်ရာ အခွင့်အရေး နှင့် ပတ်သက်၍ ဗမာနှင့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများမှ ကျင့်သုံးသော ဓလေ့ထုံးတမ်းဥပဒေများမှာ အလျှံပယ်ပင် ဖြစ်သည်။ ထိုဥပဒေအများစုသည် အမျိုးသားများအား မိသားစုရေးရာကိစ္စများတွင် စီးပွားရေး အခွင့်အလမ်းနှင့် ဆုံးဖြတ်ချက်ချပိုင်ခွင့်အာဏာကို ပေးအပ်ထားချိန်တွင် အိမ်မှုကိစ္စလုပ်ဆောင်သူများနှင့် ကလေး မွေးဖွားစောင့်ထိန်းသူများအဖြစ် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အလေးပေးဖော်ပြထားသည်။

မြန်မာနိုင်ငံရှိ ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှုများကို ဖော်ပြရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာ ယန္တရားတည်ဆောက်ပုံမှာ အကန့်အသတ်များစွာ ရှိနေသည်။ တနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးအဖွဲ့အစည်းယန္တရားတွင် စစ်အစိုးရ၏ ဗိုလ်ချုပ်ကြီးများ၏ဇနီးများ ခေါင်းဆောင်ထိန်းချုပ်ဖွဲ့စည်းထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အစိုးရထိန်းချုပ်ဖွဲ့စည်းသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ) ပါဝင်သည်။ ၎င်းတို့သည် စစ်တပ်၏ မူဝါဒများကို မြှင့်တင်ရန် အမိန့်ပေးထားခြင်းခံရပြီး စွမ်းရည်မြှင့်တင်ရေးအခြေခံသော ချဉ်းကပ်နည်းများ အသုံးပြုခြင်း (သို့မဟုတ်) အခွင့်အရေးများကို အသုံးပြုခြင်းများမှလည်း ပိတ်ပင်ခံရသည်။

### ပုဒ်မ ၅ – ကျားမဆိုင်ရာ အခန်းကဏ္ဍနှင့် ပုံစံခွက်အတွင်း ထည့်သွင်းခြင်း

စစ်အစိုးရ၏ အစီရင်ခံစာအရ ၎င်းမှ တရားမျှတသော လူမှုရေးဆိုင်ရာ ပုံစံခွက်သွင်းခြင်းကို အနည်းငယ်သာ နားလည်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ ၎င်းမှ လူထုသို့ပေးသော သတင်းအချက်အလက်များသည် တရားမျှတမှုမရှိသော ယဉ်ကျေးမှု

ဆိုင်ရာ တန်ဖိုးများကို မြှင့်တင်ထားပြီး အမျိုးသမီးများ၏ လုပ်နိုင်စွမ်းအားများကို တားမြစ်ပိတ်ပင်ထားသည့် လုပ်ဆောင်ချက်များနှင့် အညီ အကျဉ်းချုံးပုံဖော်ထားကာ မြန်မာ့လူ့အသိုင်းအဝိုင်းတွင် အမျိုးသမီးများအား အဆင့်နိမ့်သော အသုံးချခံနေရာများတွင်သာ နေရာပေးထားကြောင်း ပေါ်လွင်စေသည်။ စစ်အစိုးရ၏ အစီရင်ခံစာတွင် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ်အဖြစ် ဖော်ပြထားသော ဟိရိနှင့် ဩတ္တပ (အရှက်တရားနှင့် အကြောက်တရား) သည် ထေရဝါဒဗုဒ္ဓဘာသာတွင် လူတိုင်း စောင့်ထိန်းအပ်သော သီလနှစ်ပါးဖြစ်သည်။ ပုံမှန်အားဖြင့် ဗုဒ္ဓတရားတွင် ထိုကျင့်ဝတ်နှစ်ခုလုံးသည် အမျိုးသမီးနှင့် အမျိုးသားအတူတကွ စောင့်ထိန်းရမည့် တရားဖြစ်သော်လည်း စစ်အစိုးရ၏ လက်ခံပြောဆိုချက်များမှာ မိမိကိုယ်ကိုယ်နိမ့်ချတတ်သော အပြုအမူရှိသည့် အမျိုးသမီးများနှင့် မိသားစုဆွေမျိုးသားချင်းနှင့် လင်ယောကျ်ားအား ရိုသေကျိုးနွံစွာအလုပ်အကျွေးပြုသော အမျိုးသမီးများကိုသာ 'အမျိုးသမီးကောင်း' ဖြစ်သည်ဆိုသည့် အယူအဆကို ရိုက်သွင်းထားဆဲ ဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ လူမှုရေးနယ်ပယ်၊ နေရာအများစုတွင် လုပ်ရှားနေသူများမှာ အမျိုးသားများ ဖြစ်ကြသည်။ အကြောင်းမှာ ယနေ့ မြန်မာပြည်၏ ယဉ်ကျေးမှုသည် စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ရှိနေသောကြောင့်ဖြစ်သည်။ စစ်တပ်သည် ရွာတိုင်း၊ မြို့နယ်တိုင်းနှင့် မြို့ကြီးတိုင်း၊ အုပ်ချုပ်ရေးပိုင်း၏ ဌာနတိုင်းနှင့် အဆင့်တိုင်း၌ အာဏာရာထူးနှင့် သက်ဆိုင်သော နေရာအားလုံးကို လွှမ်းမိုးပြန့်နှံ့နေသည်။

## ပုဒ်မ ၆ – လူကုန်ကူးခြင်း

စစ်အစိုးရ၏ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုညံ့ဖျင်းသော၊ စစ်တပ်၏ အသုံးစရိတ်ကိုသာ ဦးစားပေးသော၊ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများကို လစ်လျူရှုထားသော မူဝါဒများသည် အစိုးရ၏ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုနှင့် သတင်းအချက်အလက်များ ရရှိခြင်းအပေါ် ကန့်သတ်တားမြစ်မှုများနှင့်အတူ ရွှေ့ပြောင်းမှုများ မြင့်မားလာခြင်းကို ဖြစ်ပေါ်စေပြီး မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ကူးသန်းရောင်းဝယ်မှုများ မြင့်မားလာစေသည်။ ဤကဲ့သို့ ကူးသန်းရောင်းဝယ်မှုများ ဖြစ်ပေါ်စေသည့် ပြဿနာအရင်းအမြစ်ကို ဖော်ထုတ်ရမည့်အစား စစ်အစိုးရသည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လှုပ်ရှားသွားလာမှုအပေါ် ပို၍ ကန့်သတ် တားမြစ်မှုများ လုပ်ဆောင်လာပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၏ ၎င်းတို့အပေါ်မျှတမှု မရှိခြင်းနှင့် ငွေညှစ်ခြင်းများပို၍ များပြားလာအောင်ပင် လုပ်ဆောင်ပေးနေသည်။ အထူးသဖြင့် စစ်အစိုးရ၏ ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှု ပပျောက်ရေး ဥပဒေသစ်ကို ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်းတွင် အပြစ်မဲ့သည့်သူများသည် လူကုန်ကူးမှု ပုဒ်မများဖြင့် ဖမ်းဆီး၍ အပြစ်ပေး ခြင်းများ ခံခဲ့ရသည်။

## ပုဒ်မ ၁၀ – ပညာရေး

စစ်အစိုးရသည် မြန်မာနိုင်ငံ၏ ပညာရေးအခန်းကဏ္ဍကို လျစ်လျူရှုထားခြင်းသည် အလွန်စိုးရိမ်စရာ ကောင်းလှပြီး ပညာရေး အသုံးစရိတ်သည် ပြည်တွင်းဝင်ငွေစုစုပေါင်း **(GDP)** ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိသည်။ ထိုအခြေအနေများကြောင့် ကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသုံးပစ္စည်းများ လုံလောက်မှု မရှိခြင်း (အထူးသဖြင့် ကျေးလက်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားမှုဒဏ်ခံရသော ဒေသများ) နှင့် လာဘ်စားမှုများသည် ကျောင်းဆရာ၊ ဆရာမများအကြား အများအပြား ဖြစ်ပေါ်နေသည်။ ပညာရေးအဆင့်အတန်း နိမ့်ကျနေ ချိန်မှာပင် ကျောင်းစရိတ်များမှာ မှန်းဆ၍ပင်မရနိုင်လောက်အောင် သိသိသာသာ တဟုန်ထိုးမြင့်မားလာသည်။ နေရာအနှံ့ အပြားဖြစ်ပွားနေသော ကျားမဆိုင်ရာ အတွေးအခေါ် အပြုအမူများကြောင့် သားယောကျ်ားလေးများ၏ ပညာရေးမှာ သမီးမိန်းကလေး များထက် ပို၍ဦးစားပေးခံရပြီး သမီးမိန်းကလေးများမှာ ၎င်းတို့၏ မိသားစုကို ကူညီထောက်ပံ့ရန် ကျောင်းမှ ထွက်လိုက်ရခြင်း (သို့မဟုတ်) ပညာသင်နေစဉ်အတွင်းမှာပင် အချိန်ပိုင်း အလုပ်ကို လုပ်ဆောင်နေကြရခြင်းများ ဖြစ်ပေါ်နေသည်။

လူ့အဖွဲ့အစည်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ပညာရေးကို စစ်အစိုးရမှ လစ်လျူရှုထားချိန်တွင် ၎င်းတို့၏ စစ်တပ် ကျောင်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အမြောက်အမြားလုပ်ဆောင်ထားခြင်းကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရသည် စစ်တပ်အမှုထမ်းများကို အခွင့်ထူးခံစားခွင့်ပေးသော ပညာရေးစနစ်ကို ဖန်တီးနေကြောင်း တွေ့မြင်နိုင်သည်။ စစ်အစိုးရသည် စစ်တပ်အာဏာ တည်မြဲရေးအတွက် ပညာရေးကို လက်နက်တခုသဖွယ် အသုံးပြုနေပြီး ကျောင်းဆရာ၊ ဆရာမများသည်လည်း နိုင်ငံတော်ကို သစ္စာရှိရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပုန်ကန်လှုပ်ရှားမှုများကို နှိမ်နင်းရန်နှင့် ကာကွယ်ရန် သဘောတရားများ သွတ်သွင်းခံ ကြရသည်။ ကျောင်းသင်ရိုးညွှန်းတမ်းများတွင်လည်း စစ်အာဏာရှင်စနစ်ကြီးစိုးရေးအတွေးအခေါ်များ တဖြည်းဖြည်းချင်း စိမ့်ဝင်လာမှု မြင့်မားလာသည်။

## ပုဒ်မ ၁၂ – ကျန်းမာရေး

ပညာရေးနည်းတူ ကျန်းမာရေးအပိုင်းတွင်လည်း နိုင်ငံဘဏ္ဍာငွေ၏ ၃ ရာခိုင်နှုန်းအောက် လျော့နည်းစွာ အသုံးချနေပြီး အစိုးရမှ ထောက်ပံ့ပေးမှု မရှိသလောက်ပင်ဖြစ်သည်။ အစိုးရ၏ ကျန်းမာရေးဆိုင်ရာ ကြည့်ရှု စောင့်ရှောက်မှုစနစ်မှာ မရှိသလောက်နည်းပါးပြီး ဆေးဝါး၊ ဆေးရုံအထောက်အကူ ပြုပစ္စည်းများ ပြတ်လပ်မှုနှင့် စနစ်တကျ သင်တန်းပေးထားသော ကျန်းမာရေးဝန်ထမ်း မလုံလောက်မှုများစသည့် ဆိုးဝါးလှသည့် အခြေအနေများ ဖြစ်ပေါ်နေသည်။ ယနေ့ ကူးစက်ရောဂါများကြောင့်ဖြစ်သော သေဆုံးမှုများ၊ အာဟာရချို့တဲ့မှုနှင့် ကလေးမွေးဖွားခြင်းဆိုင်ရာ ပြဿနာများကြောင့်ဖြစ်သော သေဆုံးမှုများသည် မသေဆုံးသင့်သော သေဆုံးမှုများဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိသည်။ အမျိုးသမီးနှင့် ကလေးများသည် (အထူးသဖြင့် မြန်မာနိုင်ငံ အရှေ့ပိုင်း စစ်ပွဲဖုံများအတွင်းရှိ အမျိုးသမီးနှင့် ကလေးများ) ကျန်းမာရေး စောင့်ရှောက်မှုမရှိသော အခြေအနေတွင် ရောက်ရှိနေပြီး ထိုဒေသရှိ ကလေးငယ်များ၏ ၃ ပုံ ၁ ပုံမှာ အသက် ၅ နှစ်မတိုင်မီ သေဆုံးနေကြကာ အမျိုးသမီး ၁၂ ယောက်တွင် တယောက်မှာ ကိုယ်ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အခက်အခဲများကြောင့် အသက်သေဆုံးကြရသည်။ ဤကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများသည် ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံး အခြေအနေများတွင် ပါဝင်နေသည်။

ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်ခံအားကျဆင်းသောရောဂါဆိုင်ရာ ပူးတွဲအစီအစဉ် (UNAIDS) ၏အဆိုအရ မြန်မာနိုင်ငံရှိ HIV/AIDS အခြေအနေမှာ 'အရှေ့တောင်အာရှ နိုင်ငံများရှိ စိုးရိမ်ဖွယ် ကောင်းသော ကူးစက်ရောဂါများထဲမှ ရောဂါတခု' ဖြစ်သည်ဟု ဖော်ပြနေသည့်ကြားမှာပင် စစ်အစိုးရမှ ရောဂါကူးစက်ပြန့်ပွားရေးကို ဖော်ပြရန် အရေးကြီးသော အရင်းအမြစ်များကို တာဝန်ယူခြင်းမရှိပေ။ ဤထက်ပို၍ သိသာထင်ရှားသည်မှာ ၂၀၀၈ ဇွန်လ ၁၀ ရက်မှ ၁၁ ရက်နေ့အတွင်း ကျင်းပသော HIV/AIDS နှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထူးအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ရှေ့တိုးလုပ်ဆောင်မှုအစီရင်ခံစာကို တင်ပြနိုင်မှု မရှိခြင်းပင်ဖြစ်သည်။

စစ်အစိုးရမှ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မြန်မာပြည်အတွင်း လှုပ်ရှားနေသော နိုင်ငံတကာ အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများအပေါ် ကန့်သတ်တားမြစ်ချက်များကို တိုးမြှင့်ခြင်းများ ပြုလုပ်လာခဲ့သည်။ လူထု အခြေပြု ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှုများမှာလည်း ပိတ်ပင်ခံရခြင်း၊ လုပ်ပိုင်ခွင့်များ စည်းကြပ်ခြင်းများ ခံကြရသည်။ ၎င်းတို့ကိုယ်၌ကမူ လူထုကိုဟန်ပြလုပ်ဆောင်ပြရန် ရည်ရွယ်ချက်များဖြင့် ၎င်းစစ်အစိုးရမှ ဖွဲ့စည်းထားသော GONGOs များကို လူမှုရေးဝန်ဆောင်မှုများ ကူညီထောက်ပံ့ပေးရန် အတွက်ဟုဆိုကာ စုဆောင်း ဖွဲ့စည်းမှုများ ပြုလုပ်လျက်ရှိသည်။ ထို **GONGOs** အဖွဲ့အစည်းများမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စသည်တို့ကဲ့သို့သော အဖွဲ့အစည်းများပါဝင်သည်။

## ပုဒ်မ ၁၄ – ကျေးလက်ဒေသ အမျိုးသမီးများ

မြန်မာပြည်တွင်း ကျေးလက်ဒေသရှိ ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် စစ်အစိုးရ၏ စစ်တပ်တိုးချဲ့ရေးကိုသာ ဦးစားပေးလုပ်ဆောင်ခြင်း၊ ရေတိုအကျိုးရလာဒ်ကိုသာကြည့်ပြီး သဘာဝ သယံဇာတများကို ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အတင်းအကြပ်စေခိုင်းသော စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ ကျင့်သုံးခြင်းတို့ကြောင့် အလွန်အမင်းဆင်းရဲတော်မွတ်မှုဒဏ်ကို ခံစားနေကြရသည်။ စစ်တပ်အခြေစိုက်ရေးနှင့် ရံပုံငွေရှာဖွေရေးလုပ်ငန်းစီမံချက်များကြောင့် အတင်းအဓမ္မနယ်မြေသိမ်းပိုက်မှုများ မြင့်မားလာပြီး အခြေခံအဆောက်အအုံများ ထိန်းသိမ်းရန်နှင့် တည်ဆောက်ရန် ပြည်သူများကို အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုများ အသုံးပြုမှုမှာလည်း ဆက်လက်တည်ရှိ နေဆဲပင်ဖြစ်သည်။ အရင်းအမြစ်များ ထုတ်ယူမှုများကိုလည်း သင့်လျော်လုံခြုံသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ မထားရှိဘဲ လုပ်ဆောင်နေသည့်အပြင် ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် လုံးဝထည့်သွင်းစဉ်းစားခြင်းမရှိဘဲ စီမံလုပ်ဆောင်နေသည်။ လောင်စာဆီထုတ်လုပ်ရေးအတွက် ကြက်ဆူပင်စိုက်ပျိုးရန် နိုင်ငံတဝှမ်းရှိ ပြည်သူများကို အတင်းအကြပ် အမိန့်ပေးခြင်းများ ပါဝင်သော စစ်တပ်၏ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများသည် ပြည်သူလူထုအတွက် ကြီးမားကျယ်ပြန့်သည့် ဆင်းရဲဒုက္ခများ ကြုံရခြင်းနှင့် အစားအစာအတွက် လုံခြုံမှုမရှိခြင်းများကို ဖြစ်ပေါ်စေသည်။ စစ်အစိုးရ၏ ဘိန်းစိုက်ပျိုးရေးကို 'ဘိန်းအစား အစားထိုးအထောက်အပံ့ပေးသော ရွေးချယ်စရာများ လုပ်ပေးခြင်းမရှိပဲ' တားဆီးပိတ်ပင်ခြင်းများ အပါအဝင်ဖြစ်သော အစိုးရ၏ မူးယစ်ဆေးဝါးနှိမ်နင်းရေး လုပ်ငန်းစဉ်များသည် ကြီးမားသော အစားအစာပြတ်လပ်မှုနှင့် ရွှေ့ပြောင်းမှုများကို ဖြစ်ပေါ်စေသည်။

စစ်အစိုးရမှ တိုင်းရင်းသားနယ်မြေများအတွင်း ကျားမအခြေခံသော အကြမ်းဖက်မှုများအပါအဝင် အစီအစဉ်ချ ချိုးဖောက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပြည်သူအမြောက်အမြား ပြည်တွင်း အိုးမဲ့အိမ်မဲ့ဖြစ်သူများ၊ အိမ်နီးချင်းနိုင်ငံများသို့ ဒုက္ခသည်များနှင့် တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထွက်ပြေးပြောင်း ရွှေ့မှုများကို ဖြစ်လာကြစေသည်။

**အထွေထွေအကြံပြုချက် အမှတ် ၁၉ – အမျိုးသမီးများအပေါ် အကြမ်းဖက်မှု**

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် သမိုင်းစဉ်တလျှောက် ဖြစ်ပေါ်ခဲ့သော ကျားမဆိုင်ရာ ခွဲခြားဆက်ဆံမှု တခုတည်းသာမကပဲ တရားဥပဒေစိုးမိုးမှု မရှိခြင်းနှင့် စစ်တပ်အုပ်ချုပ်မှုကြောင့် မြန်မာနိုင်ငံ၏ အဆင့်တိုင်း၊ နေရာတိုင်းတွင် အကြမ်းဖက်မှုများကို ရင်ဆိုင်နေကြရသည်။ အမျိုးသမီးများသည် ၎င်းတို့၏ မိသားစုဝင်များ၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် အထူးသဖြင့် နိုင်ငံအုပ်ချုပ်သူမှ ကျူးလွန်သော အကြမ်းဖက်မှုများကို ခံစားနေကြရပြီး ထိုအခြေအနေများအတွက် ၎င်းတို့အား ပြန်လည်ကုစားပေးနိုင်ရန် အကူအညီများလည်း မရရှိကြပေ။ စစ်အစိုးရမှ ခွဲခြားဆက်ဆံမှုများနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ လူ့အသိုင်းအဝိုင်းအတွင်း ရှိနေကြောင်း အသိအမှတ်ပြု နားလည်ခြင်းမရှိမှုတို့ကြောင့် ယခုအခါ စစ်တပ်မှ မုဒိမ်းကျင့်ခြင်းကို ကျူးလွန် ခွင့်ပြုထားသော အခြေအနေတွင် ရောက်ရှိနေသည်။ အာဏာရှိသောသူများ၊ အထူးသဖြင့် စစ်အစိုးရစစ်တပ်မှ တဖက်စောင်းနင်းနိုင်သော၊ အကြမ်းဖက်လုပ်ဆောင်မှုများကို လုပ်ရိုး လုပ်စဉ်ပမာ ကျူးလွန်လေ့ရှိသည်။ စစ်တပ်မှ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် မုဒိမ်းကျင့်သော အထောက်အထားများကို မြန်မာနိုင်ငံအတွင်း အထူးသဖြင့် တိုင်းရင်းသား နယ်မြေများတွင် များစွာတွေ့နိုင်သည်။ စစ်အစိုးရမှ ၎င်းတို့၏ ပြစ်မှုများကို ကာကွယ်ရန်အတွက် စစ်တပ်အမှုထမ်းများသည် ဒေသအသီးသီးမှ ရွာသူရွာသားများ၊ မျက်မြင်သက်သေများနှင့် မုဒိမ်းကျင့်ခံရသည့် အမျိုးသမီးများထံမှ မမှန်မကန် ကိုယ်တိုင်သက်သေထွက်ဆိုချက်များနှင့် ပြောဆိုချက်များ ရရှိရန် အပြစ်ဒဏ်ခတ်မှု၊ ခြိမ်းခြောက်မှုနှင့် ကြောက်ရွံ့အောင် လုပ်ဆောင်မှုများကို သုံးနေသည်။ ပြည်သူများမှာ အများအားဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင် ပြင်ပမှ လူများကို ဤအမှုကိစ္စနှင့်ပတ်သက်၍ မပြောရန် ခြိမ်းခြောက်ခြင်းခံကြရသည်။

## နိဒါန်း

### မြန်မာနိုင်ငံအကြောင်း အကျဉ်းချုပ်


| | |
|---|---|
| **လူဦးရေ** | – ၅၄ သန်း |
| **တိုင်းရင်းသားအုပ်စု** | – အဓိက လူမျိုး **၈** မျိုး – ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ |
| **အစိုးရအမျိုးအစား** | **–** စစ်အာဏာရှင် |
| **ပြည်တွင်းစစ်** | – ၁၉၄၈ ခုနှစ်မှ ယခုအချိန်ထိ ဖြစ်ပွားနေဆဲ |
| **အဓိက ဘာသာစကား** | **–** မြန်မာ၊ အခြားတိုင်းရင်းသားဘာသာစကားများ |
| **အဓိက ကိုးကွယ်ယုံကြည်မှု** | – ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ် |
| **ကုလသမဂ္ဂ နိုင်ငံအဆင့်** | – အဆင်းရဲဆုံးနိုင်ငံများထဲမှ နိုင်ငံတနိုင်ငံ (LDC) (၁၉၈၇ ခုနှစ်မှစ၍) |
| **အဓိကဝင်ငွေ** | – သဘာဝဓာတ်ငွေ့၊ ရေဓာတ်အား၊ ကျွန်းသစ်၊ မြေအောက်သတ္တု၊ ကျောက်မျက်ရတနာ |

### ဒုက္ခသည်များ

- အိမ်နီးချင်းနိုင်ငံများဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများတွင် မြန်မာနိုင်ငံမှ ဒုက္ခသည်များ (၄၅၀၀၀၀) ကျော်။
- ထိုင်းနိုင်ငံတွင် အသိအမှတ် ပြုထားသော ဒုက္ခသည်စခန်းများတွင် နေထိုင်သူ ဒုက္ခသည်များမှာ ခန့်မှန်းခြေ (၁၄၀၀၀၀) ခန့်။

**ပြည်တွင်းနေရာမဲ့သူများ –** ၆၀၀၀၀၀ ခန့်။

### မြန်မာနိုင်ငံရှိ လူမျိုးများ



## မြန်မာနိုင်ငံ၏ ကမ္ဘာ့အဆင့်အတန်း

- စစ်တပ်အင်အားအဆင့် (တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သားအရေအတွက်ပေါ်မူတည်၍)
- ကမ္ဘာ့အဆင့် **နံပါတ် ၁၀**
- ကမ္ဘာပေါ်တွင် ကလေးစစ်သားသုံးစွဲမှု **အများဆုံး**
- ကမ္ဘာပေါ်တွင် အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှု**အများဆုံး**
- ကမ္ဘာပေါ်တွင် **ဒုတိယ** ဘိန်းထုတ်လုပ်မှုအများဆုံး
- ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံ **၅၀** တွင် တနိုင်ငံအပါအဝင်
- လာဘ်စားမှုအဆင့် – နံပါတ် **၁၇၉** (အောက်ခြေမှရေတွက်လျှင်)
- ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှု– နိုင်ငံပေါင်း **၁၉၁** နိုင်ငံတွင် **၁၉၀** နေရာမှာရှိ
- လူတိုင်းအတွက် ပညာသင်ခွင့်ရရှိရေး အကောင်အထည်ဖော်မှု – **၁၂၉** နိုင်ငံတွင် **၉၄** နေရာရှိ

## ခုနှစ် အလိုက် မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များ (၂၀၀၈ ခုနှစ် မေလအထိ)

| | |
|---|---|
| **၁၈၈၅** | ဗြိတိသျှမှ မြန်မာနိုင်ငံကို ကိုလိုနီအဖြစ် သိမ်းပိုက် |
| **၁၉၄၇ ဖေဖော်ဝါရီ** | ပင်လုံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့၊ (လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်တို့အကြား မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အတူတကွ တောင်းဆိုရန် သဘောတူညီ သည့်စာချုပ်) |
| **၁၉၄၇ ဇူလိုင် ၁၉** | အခြားအာဇာနည်ခေါင်းဆောင်များနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသည့်နေ့ |
| **၁၉၄၇ စက်တင်ဘာ** | ကချင်နှင့် ရှမ်းလူမျိုးများအား ၁၀ နှစ်ပြည့်လျှင် ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်ရှိကြောင်း အာမခံပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည် ပြုပြဋ္ဌာန်းခဲ့။ |
| **၁၉၄၈ ဇန်နဝါရီ** | မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့။ လွတ်လပ်ရေးရလျှင်ရချင်း ပြည်တွင်းစစ် စတင်ဖြစ်ပွားသည့်နေ့ (နှစ်ပေါင်းများစွာ တိုင်းရင်းသားအုပ်စုများ ဗဟိုအစိုးရအား ဆန့်ကျင်တိုက်ခိုက်ရန် လက်နက်ကိုင် တိုက်ပွဲ ဝင်ခဲ့ကြသည်) |
| **၁၉၆၂ မတ်လ ၂** | စစ်တပ်မှ မြန်မာပြည်၏ ဒီမိုကရေစီစနစ် စတင်ပျက်သုဉ်းခဲ့သည့် စစ်တပ်အာဏာသိမ်းသည့်နေ့ (ဤနေ့မှစ၍ စစ်အုပ်စုအဆင့်အဆင့်မှ ယနေ့ထက်တိုင် မြန်မာနိုင်ငံကို အုပ်ချုပ်နေဆဲပင်ဖြစ်သည်) |
| **၁၉၆၂ – ၁၉၈၈** | စစ်တပ်မှ မြန်မာနိုင်ငံကို ဒေဝါလီခံသည့်အဆင့်ရောက်အောင် လုပ်ဆောင်ခဲ့သော 'မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်' ကို ဦးဆောင်ခဲ့သည့်ကာလ။ |
| **၁၉၈၇** | မြန်မာနိုင်ငံ (LDC) နိုင်ငံဖြစ်လာသည့်ခုနှစ် (ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများထဲမှ တနိုင်ငံ အပါအဝင် ဖြစ်သည့်နှစ်) |
| **၁၉၈၈** | နိုင်ငံအနှံ့ ကျောင်းသူကျောင်းသားများဦးဆောင်သော ဒီမိုကရေစီတောင်းဆိုသည့် လူထုဆန္ဒပြမှုကြီး ဖြစ်ပွားခဲ့သည့်ခုနှစ်။ |
| **၁၉၈၈ စက်တင်ဘာ ၁၈** | စစ်တပ်မှ 'နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေးကောင်စီ (SLORC) နာမည်ဖြင့် တဖန် အသွင်ပြောင်းကာ ငြိမ်းချမ်းစွာဆန္ဒပြသူများအား ရက်စက်ကြမ်းကြုပ်စွာ နှိမ်နင်းပြီး အာဏာပြန်လည် သိမ်းပိုက်ခဲ့သည့်နေ့။ |

| | |
|---|---|
| ၁၉၉၀ မေ | စစ်တပ်မှ အထွေထွေရွေးကောက်ပွဲ ပြုလုပ်ကျင်းပသည့်လ။ (အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၈၉ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရခဲ့သော်လည်း စစ်တပ်မှ ရွေးကောက်ပွဲ ရလာဒ်ကို ယနေ့အချိန်ထိ အသိအမှတ်မ ပြုသေးပေ။) |
| ၁၉၉၀ နောက်ပိုင်း | ရွေးကောက်ခံရသော လွှတ်တော်အမတ်များစွာ အဖမ်းခံရခြင်း၊ ထောင်ချခံရခြင်းနှင့် အတင်းအဓမ္မ ဝန်ခံကတိလက်မှတ်ထိုးခိုင်းခြင်းတို့ကြောင့် အချို့မှာ ပြည်ပသို့ ထွက်ပြေးခဲ့ကြရသည့်အချိန်။ |
| ၁၉၉၂ | စစ်တပ်အာဏာကို ပိုမိုခိုင်မာစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် မူကြမ်းရေးဆွဲရန် 'အမျိုးသားညီလာခံ' လုပ်ငန်းစဉ်များကို စတင်ခဲ့သောနှစ်။ |
| ၁၉၉၅ | NLD မှ အမျိုးသားညီလာခံကို သပိတ်မှောက်သောနှစ်။ |
| ၁၉၉၇ | SLORC မှ ၎င်းတို့ဘာသာ 'နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ' အဖြစ် အမည် ပြောင်းလဲခဲ့သည့်နှစ်။ |
| ၂၀၀၃ မေ ၃၀ | ကြံ့ဖွံ့အဖွဲ့ဝင် (စစ်အစိုးရလက်ပါးစေများ)များမှ ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံတိုက်ခိုက် သည့်နေ့။ |
| ၂၀၀၄ ဇန်နဝါရီ | 'စည်းကမ်းရှိသော ဒီမိုကရေစီ'အတွက် လမ်းပြမြေပုံ အဆင့် ၇ ဆင့်ကို စစ်တပ်မှ ကြေညာခဲ့သည့်လ။ |
| ၂၀၀၇ ဩဂုတ် | လောင်စာဆီဈေးနှုန်းမြင့်မားမှုကြောင့် '၈၈ မျိုးဆက်'များမှ လမ်းလျှောက်ဆန္ဒပြသည့်လ။ |
| ၂၀၀၇ စက်တင်ဘာ | ရွှေဝါရောင်တော်လှန်ရေး |
| ၂၀၀၈ ဖေဖော်ဝါရီ | စစ်တပ်မှ ၎င်းတို့ကိုယ်တိုင် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံရန် မေလတွင် လူထုဆန္ဒခံယူပွဲ ပြုလုပ်မည်ဟု ကြေညာသည့်လ။ |
| ၂၀၀၈ မေ ၂ | လူပေါင်း ၂ သန်းကျော်ကို ဒုက္ခရောက်စေခဲ့ပြီး (၁၃၀၀၀၀)ကျော် သေဆုံးခဲ့သည် နာဂစ်ဆိုင်က လုန်းမုန်တိုင်း တိုက်ခတ်သည့်နေ့။ |
| ၂၀၀၈ မေ ၁၀ | ဆိုင်ကလုန်းတိုက်ခိုက်ခံရသည့် ဒေသများမှလွဲလျှင် မြန်မာတပြည်လုံး လူထုဆန္ဒခံယူပွဲတွင် မဲပေးရန် အတင်း အကြပ်အမိန့်ပေးခံရသည့်နေ့။ |
| ၂၀၀၈ မေလ ၂၄ | ဆိုင်ကလုန်းဒဏ်သင့်ဒေသများတွင် လူထုဆန္ဒခံယူပွဲ ပြုလုပ်သည့်နေ့။ |

## နိုင်ငံရေးအခြေအနေ

စစ်တပ်မှ မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်ကတည်းက အုပ်ချုပ်လာခဲ့သည်။ လက်ရှိစစ်အစိုးရမှာ နိုင်ငံတော် ငြိမ်းချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဖြစ်သည်။ ဤတရားမဝင်သော အစိုးရနှင့် ၎င်းတို့၏ အပေါင်းအပါတို့သည် နိုင်ငံရှိ အစိတ်အပိုင်း နေရာဒေသ အားလုံးကို ချုပ်ကိုင်ထားသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်သည် နှစ်ပေါင်း ၆၀ ကျော်တိုင်အောင် ဆက်လက်ဖြစ်ပွား နေဆဲပင်ဖြစ်သည်။ ပြည်သူများကို အတင်းအဓမ္မ စေခိုင်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် သတ်ပစ်ခြင်းစသည့် စနစ်တကျ ချိုးဖောက်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်တူ တိုင်းရင်းသားဒေသများတွင် စစ်တပ် အင်အားများ ဆက်လက်တိုးချဲ့နေခြင်းသည် ပြည်သူများအား ၎င်းတို့ မျိုးရိုးစဉ်ဆက်နေထိုင်ခဲ့သော နယ်မြေများမှ မောင်းထုတ်ခံရခြင်း၊ ပြည်တွင်း အိုးမဲ့အိမ်မဲ့ ဒုက္ခသည်များ ဖြစ်လာခြင်း (သို့မဟုတ်) အိမ်နီးချင်း နိုင်ငံများ (ထိုင်း၊ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်)တွင် ဒုက္ခသည်များ (သို့မဟုတ်) ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်လာ ခြင်းများကို ဖြစ်ပေါ်စေသည်။

စစ်အစိုးရမှ ၎င်း၏ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ရေးထိုးခဲ့သည် အတုအယောင် ငြိမ်းချမ်းရေး သဘောတူညီချက်များ ရရှိခဲ့သည်[၁]။ ၎င်းတို့၏ မူဝါဒများကြောင့် မြန်မာနိုင်ငံသည် ငြိမ်ဝပ်ပိပြားလျက်ရှိကြောင်း ပြောဆိုနေသော်လည်း ပဋိပက္ခများပေါ်မူတည်၍

နိုင်ငံရေးအကြောင်းအရာနှင့်ပတ်သက်ပြီး ဆွေးနွေးဆုံးဖြတ်မှု ပြုလုပ်ခြင်းများ မရှိပေ။ ယခုနှစ်များအတွင်း စစ်အစိုးရသည် ၎င်းတို့၏ စစ်တပ်အတွက် အဓိကအားဖြင့် တရုတ်၊ အိန္ဒိယနှင့် ရုရှနိုင်ငံများမှရရှိသော နောက်ဆုံးပေါ် ခေတ်မီလက်နက်များ ပို၍ပို၍ တပ်ဆင်နေချိန်တွင် ငြိမ်းချမ်းရေးရယူသွားသော လက်နက်ကိုင်အဖွဲ့များကိုမူ စစ်အစိုးရမှ လက်နက်ချရန် ဖိအားပေးမှုများ ပြုလုပ်နေသည်[၂]။

**စစ်အစိုးရ၏ စစ်တပ်အရွယ်အစား**[၃]

| | |
|---|---|
| **စုစုပေါင်း စစ်တပ်အင်အား** | ၄၉၂၀၀၀ |
| **တာဝန်ထမ်းဆောင်ဆဲ စစ်သားများ** | ၄၉၂၀၀၀ |
| **အရံတပ်ဖွဲ့အင်အား** | ၇၂၀၀၀ |
| **စစ်တပ်အသုံးစရိတ် (အမေရိကန်ဒေါ်လာ)** | ၇ ဒသမ ၀၇ သန်း |
| (၂၀၀၅ ဘဏ္ဍာနှစ်အတွက် ခန့်မှန်းချေ) | |

၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ဒေါ်အောင်ဆန်းစုကြည်[၄] ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီသည် ထောက်ခံမဲ ၈၀ ရာခိုင်နှုန်းကျော်ဖြင့် အနိုင်ရရှိခဲ့သော်လည်း စစ်တပ်မှ ၎င်းရလာဒ်ကို အသိအမှတ် ပြုခြင်းမရှိ။ ထို့အပြင် စစ်တပ်မှ အနိုင်ရပါတီများအပေါ် အနှောက်အယှက်ပေးမှုများ၊ ကန့်သတ် ထိန်းချုပ်မှုများ ပြုလုပ်ခြင်းနှင့် ရွေးကောက်ခံရသော လွှတ်တော်အမတ်အမြောက်အမြားကို ဖမ်းဆီးထောင်ချခြင်းများ ပြုလုပ်ခဲ့သည်။ အဖမ်းခံရသူအချို့မှာ ထောင်တွင်းပင် သေဆုံးကြရခြင်းနှင့် အချို့မှာ မြန်မာနိုင်ငံမှ ထွက်ပြေးလာခဲ့ကြရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးဆိုင်ရာ ဖိနှိပ်ခံရမှုများမှာ ယနေ့ထိတိုင် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ပြည်သူများမှာ ၎င်းတို့၏ အခြေခံလူ့အခွင့်အရေးများ ဆုံးရှုံးရသည်သာမက ၎င်းတို့၏ နိုင်ငံရေးယုံကြည်ချက်များကို ဖော်ထုတ်ခဲ့ခြင်းကြောင့် အဖမ်းခံရခြင်း၊ ထိန်းသိမ်းခံရခြင်းနှင့် ထောင်ချခံရခြင်းများကို ခံနေကြရသည်။ လတ်တလောတွင် ထောင်တွင်းအကျဉ်းကျခံနေကြရသော နိုင်ငံရေးအကျဉ်းသားဦးရေမှာ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်အမတ်များအပါအဝင် စုစုပေါင်း ၂၁၅၂ ဦး ရှိသည်။ ထို့ပြင် စစ်တပ်မှ ၎င်းကိုထောက်ခံသော အသင်းအဖွဲ့များကို တနိုင်ငံလုံးရှိ ၎င်းတို့အား ဆန့်ကျင်သူများကို နှိမ်နင်းတိုက်ခိုက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပြီး ထိုအသင်းအဖွဲ့များမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စွမ်းအားရှင်အဖွဲ့တို့ဖြစ်သည်။ ထိုအသင်း အဖွဲ့များ၏ အဖွဲ့ဝင်များမှာ ၂၀၀၃ ခုနှစ် မေလတွင် ဒေါ်အောင်ဆန်းစုကြည်အား သတ်ဖြတ်ရန် အကြမ်းဖက် တိုက်ခိုက်ခဲ့သူများ ဖြစ်သည်။

**စစ်တပ်မှ အစီအစဉ်ချ ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ**[၅]

- အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှု၊
- အတင်းအဓမ္မ ပြောင်းရွှေ့စေခိုင်းမှု၊
- အတင်းအဓမ္မ မြေယာနှင့် သီးနှံများ သိမ်းပိုက်မှု၊
- ဥပဒေမဲ့ ဖမ်းဆီးအရေးယူမှုနှင့် ထိန်းသိမ်းမှု၊
- ဥပဒေမဲ့ သတ်ဖြတ်မှု၊
- ညှဉ်းပန်းနှိပ်စက်မှု၊
- မုဒိမ်းကျင့်မှု

## ရွှေဝါရောင်တော်လှန်ရေးအား နှိမ်နင်းခြင်း

စစ်တပ်မှ ၎င်းတို့ပြည်သူအပေါ် ရက်စက်ကြမ်းကြုတ်မှုအခြေအနေကို ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သော သံဃာတော်များအား စစ်အစိုးရမှ သတ်ဖြတ်ရိုက်နှက်မှုများတွင် သာဓကအဖြစ် တွေ့နိုင်သည်။ စစ်အာဏာရှင်၏ အပေါင်းအပါအဖွဲ့အစည်းများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် 'အထူးနှိမ်နင်းရေးတပ် (Special riot police)' တို့သည် ရွှေဝါရောင်တော်လှန်ရေးအတွင်း ရန်ကုန်ဆန္ဒပြမှုများတွင် ပါဝင်သော ဆန္ဒပြအမျိုးသမီးများအပေါ် ကျားမအခြေခံအကြမ်းဖက်မှုများကို ကျူးလွန်၍ အနှောက်အယှက်များ ပေးခဲ့သည်။ ငြိမ်းချမ်းစွာ လမ်းလျှောက်ချီတက်နေသည့် အမျိုးသမီးများ အား အကြိမ်ပေါင်းများစွာ ရိုက်နှက်ခြင်း၊ ထိုးနှက်ခြင်း၊ ပါးရိုက်ခြင်း၊ နှုတ်ဖြင့် စော်ကားခြင်း၊ ၎င်းတို့၏ အဝတ်အစားများကို ဆွဲဖြဲခြင်းနှင့် လုံချည်များကို တမင်သက်သက် အကြမ်းဖက်၍ ဆွဲချွတ်ခြင်းများကို ကျူးလွန်ခဲ့သည်။ စစ်တပ်မှ ဆန္ဒပြသူများအား နှိမ်နင်းရာတွင် အနည်းဆုံး အမျိုးသမီး ၁၉ ဦး ပျောက်ဆုံးခဲ့ပြီး သီလရှင် ၆ ပါး အပါအဝင် ဆန္ဒပြအမျိုးသမီး ၁၃၁ ဦး ဖမ်းဆီးခံခဲ့ရသည့်အပြင် ကျော်ကြားသော အမျိုးသမီး နိုင်ငံရေး လှုပ်ရှားသူများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထိုအမျိုးသမီးများအား စစ်တပ်မှ ခြေရာခံလိုက်လံရှာဖွေဖမ်းဆီး လျက်ရှိသည်။ ထို့ပြင် အာဏာပိုင်များမှ ထွက်ပြေးတိမ်းရှောင်နေသော နိုင်ငံရေးသမားများအားလာရောက် အဖမ်းအဆီးခံရန် ၎င်းတို့၏ ဇနီးများ၊ မိခင်ဖခင်များ၊ ညီမများ၊ အစ်ကိုများနှင့် ဆွေမျိုးသားချင်းများကို ဖမ်းဆီး ခြင်းများ ပြုလုပ်နေပြီး ထိုအခြေအနေများသည် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို ဖြစ်ပေါ်စေသည်။ ထိုအခြေအနေဖြင့် ဖမ်းဆီးခံရသူများမှာလည်း အနှောက်ယှက်ပြုခံရခြင်းနှင့် ဖိနှိပ်ညှဉ်းဆဲမှုများ ခံကြရသည်[၆]။

## နာဂစ် ဆိုင်ကလုန်းပြီးနောက် အခြေအနေ

၂၀၀၈ ခုနှစ် မေလ ၂ နေ့ နာဂစ် ဆိုင်ကလုန်းစတင်ခဲ့စဉ်ကတည်းက စစ်အစိုးရသည် နိုင်ငံတကာနှင့် ပြည်တွင်းအကူအညီပေးမှုများကို ပိတ်ပင်သည့်အပြင် အကူအညီများပေးရန်နှင့် အကူအညီပေးမှုများအား ပိတ်ပင်မှုများကို ပြောဆိုသော ပြည်သူများအား ဖမ်းဆီးမှုများလည်း ပြုလုပ်နေသည်။ နာဂစ်ဒုက္ခသည် များအတွက် လိုအပ်သော အကူအညီများ အတတ်နိုင်ဆုံး ပေးပို့ရမည့်အစား စစ်အစိုးရသည် ၎င်းတို့ရေးဆွဲသော ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံစေရန် ပြည်သူများကို အတင်းအကြပ် အမိန့်ပေးစေခိုင်းပြီး ၎င်းတို့၏ စီမံကိန်းဖြစ်သော လူထုဆန္ဒခံယူပွဲကြီးကို ၂၀၀၈ ခုနှစ် မေ ၁၀ နေ့တွင် မဖြစ်ဖြစ်အောင် ဇွတ်လုပ်ခဲ့သည်။ ဆိုင်ကလုန်းကြောင့် ထိခိုက်ခဲ့သော လူဦးရေများထဲတွင် အဓိက ထိခိုက်သူများမှာ အမျိုးသမီးနှင့် ကလေးများ ဖြစ်သည်။ အများစုမှာ ၎င်းတို့၏ မိသားစုဝင်များ ပျောက်ဆုံးမှုကြောင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာ အနာတရများကို ခံစားနေကြရသည်။ ခန့်မှန်းခြေ ကိုယ်ဝန်ဆောင်မိခင် ၃၅၀၀၀ ခန့်သည် အာဟာရဓာတ်ချို့တဲ့ခြင်းနှင့် လုံခြုံမှုမရှိသော မီးဖွားမှုအခြေအနေများကြောင့် အန္တရာယ်များစွာ ကြုံတွေ့နေရသည်။ မုန်တိုင်းထိခိုက်ခဲ့သော နေရာဒေသများတွင် အမျိုးသမီး ၁၀၀ ကျော်သည် နေ့စဉ်ကလေးမွေးဖွားလျက်ရှိသည်။

## စစ်အစိုးရ နှင့် စီဒေါစာချုပ်

မြန်မာစစ်အစိုးရ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် စီဒေါစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် စီဒေါကော်မတီသို့ ပေးပို့သော ၎င်း၏ ပထမဆုံး အစီရင်ခံစာကို ၂၂ ကြိမ်မြောက် စီဒေါအစည်းအဝေးတွင် ပြန်လည်သုံးသပ်ခဲ့ကြသည်။ တက်ရောက်သော ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သူမှာ အမျိုးသားဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စစ်အစိုးရ မှ ၎င်း၏ ဒုတိယနှင့် တတိယအကြိမ်ပေါင်း ပုံမှန်အစီရင်ခံစာကို ပို့ခဲ့သည်။ ထိုအစီရင်ခံစာနှစ်ခုလုံးတွင် စစ်အစိုးရမှ မြန်မာနိုင်ငံတွင် ရှိနေသော ဥပဒေများနှင့် လူမှုရေးဆိုင်ရာ ကျင့်သုံးမှုများသည် စာချုပ်တွင်ပါသော အချက်အလက်များ အတိုင်းပင် ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမျိုးသမီးအခွင့်အရေးနှင့် တန်းတူညီမျှရေးအတွက် ဥပဒေများပါဝင်ပြီး အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ် ပယ်တွင် တရားဥပဒေဆိုင်ရာ တန်းတူညီမှုရှိကြောင်း ပြောဆိုခဲ့သည်။

ထိုကဲ့သို့ စစ်အစိုးရမှ ပြောဆိုမှုများသည် အထူးအဆန်းမဟုတ်ပေ။ ၁၉၉၅ ခုနှစ်ကတည်းက စစ်အစိုးရမှ အမျိုးသမီးရေးရာအတွက် နိုင်ငံတကာနှင့် လိုက်ပါဆောင်ရွက်မှုကို ဘေဂျင်းညီလာခံ၌ စတင်ခဲ့ပြီး ထိုညီလာခံတွင် စစ်အစိုးရမှ မြန်မာနိုင်ငံရှိ ဟိုးယခင်ကတည်းက တည်ရှိပြီးသားဟုဆိုသော ကျားမတန်းတူရေးနှင့် အမျိုးသမီးများ၏ အဆင့်အတန်းမြင့်မားမှုများအကြောင်းကို စတင်ပြောဆို၍ ကြိမ်ဖန် များစွာဖော်ထုတ်ကြွေးဝါခဲ့သည်။

### အမျိုးသမီးများ အဆင့်အတန်းနှင့်ပတ်သက်၍ စစ်အစိုးရ၏ ကြေညာချက်

- မြန်မာ့ယဉ်ကျေးမှု စတင်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း၂၀၀၀ ကတည်းက မြန်မာအမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေးကို ရရှိခံစားနေရကြောင်း သမိုင်းဝင်အထောက်အထားများ ရှိခဲ့ သည်။[၇]
- မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် တရားဥပဒေအရ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေး နယ်ပယ်များတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများကို ရရှိခံစားကြရသည်။[၈]
- ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများကို ပင်ကိုယ်ရှိရင်းစွဲ အခွင့်အရေးအဖြစ် ရရှိခံစားကြရသည်။[၉]
- မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အဆင့်အတန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့်အဖြစ် တည်ရှိနေဆဲဖြစ်သည်။[၁၀]

### မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် စီဒေါစာချုပ်လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင်းမှ အမျိုးသမီးများ၏ အခြေအနေနှင့် ပတ်သက်၍ ပညာပေးမှုများကို လုပ်ဆောင်လျက်ရှိပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာနယ်ပယ်များ၌ အမျိုးသမီးများနှင့် သက်ဆိုင်သောအရေးကိစ္စများကို နှစ်ပေါင်းများစွာ ဖော်ထုတ်တင်ပြလျက်ရှိသည်။ ဤလုပ်ငန်းစဉ်များသည် အမျိုးသမီးအဖွဲ့အစည်းကြီးတခုဖြစ်သော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပြီးနောက်တွင် ပို၍ အားကောင်းစွာလုပ်ဆောင်နိုင်လာသည်။ ၁၉၉၉ စက်တင်ဘာလအတွင်း အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းနေစဉ်ကတည်းက စီဒေါစင်ပြိုင်အစီရင်ခံစာကို ထုတ်ဝေရန်အတွက် အဖွဲ့ဝင် အုပ်စုများမှ အတူတကွ စုပေါင်းလုပ်ကိုင်ခဲ့ကြသည်။ စီဒေါ စင်ပြိုင် အစီရင်ခံစာရေးဆွဲရေးကော်မတီ (**SRWC**) ကို ထိုင်း–မြန်မာနယ်စပ်မှ အမျိုးသမီးအဖွဲ့အစည်း ၅ ဖွဲ့မှ[၁၁] ကိုယ်စားလှယ်များနှင့် တသီးပုဂ္ဂလပါဝင်သူ ၃ ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ လေးလအတွင်း ထုတ်ဝေခဲ့သည့် ထိုအစီရင်ခံစာသည် စစ်ပွဲပဋိပက္ခများကြားမှ တိုင်း ရင်းသားနယ်မြေများအပါအဝင် ကျေးလက်ဒေသများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ရင်ဆိုင် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အဓိကဦးတည် ရေးသားထားသည်။ **NCGUB** ၏အမျိုးသမီးရေးရာ ဌာနမှ[၁၂] ကိုယ်စားလှယ်များနှင့်အတူ အမျိုးသမီးအဖွဲ့ (၅ ) ဖွဲ့မှ ကိုယ်စားလှယ် ၅ ဦးသည် ၂၂ ကြိမ်မြောက် စီဒေါ ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ထိုကော်မတီသို့ အစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအစည်းအဝေးမှာပင် မြန်မာနိုင်ငံမှ အမျိုးသမီးအုပ်စုများမှ ကိုယ်စားလှယ်များသည် စီဒေါကော်မတီအဖွဲ့ဝင်များနှင့် စကားပြောခွင့်၊ ဆွေးနွေးခွင့်ရခဲ့ပြီး အစည်းအဝေး၌ ကော်မတီဝင်များအတွက် အပြုသဘောဆောင်သည့် အကြံပြုချက်များနှင့် မေးခွန်းများကို ပြင်ဆင်ပေးနိုင်ခဲ့ကြသည်။

၎င်းသည် မြန်မာနိုင်ငံမှ အမျိုးသမီးများမှ စုပေါင်းလုပ်ဆောင်သော ပထမဦးဆုံး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းစဉ်ဖြစ်သည်။ အဖွဲ့ချုပ်သည် ထိုအချိန်ကတည်းက ပြည်တွင်းနှင့် ဒေသဆိုင်ရာ၊ နိုင်ငံတကာအဆင့်၌ ပူးပေါင်းဆောင်ရွက်မှု ကွန်ယက်များဖြင့် မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် စစ်တပ်မှ အစီအစဉ်ချကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်သော နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

### လုပ်ဆောင်ပုံ နည်းနာများ

၂၀၀၀ ပြည့်နှစ်ကတည်းကပင် အဖွဲ့ချုပ်သည် ဘေဂျင်းလုပ်ငန်းစဉ်၊ လူမျိုးနှင့် အသားရောင်ခွဲခြားခြင်းကို ဆန့်ကျင်သော ကမ္ဘာ့ညီလာခံ (**WCAR**) လုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂ အစည်းအဝေးများစွာတွင်[၁၃] ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ ထိုလုပ်ငန်းစဉ်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခြင်းမှ ရရှိလာသော သင်ခန်းစာများသည် အဖွဲ့အစည်းများအတွက် လွန်စွာအဖိုးထိုက်တန်လှသည်။

အဖွဲ့ချုပ်မှ ယခုနောက်ဆုံးသော စီဒေါ စင်ပြိုင်အစီရင်ခံစာလုပ်ငန်းစဉ်များကို ၂၀၀၇ ခုနှစ်၊ နှစ်လည်မှ စ၍ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာတွင် နိုင်ငံတကာ အမျိုးသမီးအခွင့်အရေး လှုပ်ရှားမှု စောင့်ကြည့်ရေးအဖွဲ့–အရှေ့အာရှဒေသ (IWRAW-AP) မှ ဦးစီးလုပ်သော နည်းဗျူဟာဆိုင်ရာ သင်တန်းဆွေး နွေးပွဲများသို့ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ စေလွှတ်ခြင်းဖြင့် စတင်လှုပ်ရှားခဲ့သည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာတွင် စစ်အစိုးရမှ စာချုပ်အဖွဲ့ဝင်နိုင်ငံ အနေဖြင့် စီဒေါကော်မတီသို့ ၂၀၀၄ –၂၀၀၈ ပုံမှန်အစီရင်ခံစာကို ပို့ခဲ့သည်။

ထိုအချိန် မှစ၍ အဖွဲ့ချုပ် သည် မြန်မာနိုင်ငံမှ အမျိုးသမီးများအားလုံးအတွက် စင်ပြိုင် အစီရင်ခံစာဆိုင်ရာ လုပ်ငန်းစဉ်များကို ဦးဆောင် ပြုလုပ်ခဲ့သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် အဖွဲ့ချုပ်မှ စီဒေါကော်မတီအတွက် အရေးကြီးသည့် အကြောင်းအရာများနှင့် မေးခွန်းများ၏ စာရင်းကို[၁၄] စုဆောင်းနိုင်ရန် အမျိုးသမီးအုပ်စုများနှင့် တရက်တာဆွေးနွေးညှိနှိုင်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ ၎င်းနောက် နောက်ဆက်တွဲအဖြစ် ၄ ရက်တာ အလုပ်ရုံဆွေးနွေးပွဲ ဦးဆောင် ပြုလုပ်ခဲ့ရာ၊ ၎င်းဆွေးနွေးပွဲတွင် စီဒေါအချက်အလက်များ (အတွေး အခေါ်အယူအဆ) နှင့် ပတ်သက်၍ စီဒေါ စင်ပြိုင်အစီရင်ခံစာသို့ မည်သည့်သတင်းအချက်အလက်များ ထည့်သွင်းသင့်သည်၊ ထိုသတင်း အချက်အလက်များကို မည်သို့စုဆောင်းမည် စသည့်အချက်များကို တက်ရောက်လာသူ အမျိုးသမီးများ လေ့လာသင်ယူနိုင်ခဲ့သည့် အပြင် အဓိက အရေးအကြီးဆုံးဖြစ်သည့် ခိုင်မာသော လုပ်ငန်းစီမံကိန်းများနှင့် အချိန်ကာလသတ်မှတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များချမှတ် ခြင်းကိုလည်း ပြုလုပ်နိုင်ခဲ့သည်။[၁၅]

စီဒေါစင်ပြိုင် အစီရင်ခံစာလုပ်ငန်းစဉ်တွင် ပါဝင်သော မြန်မာနိုင်ငံ နယ်စပ်တလျှောက်ရှိ အမျိုးသမီးအစုအဖွဲ့များ၊ အခြားလူထု အခြေပြုအဖွဲ့အစည်းများနှင့် ဆက်သွယ်နိုင်ရန်နှင့် ဆက်စပ်မှုများ ပြုလုပ်ပေးနိုင်ရန် စီဒေါအလုပ်အဖွဲ့ [၁၆] ကိုလည်း ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့တဖွဲ့ချင်းစီမှ စီဒေါအလုပ်အဖွဲ့နှင့် ၎င်းတို့၏ မိခင်အဖွဲ့အစည်းအကြား ဆက်သွယ်ရေးအတွက် အဓိက လုပ်ဆောင်ပေးသူ တဦးစီ ပေးအပ်ခဲ့သည်။

အလုပ်အဖွဲ့သည် **CACT** (စည်းရုံးလှုံ့ဆော်လှုပ်ရှားမှု ဆက်စပ်ရေးအဖွဲ့)[၁၇] မှတဆင့် မြန်မာလူထုအခြေပြုအုပ်စုများ၊ ကွန်ယက်များ အကြား နှီးနှောဖလှယ်ရေးအစည်းအဝေးများစွာကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။

မြန်မာနယ်စပ်တလျှောက်ရှိ အဖွဲ့အစည်းများမှ ၎င်းတို့၏ ဆက်သွယ်မေးမြန်းခြင်းနှင့် ဆွေးနွေးပွဲများ ပါဝင်သော နည်းနာအမျိုး မျိုးဖြင့် စုစည်းထားသည့် အချက်အလက်များကို အလုပ်အဖွဲ့သို့ပေးပို့ခဲ့ပြီး အလုပ်အဖွဲ့များမှလည်း တိုင်းရင်းသားဘာသာ အသီး သီးဖြင့် ပို့လာသော အချက်အလက်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းနှင့် ရှိပြီးသား အခြားအစီရင်ခံစာများနှင့် အင်တာနက်မှတဆင့် အချက်အလက်ရှာဖွေခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

IWRAW-AP မှ ဦးဆောင် ပြုလုပ်သော 'ကမ္ဘာကြီးမှ ဒေသများဆီသို့ – စီဒေါစာချုပ်[၁၈] နှင့်ပတ်သက်၍ နားလည်သိရှိလာအောင် လုပ်ဆောင်ခြင်း (From Global to Local: Orientation on the CEDAW convention)' ဟု အမည်ရသော သင်တန်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ရခြင်းနှင့် စီဒေါအစည်းအဝေးတွင် နိုင်ငံများ၏ ပြန်လည်သုံးသပ်ချက်များကို လေ့လာခဲ့ရခြင်းသည် ယခုလုပ်ငန်းစဉ်အတွက် အလွန်ပင် အဖိုးတန်လှပြီး ၂၀၀၈ အောက်တိုဘာတွင် မြန်မာနိုင်ငံအား စီဒေါကော်မတီမှ သုံးသပ်မှုများ ပြုလုပ်နေချိန်နှင့် ပြုလုပ်ပြီး နောက်ပိုင်းတွင်လည်း အဖွဲ့ချုပ်၏ နည်းဗျူဟာများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ပင် အသုံးဝင်ပေလိမ့်မည်။

လူ့အရင်းအမြစ်များနှင့် အချိန်အကန့်အသတ်များကြောင့် အမျိုးသမီးအဖွဲ့အစည်းများသည် အောက်ပါ ပုဒ်မများကိုသာ စုဆောင်းနိုင်ခဲ့ကြသည်။

**ပုဒ်မ ၁ မှ ၅** – စီဒေါသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် စီမံချက်များ၊ မူဝါဒများ၊ ဥပဒေများ၊ ခွဲခြားဆက်ဆံမှုများနှင့် ကျားမအခန်းကဏ္ဍနှင့် ပုံစံခွက်သွင်းခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။
**ပုဒ်မ ၆** – လူကုန်ကူးခြင်း
**ပုဒ်မ ၁၀** – ပညာရေး
**ပုဒ်မ ၁၂** – ကျန်းမာရေး
**ပုဒ်မ ၁၄** – ကျေးလက်ဒေသနေအမျိုးသမီးများ
**GR အမှတ် ၁၉** – အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

## ပူးပေါင်းပါဝင်သော အဖွဲ့အစည်းများ၏စာရင်း

- အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) - WLB
    - မြန်မာ့အမျိုးသမီးသမဂ္ဂ
    - ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)
    - ကရင်အမျိုးသမီးအစည်းအရုံး
    - ကရင်နီအမျိုးသမီးအစည်းအရုံး
    - ကူကီးအမျိုးသမီးဆိုင်ရာ လူ့အခွင့်အရေး အစည်းအရုံး
    - လားဟူအမျိုးသမီးအစည်းအရုံး
    - ပလောင်အမျိုးသမီးအစည်းအရုံး
    - ပအိုဝ်းအမျိုးသမီးသမဂ္ဂ
    - ရခိုင်အမျိုးသမီးသမဂ္ဂ
    - ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း
    - ထားဝယ်အမျိုးသမီးသမဂ္ဂ
    - မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာအဖွဲ့

- ချင်းလဲန်းအမျိုးသမီးများအဖွဲ့ချုပ် – WLC
- အမျိုးသမီးနှင့် ကလေးအခွင့်အရေးဆိုင်ရာ စီမံကိန်း (မြန်မာနိုင်ငံတောင်ပိုင်း)၊ လူအခွင့်အရေးအဖွဲ့ အစည်း – မွန်နယ်မြေ (မြန်မာနိုင်ငံ)၊ (WCRP)- (HURFOM)
- မွန်အမျိုးသမီးအစည်းအရုံး၊
- ပြည်ပရောက် မွန်အမျိုးသမီးအစည်းအရုံး၊
- မွန်အမျိုးသား ကျန်းမာရေးကော်မတီ (MNHC)
- ကယန်းအမျိုးသမီးသမဂ္ဂ
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) – အမျိုးသမီးရေးရာဌာန
- နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအသင်း (BPHWT)
- မြန်မာနိုင်ငံ ဆေးပညာရှင်များ အသင်း (Burma Medical Association)
- မယ်တော်ဆေးခန်း
- မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၊
- အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ (NHEC)
- လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) (HREIB)
- ရခိုင်လူငယ်ကျောင်းသားများသမဂ္ဂ (AASYC)
- မြန်မာနိုင်ငံလုံးဆိုင်ရာ မြစ်များ စောင့်ကြည့်ရေး အဖွဲ့ (BRW)
- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆုံရပ် (ECDF)
- ကချင်လူမှု ဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ (KDNG)
- ကရင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကူညီထောက်ပံ့ရေးရုံး (KORD)
- ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW)
- ကရင်နီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အချက်အလက်ရှာဖွေရေးအဖွဲ့ (KDRG)
- ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (KSWDC)
- လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအစည်းအရုံး (LNDO)
- မွန်ထောက်ပံ့ ကူညီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MRDC)
- မွန်လူငယ် တော်လှန်ရေးအစည်းအရုံး (MYPO)
- မွန်ဒေသ ဆိုင်ရာအဖွဲ့

- လူမျိုးစုရေးရာ လူငယ်ကွန်ယက် (NY Forum)
- ပလောင်လူငယ် ကွန်ယက်အဖွဲ့ (PYNG)
- သံလွင်မြစ် စောင့်ကြည့်ရေးအဖွဲ့ (Salween Watch)
- ရှမ်းကူညီထောက်ပံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (SRDC)
- ရှမ်း သဘာဝ (Shan Spawa Environmental Organzation)
- ရွှေဂတ်စ် လှုပ်ရှားမှုအဖွဲ့ (SGM)
- ရိုးမ(၃)သတင်းဌာန

## ပုဒ်မ ၁။ ခွဲခြားဆက်ဆံမှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်။

ခွဲခြားဆက်ဆံမှု (Formal discrimination) နှင့် ကျားမအပေါ် အခြေခံသော ခွဲခြားဆက်ဆံမှု (Substantive discrimination) (သို့မဟုတ်) သဘာဝတရားဆိုင်ရာဥပဒေ (Natural law) များ၊ မူဝါဒများနှင့် လုပ်ဆောင်ချက်များ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော ခွဲခြားဆက်ဆံမှုများစသည့် ခွဲခြား ဆက်ဆံမှုပုံစံနှစ်မျိုးစလုံးသည် စီဒေါ၏ အပိုဒ် ၁ အောက်တွင် ပါဝင်သော ကျားမ ခွဲခြားဆက်ဆံမှုတွင် အကျုံးဝင်သည်။ ရေးသားပြောဆိုသူ (သို့မဟုတ်) ပြုလုပ်သူများသည် အစိုးရဖြစ်စေ၊ အစိုးရမဟုတ်သော အရပ်သားဖြစ်စေ မည်သူမဆို ခွဲခြားဆက်ဆံမှု ပြုခြင်းကို တားမြစ်ပိတ်ပင်ထားသည့်အချက်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အလေးပေးဖော်ပြထားသည်။

စစ်အစိုးရ၏ အစီရင်ခံစာတွင် ၎င်းမှ စီဒေါသဘောတူညီချက်စာချုပ်၏ ရည်ရွယ်ချက် (သို့မဟုတ်) အဓိပ္ပါယ်ဖွင့်ဆိုချက်ကို နားလည်သည် ဟူသော အထောက်အထားများ လုံးဝ မတွေ့ရှိရပေ။ စစ်အစိုးရက ၎င်း၏ ပထမအကြိမ်အစီရင်ခံစာနှင့် ဒုတိယနှင့် တတိယအကြိမ်ပေါင်း အစီရင်ခံစာများတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် မမွေးဖွားမီကတည်းက အခွင့်အရေး အပြည့်အဝ ရရှိပြီးသားဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုများ မရှိပါဟု စစ်အစိုးရမှ အတိအလင်း ပြောဆိုထားသည်။ ထိုကဲ့သို့ အစီအစဉ်ချချိုးဖောက်နေသော စိုးရိမ်ဖွယ်ရာ ကျားမခွဲခြားဆက်ဆံမှုများ ပြည်တွင်း၌ ဖြစ်ပွားနေကြောင်းကို စစ်အစိုးရမှ အသိအမှတ်ပြုရန်မဆိုထားနှင့်၊ နားလည်သဘောပေါက်ရန်အတွက်ပင် ဆက်လက်ငြင်းဆိုလျက် ရှိနေသည်ကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရသည် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးရရှိရေးကို မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန်အတွက် လုပ်ငန်းစဉ်များနှင့်မူဝါဒများကို သဘောရိုးဖြင့် ဥပဒေပြဋ္ဌာန်းပေးမည်ဆိုသည်မှာ လုံးဝ ဖြစ်နိုင်ဖွယ်မရှိပေ။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေး မရရှိကြောင်းနှင့် ထိုအခြေအနေကို ပြောင်းလဲရန် တိကျသော ဆောင်ရွက်မှုများ လုပ်ဆောင်ရမည်ကို စစ်အစိုးရမှ အသိအမှတ် ပြုဝန်ခံမှုမရှိသရွေ့ စာချုပ်၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ရန်နှင့် လေးစားလိုက်နာရန် ဆိုသည်မှာ လက်တွေ့ဖြစ်နိုင်မည် မဟုတ်ပေ။

မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေအနေများနှင့်ပတ်သက်၍ အမှန်တကယ်ဖြစ်ပျက်နေသော အချက်အလက်များကို ဖုံးကွယ်ထားခြင်းသည် ကျားမခွဲခြားဆက်ဆံမှုကို အလေးအနက် ထုတ်ဖော်ပြောဆိုရန်နှင့် စဉ်းစားစရာပြဿနာအဖြစ် နားလည်သဘောပေါက်ရန် ဆက်လက်တောင်းဆိုနေသည်။ ပြည်တွင်းစစ်နှင့် အလွန်အမင်း အားနည်းနေသော ရုပ်ပိုင်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများသည် ပြည့်စုံတိကျသော အချက်အလက်များ စုဆောင်းရန် (အထူးသဖြင့် ကျေးလက်ဒေသများတွင်) ကြန့်ကြာစေပြီး နိုင်ငံလူဦးရေ၏ အများစုဖြစ်သော အမျိုးသမီးများအတွက် စစ်မှန်သော ပြောင်းလဲမှု ဖြစ်စေမည့် အလားအလာကို နှောင့်နှေးစေသည်။

စစ်အစိုးရ၏ ဝါဒဖြန့်ချိရေးတွင် 'နိုင်ငံခြားလွှမ်းမိုးမှုတိုက်ဖျက်ချေမှုန်းရေး (Destructive Foreign Influences)'နှင့် ပတ်သက်သည့် ကိုးကားပြောဆိုချက်များဖြင့် ပြည့်လျှံလျက်ရှိနေသည်။ ထိုကဲ့သို့ ကိုးကား ပြောဆိုချက်များသည် ဒီမိုကရေစီ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သည့် အတွေးအခေါ်များကို တိုက်ခိုက် ချေပရန်၊ နိုင်ငံတကာ ပြစ်တင်ဝေဖန်မှုများကို ပြန်လည်ခုခံတွန်းလှန်ရန်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးစားဆောင်ရွက်မှုများ ကြောင့် လွတ်လပ်ရေးဖခင်၊ အမျိုးသားခေါင်းဆောင်အဖြစ် အသိအမှတ် ပြုခံရ သူ 'ဗိုလ်ချုပ်အောင်ဆန်း' ၏ သမီးအရင်းဖြစ်သော်လည်း 'နိုင်ငံခြားသား' အဖြစ် ပုံညွှန်းဖော်ပြခံရသည့် ဒေါ်အောင်ဆန်းစုကြည် အား တိုက်ခိုက်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်သည်။ ထိုလုပ်ဆောင်ချက်များသည် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားပြီးနောက် နိုင်ငံခြားအထောက်အပံ့များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်နှင့် ဒုက္ခသည်များဆီသို့ အကူအညီများ ပို့ဆောင်ရန် စစ်တပ်မှနေ၍ ဆိုးဝါးစွာ တားဆီးပိတ်ပင်ခဲ့ပြီးနောက်တွင် အာဏာရှင်များသည် ပြည်ပနိုင်ငံများ၏ ဝင်ရောက်လာခြင်းကို မနှစ်သက်ကြောင်းပြသခြင်းဖြင့် တိုး၍လုပ်ဆောင်လာသည်။ စစ်အစိုးရ၏ ပြည်ပအတွေးအခေါ်များကို အမြဲတစေ ခုခံတွန်းလှန်ခြင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကိုသာ လက်ခံရန် လူထုအပေါ် အတင်းအကြပ် တိုက်တွန်းလေ့ရှိသော အနေအထားများကို ကြည့်ခြင်းအားဖြင့် စီဒေါကဲ့သို့သော နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူညီချက်စာချုပ်အပေါ် ၎င်းတို့၏ တာဝန်ယူချက်များ မည်မျှစစ်မှန်မည်ဆိုသည်မှာ မေးခွန်း ထုတ်စရာဖြစ်ပါသည်။

စီဒေါ၏အခြေခံမှုများနှင့်ပတ်သက်၍ စစ်အစိုးရမှ ၎င်းတို့လုပ်ဆောင်နေကြောင်းကို အပေါ်ယံပါးစပ်ဖျားမှ ပြောဆိုနေခြင်းသည် ၎င်းတို့မှ စာချုပ်အပေါ်၌ စစ်မှန်သော တာဝန်ယူမှုများ ရှိနေသကဲ့သို့ ထင်ယောင်ထင်မှားဖြစ်စေသည်။ ၂၂ ကြိမ်မြောက် စီဒေါကော်မတီသို့ စစ်အစိုးရ၏ ပထမဆုံးတင်သွင်းသော အစီရင်ခံစာအပေါ် အကြံပြုချက်များကို လူထုကြားဖြန့်ဝေခြင်း (သို့မဟုတ်) နည်းအမျိုးမျိုးဖြင့် လူထုသိအောင် လုပ် ဆောင်ခြင်းများ အကောင်အထည်ဖော်ခဲ့သည်ဆိုသည့် ညွှန်းဆိုမှုများ လုံးဝမပါဝင်ပေ။

## တန်းတူညီမျှမှုအတွက် ဖွဲ့စည်းပုံဆိုင်ရာ အာမခံချက်မရှိခြင်း

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ထိရောက်သော အခြေခံဥပဒေဆိုင်ရာ အာမခံချက်ရှိသော စစ်မှန်သည့် တန်းတူညီမျှမှုကို မခံစားကြရပေ။ ကျားမဆိုင်ရာ တန်းတူညီမှု အမြင်ရှုထောင့်မှကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းစဉ်များ အပါအဝင် လတ်တလော အတည်ပြုလိုက်သည့် အခြေခံဥပဒေဆိုင်ရာ ဥပဒေကြောင်း၏ အနှစ်သာရများသည် ချို့ယွင်းချက်များစွာရှိနေသည်။

၁၉၉၃ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပြီးဆုံးခဲ့သည့် အမျိုးသားညီလာခံတွင်လည်း မြန်မာနိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေသစ် မူကြမ်းရေးဆွဲရေးတွင် အသုံးချရန်အတွက် ညီလာခံတက် ရောက်သူများကို စစ်အစိုးရမှ ၎င်းတို့ စိတ်တိုင်းကျ ရွေးချယ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအပါအဝင် အခြားလွတ်လပ်သော နိုင်ငံရေးပါတီအဖွဲ့ဝင်များသည် ဖိတ်ကြားခြင်း မခံခဲ့ရသကဲ့သို့ ၎င်းပါတီအဖွဲ့ဝင်များမှလည်း စစ်အစိုးရ၏ လုပ်ဆောင်ချက်များကို သပိတ်မှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိသော်လည်း စစ်အစိုးရ၏ အစီရင်ခံစာအရ စစ်အစိုးရ၏ ညီလာခံတက်ရောက်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်များမှာ ဖ ဒသမ ၂ ရာခိုင်နှုန်းသာရှိသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ပါဝင်မှုမှာ အလွန်အမင်းလျော့နည်းနေကြောင်းသိနိုင်သည်။ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရခဲ့သော အမျိုးသမီး အဖွဲ့အစည်းမှ ကိုယ်စားလှယ်များမှာလည်း စစ်အစိုးရ၏ တဖက်သတ် စည်းကမ်းချက်များဖြင့် ချည်နှောင်ခံခဲ့ရပြီး လွတ်လပ်စွာ ပြောပိုင်ခွင့်မရှိပေ။ ထို့ပြင် အလွန်တင်းကြပ်သော တားဆီးပိတ်ပင်မှုများသည်လည်း ညီလာခံတက်ရောက်သော ကိုယ်စားလှယ်များအားလုံး၏ စစ်အစိုးရ မူကြမ်းရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များအပေါ် ငြင်းခုံမှုများ၊ အကြံပြုမှုများပေးနိုင်သည့် အခွင့်အလမ်းများကို ပိတ်ပင်ထားခဲ့သည်။ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုနည်းခြင်းနှင့် ညီလာခံတွင် အမျိုးသမီးများပါဝင်မှုကို ကန့်သတ်ထားခြင်းတို့ကြောင့် မြန်မာနိုင်ငံမှအမျိုးသမီးများသည် နိုင်ငံတနိုင်ငံ၏အရေးပါသော ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းစဉ်များတွင် အဓိပ္ပါယ်ရှိသော အင်အားဖြည့်တင်းမှုများ မရှိသေးကြောင်း ထင်ရှားပေါ်လွင်နေသည်။

ထိုအနှစ်သာရများကို ကြည့်ခြင်းအားဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပဏာမဖြစ်သော အခြေခံကျသည့် အခြေခံမူများနှင့် အသေးစိတ်ကျသော အခြေခံမူများဆိုင်ရာ ဥပဒေကြောင်းသည် ကျားမတန်းတူရေးကို ထိထိရောက်ရောက် မြှင့်တင်နိုင်ခြင်းမရှိပေ။ အခြေခံကျသော မူများနှင့်ပတ်သက်သည့် အပိုင်းအတော် များများတွင် တန်းတူညီမျှခြင်းကို ဖော်ပြထားသည်။ အခန်း ၁၊ အပိုဒ် ၁၀ (က) တွင် 'နိုင်ငံသားတိုင်းသည် တန်းတူညီမျှသော အခွင့်အရေးများကို ပိုင်ဆိုင်ရမည်' ဟု ဖော်ပြထားသည်။ အခန်း ၈၊ အပိုဒ် ၃ တွင် နိုင်ငံသားတိုင်းကို အာမခံချက်ပေးထားသည်။ ဥပမာ – 'ဥပဒေရှေ့ မှောက် တူညီသောအခွင့်အရေးရရှိရေး ... တူညီသောကာကွယ်မှု ရရှိရေးနှင့် အပိုဒ် ၄ တွင်လည်း 'နိုင်ငံတော်မှ ကျားမအပေါ် အခြေခံ၍ မည်သည့်နိုင်ငံသားကိုမှ ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) မျက်နှာသာ ပေးခြင်းများ မရှိစေရဟု ဖော်ပြထားသည်။ မည်သို့ပင်ဆိုစေ၊ ထိုအခြေခံဥပဒေဆိုင်ရာ ဥပဒေကြောင်းသည် ရှင်းလင်းပြတ်သားမှု မရှိသည့်အပြင် တန်းတူအခွင့်အရေးရှိရန် မြှင့်တင်ပေးခြင်း (သို့မဟုတ်) ခွဲခြားဆက်ဆံမှု ဖြစ်ပေါ်နေခြင်းမှ ကာကွယ်နိုင်ရန် စစ်အစိုးရ၏ အသေးစိတ် လုပ်ဆောင်ချက်များကို ဖော်ပြညွှန်းဆိုထားခြင်းမရှိပေ။ လူ့အခွင့်အရေးစံနှုန်းများအပေါ် ဆန့်ကျင်သော စစ်အစိုးရ၏ မှတ်တမ်းများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံမှုပေးခြင်းသည် တရားဝင်ရုံမျှသာမကပဲ စစ်မှန်မှုရှိကြောင်းပါ သေချာစေရန်ပို၍ အသေးစိတ်ကျသော၊ ပြည့်စုံသော ကျား–မတန်းတူညီမျှမှုဆိုင်ရာ ဥပဒေစည်း မျဉ်းစည်းကမ်းများ လိုအပ်ပေသည်။

ထည့်သွင်းစဉ်းစားသင့်သော အခြားအကြောင်းအရာတခုမှာ အခွင့်အရေးများသည် နိုင်ငံသားများနှင့်သာ သက်ဆိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။ နိုင်ငံသားဖြစ်ရေးဥပဒေတွင် နိုင်ငံသားဖြစ်ရန်အတွက် အနည်းဆုံးမိခင် (သို့မဟုတ်) ဖခင် တဦးဦးသည် နိုင်ငံသား တစ်ယောက်အဖြစ် အသိအမှတ်ပြုခံရသူဖြစ်ရန် လိုအပ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနည်းသော၊ စစ်ပွဲပဋိပက္ခများကြောင့် ဗဟိုအုပ်ချုပ်မှုနည်းသော အချို့ဒေသများတွင် အစိုးရမှတ်တမ်း ပြုစုမှုများသည် အလွန်ပင်အားနည်းသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားမျှတရေး ဥပဒေကြောင်းကို ပြဋ္ဌာန်းထားပေးခဲ့မည်ဆိုခဲ့လျှင်တောင် နိုင်ငံသားများနှင့် ပတ်သက်သည့်အခွင့်အရေး ဥပဒေများ ရရှိခံစားပိုင်ခွင့်အား ကန့်သတ်ထားသော တားမြစ်ချက်များသည် နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံသားများအဖြစ် သတ်မှတ်ခံရခြင်းမရှိသော အမျိုးသမီးများအတွက် များစွာထိခိုက်နစ်နာစေသည်။

ထို့ပြင် တန်းတူညီမျှရေးကို အာမခံချက်ပေးထားသော ဥပဒေများသည် အခြားဥပဒေကြောင်းများအရ ကွဲလွဲမှုများရှိပြန်သည်။ အထူးသဖြင့် အခန်း ၈၊ အပိုဒ် ၇ ၏ အခြေခံကျသော အခြေခံမူများတွင် 'မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဥပဒေမှပြဋ္ဌာန်းထားသော အခွင့်အရေးများကို ရရှိခံစားစေရမည်' ဟု အမျိုးသမီးများအား ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ သတ်မှတ်ထားသော အခန်းကဏ္ဍအရမြင်သော မိခင်များအဖြစ်ပင် အားဖြည့်ပြောဆိုထားပြီး အမျိုးသမီးများအပေါ် အခြားသူများနှင့်မတူ ကွဲပြားသော

ပြုစု စောင့်ရှောက်မှုပေးထားသကဲ့သို့ ထင်ရဖွယ်ရှိပေသည်။ အခြားပြဿနာတခုမှာ အပိုဒ် ၈ တွင်ပင် အစိုးရရာထူး ခန့်အပ်ခြင်းများတွင် ခွဲခြားဆက်ဆံမှုမရှိစေရဟု ထောက်ပြထားသော်လည်း အခြားတပိုဒ်တွင် 'အမျိုးသားများအား ၎င်းတို့နှင့် သဘာဝအရ သင့်လျော်သော ရာထူးနေရာများတွင် ခန့်ထားခြင်းနှင့် ပတ်သက်၍ မည်သည့် အပိုဒ်မျှကာကွယ်တားဆီးထားခြင်း မရှိစေရ'ဟု ပြဌာန်းထားပြန်သည်။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းပုံစံခွက်များ လွှမ်းမိုးတည်ရှိနေသရွေ့ အမျိုးသမီးများကို ခွဲခြားဆက်ဆံခံရမှုများမှ ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သည့်ပြဌာန်းချက်မှ မရှိသောကြောင့် ကျား–မတန်းတူရေးဆိုင်ရာ အာမခံချက်ရှိရေးသည် စစ်မှန်မှုမရှိပဲ အနှစ်သာရကင်းမဲ့နေကြောင်း စစ်အစိုးရ၏ ဥပဒေကြောင်းမှ ပြသလျက်ရှိသည်။

အမျိုးသမီးများ၏ တန်းတူညီမျှရေးသည် အလွန်အရေးကြီးသည်ဟု ဆိုနေသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေသည် စစ်တပ်မှ ဥပဒေပြုရေးဆိုင်ရာ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် (ပြည်ထောင်စု လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသီးသီးတွင်) နေရာများ၏ ၃ ပုံ ၁ ပုံကို ထိန်းချုပ်ထားမည်ဆိုသော အချက်ကို အာမခံချက်ပေးထားခြင်းဖြင့် အစိုးရအဖွဲ့အတွင်း စစ်တပ်၏ ရာထူးနေရာကို ခိုင်မြဲစေရန် လုပ်ဆောင် ထားသည်။ အမျိုးသမီးများသည် တကယ်တမ်းအားဖြင့် စစ်တပ်ဌာနများတွင် မပါဝင်နိုင်အောင် တားဆီးခံထားရပြီး အမျိုးသမီးများအား ဒီမိုကရေစီနည်းလမ်းအရဆိုလျှင်ပင် ဥပဒေပြုရေးရာထူးတာဝန်များအားလုံး၏ ၄ ပုံ ၁ ပုံတွင် ပါဝင်နိုင်ရန်၍လုပ်ဆောင်မှုက တားဆီးထားသည်။ စစ်တပ်သည် ကာကွယ်ရေးဝန်ကြီးချုပ်နှင့် သမ္မတ ကိုပါ ရွေးချယ်ရန် အာဏာရှိမည်ဖြစ်ပြီး စစ်တပ်အဖွဲ့ဝင်များအတွက် ကင်းလွှတ်ခွင့်ရနိုင်သည့် အလားအလာရှိ နိုင်သော စစ်ခုံရုံးအုပ်ချုပ်ရေးအပါအဝင် ၎င်းတို့၏ စစ်ဆင်ရေးများကို ၎င်းတို့ကိုယ်တိုင် ကြီးကြပ်မှုအာဏာ အပြည့်အဝရရှိမည်ဖြစ်သည်။ နိုင်ငံ၏ အရေးပေါ်အချိန်တွင်လည်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကို နိုင်ငံ့ခေါင်းဆောင်အဖြစ် အခြေအနေကို ထိန်းချုပ်တာဝန်ယူရန် အာဏာပေးအပ်ထားရမည်ဖြစ်ပြီး ထိုအချိန်အတွင်း စစ်တပ်မှ 'တရားဝင်' လုပ်ဆောင်မှုများ အားလုံးအပေါ် အပြစ်မှကင်းလွှတ်ခွင့်ရမည်ဖြစ်ကာ ၎င်းတို့သည် အခြေခံကျသော အခွင့်အရေးများကို ကျင့်သုံးခြင်းမှလည်း ခေတ္တရုပ်သိမ်းနိုင်သောအာဏာရှိသည်။ သမ္မတတဦး၏ အရည်အချင်းနှင့် ပတ်သက်သော ဥပဒေစည်းမျဉ်းစည်းကမ်းသည်လည်း သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ၏ အနီးကပ်ဆုံးဆွေမျိုးသားချင်းသည် နိုင်ငံခြားသား မဖြစ်ရဟူသောအချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး ပါဝင်မှုကို တားမြစ်ပိတ်ပင်ရန် တိုက်ရိုက်ရည်ညွှန်းထည့်သွင်းထားသည်။

မြန်မာနိုင်ငံအား အကြီးအကျယ် ထိခိုက်ဖျက်ဆီးခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းပြီးနောက် တဆက်တည်း ဆိုသလိုပင် ၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် စစ်အစိုးရသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် အတည်ပြုရေးအတွက် လူထုဆန္ဒခံယူပွဲကို အလုအယက် အဓိကဦးစားပေး ပြုလုပ်ခဲ့သည်။ နေရာဒေသ များစွာတွင် မဲဆန္ဒပေးသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံမဲရရှိရန်အတွက် ကြိုတင်မဲပေးစနစ်ဖြင့် မဲပေးရန် အမိန့်ပေးခြင်းခံကြရသည်။ ထိုအခြေအနေများကြောင့် လူအများတွေးထင်ထားသည့် အတိုင်း စစ်အစိုးရ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်သည် ထောက်ခံမဲ ၉၃ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။

### ပုဒ်မ ၂ – ဥပဒေ၊ မူဝါဒဆိုင်ရာတိုင်းတာချက်များမှတဆင့် ခွဲခြားဆက်ဆံမှုကို ဖျက်သိမ်းခြင်း

အပိုဒ် ၂ တွင် ခွဲခြားဆက်ဆံမှုများ ပပျောက်စေနိုင်သည့် မူဝါဒများကို စာချုပ်အဖွဲ့ဝင် နိုင်ငံမှ ဖန်တီးရမည်ဟု ဖော်ပြထားသည်။ စစ်အစိုးရ မှ စီးပွားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ၅ နှစ်ကြာ နိုင်ငံတော်စီမံ ကိန်းကို ဆက်တိုက်ပြဌာန်းခဲ့သော်လည်း ကျား–မ တန်းတူရေးသည် မည်သည့်နေရာတွင်မှ အထင်အရှား မပါဝင်သေးပေ။ စစ်အစိုးရမှ ၎င်း၏ လုပ်ငန်းစဉ်များကြောင့် အမျိုးသမီးများအပေါ်၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် စစ်တပ်အုပ်ချုပ်မှုများကြောင့် ထိခိုက်နစ်နာခဲ့သော ကျေးလက်ဒေသ အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသည့် အထောက်အထားများ လုံးဝမတွေ့ရပေ။

စစ်အစိုးရမှ လူ့အခွင့်အရေးကို မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တိုက်ဖျက်ရန်ရည်ရွယ်သည့် နိုင်ငံတော်မူဝါဒများ ချမှတ်ထားခြင်း မရှိပေ။ အထက်ဖော်ပြပါအချက်များကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်အာဏာရှင်အစိုးရသည် ကမ္ဘာပေါ်တွင် ဖိနှိပ်ချုပ်ချယ်မှု အများဆုံးအစိုးရများထဲမှ တခုအဖြစ် အသိအမှတ် ပြု ခံရပြီး ၁၉၉၂ ခုနှစ် ဆုံးဖြတ်ချက်များအရ ၁၃၂၅ ဥပဒေကြောင်းအောက်မှနေ၍ ကုလသမဂ္ဂအထွေထွေ ညီလာခံနှင့် နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်များ၏ နှစ်စဉ်ပြစ်တင်ရှုတ်ချမှု၊ ပိတ်ဆို့အရေးယူမှုများ ခံနေရသည်။ စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းဖြိုခွင်းမှုကြောင့် ရပ်ဆိုင်းသွားခဲ့ရပြီး ပစ်ခတ်မှုများကြောင့် နိုင်ငံခြား သတင်းထောက် တယောက်အပါအဝင် ရဟန်းပြည်သူများသေဆုံးခဲ့ရခြင်း၊ ထောင်ပေါင်းများစွာသော ရဟန်းပြည်သူများ ဖမ်းဆီးခံရခြင်းတို့ ဖြစ်ပေါ်ခဲ့သော စက်တင်ဘာလူထုဆန္ဒပြပွဲကြီးကြောင့် ၂၀၀၇ ခုနှစ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုအတွက် အဆိုးဝါးဆုံးနှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ရသော နှစ်တနှစ်လည်း ဖြစ်ခဲ့သည်။

## ခွဲခြားဆက်ဆံမှုများကို တရားစွဲဆိုရန်အတွက် ဥပဒေမရှိခြင်း

တိုက်ရိုက်နှင့် သွယ်ဝိုက်သောအားဖြင့် ချိုးဖောက်သော ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်ရန် နိုင်ငံတော်ဥပဒေပြန်လည်ပြင်ဆင်ထားကြောင်း (သို့မဟုတ်) စီဒေါနှင့် ၎င်း၏အခြေခံမူများကို ပြည်တွင်းတရား ဥပဒေပြုရေးတွင် ပါဝင်ထည့်သွင်းထားကြောင်းနှင့် ပတ်သက်၍ ဖော်ပြထားမှုများ မရှိပေ။ ပြစ်မှုဆိုင်ရာ ဥပဒေနယ်ပယ်တွင် အိမ်တွင်းအကြမ်းဖက်မှုကို ထည့်သွင်းဖော်ပြထားသည့် တိကျသော ဥပဒေများ မရှိပေ။ ထို့ပြင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေခံသောအကြမ်းဖက်မှုများနှင့်ပတ်သက်သည့် ဥပဒေများသည် ရာဇဝတ်ကျင့် ထုံးဥပဒေ(၁၈၆၀)ထဲတွင် ပါဝင်သော အစိတ်အပိုင်းများဖြစ်သော်လည်း ထိုဥပဒေမှာ ဗြိတိသျှ ကိုလိုနီလက် အောက်မှ နိုင်ငံလွတ်လပ်ရေးရစဉ်ကတည်းက ပြင်ဆင်ပြောင်းလဲမှု တစုံတရာမရှိသေးသော ဥပဒေများသာ ဖြစ်သည်။

မိသားစုဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းတွင် လက်ထပ်ထိမ်းမြားခြင်း၊ မွေးစားခြင်း၊ ပစ္စည်းပိုင်ဆိုင်ခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ဗမာနှင့် ဗမာမဟုတ်သော တိုင်းရင်းသား လူမျိုးစုများမှနေ၍ ဓလေ့ထုံးတမ်းဥပဒေများကို အလျှံပယ် အသုံးပြုနေဆဲပင်ဖြစ်သည်။ ထိုဓလေ့ထုံးတမ်း ဥပဒေ၏ ဥပဒေစည်းမျဉ်းအမြောက်အမြားသည် အမျိုးသားများအား အိမ်တွင်းအရေးကိစ္စများတွင် ပိုမိုအဆင့်မြင့်သော စီးပွားရေးလုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချသော အခွင့်အာဏာကို ပေးထားချိန်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမူ အိမ်မှုကိစ္စလုပ်ဆောင်သူနှင့် ကလေးမွေးဖွားသူများအဖြစ်သာ အလေးပေးဖော်ပြထားသည်။ ဥပမာအားဖြင့် ဤအစီရင်ခံစာအတွက် ဆက်သွယ်မေးမြန်းထားသော အမျိုးသမီးတဦးမှ ပလောင် ယဉ်ကျေးမှုဓလေ့ထုံးစံကို ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများတွင် ဆက်လက်ကျင့်သုံးနေသည့် အခြေအနေအရ အကယ်၍ အမျိုးသားတဦးသေဆုံးလျှင် သူ၏ ပိုင်ဆိုင်မှုများအားလုံးသည် ဇနီးသည်ထက် သူ၏ဆွေမျိုးအမျိုးသားများမှ ပိုင်ဆိုင်ကြသည်။ လင်မယားကွာရှင်းပြတ်စဲလျှင် အမျိုးသမီးသည် သူမ၏ အမျိုးသားနှင့်အတူတကွ ပိုင်ဆိုင်သည့်ပစ္စည်းများအားလုံးကို လက်လွှတ်ဆုံးရှုံးရသည်။ လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်၍ ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပါအဝင် ဤကဲ့သို့သော ဓလေ့ထုံးတမ်း ဥပဒေများကို နိုင်ငံ၏ ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများအရ ပြန်လည်ထိန်းညှိပေးမှုများ (သို့မဟုတ်) ၎င်းတို့၏ ဥပဒေများသည် စီဒေါစာချုပ်နှင့် ညှိစွန်းမှုမရှိစေရေး သေချာစေရန် ကြိုးစားလုပ်ဆောင်ခြင်းများ မရှိပေ။

**အမွေဆက်ခံခြင်း – အသက် ၂၈ နှစ်အရွယ် ပလောင်အမျိုးသမီးတဦးနှင့် ၂၀၀၈ ခုနှစ် ဩဂုတ် ၂၈ ရက် တွင် ဆက်သွယ်မေးမြန်းထားချက်။**

*အချို့ကျေးလက်ဒေသ အတော်များများမှာရှိတဲ့ ပလောင်ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသားတွေဟာ သူတို့ရဲ့ မိဘတွေဆီက ပိုင်ဆိုင်မှုအားလုံးကို အမွေဆက်ခံတယ်။ အမျိုးသမီးနဲ့ မိန်းကလေးတွေဆိုရင် အများအားဖြင့် သူတို့တွေ အိမ်ထောင်ကျရင် သူတို့ရဲ့ လင်ယောကျ်ားရဲ့ ပြု စုစောင့်ရှောက်မှုကိုရမှာပဲလို့ ထင်ကြတယ်။*

*အိမ်ထောင်တစုမှာဆိုရင် လင်ယောကျ်ားတွေကသာ အိမ်တွေ၊ မြေတွေ ဒါမှမဟုတ် လက်ဖက်ပင် စိုက်ပျိုးရေးလုပ်ငန်းတွေလို မိသားစုနဲ့ပတ်သက်တဲ့ ပိုင်ဆိုင်မှုအားလုံးကို ရောင်းချဖို့၊ တခုခုလုပ်ဖို့ ဆုံးဖြတ်ချက်ချပိုင် ခွင့်ရှိတယ်။ ပလောင် ဓလေ့ထုံးတမ်းအရ အမျိုးသားများဟာ အိမ်ထောင်ဦးစီးအနေနဲ့ သားသမီးတွေကို အမွေခွဲ ပေးတဲ့ကိစ္စအပါအဝင် အရာအားလုံးကို ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိတယ်။*

*တကယ်လို့ လင်ယောကျ်ားသေဆုံးရင် ပိုင်ဆိုင်မှုတွေဟာ သားတွေကပဲရတယ်။ တကယ်လို့ အဲဒီမိသားစုမှာ သမီး မိန်းကလေးပဲရှိမယ်ဆိုရင် ပိုင်ဆိုင်မှုအားလုံးဟာ ဦးလေးတွေကပဲရတယ် (အဖေ့ရဲ့ ညီအစ်ကိုတွေ)၊ သမီးတွေ မရဘူး။*

*နောက်ပြီး တကယ်လို့ လင်မယားကွာရှင်းကြမယ်ဆိုရင် ဇနီးသည်က အိမ်ပေါ်ကနေ ဆင်းပေးရပြီးတော့ ပိုင်ဆိုင်မှုတွေအားလုံးဟာ ယောကျ်ားကို ပေးရတယ်။ နောက် သားသမီးတွေဟာလည်း ဖခင်ရဲ့ အုပ်ထိန်းမှုအောက် မှာပဲ ကျန်ခဲ့ရတယ်။*

ဥပဒေအများစုသည် အမျိုးသမီးများမှ ကာကွယ်မှုလိုအပ်သည်ဆိုသည့် အခြေခံယူဆချက်ပေါ်တွင် အမျိုးသမီးများအတွက် မတူညီသော လုပ်ဆောင်ချက်များကို ပြဋ္ဌာန်းထားလေ့ရှိသည်။ အမျိုးသမီးလူကုန်ကူးမှုကို ပပျောက်စေရန်အတွက် ရည်ရွယ်သော

၎င်းတို့၏ လုပ်ငန်းစဉ်အရ ၁၉၉၇ တွင် စစ်အစိုးရသည် အသက် ၂၅ နှစ်အောက် အမျိုးသမီးများကို နယ်စပ်ဒေသများသို့ ခရီးသွားလာခြင်းမှ တားမြစ်ပိတ်ပင်ခြင်း (သို့မဟုတ်) အုပ်ထိန်းသူမပါပဲ[၁၉] နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ခွင့်များကို တားဆီးပိတ်ပင်ခြင်း တို့ကို ပြဌာန်းခဲ့သည်။ ထိုပြဌာန်းချက်များမှ ယခုထိတည်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများအတွက် နိုင်ငံကူးလက်မှတ် (ပတ်စပို့) ရရန် အလွန်ခက်ခဲခြင်းနှင့် ပို၍ဈေးနှုန်းမြင့်မားခြင်းများ ဖြစ်လာသည်။ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို ကန့်သတ်ထားသည့် ဤကဲ့သို့ ဥပဒေစည်းမျဉ်းများအပြင် မိခင်၏ အသက်ကို ကာကွယ်ရန်အတွက်ဟု ရည်ရွယ်ကာ ကိုယ်ဝန်ဖျက်ချခြင်း[၂၀] ကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သော ဥပဒေများသည် အမျိုးသမီးများ၏ မျိုးဆက်ပြန့်ပွားရေးဆိုင်ရာ ရွေးချယ်ပိုင်ခွင့် အခွင့်အရေးကို ဟန့်တားထားပေသည်။

## တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် တရားမျှတမှုမရှိခြင်း

တရားဥပဒေ၏ လက်တွေ့ကျသော လုပ်ဆောင်ချက်များအရကြည့်မည်ဆိုလျှင် စစ်အာဏာရှင်လက်အောက် တရားစီရင်ရေး၊ အထူးသဖြင့် နိုင်ငံရေးအကြောင်းအရာများ ပါဝင်သော ပြစ်မှုဆိုင်ရာ ရုံးတင် စစ်ဆေးခြင်းတွင် လွတ်လပ်မှုများမရှိခြင်းကြောင့် မြန်မာ့တရားမျှတမှုစနစ်မှာ စစ်တပ်ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် အသုံးချခံရသော အရာတခုအဖြစ် ဖော်ပြခြင်းခံထားရသည်။ တရားရုံးမှ လုပ်ဆောင်ပုံ အဆင့်ဆင့်နှင့် အချေအတင် ပြောဆိုမှုများအပေါ် တရားစီရင်ဆုံးဖြတ်ပုံ[၂၁] အဆင့်ဆင့်များကိုလည်း မသိရပေ။ တရားဥပဒေ စိုးမိုးမှုမရှိခြင်းနှင့် တရားစီရင်ရေးအပါအဝင် စစ်တပ်၏ အုပ်ချုပ်ရေးဌာနများအားလုံး၏ အစီအစဉ်ချကျူးလွန်သော လာဘ်စားမှု များကြောင့် ပိုက်ဆံရှိသူ၊ စစ်တပ်နှင့် အဆက်အသွယ်ရှိသူ မည်သူမဆို ၎င်းတို့၏ စိတ်တိုင်းကျ၊ ဥပဒေအားလုံးကို ကျော်ဖြတ်နိုင်သည်ဟု ပြောစမှတ်ဖြစ်ခဲ့သည်။ အချို့ရှေ့နေများမှ အခမဲ့အကျိုးဆောင်ခြင်းများ **(Pro Bono services)** ကို လုပ်ဆောင်ကြသော်လည်း ပြစ်မှုဆိုင်ရာအရသော်လည်းကောင်း၊ လူမှုရေးဆိုင်ရာအရသော်လည်းကောင်း ဥပဒေကြောင်းအရ ရှေ့နေမငှားနိုင်သောသူများကို တရားဝင်အကူအညီပေးသော စနစ်များ မရှိပေ။

တနိုင်ငံလုံး ခြုံ၍ကြည့်လျှင် လူ့အခွင့်အရေးချိုးဖောက်မှုခံနေရသည့် တရားလိုများသည် တရားမျှတမှုကို မရရှိကြပေ။ အောက်တွင် ပို၍အသေးစိတ်ဖော်ပြထားချက်များအရ လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာ အကြမ်း ဖက်ခံရသူများ အထူးသဖြင့် စစ်တပ် အဖွဲ့ဝင်များ (သို့) စစ်တပ်အရာရှိများ၏ မုဒိမ်းကျင့်ခြင်းကိုခံရသူများမှာ ဥပဒေကြောင်းအရ ကုစားပေးခြင်း (သို့) လုပ်ထုံးလုပ်နည်းအရ တိုင်တန်းခြင်း စသည်တို့နှင့် ပတ်သက်သည့် အကူအညီအနည်းငယ်သာ ရရှိကြသည်။ စစ်အစိုးရ၏ ကျား–မဆိုင်ရာ ပြစ်မှုများကို စွဲချက်တင်ခြင်းနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်မှု မရှိခြင်းသည် အမျိုးသမီးများအား အကြမ်းဖက်မှုကို ပိုမိုအားပေးစေသည့် ကင်းလွတ်ခွင့် ပြုထားသော ယဉ်ကျေးမှုများကို ဖြစ်ပေါ်စေသည်။

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများသည် အနှောက်အယှက် အတားအဆီးများကို မကြာခဏ ရင်ဆိုင်ကြရပြီး တရားစွဲဆိုမှုများကြောင့် အဖမ်းခံနေကြရသည်။ အလုပ်သမားနှင့် လူ့အခွင့်အရေးလှုပ်ရှားသူအဖြစ် လူသိများလှသည့် မစုစုနွေးသည်လည်း စစ်အစိုးရမှ အတင်းအဓမ္မ လုပ်အားပေးစေ ခိုင်းမှုနှင့်[၂၂]ပတ်သက်၍ ၎င်းတို့ကိုယ်တိုင် ပြဌာန်းထားသည့် ဥပဒေကြောင်းများအတိုင်း စစ်အစိုးရ အား ပြန်လည် တရားစွဲဆိုနိုင်ခဲ့ပြီးနောက် ဒေသဆိုင်ရာ အာဏာပိုင်များအား 'အသရေဖျက်မှု' ဖြင့် ၂၀၀၅ ခုနှစ်တွင် ထောင် ဒဏ်(၈)လကျခံခဲ့ရသည်။ အခြားလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတဦးဖြစ်သည့် ရှေ့နေဖြစ်သူ ဦးအေးမြင့် သည်လည်း အလုပ်သမားများကိုယ်စား တရားရုံးသို့ အဓမ္မလုပ်အားပေးစေခိုင်းမှုနှင့်ပတ်သက်၍ စွဲချက်တင်ရန် ကြိုးစားခြင်းကြောင့် နိုင်ငံတကာ အလုပ်သမားအစည်းအရုံးသို့ 'သတင်းမှားပေးမှု' ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အကြိမ်အကြိမ်အခါခါ ထောင်ချခံရပြီး ဥပဒေလောကအတွင်း ဝင်ရောက်ခွင့် လိုင်စင်ကိုလည်း ရုပ်ဆိုင်းခံခဲ့ရသည်။[၂၃] ဤလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူနှစ်ဦးစလုံးမှာ မြန်မာအာဏာပိုင်များမှ အတိအလင်းပြဌာန်းထားပြီးသား ယန္တရားများကို အသုံးပြုရန် ကြိုးစားခဲ့ကြသများ ဖြစ်သည်။ ဤအဖြစ်အပျက်များသည် ကျား–မခွဲခြား ဆက်ဆံခြင်းနှင့် ပတ်သက်မှု မရှိသော်လည်း စစ်တပ်အဖွဲ့ဝင်များမှ ကျူးလွန်သော ချိုးဖောက်မှုများအတွက် တရားဥပဒေဆိုင်ရာ တာဝန်ယူမှုများကို ရှာဖွေရာမှာ တွေ့ကြုံရသော အခက်အခဲများရှိကြောင်း သာဓကအဖြစ် ထင်ရှားစွာ တွေ့မြင်နိုင်သည်။

စစ်အစိုးရမှ ၎င်းတို့ကိုယ်တိုင် အစီအစဉ်ချ ချိုးဖောက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြည့် ခြင်းအားဖြင့် အစိုးရမဟုတ်သောသူများ (အရပ်သားများ) ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့် အကဲခတ်သည့် နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေးအသင်းအဖွဲ့မရှိသောစနစ်နှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ဥပဒေပြုသောစနစ်နှစ်ခုကြားတွင် မည်သည့်ကွာခြားချက်မှ မရှိသည်မှာ

အံ့အားသင့် စရာမဟုတ်ပေ။ စီဒေါစာချုပ်ကို ပြည်တွင်းတရားရုံးမှ အသုံးပြုခြင်း (သို့) ထည့်သွင်းစဉ်းစားခြင်းပြုခဲ့သည့် ဥပဒေမှတ်တမ်းများနှင့် လူ့အခွင့် အရေးဆိုင်ရာ ဥပဒေအတွေးအခေါ်များ လုံးဝမရှိပေ။

## ပုဒ်မ ၃ – တန်းတူရေးဆိုင်ရာ ရှေ့တိုးလုပ်ဆောင်မှုများနှင့် အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ အတွက် အာမခံချက်ရှိရေး

### *အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး တိုးတက်ဆောင်ရွက်ရန်အတွက် အစိုးရ၏ ယန္တရား*

မြန်မာပြည်တွင်း ကျားမ ခွဲခြားဆက်ဆံမှုများကို ထုတ်ဖော်တင်ပြရန် အစိုးရ၏ အဖွဲ့အစည်း ယန္တရားလည်းပတ်ပုံမှာ တင်းကြပ်စွာ ကန့်သတ်ထားသည်။

လူမှုဖူလုံရေး၊ အကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRR) သည် အမျိုးသမီးရေးရာကိစ္စများနှင့် ပတ်သက်၍ တနိုင်ငံလုံး၏ အဓိကဆက်သွယ်ရေးဌာနဖြစ်သည်။ ထို့အပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြင့်မားရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို စီမံညွှန်ကြားသည့် တာဝန်ခံများနေ ရာတွင်လည်း စစ်တပ်အရာရှိကြီးများကို ခန့်အပ်ထားသည်။ ထိုလူမှုဖူလုံရေး၊ အကူအညီပေးရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးမှာ ဗိုလ်ချုပ်ကြီးမောင်မောင်ဆွေဖြစ်သည်။ ဒုဝန်ကြီးဗိုလ်ချုပ်ကြီး ကျော်မြင့်မှလည်း ၂၀၀၆ ခုနှစ် အရှေ့အာရှ ကျားမတန်းတူရေးဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကဲ့သို့သော နိုင်ငံတကာ အစည်းအဝေး များတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် နိုင်ငံဆိုင်ရာမူဝါဒ (ပေါ်လစီများကို တင်ပြ ခဲ့ပြီးဖြစ်သည်။ MSWRR သည် ဆိုင်ကလုန်းမုန်တိုင်းအကူအညီများပေးရေးနှင့် မုန်တိုင်းတိုက်ခိုက်ခံရသော ဒေသများသို့ အကူအညီ၊ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း တာဝန်ရှိသည်။ သို့သော် MSWRR ၏ အကန့်အသတ်များလှသော အရင်းအမြစ်များကို အမျိုးသမီးရေးရာကိစ္စများအတွက် လတ်တလော သတ်မှတ်လျာထားမှုများ မည်မျှရှိ၍ မည်မျှအသုံးချပြီးပြီဆိုသည်ကိုမူ မသိရပေ။

လူမှုဖူလုံရေးအကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (MSWRR)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (MNCWA) နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) စသည့် အဖွဲ့သုံးဖွဲ့၏ ဆက်စပ်မှုများကို စစ်အစိုးရ၏ အစီရင်ခံစာတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိသော်လည်း ထိုသုံးဖွဲ့မှာ အလွန်နီးကပ်စွာ ဆက်နွယ်လျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို နိုင်ငံ၏ အမျိုးသားရေး ကော်မတီ တရပ်အနေဖြင့် ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အထူးသဖြင့် အမျိုးသမီးရေးရာ လက်တွေ့လုပ်ဆောင်မှုများဆိုင်ရာ ဘီဂျင်းအစည်းအဝေးသို့တင်ပြရန် အစိုးရ၏ အမျိုးသမီး အခွင့်အရေးအတွက် တာဝန်ယူချက်၊ အာမခံချက်များကို ပြဋ္ဌာန်းရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ MSWRR ကမူ MNCWA ၏ လုပ်ဆောင်ချက်များကို ကြီးကြပ်ရသည်။ MNCWA သည် စီဒေါစာချုပ် (အမျိုးသမီးများအပေါ် ခွဲခြားထားမှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်) အပေါ် လိုက်နာမှုရှိ၊ မရှိနှင့် ပတ်သက်၍ နောက်ဆက်တွဲလုပ်ဆောင်ချက်များကို အမည်ခံမျှလောက်သာ ဆောင်ရွက်ခဲ့သော်လည်း အမျိုးသမီးရေးရာ ကော်မရှင် အဖွဲ့တခုအနေဖြင့် အခြားအစိုးရဌာနများ၏ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများကိုမူ စောင့်ကြည့်အကဲခတ်မှုများ မရှိပေ။ ၁၉၉၀ ခုနှစ်များအတွင်းတွင် MNCWA မှ အမျိုးသမီးရေးဆိုင်ရာ နိုင်ငံ၏အမျိုးသားရေး လုပ်ငန်းစဉ်များအတွက် အဓိကလုပ်ဆောင်သော နေရာဒေသများ အရေအတွက်ကို ဖော်ပြခဲ့သည်။ အမျိုးသမီးရေးဆိုင်ရာ ပြဋ္ဌာန်းချက်အချို့ ရှိခဲ့သော်လည်းပဲ ထိုဒေသများတွင် အမှန်တကယ်လိုအပ်သော လိုအပ်ချက်များကို ဖော်ပြသည့် လုပ်ငန်းစဉ်များမရှိပေ။ MNCWA ၏ လှုပ်ရှားမှုအတော်များများသည် ၂၀၀၁ ခုနှစ် မတိုင်မီက ဖြစ်သည်။

မြန်မာအမျိုးသမီးရေးရာအဖွဲ့၏ သတင်းအချက်အလက်များအရ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီသည် ၎င်းတို့၏ လုပ်ဆောင်ချက်များမှာ အခြေခံလူတန်းစားများ အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများဆီသို့ ရောက်ရှိအောင် မလုပ်ဆောင်နိုင်သောကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) ကို စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏ ဆက်ခံသူအဖြစ် တွေ့မြင်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အဓိကတာဝန်ယူ လုပ်ဆောင်သောဝန်ထမ်းများမှာ အဖွဲ့နှစ်ခုလုံးတွင် တက်ကြွစွာပါဝင်နေကြပြီး မြန်မာအမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်ဟု တွေ့ မြင်နိုင်သောကြောင့်ဖြစ်သည်။

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် လွတ်လပ်သော (သို့မဟုတ်) လူထုအခြေပြုအဖွဲ့ဆိုသည်ထက် အစိုးရမှ ထိန်းချုပ်ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်း (GONGO) ဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ယခု အစီရင်ခံစာအတွက် ဆက်သွယ်မေးမြန်းထားသော ရှမ်းပြည်နယ်မှ အမျိုးသမီးငယ်တဦးမှနေ၍ သူမသည် ကျောင်းနေစဉ်အတွင်း အခြားကျောင်းသူများနည်းတူ မြန်မာအမျိုးသမီးရေးရာအဖွဲ့ထဲသို့ အတင်းအကြပ်ဝင်ခဲ့ရပြီး သူမ၏နေ့စဉ်ဘဝတွင် ပြဿနာဖြစ်နိုင်ဖွယ်အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရသည့် အပြင် သူမအခြားကျောင်းသို့ပြောင်းသောအချိန်တွင်လည်း သူမ၏နာမည်ကို မြန်မာအမျိုးသမီးရေးရာအဖွဲ့ ထဲသို့ နှစ်ကြိမ်မြောက်စာရင်းအသွင်းခံခဲ့ရသည်[၂၆] ဟုပြောပြခဲ့သည်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အင်တာနက် ဝက်ဘ်ဆိုက်စာမျက်နှာ[၂၇]တွင် အဖွဲ့၏ ဗဟိုအလုပ်မှုဆောင် နေရာရွေးကောက်ခြင်း၊ ရွေးချယ်ခြင်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖော်ပြထားခြင်းမရှိပေ။ မည်သို့ပင် ဖြစ်စေ၊ မြန်မာအမျိုးသမီးရေးရာအဖွဲ့၏ ကျေးရွာအဆင့်မှ နိုင်ငံအဆင့် ခေါင်းဆောင်ပိုင်းအဖွဲ့ဝင်များမှာ စစ်အစိုးရ စစ်တပ် အပေါင်းအပါများ၏ ဇနီးများဖြစ်သောကြောင့် ယေဘုယျအားဖြင့် ၎င်းအဖွဲ့၏ ဗဟိုအလုပ်အမှုဆောင် ရာထူးများမှာ လုပ်ငန်းအရည်အချင်း ကျွမ်းကျင်မှုပေါ် အခြေမခံကြောင်း ရှင်းလင်းစွာ နားလည်နိုင်သည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ ၏ ဥက္ကဋ္ဌမှာ လက်ရှိ စစ်အစိုးရ ဝန်ကြီးချုပ်၏ဇနီး ဖြစ်သည်။ (အောက်တွင် ဖော်ပြထားသည့် အတိုင်း တွေ့ရှိရသည်။)

### မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ခေါင်းဆောင်ပိုင်း

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်နာယကများ**

ဒေါ်ကြိုင်ကြိုင် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး။

ဒေါ်မြမြစန်း – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး။

ဒေါ်ခင်လေးသက် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ် သူရရွှေမန်း၏ ဇနီး။

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ**

*၂၀၀၇ ခုနှစ်မှ ယခုလက်ရှိ။*

ဥက္ကဋ္ဌ – ဒေါ်ခင်ခင်ဝင်း (ဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်၏ ဇနီး)

ဒုဥက္ကဋ္ဌ – ဒေါ်ခင်သက်ဌေး (အစိုးရအထူးစစ်ဆင်ရေးဌာန ၅ (Bureau of Special Operations 5)၊ ကာကွယ်ရေးဝန်ကြီး၊ ဒု - ဗိုလ်ချုပ်မြင့်ဆွေ၏ ဇနီး။

*၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း*

ဥက္ကဋ္ဌ – ဒေါ်သန်းသန်းနွယ် (ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း(ကွယ်လွန်)၏ ဇနီး။

*၂၀၀၃ ဒီဇင်ဘာမှ ၂၀၀၅ အောက်တိုဘာလအတွင်း*

ဥက္ကဋ္ဌ – ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ (ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်၏ ဇနီး (လာဘ်စားမှုကြောင့် ၂၀၀၅ ခုနှစ် တွင် ရာထူးမှ ဖယ်ရှားခံရ)

မြန်မာ့အလင်းသတင်းစာ၊ တနင်္လာနေ့၊ ဇူလိုင်လ ၄ ရက်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့နာယကကြီး ဒေါ်ကြိုင်ကြိုင်
မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အထိမ်းအမှတ်ပွဲကို ဂုဏ် ပြုတက်ရောက်။



MWAF သည် စစ်အစိုးရ အာဘော်များကို လက်တွေ့ဆောင်ရွက်နေသည့် အဖွဲ့ဖြစ်သည်။ MWAF ၏ အင်တာနက် စာမျက်နှာတွင် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ သတင်းအချက်အလက်များကို မတွေ့ရပါ။ သို့သော် MWAF အဖွဲ့၏ အင်တာနက် ပထမ ဆုံးစာမျက်နှာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) အပေါ်တိုက်ခိုက်ပြောဆိုထားမှုများနှင့် ကုလသမဂ္ဂလုံ ခြုံရေးကောင်စီ၏ မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ ကြားဝင်ဆောင်ရွက်မှုများ အပေါ် ဆန့်ကျင်ဝေဖန်ထားသော သဘောထားစာတမ်းများကိုသာ ဖော်ပြထားသည်။ ၂၀၀၅ ခု နှစ်တွင် MWAF မှ စစ်အစိုးရ ခေါင်းဆောင်ကြီးများအား ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ် သက်တမ်းကို တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အား ရှုတ်ချရန်နှင့် သူမအား မြန်မာနိုင်ငံမှ ထွက်သွားရန် နိုင်ငံတဝှမ်း ဆန္ဒပြပွဲများကို ဦးဆောင် ပြုလုပ်ခဲ့သည်။[၂၆] MWAF သည် မြန်မာနိုင်ငံ နယ်စပ်ဒေသအခြေစိုက် အမျိုးသမီးအဖွဲ့များနှင့် ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းများအား ပြစ်တင်ရှုတ်ချသော ကြေညာချက် များကိုလည်း ထုတ်ပြန်ခဲ့သည်။

ထို့နည်းတူစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့သည်လည်း အစိုးရ ထိန်းချုပ်ဖွဲ့စည်းထားသော (GONGOs) ဖြစ်သည်။ ၎င်းတို့၏ ခေါင်းဆောင်မှုပိုင်းကိုလည်း စစ်အာဏာရှင်များနှင့် နီးစပ်သော အသိုင်းအဝိုင်းများမှ အခွင့်ထူးခံအမျိုးသမီးများဖြင့် ဖွဲ့စည်းထားပြီး ထိုအမျိုးသမီးများသည် ၎င်းတို့၏ ရာထူးအဆင့်အတန်းကို အခြေခံ၍ အကျိုးအမြတ်များစွာ ရရှိနေသူများဖြစ်သည်။ ထိုအမျိုးသမီးအဖွဲ့ ခေါင်းဆောင်များသည် မြန်မာနိုင်ငံရှိ သာမန်ပြည်သူ အမျိုးသမီးများ၏ အရေးကိစ္စများကို ကိုယ်စား ပြုသော၊ နားလည်သောသူများဟု မဆိုနိုင်ပေ။ ယခုအစီ ရင်ခံစာအတွက် ဆက်သွယ်မေးမြန်းထားသော ရန်ကုန်မြို့ တနေရာမှ အမျိုးသမီးတဦးက အစိုးရအသေးစား ငွေချေးလုပ်ငန်းကို စီမံလုပ်ဆောင်ကြရာတွင် MMCWA ၏ ခေါင်းဆောင်အဖွဲ့ဝင်တဦးချင်းစီသည် ငွေချေးလုပ်ငန်းမှ အကျိုးအမြတ်များကို ၎င်းတို့၏ အိတ်ထဲသို့ ထည့်နိုင်နေချိန်တွင် ပုံမှန်ငွေချေးသူများမှ ယူသော အတိုးနှုန်းအတိုင်းပင် အမျိုးသမီးများဆီမှ အတိုးများကို ကောက်ခံနေသည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။[၂၇]

**MMCWA (မိခင်နှင့်ကလေး)၏ အသေးစားငွေချေးလုပ်ငန်းလုပ်ဆောင်ရာတွင် အာဏာအလွဲသုံးစားလုပ်မှု စမ်းချောင်းမြို့မှ ၄၇ နှစ်အရွယ် အမျိုးသမီးတဦးနှင့် ဆက်သွယ်မေးမြန်းချက်။**

> ကျမတို့မြို့နယ်မှာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကနေပြီး အဖွဲ့ဝင်အမျိုးသမီးတွေကို ငွေချေးပြီး အတိုးနှုန်းတွေပြန်စုတဲ့ စီးပွားရေးလုပ်ငန်းကို လုပ်နေကြပါတယ်။ အဖွဲ့ဝင်အမျိုးသမီးရဲ့ အိမ်ထောင်စု စာရင်းအရ မိသားစုတစုမှာ တယောက်ကို အဖွဲ့ဝင်တယောက်အနေနဲ့ တဦးကို ကျပ်ငွေသုံးသောင်း[၂၈] စီ (အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာ) ချေးခွင့်ရှိပါတယ်။ တကယ်လို့ အဖွဲ့ဝင်အမျိုးသမီးတဦးက ငွေချေးတော့မယ်ဆိုရင် သူမကနေ လက်ခံသဘောတူညီကြောင်း လက်မှတ်ထိုးရပါတယ်။ ပြီးလို့ရှိရင် သူမရဲ့ အိမ်ထောင်စုစာရင်းနဲ့ အကြွေးအတွက် စပေါ်ငွေကျပ် ၅၀၀၀ သူတို့ကို ပေးရပါတယ်။ ၂ လအတွက် နေ့စဉ် အတိုးနှုန်းက ကျပ် ၁၀၀၀ ကို ၂၀ ကျပ်ဖြစ်ပါတယ်။ (ဥပမာ ချေးငွေ ၃ သောင်း ဆိုရင် တရက်ကို ကျပ် ၆၀၀ အတိုးပေးရပါတယ်)။
>
> တကယ်လို့ ပိုက်ဆံချေးတော့မယ်ဆိုရင် ချေးငွေယူမယ့်သူတွေက အစည်းအဝေးကို တက်ရပြီး ဗိုလ်ချုပ် အဆင့်လောက်ရှိတဲ့ စစ်တပ်အရာရှိက အစည်းအဝေးကိုလာပြီး တရက်လုံး မိန့်ခွန်းအမှာစကားတွေ ပြောပါတယ်။ သတ်မှတ်လျာထားတဲ့ ချေးငွေတွေကိုတော့ သတ်မှတ်နယ်မြေ (ဥပမာ – တိုက်တန်းတွဲ (သို့) ရပ်ကွက်တခု) က အဖွဲ့ဝင်တွေကို ချေးပေးဖို့ တာဝန်ရှိတဲ့ စည်းရုံးရေးမှူးဆီကို လွှဲပေးပါတယ်။ တာဝန်ရှိတဲ့ စည်းရုံးရေးမှူးက ချေးငွေအတိုးတွေကို စုဆောင်းဖို့အတွက် နေ့တိုင်းတအိမ်ဝင်တအိမ်ထွက် လိုက်ကောက်ပါ တယ်။ ချေးငွေ ၁၀၀၀ ကျပ်ကို အတိုး ၂ ကျပ်နှုန်းလို့ပြောပေမယ့် တကယ့်လက်တွေ့မှာက တစ်ထောင်ကို ၂၀ ကျပ်နှုန်းပေးရပါတယ်။ ဒီလိုအခြေအနေက ချေးငွေယူတဲ့အမျိုးသမီးတွေကို အခက်အခဲဖြစ်စေပါတယ်။ အမျိုးသမီးတွေကတော့ ချေးငွေဟာ အတိုးနှုန်းမရှိသလောက် နည်းပါးတော့ ဒီချေးငွေကို အရင်းအနှီးလုပ်ပြီး စီးပွားရေးလုပ်ငန်းလေးများ လုပ်လို့နိုင်မယ်လို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် တကယ်တမ်းတော့ *မိခင်နှင့်ကလေး* က ပေးတဲ့ ချေးငွေအတိုးနှုန်းက ပြင်ပပုဂ္ဂလိကငွေချေးသူများရဲ့ အတိုးနှုန်းနဲ့ ဘာမှ ထူးမခြားနားဖြစ်နေတယ်။ *မိခင်နှင့်ကလေး* က နေ့စဉ်အတိုးနှုန်းမပေးနိုင်တဲ့ အမျိုးသမီးတွေကို အတိုးမပေးရင် ဖမ်းမယ်ဆီးမယ်နဲ့လည်း ခြိမ်းခြောက်တယ်၊ နောက်ပြီး နောက်ဆိုပေးပါ့မယ်လို့ တောင်းပန်တာကိုလည်း နားမထောင် ဘူး။ ဒီလို အဖမ်းခံရမှာကြောက် တာရယ်၊ နောက်ပြီး သူတို့ခြိမ်းခြောက်မှုကနေလွတ်အောင် နေ့စဉ်အတိုးနှုန်း မပေးနိုင်တဲ့ အမျိုးသမီးတွေက ထွက်ပြေးတိမ်းရှောင်ကြရတယ်။ အခုလောလောဆယ်မှာ ဒေါ်ခင်သန့်ရွှေက ရန်ကုန်၊ စမ်းချောင်း မြို့နယ်က ဝေဠုဝဏ်ဌာနမှာ ချေးငွေထုတ်ပေးဖို့ *မိခင်နှင့်ကလေး* က တာဝန်ရှိတဲ့သူဖြစ်တယ်။ သူမဟာ MMCWA ရဲ့ မြို့နယ်တာဝန်ခံ ဆိုပေမယ့် *မိခင်နှင့်ကလေး* အလုပ်နဲ့ပတ်သက်ပြီး ဘာမှမလုပ်ဘူး။ ဒါပေမယ့် ချေးငွေအတိုး တွေကိုတော့ နေ့တိုင်းကောက်တယ်၊ ပြီးရင် သူ့အိတ်ထဲပဲ အကုန်ထည့်တယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) ကဲ့သို့သော အစိုးရဖွဲ့စည်းထိန်းချုပ်ထားသော အစိုးရ မဟုတ်သည့်အဖွဲ့များသာ စစ်အစိုးရ၏ အမျိုးသမီးရေးရာ လုပ်ငန်းစဉ်တွင် ပါဝင်ပူးပေါင်းကြသည်။ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (International NGOs) နှင့် အဆက်အသွယ်မရှိသော မြန်မာပြည်တွင်း လူထုအခြေပြုအဖွဲ့အစည်းများ များစွာပေါ်ပေါက်လာခဲ့သော်လည်း ထိုအဖွဲ့များမှာ အကယ်၍ စစ်အစိုးရ အာဏာပိုင်များ၏ အမိန့်အာဏာကို ဖီဆန်သည်ဟု သတ်မှတ်ခံရလျှင် ဥပဒေမဲ့ဖမ်းဆီးပိုင်ခွင့် (၁၉၅၇) ဖြင့် စစ်ဆေးခြင်း၊ ဖမ်းဆီးဖျက်သိမ်းခြင်းတို့ကိုခံရသည်။ ဥပမာတခုအနေဖြင့် နာမည်ကြီး အမျိုးသား ဟာသလူရွှင်တော် စာရေးဆရာ ဇာဂနာနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် မနီမိုလှိုင်၊ မအိမ့်ခိုင်ဦး အပါအဝင် ပုဂ္ဂလိကအလှူရှင် အများအပြားသည် နာဂစ် ဆိုင်ကလုန်းဒုက္ခသည်များအား အကူအညီပေးမှုနှင့် ၂၀၀၈ ဇွန်လတွင် ဖမ်းဆီး ခံခဲ့ရသည်။[၂၉]

## အမျိုးသမီးများအတွက် လုပ်ငန်းစဉ်များ

ကျားမဆိုင်ရာ တရားမျှတမှုကို အောင်မြင်ပြီးမြောက်စေရန် ရည်ရွယ်သည့် လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်လက်ခံရရှိမှု အခြေအနေ (သို့မဟုတ်) MNCWA အဖွဲ့ဝင်များ ပုံမှန်တွေ့ဆုံမှုကို ဆက်လက်လုပ် ဆောင်နေမှုများနှင့်ပတ်သက်၍ မည်သည့် သတင်းအချက်အလက်မှ မသိရပေ။

အခွင့်အရေးများ (သို့) စွမ်းရည်မြှင့်တင်ရေးအခြေခံဖြင့် ချဉ်းကပ်လုပ်ဆောင်ခြင်းမရှိသော အစိုးရ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (**MWAF-** အမျိုးသမီးရေးရာ) မှ ပထမဦးစွာ ဥပဒေပြု ပြဌာန်းသည်။ အမျိုးသမီးရေးရာအဖွဲ့ ၏ အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ထင်ထင်ရှားရှား မြင်နိုင်သော အမျိုးသမီးရေးရာအဖွဲ့ လှုပ်ရှားမှုများမှာ မိန့်ခွန်းပြောကြားချက်များ၊ ပြည်သူများနှင့် ဘုန်းကြီးကျောင်းများသို့ လှူဒါန်းသော အလှူငွေများ၊ မြန်မာ့ရိုးရာ အငြိမ့်ပွဲများနှင့် အသင်းဝင်များ၏ စွမ်းဆောင်ချက်များသာ ပါဝင်သည်။ အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်ညွှန်ကြားသည့် သင်တန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရ၏ မြန်မာနိုင်ငံ စီဒေါ အစီရင်ခံစာမှာ ထည့်သွင်းစဉ်စားသင့်သည့် အခြေအနေတွင် ရှိသော်လည်း ထိုအထဲတွင် မာတိကာ၊ ပထဝီ အနေအထားနယ်ပယ် (သို့မဟုတ်) သင်တန်းများ၏ အကျိုးရလာဒ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်အနည်းငယ်ကိုသာ တွေ့မြင်နိုင်သည်။ သင်တန်း အများစုမှာ ရိုးရာဓလေ့ထုံးတမ်းအရ 'အမျိုးသမီးအလုပ်'ဟု သတ်မှတ်ထားသည့် စက်ချုပ်သင်တန်းနှင့် လက်ယက်ကန်းသင်တန်း ကဲ့သို့သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ သင်တန်းများကို အမျိုးသမီးများအတွက် အဓိကထားပေးသည့် သင်တန်းများဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့ ပေးသည့် ၃ လတာ စက်ချုပ်သင်တန်းကို တက်ရောက်ခဲ့သည့် ကရင်နီအမျိုးသမီးတဦးမှ သင်တန်းများသည် အရာရှိများ လှည့်လည်ကြည့်ရှုရန်အတွက်သာ ရုပ်ပြသဘောလုပ်သည့် သင်တန်းဖြစ်သည့်အတွက် သင်တန်းသူများမှာ မည်သည့်အရာမှ သေသေချာချာ မသင်ယူခဲ့ရကြောင်း ပြောပြခဲ့သည်။[၂၀] အမျိုးသမီးရေးရာ အဖွဲ့မှ လုပ်ငန်းများကို အခမဲ့ ပြုလုပ်ပေးနေသည်ဟု အခိုင်အမာပြောဆိုနေသော်လည်း သူမအနေနှင့်နှင့် အခြားအောက်ခြေအဖွဲ့ဝင်များကို သင်တန်းတက်ရောက်နိုင်ရေးနှင့် သင်တန်းစရိတ်အတွက် ငွေ ဖ သောင်းပေးရန် တောင်းယူခြင်းခံခဲ့သည်။

လူ့အခွင့်အရေးနှင့်ပတ်သက်၍ ၎င်းတို့တင်ပြသည့် သတင်းအချက်အလက်များအပေါ်နှင့် အသိပညာပေးရေးထက် စစ်တပ်၏ ဝါဒဖြန့်ချိရေးကိုသာ လုပ်ဆောင်လေ့ရှိခြင်းတို့အပေါ် ကြည့်ခြင်းအားဖြင့် စစ်အစိုးရနှင့် စစ်အစိုးရ လက်ဝေခံအဖွဲ့အစည်းများမှပေးသော မည်သည့်သင်တန်းမဆို မှန်ကန်တိကျမှု မရှိကြောင်း အတွေ့အကြုံရှိသူများမှ အကြံပြု တင်ပြထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း နှင့်ပတ်သက်သည့် အခြေခံသတင်းအချက်အလက်ပေးရန်အတွက် အထွေထွေ လူ့အခွင့်အရေး နှင့် ပတ်သက်သည့် သင်ခန်းစာကို မြန်မာဘာသာပြန်ဆို၍ ၈ တန်း နှင့် ၉ တန်း အစိုးရကျောင်းများတွင် ထည့်သွင်းဖော်ပြထားသည်။ သို့သော် 'လူ့အခွင့်အရေး' အဓိပ္ပါယ်ကို 'လူ့အခွင့်အလမ်း'ဟူ၍ လွဲမှားစွာ ဘာသာပြန်ထားခြင်းနှင့် သင်ခန်းစာ၏ စာမျက်နှာ အတော်များများတွင် စစ်အစိုးရ စစ်တပ်၏ 'ဒီမိုကရေစီ လမ်းပြမြေပုံ' အကြောင်းများကိုသာ ဖော်ပြထားခြင်းကြောင့် လူ့အခွင့်အရေးသင်ခန်းစာသည် လမ်းလွဲနေကြောင်း ဆရာ၊ ဆရာမများမှ ဝေဖန်ပြောဆိုကြသည်။ သင်တန်း လက်စွဲစာအုပ်ထဲတွင် နိုင်ငံသားများ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသော်လည်း လူ့အခွင့်အရေးကို နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရန်အတွက် နိုင်ငံအစိုးရ၏ တိကျသော တာဝန်ဝတ္တရားများ၊ တဦးချင်းစီ၏ လွတ်လပ်မှုကို အာမခံချက်ပေးရန် နိုင်ငံအစိုးရ၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အစိုးရဘက်မှ ချို့ယွင်းချက်များ၊ ကန့်သတ်တားဆီးမှုများကိုမူ ဖော်ပြထားခြင်း မရှိပေ။ ထို့အပြင် ကျားမခွဲခြားဆက်ဆံမှုနှင့်ပတ်သက်၍လည်း သင်ရိုးညွှန်းတန်းတွင် အတိအလင်း မဖော်ပြ ထားပေ။

စစ်အစိုးရမှ ပြောသည့် ၎င်းတို့လုပ်ဆောင်နေပါသည်ဆိုသည်ထက် ပို၍အရေးကြီးသည်မှာ ၎င်းတို့ လုပ်ဆောင်ရန် မစဉ်းစားရသေးသည့် အရာများဖြစ်သည်။ စစ်အစိုးရမှနေ၍ စစ်တပ်မုဒိမ်းကောင်များအား စွဲချက်တင်ပြီးကြောင်း သေချာစေရန်အတွက် မည်သည့်လုပ်ဆောင်ချက်မှ မပြုလုပ်ရသေးပါ။ အမျိုးသမီးများအား အကြမ်းဖက်မှုကို တုံ့ပြန်တိုက်ဖျက်ရန် (သို့) အိမ်တွင်းအကြမ်းဖက်ခြင်းနှင့် မုဒိမ်းကျင့်ခြင်းခံရသူများနှင့် ၎င်းတို့၏ မိသားစုများအား သင့်လျော်သော ကူညီထောက်ပံ့မှုပေးရန် မည်သည့်ပညာပေး အစီအစဉ်မှ ဥပဒေပြဌာန်းမှုမရှိသေးပေ။ အစိုးရအရာရှိများအတွက် ကျားမတန်းတူရေးဆိုင်ရာ ပညာပေး သင်တန်းများလည်း မရှိပါ။ ၂၀၀၂ –၂၀၀၃ ခုနှစ်တွင် ဩစတြေးလျားမှ ရှေ့နေတဦးမှ စစ်အစိုးရ ရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေပြုသူများအား လူ့အခွင့်အရေးနှင့် ပတ်သက်သည့် သင်တန်းငယ်လေးတခုကို ပေးခဲ့သည်။ သို့သော်လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်များနှင့် ထောက်ခံသူများ ၇၀ ကျော် အသတ်ခံရပြီး ဒေါ်အောင်ဆန်းစုကြည်ကို အသက်အန္တရာယ် ရန်ပြုခဲ့ကြသည့် ၂၀၀၃ ခုနှစ်၊ မေ ၃၀ ဒီပဲရင်းလူသတ်ပွဲကြီးပြီးသည့် နောက်ပိုင်းတွင် သင်တန်းဦးဆောင်လုပ်သည့်သူများမှ သင်တန်းကို မထင်မှတ်ပဲ ရပ်ပစ်လိုက်သည်။[၂၁] စစ်အစိုးရမှ အထူးသဖြင့် ကျေးလက်ဒေသမှ အမျိုးသမီးများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ စာတတ်မြောက်ရေး အသုံးလုံးသင်တန်းများ၊ ပညာရေးဆိုင်ရာနှင့် အခြား ပြုပြင်ပြောင်းလဲရေးဆိုင်ရာသင်တန်းများကို လုပ်ဆောင်ပေးမှုများ မရှိသေးပေ။ ၎င်းတို့၏ လူကုန်ကူးမှုပပျောက်ရေး လုပ်ငန်းစဉ်များသည်လည်း အမျိုးသမီးများ စီးပွားရေးမပြေလည်မှုကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားမှုများကို လျော့နည်းအောင် လုပ်ဆောင်နေမှုများ ထိရောက်စွာ မလုပ်ဆောင်နိုင်သော ကြောင့် ဝေဖန်ပြစ်တင်မှုများ ခံနေရသည်။

## ပုဒ်မ ၄ – တန်းတူညီမျှမှုများ ပိုမိုမြန်ဆန်စွာ ရရှိစေရန်အတွက် ယာယီအထူးစီမံချက်များ

အထက်တွင် ထုတ်နုတ်တင်ပြထားသည့်အတိုင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အခြေခံကျသော စည်းမျဉ်းစည်းကမ်းများတွင် အမျိုးသမီးများ အစိုးရအဖွဲ့အတွင်း ပါဝင်မှုအခြေအနေများအား ကန့်သတ်ရန်အတွက် အထောက်အကူပြုထားသော အချက်များစွာပါဝင်သည်။ ထိုအချက်များမှာ အမျိုးသမီးများ တန်းတူညီမျှမှု နှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရန် အထောက်အကူပြုသည့် ယာယီအထူးစီမံချက်များကို မိတ်ဆက်ပေးခြင်းမှ ဝေးကွာလျက်ရှိပြီး အစိုးရသည် ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေမှတဆင့် အမျိုးသမီးများ ပါဝင်မှုကို ကန့်သတ်ထားသော အချက်များအား အာမခံလျက်ရှိသည်။

၁၉၉၀ ရွေးကောက်ပွဲတွင်မှာပင် ပြည်သူ့လွှတ်တော်နေရာ ၄၈၅ နေရာတွင် အမျိုးသမီးများသည် လက်တဆုပ်စာ အရေအတွက်သာ ပါဝင်ယှဉ်ပြိုင်၍ ထိုထဲတွင်မှ အနည်းငယ်သာ ရွေးချယ်ခံရသောကြောင့် အမျိုးသမီးကိုယ်စားလှယ်လောင်းများမှာ စုစုပေါင်း ၃ ရာခိုင်နှုန်း လောက်သာရှိသည်။

၎င်းအခြေအနေကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများအား အစိုးရအဖွဲ့အတွင်း ပါဝင်နိုင်မှုများကို အထောက်အပံ့ ပေးရုံတခုတည်းသာမကပဲ ၎င်းတို့ပါဝင်မှုအတွက် နေရာတခု ဖန်တီးပေးရန်အတွက် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များ မလုပ်ပေးသရွေ့ အမျိုးသမီး ကိုယ်စားပြုမှုများ တိုးတက်လာမည် မဟုတ်ကြောင်းကို လုံလောက်ခိုင်မာသည့် အကြောင်းအရာများက ပြသလျက်ရှိသည်။

ဗိုဝါဒကြီးစိုးသော သဘာဝရှိသည့် မြန်မာနိုင်ငံလူ့အဖွဲ့အစည်းတွင် အမျိုးသမီးများ အစိုးရအဖွဲ့အတွင်း ကိုယ်စားပြု ပါဝင်နိုင်ခွင့်မရှိသည့် သမိုင်းအစဉ်အလာများကြောင့် အမျိုးသမီးကိုယ်စားပြုမှုများ တိုးတက်လာစေရန် အစိုးရ၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး တို့တွင် အနည်းဆုံး အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါ ဝင်ခွင့်ရရန်အတွက် သင့်လျော်သော အထူးစီမံချက်များ လုပ်ဆောင်ရန် အရေးတကြီး လိုအပ်လျက်ရှိသည်။[၃၂]

အကယ်၍ စစ်အစိုးရမှ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းလျှင်လည်း အချိုးကျ ကိုယ်စားပြုခြင်းစနစ်သုံးသော အပိတ်ပါတီစာရင်းမှတဆင့် ခွဲတမ်းကျစနစ်သည် အအောင်မြင်ဆုံး လုပ်ဆောင် နိုင်မည့် စနစ်ဖြစ်သည်။

## ပုဒ်မ ၅ – ဘေးအန္တရာယ်ဖြစ်စေတတ်သော ပုံသေသတ်မှတ်မှုများကို ဖယ်ရှားပစ်ခြင်းနှင့် သင့်လျော်သော မိသားစုဘဝတည်ဆောက်ခြင်း

ဘေးအန္တရာယ်ဖြစ်စေသော ဓလေ့ထုံးတမ်းအစဉ်အလာကျင့်သုံးမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း ပုံသေ သတ်မှတ်မှုများအတွင်း စစ်အစိုးရမှ အမျိုးသမီးများ ခွဲခြားဆက်ဆံခံရမှုများကို ဝန်ခံထုတ်ဖော်ပြောကြားရန် ဆန္ဒမရှိသောကြောင့် တိုးတက်မှုအတိုင်းအတာကို သိရှိရန် ခက်ခဲလှပေသည်။

စစ်အစိုးရမှ ၎င်း၏ အစီရင်ခံစာထဲတွင် အဆိုးဘက်သို့ ရှေ့ရှုသော လူ့အဖွဲ့အစည်း၏ ပုံသေသတ် မှတ်မှုများနှင့် ပတ်သက်၍ အနည်းငယ်သာ နားလည်မှုရှိကြောင်း ရှင်းလင်းစွာ ပြသထားပြီးဖြစ်သည်။

၎င်းတို့မှ လူထုထံသို့ ပေးပို့သော အသိပညာပေးမှုများတွင် ယဉ်ကျေးမှုဓလေ့အားလုံးကို ယခင်က အတိုင်းတန်ဖိုးထားရန် ပြောဆိုထားခြင်းသည် ထိုဓလေ့ထုံးတမ်းများထဲမှ အများအပြားသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများအား နိမ့်ကျသူများအဖြစ် အသက်သွင်းထားခြင်းဖြစ်ကြောင်းကို သတိမမူ၊ အလေးမထားကြောင်း ဖော်ပြလိုက်ခြင်းဖြစ်ပြီး ထိုသို့သော ပညာပေးမှုများကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများ၏ အရည်အချင်းနှင့် လုပ်ဆောင်မှုများအား ပုံစံခွက်ထဲသို့ ဆက်လက်ထည့်သွင်းထားလိုသည့် သဘောထားများကို ပေါ်လွင်စေသည်။

**အမျိုးသမီးများနှင့်ပါတ်သက်သည့် ဓလေ့ထုံးတမ်းနှင့် စကားပုံများ**

မြန်မာ –
'သားကိုသခင်၊ လင်ကိုဘုရား'

ချင်း –
'အမျိုးသမီးတွေရဲ့ ဗဟုသုတက ရေတွင်းဝကိုတောင် မကျော်ဘူး။'
'အိမ်ထောင်သည်အမျိုးသမီးနှင့် ခြံစည်းရိုးအပျက်ကို အချိန်မရွေး အစားထိုးနိုင်တယ်။'

ပလောင် –
'အမျိုးသမီးများသည် လွယ်အိတ်နှင့်တူ၍ အမျိုးသားများသည် အိမ်တိုင်နှင့်တူသည်။'
'အမျိုးသမီးတွေတော်တယ်ဆိုတာ ယောက်ျားလေလည်သလောက်ပင်ရှိသည်။'

လားဟူ –
'ခွေးမအမြီးမလှုပ်ရင် ခွေးထီးမလာဘူး။'

ရှမ်း –
'ဇနီးက ခင်ပွန်းကို လေးစားတယ်၊ တိရိစ္ဆာန်တွေက သူတို့သခင်ကိုလေးစားတယ်။'

မြန်မာနိုင်ငံရှိ အလွန်များပြားသော တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံမှာ ဖိုဝါဒကြီးစိုးရေး အသွင်ဆောင်သည်။ အများစု ပြောသော စကားပုံများမှာ (အထက်ဖော်ပြပါ ဇယားထဲတွင် တွေ့နိုင်သကဲ့သို့) အမျိုးသမီးများအား လွန်စွာမိုက်မဲသောသူများ၊ အသိဉာဏ်မရှိသူများ၊ အသုံးပြုပြီးပါက လွှင့်ပစ်ရန် လွယ်ကူသောအရာများ၊ သဘာဝမှပေးသော ကျေးကျွန်များ၊ အလုပ်အကျွေးပြုသူများနှင့် အမျိုးသားများသည် အရေးကြီးသော နေရာများတွင် ရှိနေချိန်တွင် အမျိုးသမီးများကို ဒုတိယနေရာတွင်သာထားသော စကားပုံများ၊ အယူအဆများသာ ဖြစ်သည်။

MNCWA ၏ အင်တာနက်ဝက်ဘ်ဆိုက်အရ –

မြန်မာမိသားစုများတွင် ခင်ပွန်းနှင့် ဇနီးသည်တို့သည် အိမ်ထောင့်တာဝန်များကို ညီမျှစွာခွဲဝေတာ ဝန်ယူကြသည်။ ခင်ပွန်းသည်မှ မိသားစုအတွက် လိုအပ်သော ငွေကြေးကို ထောက်ပံ့၍ ဇနီးသည်များမှာ မိသားစုအတွင်း လိုအပ်သော အစားအစာ၊ အဝတ်အစား များနှင့် ကျောင်းပညာရေးစသည့် လိုအပ်သည်များကို စီမံခန့်ခွဲရသည်။ အမျိုးသမီးများ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြင်ထွက် ၍ အလုပ်လုပ်နိုင်သော်လည်း ၎င်းတို့သည် မိသားစုအား ထိန်းသိမ်းစောင့်ရှောက်ရန်လည်း တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။ လူ့အဖွဲ့အစည်း အတွင်းနှင့် နေအိမ်အတွင်းတွင်ပါ သဟဇာတဖြစ်သော၊ ပျော်ရွှင်သောဘဝကို ဦးဆောင်ရန် ဆန္ဒရှိသော အမျိုးသမီးများအတွက် ထို တာဝန်နှစ်ခု စလုံးသည် ဟန်ချက်ညီရန် လိုအပ်သည်။ တခုသတိပြုရန်မှာ မိမိတို့မိသားစု၏ တန်ဖိုးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို မချိုးဖောက်မိစေရန် လိုအပ်သည်။[၃၃]

စစ်အစိုးရမှ ဟီရိဩတ္တပဟူသည်နှင့် အရှက်အကြောက်တရားဟူသည့် ထေရဝါဒဗုဒ္ဓဘာသာတွင် ပါဝင်သော ဂုဏ်သိက္ခာပိုင်း ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရမည့် တရားနှစ်ပါးကို မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးမှုတာဝန်အဖြစ် ရည်ညွှန်းကိုးကားထားသည်။[၃၄] သာမန်အားဖြင့် ဗုဒ္ဓဘာသာ၏ သဘောတရားတွင် ထိုစည်းမျဉ်းများမှာ လူသားများ၏ အပြုအမူနှင့် ကျင့်ဝတ်များဆိုင်ရာ စည်းချရန် အတွက် အမျိုးသမီးများနှင့် အမျိုးသား များ နှစ်ဖက်စလုံးပေါ်တွင် ညီမျှစွာ ဆက်စပ်သက်ဆိုင်နေသည်။

စစ်အစိုးရမှပေးသော အချက်အလက်များတွင် ခင်ပွန်းနှင့် ဆွေမျိုးများအား ရိုသေကျိုးနွံသော၊ နှိမ့်ချ၍ မကြွားဝါသော အပြုအမူများ ရှိသည့် အမျိုးသမီးများကို အမျိုးသမီးကောင်းများအဖြစ် ပုံဖော်ထားသည်။ လက်မထပ်ပဲနေရန် ဆုံးဖြတ်သော အမျိုးသမီးများ၊ ကွာရှင်း ပြတ်စဲထားသော အမျိုးသမီးများ (တခုလပ်များ)၊ အမျိုးသမီးချင်းလိင်တူချစ်သူ (ယောက်ျားလျာ)များနှင့် ၎င်းတို့၏ စီးပွားရေး အခြေ

အနေများကြောင့် ကလေးမယူရန် ဆုံးဖြတ်ထားသော အမျိုးသမီးများအတွက်မှာမူ စစ်အာဏာရှင်လက်အောက်ရှိ မြန်မာနိုင်ငံမှာ နေရာကျဉ်း မြောင်းလွန်းလှသည်။

နိုင်ငံအတွင်းရှိ အမျိုးသားများအတွက် အများသမီးများနည်းတူ တူညီသော သတိပေးတားမြစ်ချက်များ မရှိသော်လည်း အမျိုးသမီးများအတွက်မူ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စံတန်ဖိုးများကို အစဉ်မပြတ် ထိန်းသိမ်း စောင့်ရှောက်ရန် တည်ရှိနေစေသည်။

မြန်မာနိုင်ငံမှာ တကမ္ဘာလုံး တံခါးဖွင့်စနစ်ကျင့်သုံးလာသည်နှင့်အညီ နိုင်ငံတကာ လွှမ်းမိုးမှုများ ဝင်ရောက်လာခြင်းကြောင့် တစုံတခုသော အတိုင်းအတာအထိ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၏စံများမှာ ဖိအားပေးခံနေရပြီး ယခုအခါ လူ့အဖွဲ့အစည်းအတွက် စိုးရိမ်မကင်း ဖြစ်ဖွယ်ရာ အကြောင်းတခုဖြစ်လာသည်။ ထို့ကြောင့် ယဉ်ကျေးမှုကော်မတီငယ်များမှ ဗွီဒီယိုနှင့် ရေဒီယိုများမှတဆင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စရိုက်အ ပြုအမူများကို ပပျောက်မသွားစေရန်၊ ထိန်းသိမ်းစောင့်ရှောက်သွားရန်အတွက် အစီအစဉ်များ ချမှတ်ကာ ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ယဉ်ကျေးမှုရေးရာဌာန မှ မြန်မာအမျိုးသမီးငယ်များကို မြန်မာ့ယဉ်ကျေးမှုစံများ ထိန်းသိမ်းရန်၊ မိမိနိုင်ငံနှင့် လူမျိုးများကို ချစ်ခင်လေးစားရန်၊ မိဘဆရာနှင့် သက်ကြီးရွယ်အိုများအား တန်ဖိုးထားလေးစားရန်၊ မိသားစုနှင့် လူ့အဖွဲ့အစည်းကို ချစ်မြတ်နိုးကာကွယ်ရန်နှင့် ၎င်းတို့၏ ဂုဏ်သိက္ခာများ အား လေးစားဂုဏ်ပြုသောအားဖြင့် ကာကွယ်စောင့်ရှောက်မှုပေးရန်တို့ကို အစဉ်အားပေးလျက်ရှိသည်။[၃၅]

မြန်မာ့လူမှုနယ်ပယ်ရှိ နေရာအတော်များများတွင် အဓိကဦးဆောင်သူများမှာ ယောကျ်ားများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့မြန်မာနိုင်ငံယဉ်ကျေးမှုကို စစ်တပ်မှ အားကောင်းစွာ ချုပ်ကိုင်ထားသောကြောင့်ဖြစ်သည်။

စစ်တပ်မှ ကျေးရွာတိုင်း၊ ကျေးရွာတိုင်း၊ မြို့များနှင့် အုပ်ချုပ်ရေးပိုင်း ဌာနတိုင်းအဆင့်တိုင်းတွင် ၎င်း၏အာဏာကို ဖြန့်ကျက် ထားပြီး အခြေအနေတိုင်းတွင်လည်း အာဏာနှင့် ရာထူးများ ပါဝင်ပတ်သက် နေသည်။

တချိန်တည်း၌ပင် အမျိုးသမီးများသည် မြန်မာ့တပ်မတော်၏ သူနာပြုအဖွဲ့များတွင် လုပ်ကိုင်နေကြသည်။ တကယ်တမ်း၌မူ လက်ရှိ ကာလ လက်နက်ကိုင်အဖွဲ့အတွင်း ၎င်းတို့သည် မည်သည့်အခန်းကဏ္ဍတွင်မှ ပါဝင်ပတ်သက်ခြင်း မရှိပေ။ ထို့အပြင် အမျိုးသမီးများ သည် လက်နက်ကိုင် စစ်တပ်၊ ရေတပ်နှင့် လေတပ် များအတွင်း ထဲထဲဝင်ဝင်ပါဝင်၍ တာဝန်ယူရန်အတွက် စုဆောင်းခံရခြင်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့တပ်မတော်အတွင်းတွင် အမျိုးသမီးတဦးမှ မပါသောကြောင့်ဖြစ်သည်။ အတိုက်အခံ ဒီမိုကရေစီအဖွဲ့ဝင် များမှအပ မြန်မာနိုင်ငံတွင် အမျိုးသမီးများခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချနိုင်သော ရာထူးအဆင့်များတွင် မရှိပေ။

လူထုကိုယ်စားပြုသော နေရာတိုင်းတွင် အမျိုးသမီးများသည် တကယ်တမ်းအားဖြင့် အမျိုးသားများ၏ နောက်ဒုတိယအဆင့်တွင်သာ ရှိနေ သည်။ သို့သော် ကလေးမွေးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့် အိမ်မှုကိစ္စများ၌မူ အမျိုးသမီးများအား ရှေ့တန်းတင်ကြသည်။ စစ်အစိုးရ စစ်အစိုးရလက်အောက်တွင် အမျိုးသမီးများသည် စွန့်လွှတ်အနစ်နာခံသော ဗဟုသုတအသိဉာဏ်မကြွယ်ဝသော၊ အများစုအတွက် မစဉ်းစားနိုင်သောသူများအဖြစ် သတ်မှတ်ခံကြရသည်။

## အကြံပြုချက်များ

- နိုင်ငံတော်၏ ကဏ္ဍတရပ်အဖြစ် ခွဲခြားဆက်ဆံရမှုများကို တားဆီးရန်အတွက် ကျား–မ ခွဲခြား ဆက်ဆံရမှုများနှင့် ပတ်သက်၍ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့်အညီ လုပ်ဆောင်ရမည့် တိကျသော တာဝန်ယူမှု၊ တာဝန်ခံမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း တရားဝင်ရေးသားဖော်ပြပေးရန်။
- လိင်ပိုင်းဆိုင်ရာနှင့် ကျားမကွဲပြားမှုအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အကြမ်းဖက်မှုများကို ကာကွယ်ရန်အတွက် ရေးသားထား သော ပြည်တွင်းဥပဒေတခုကို အတည် ပြုပြဌာန်း၍ အများသိစေရန် ထုတ်ပြန်ရန်။
- စီဒေါစာချုပ်တွင်ပြဌာန်းထားသည့်အတိုင်း လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခများ ပပျောက်စေရေးရည်ရွယ်၍ မြန်မာ့ဥပဒေကို သင့်တော်လျော်ညီအောင် ပြန်လည်ပြင်ဆင်ရန်အတွက် ဥပဒေရေးရာ ဆွေးနွေးညှိနှိုင်းပွဲများ ပြု လုပ်ရန်။
- မုဒိမ်းမှုအပါအဝင် အခြားလိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအကြမ်းဖက်မှုများအား ကျူးလွန်သော စစ်အစိုးရ အရာရှိများ အပါ အဝင် စစ်တပ်အဖွဲ့ဝင်အမှုထမ်းအားလုံးကို ဥပဒေကြောင်းအရ အရေးယူရန်နှင့် ၎င်းတို့၏ ပြစ်မှုများအလိုက် အပြစ်ဒဏ်များ ကျခံမှုရှိစေရေးကို သေချာစွာ လုပ်ဆောင်ရန်။

- အစိုးရအရာရှိများနှင့် စစ်တပ်ဆိုင်ရာ အဖွဲ့ဝင်များအားလုံးအား ကျားမဆိုင်ရာ အသိပညာပေးမှု သင်တန်းများ ပြု လုပ်ရန် အတွက် အထူးအလုပ်အဖွဲ့ ဖွဲ့စည်းပေးရန်။
- အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကျားမတန်းတူရေးရှိရန် ရည်ရွယ်သည့် ထိရောက်သော လုပ်ရှားမှုများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် သင့်လျော်သော ဘဏ္ဍာငွေများ သတ်မှတ်ပေးရမည့်အပြင် အမျိုးသမီးရေးရာအတွက် တာဝန်ရှိသော ဝန်ကြီးဌာနမှ ထိုလုပ်ငန်းများလုပ်ဆောင်သော ဝန်ထမ်းများ အပါအဝင် လိုအပ်သည့် အရင်းအမြစ်များကို လုံလောက်စွာ တာဝန်ယူဖြည့်ဆည်းပေးရန်။
- စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများနှင့် လွတ်လပ်သော ဒေသဆိုင်ရာ အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခြင်းအား ကန့်သတ် ချုပ်ချယ်ထားသော ဥပဒေများအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးရန်။[၃၆]
- အမျိုးသမီးများ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် ဆုံးဖြတ်ချက်ချသော နေရာများ အပါ အဝင် နိုင်ငံရေးတွင် အနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်နိုင်ရန် အာမခံချက်ပေးနိုင်သော ယာယီအထူးစီမံချက်ကို အကောင်အထည်ဖော်ရန်။
- အမျိုးသမီးများအပေါ် ပုံသေသတ်မှတ်ထားမှုများကို ပြန်လည်တိုက်ဖျက်ရန်အတွက် နိုင်ငံတော်မှ ထုတ်ဝေသော သတင်းစာများ အပါအဝင် ရုပ်မြင်သံကြားများ၊ လူထုဆက်သွယ်ရေး ယန္တယားများကို အသုံးပြု၍ သော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်း အတွင်းဖြစ်ပေါ်နေသော ဖြစ်ရပ်များတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အခန်းကဏ္ဍ အပြင်ဘက်မှ အမျိုးသမီးများ၏ အပြုသဘော ဆောင်သည့်ပုံရိပ်များကို ကိုယ်စား ပြုရန်အတွက်လည်းကောင်း လူထုပညာပေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်။
- ကျားမဆိုင်ရာ ခွဲခြားဆက်ဆံခံရမှုနှင့်ပတ်သက်၍ စီဒေါနှင့် တွဲဖက်ကာ ကျောင်းသုံးသင်ရိုးညွှန်းတန်းအတွက် သင်ကြားရန် အထောက် အကူပြုပစ္စည်းများ ထုတ်လုပ်ရန်၊ တိုးပွားအောင်လုပ်ရန်နှင့် ၎င်းအတွေးအခေါ်နှင့် ပတ်သက်၍ ထိရောက်သော ဆက်သွယ်ချက် များ သေချာစွာရရှိရန် ဆရာဖြစ်သင်တန်းများ ထောက်ပံ့ပေးရန် တို့အပြင် ထိုအထောက်အကူပစ္စည်းများအား မြန်မာဘာသာ မဟုတ်သော တိုင်းရင်းသားဘာသာ စကားဖြင့်လည်း တိုင်းရင်းသားများ အသုံးပြုနိုင်စေရေး ထိရောက်စွာလုပ်ဆောင်ရန်။

## ပုဒ်မ ၆။ လူကုန်ကူးမှု

စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ဥပဒေပြုရေးအပါအဝင် သင့်လျော်သောနည်းလမ်းများဖြင့် အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ရောင်းဝယ်ခြင်းနှင့် အမျိုးသမီးများအားပြည့်တန်ဆာလုပ်ငန်းဖြင့် ခေါင်းပုံဖြတ်ခြင်းတို့ကို နှိမ်နင်းရေးကိုဆောင်ရွက်ရမည်။

### ခြုံငုံသုံးသပ်ချက်

အမျိုးသမီးများနှင့်အမျိုးသမီးငယ်များသည် ၎င်းတို့၏မိသားစုဘဝရှင်သန်ရပ်တည်ရေးအတွက် ဖိအားပေးမှုများကြောင့် ဝင်ငွေပိုရသော လုပ်ငန်းများလုပ်ကိုင်ရန် မိမိတို့နေထိုင်ရာ အရပ်ဒေသများကို စွန့်ခွာ၍ မြို့ပြများ (သို့မဟုတ်) ထိုင်းနှင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းများ တနေ့တခြားတိုးပွားလျက်ရှိသည်။ ၎င်းတို့သည် များသောအားဖြင့် နိုင်ငံသားစိစစ်ရေးကဒ် (သို့မဟုတ်) ခရီးသွားအထောက်အထားမရှိခြင်း၊ မိမိတို့သွားလိုသည့်ဒေသအကြောင်း မသိခြင်းနှင့်ရပ်တည်ရန်အတွက် ဘာသာစကား အားနည်းခြင်းတို့ကြောင့် ယခင်မိမိတို့ထက် ခရီးသွားအတွေ့အကြုံရှိသောသူများအပေါ်တွင် မှီခိုကြရသည်။ ထို့ကြောင့် တခါတရံ ၎င်းတို့မှီခိုအားထားသောသူများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို အမြတ်ထုတ်သော အတင်းအဓမ္မအလုပ်ခိုင်းစေခြင်း၊ အတင်းအဓမ္မ လိင်အလုပ်သမားများအဖြစ် တွန်းပို့ခြင်း စသည့်ပြစ်မှုများကို ကျူးလွန်သူများဖြစ်နေတတ်ကြသည်။

ဖြစ်ပေါ်နေသော ဆင်းရဲခြင်းနှင့် အလုပ်လက်မဲ့ဖြစ်ခြင်းများသည် အမျိုးသမီးနှင့်မိန်းကလေးငယ်များအား အခြားနေရာဒေသများသို့ ပြောင်းရွှေ့အောင် ဖိအားပေးနေခြင်းဖြစ်ပြီး၊ စစ်အစိုးရမှ စီးပွားရေးစနစ်ကို ကောင်းမွန်စွာ စီမံခန့်ခွဲမှု မပေးနိုင်ခြင်း၊ စစ်တပ်အသုံးစရိတ်များကို ဦးစားပေးခြင်းနှင့် လူမှုဖူလုံရေးများကို လစ်လျူရှုထားခြင်းစသော မူဝါဒများမှ တိုက်ရိုက်ဖြစ်ပေါ်သော ရလာဒ် တခုပင်ဖြစ်သည်။ တချိန်တည်းမှာပင် ခရီးသွားလာခြင်းများအတွက် တင်းကြပ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် စစ်အစိုးရမှ ပြုလုပ်သော လူကုန်ကူးမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ လွယ်ကူစွာမရနိုင်သည့် အခြေအနေများလည်းရှိနေသည်။ စစ်အစိုးရ၏ အုပ်ချုပ်မှုစနစ်သည် လူကုန်ကူးမှုကိုဖြစ်ပေါ်စေသော အခြေအနေများကို တင်ပြရန်အတွက် အခက်အခဲနှင့် စိန်ခေါ်မှုတရပ်ဖြစ်နေသည်။ သို့သော်လည်း စစ်အစိုးရသည် လူကုန်ကူးမှုပြဿနာနှင့်ပတ်သက်၍ ၎င်းတို့လုပ်ဆောင်သော အားနည်းသည့် အသိပညာ ပေးမှုများနှင့် ထိရောက်မှုမရှိသော လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအပေါ်အမြဲပင် ငြင်းဆိုလျက်ရှိပြီး ဤကဲ့သို့ ငြင်းဆိုနေခြင်း ကြောင့် အမျိုးသမီးများ၏အခွင့်အရေးများ ပို၍ပို၍ ချိုးဖောက်ခံရခြင်းများနှင့်သာ အဆုံးသတ်ရပေသည်။

### လူကုန်ကူးမှုတိုးပွားနေခြင်း

စစ်အစိုးရမှ မြန်မာအမျိုးသမီးများအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရသော်လည်းကောင်း၊ လူကုန်ကူးမှုဆန့်ကျင်သော ဥပဒေများအပါအဝင် တရားဝင်ဥပဒေများဖြင့် အကာအကွယ်ပေးထားကြောင်း ပြောဆိုလျက်ရှိသည်။[၃၇] အမှန်မှာမူ အမျိုးသမီးများနှင့်မိန်းကလေးငယ်များ အိမ်နီးချင်းနိုင်ငံများသို့ အထူးသဖြင့် ထိုင်းနှင့်တရုတ်နိုင်ငံများသို့ ကူးသန်းရောင်းဝယ်ခံရမှုများ မြင့်မားနေမှုကို အမျိုးသမီးအဖွဲ့များမှ ကောက်ယူ ထားသော မှတ်တမ်းများနှင့် ရရှိထားသော သက်သေများမှ ဖော်ပြလျက်ရှိသည်။

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ ၂၀၀၅ ခုနှစ်တွင် ထုတ်သော '*တွန်းပို့ခံရခြင်း*'[၃၈] အစီရင် ခံစာအရ စစ်အစိုးရ၏ ကျရှုံးနေသော မူဝါဒများမှာ လူကုန်ကူးမှုဖြစ်ပေါ်ရန်အတွက် အဓိက တွန်းအားပေးသော အချက်ဖြစ်သည်ကိုတွေ့ရသည်။ ထိုအစီရင်ခံစာတွင် စစ်အာဏာရှင်စနစ်ကြောင့် တိုးပွားလာသော ဆင်းရဲကြပ်တည်းမှုများ၊ စစ်အစိုးရမှ လစ်လျူရှုထားသော လူမှုဖူလုံရေး လုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် အထောက်အကူမဲ့သော မူဝါဒများကြောင့် ကချင်လူငယ်အမျိုးသမီးများ ၎င်းတို့နေရာဒေသမှ အလုပ်အကိုင်ရရန် ပြောင်းရွှေ့မှုများ တနေ့ထက်တနေ့တိုးပွားလာခြင်းများနှင့် ၎င်းအခြေအနေများမှ လူကုန်ကူးမှုများ ဖြစ်ပေါ်စေနိုင်သော အခြေအနေများကို မှတ်တမ်းတင်ထားသည်။

အောက်ပါတွေ့ဆုံမေးမြန်းချက်မှာ ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း[၃၉]၏ ချုပ်နှောင်ထားခြင်းခံနေရသော အသက် ၁၉ နှစ်အရွယ်အမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းချက်ပြီး ကချင်လူ့အဖွဲ့အစည်းမှအမျိုးသမီးများသည် အလွယ်တကူ လူကုန်ကူးခံရနိုင်ရုံ တင်မက လူကုန်ကူးသူအဖြစ်လည်း စွပ်စွဲခံရနိုင်ကြောင်း ပြသလျက်ရှိသည်။

ကျမက ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်ထဲမှာရှိတဲ့ ရွာငယ်လေးတရွာက ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်တုန်းက ကျမ အစ်မနဲ့အတူ လိုင်ဇာမှာ ကာရာအိုကေဆိုင်ဖွင့်ခဲ့တယ်။ အဲဒီမှာ နေရတာအဆင်မပြေလို့ ကျမအိမ်ကို ပြန်ခဲ့တယ်။ ပြန်ရောက်လို့ စက်ချုပ်သင်တန်း တလတက်နေတဲ့အချိန်မှာ ကျမ သူငယ်ချင်း မ (---) က ဗန်းမော်မြို့ နားမှာရှိတဲ့ ရှီဘူမှာ ကုန်ရောင်းကုန်ဝယ်လုပ်ဖို့ စည်းရုံးတယ်။ ကျမမှာလဲ ဘာအလုပ်မှမရှိတဲ့အတွက် သူနဲ့ လိုက်သွားဖို့သဘောတူခဲ့တယ်။

ပထမ သူ့ရဲ့ အခန်းမှာ သူနဲ့အတူနေပြီး သူက ကျမကို သစ်လုပ်ငန်းတွေရှိတဲ့ လိုင်ဇာပတ်ဝန်းကျင်က ကျမတို့ ဈေးရောင်းလို့ရနိုင်မည့် နေရာတွေကို ခေါ်သွားပါတယ်။ သူ့ကို ကျမရဲ့ အကျိုးတူစီးပွားဘက်လို့ သဘောထားတဲ့ အတွက် ယုံကြည်ခဲ့ပါတယ်။ ဘယ်နေရာမှာမှ ဈေးရောင်းလို့အဆင်ပြေနိုင်တဲ့ နေရာမတွေ့တဲ့အတွက် ကျမတို့ ရှီဘူကို ပြန်ခဲ့ပါတယ်။ ရှီဘူကို ရောက်တော့ စစ်ကြောင်းထိုးတယ်ဆိုပြီး သူက ကျမကို လိုင်ဇာကို ခဏပြန်သွားဖို့ပြောလို့ ကျမပြန်သွားခဲ့ပါတယ်။ လိုင်ဇာပြန်ရောက်တော့ လုပ်စရာအလုပ်မရှိတဲ့အတွက် ကျမအိမ်ကို ပြန်လာခဲ့ပါတယ်။ နောက်တရက်နှစ်ရက်ကြာတော့ သူက လိုင်ဇာမှာတွေ့တဲ့ ကျမအမေနဲ့ သူ့ကို အမြန်ဆုံးလာတွေ့ဖို့ စကားပါးလိုက်တယ်။ လိုင်ဇာကို လိုက်သွားတုန်းမှာ ဇရုတ်ကောင်းသွားခူးမဲ့ အသက် (၁၇) နှစ်အရွယ် ကျမ ယောက်မ မ (--) နဲ့ ကားတစ်စီးထဲ စီးလာကြပါတယ်။ လိုင်ဇာမှာရောက်တော့ မိုးချုပ်သွားလို့ ယောက်မကို ကျမသူငယ်ချင်း မ (--) အခန်းကို ခေါ်သွားပါတယ်။ သူတို့အချင်းချင်းက တယောက်နဲ့တယောက် အရင်ထဲက သိကြပါတယ်။ မ (--) ကနေပြီးတော့ တရုတ်နိုင်ငံ ယင်ဂျန်းမှာ တရက် ၁၅ ယွမ်နဲ့ကြံသွားခုတ်ဖို့ ပြောတဲ့အထိ သူ့အခန်းမှာဘဲ ကျမတို့ သုံးလေးရက်နေဖြစ်တယ်။ ပြီးတော့ ကျမတို့နှစ်ယောက်ထဲက သူက ကျမကို အရင်သွားရင်ပိုကောင်းမယ်လို့ ပြောတယ်။ အဲဒီနေရာရောက်လို့ ကျမဖုန်းခေါ်လိုက်တော့ သူ့အန်တီက ကျမကို ရွှေစောလ်ပောဆိုတဲ့ ရွာကိုခေါ်သွားတယ်။ နောက်တနေ့ကျတော့ သူနဲ့ ကျမယောက်မလိုက်လာပြီး အဲဒီရွာက တခြားအိမ်မှာနေကြတယ်။

ထိုနေ့တွင် မ (--) မှ ကျမတည်းခိုသော အိမ်သို့လာ၍အိမ်ရှင်နှင့် စကားပြောပြီးသောအခါ ကျမအား နောက်တနေ့အတွင် ယင်ဂျန်းသို့ သွားလည်ရန် အဆင်သင့် ပြင်ထားရန်ပြောသည်။ နောက်တနေ့တွင် ကျမ အရွယ် အမျိုးသမီးနှစ်ယောက် ကျမအား ပန်းခြံကိုခေါ်သွားပြီး တရုတ်အမျိုးသားတွေကို ပြပါတယ်။ နောက်ပြီး ကျမ ကြိုက်မကြိုက်မေးတယ်။ သူတို့ကျမကို မိုးချုပ်တဲ့အထိ တနေရာပြီးတနေရာခေါ်သွားပြီး တရုတ်အမျိုးသားတွေကို ပြပါတယ်။ ဒါပေမဲ့ ကျမတယောက်ကိုမှ မကြိုက်ဘူး။

နောက်တော့ ကျမ 'ယောက်မ' ကိုလဲ ခေါ်ပြီး ကျမလိုဘဲ လိုက်ပြတယ်။ ကျမ 'ယောက်မ' ကိုကျတော့ ယောကျ်ား ရပြီးရင် အဝတ်အစားနဲ့ ဆံပင် ပြင်လို့ရတယ် စသည်ဖြင့် သူတို့စည်းရုံးပြီးသား ဖြစ်တယ်။ ကျမ 'ယောက်မ' နဲ့ ကျမ စကားပြောခွင့်ရအောင် ကြိုးစားခဲ့သေးတယ်။ ဒါပေမဲ့ သူတို့က ကျမကို သူ့နဲ့တွေ့ခွင့်မပေးခဲ့ဘူး။ သူတို့က ကျမကို အမျိုးသမီးအပြင်ထွက်လည်တာ မကောင်းဘူး၊ လူတွေ ကဲ့ရဲ့ကြလိမ့်မယ်လို့ပြောပြီး အိမ်ထဲမှာဘဲထား ပါတယ်။

နောက် ၁၀ ရက်လောက်ကြာတော့ ကျမ 'ယောက်မ' ကို ယူမယ့် အမျိုးသားလာမှာဖြစ်တဲ့အတွက် ကျမ အိမ်ရှင်က ကျမကို မီးဖိုချောင်ထဲမှာနေပြီး ရေနွေးပြင်ခိုင်းပါတယ်။ ကျမက အဲဒီမှာ ဧည့်သည်ဖြစ်နေတဲ့အတွက် ကျမမှာ ရွေးစရာလမ်းမရှိခဲ့ဘူး။ နောက်တော့ တရုတ်အမျိုးသား (၃)ယောက် လာစကားပြောပြီး ပြန်သွားကြတယ်။ သူ တို့ ဘာတွေပြောခဲ့ကြလဲ ကျမမသိဘူး။ ဒါပေမဲ့ ကျမအိမ်ရှင်က ကျမကို အဲဒီ အမျိုးသား (၃) ယောက်ထဲက တယောက်က ကျမကိုသဘောကျတယ်၊ ကျမတို့ကချင်ဒေသမှာရှိတဲ့ ယောကျ်ားတွေအားလုံးက ဘိန်းစားတွေ ဖြစ်ကုန်လို့ အဲဒီ အမျိုးသားကို ကျမအိမ်ထောင်ဖက်အဖြစ် ရွေးသင့်တယ်လို့ ပြောပါတယ်။ အဲဒီနေ့က ကျမ ယောက်မနဲ့ အခြား အမျိုးသမီးနှစ်ယောက်ကတော့ ယင်ဂျန်းမှာ ဈေးဝယ်သွားကြတယ်။ ဘာတွေဖြစ်ကုန်လဲ ဆိုတာ ကျမလုံးဝ နားမလည်ဘူး။ အဲဒါကြောင့် ကျမအိမ်ရှင်ကို ဒီမှာလုပ်မယ်လို့ပြောခဲ့တဲ့ အလုပ်မရှိတဲ့အတွက် ကျမအိမ်ပြန်တော့မယ်လို့ ပြောလိုက်တယ်။ မ(--)က ကျမဆီကိုလာပြီးတော့ ကျမကို ခေါ်လာခဲ့တဲ့စရိတ် ဘယ်လောက်ကုန်တယ် စသည်ဖြင့် အော်ငေါက်ပါတယ်။ ကျမ 'ယောက်မ' နဲ့ တွေ့ဖို့ကိုလဲ သူကကျမကို ခွင့်မ ပြုပါဘူး။

*ကျမအိမ်ရှင်က ကျမကို လမ်းစရိတ် ယွမ် (၇၀၀) ပေးတယ်။ ကျမက အဲဒီလောက် ပိုက်ဆံမလိုဘူးလို့ ပြောပေမဲ့ သူက အတင်းပေးတယ်။ နောက်ပြီး ကျမကို ငွေကျပ်(၁)သိန်း ကျမ 'ယောက်မ'ရဲ့မိဘတွေဆီကို ပေးဖို့ ဆိုပြီးတော့ ပေးလိုက်သေးတယ်။ ကျမပြန်လာမယ့်နေ့မှာ ကျမ 'ယောက်မ'ကလည်း သူယူမယ့်အမျိုးသားဆီကို သွားတဲ့အတွက် ကျမတို့ကားတစ်စီးထဲ စီးလာတယ်။ ကျမလည်း သူ့ကိုနှုတ်ဆက်ပြီးတော့မှ အိမ်ကို ပြန်လာလိုက်တယ်။ ကျမ ၂၀၀၆ ခုနှစ် ဧပြီလ (၁) ရက်နေ့မှာ အိမ်ကိုပြန်ရောက်လာတယ်။ ကျမ 'ယောက်မ'ရဲ့အိမ်ကို သွားပြီးတော့ သူတို့ပေးလိုက်တဲ့ ပိုက်ဆံနဲ့ ကျမ 'ယောက်မ'ရဲ့စာကို သူ့မိသားစုကိုပေးလိုက်တယ်။ ကျမပြန်လာတော့ ကျမရဲ့ ဦးလေး (ကျမယောက်မရဲ့အဖေ) က ကျမကို သူ့နောက်ကိုခဏလိုက်ခဲ့ဖို့ ခေါ်တယ်။ အဲဒီရွာကလူတွေ က ကျမကို အရမ်းစိတ်ဆိုးပြီးတော့မှ ဆဲဆိုကြတယ်။ သူတို့က ကျမကို လူကုန်ကူးတဲ့သူဆိုပြီးတော့ စွပ်စွဲပြီး ကျမကို ရိုက်သတ်ချင်နေကြတယ်။ အဲဒီနောက်မှာ ကျမကို ဒီအချုပ်ထဲမှာ ထည့်ထားတယ်။ ကျမအခုမှ ကျမလည်း လူကုန် ကူးခံခဲ့ရတယ်ဆိုတာ နားလည်လာတယ်။ ကျမ 'ယောက်မ'ဆီကလည်း ဘာသတင်းမှ မကြားရတော့ဘူး။*

## စစ်အစိုးရမှ လူကုန်ကူးမှုအရေးကိစ္စအား နိုင်ငံတကာမှပေးသော တရားဝင်မှုရရှိရန်အတွက် အမြတ်ထုတ် အသုံးချနေခြင်း။

စစ်အစိုးရသည် ၁၉၉၇ခုနှစ်ကပင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအခြေအနေနှင့် ပတ်သက်၍ဒေသဆိုင်ရာ ညီလာခံများတက်ရောက်ပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ စာတမ်းများကို ဖတ်ပြခြင်းစသည့် နိုင်ငံတကာအဆင့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်လျက်ရှိသည်။ ၁၉၉၈ ခုနှစ်တွင် စစ်အစိုးရမှ ပြည်နယ်အဆင့်မှစ၍ ကျေးရွာအဆင့်အထိ အမျိုးသမီးများအား လူကုန်ကူးမှုကို တားဆီးရန်အတွက် တနိုင်ငံလုံး အတိုင်းအတာဖြင့် ယန္တရားတခု စတင်လိုက်ကြောင်း ကြေငြာခဲ့သည်။ ၎င်းတို့၏ လူကုန်ကူးမှုကို ဆန့်ကျင်သော လှုပ်ရှားမှုများ၏ တိုးတက်မှုများကို စစ်အစိုးရ၏ သတင်းစာများနှင့်ရေဒီယိုများတွင် ပုံမှန်ကြော်ငြာလေ့ရှိသည်။

မကြာသေးသော နှစ်များတွင်း စစ်အစိုးရသည် လူကုန်ကူးမှုများနှင့်ပတ်သက်သည့် အကြောင်း အရာများ အပါအဝင် *နိုင်ငံများဖြတ်ကျော်၍အကွက်ချကျူးလွန်သောရာဇဝတ်များဆိုင်ရာသဘောတူစာချုပ်* နှင့် ၎င်း၏ နောက်ဆက်တွဲများ စသည့် နိုင်ငံတကာယန္တရားများအား အမျိုးသမီးနှင့် ကလေးငယ်မျာ လူကုန်ကူးခံရမှုများကို တားဆီးရန်၊ ချေမှုန်းရန်နှင့် ကျူးလွန်သူအား အပြစ်ပေးအရေးယူရန်အတွက် လက်မှတ်ထိုးခဲ့သည်။ ၎င်းလုပ်ငန်းများကို ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် အတူလုပ်ကိုင်လျက်ရှိပြီး[၆၀] ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် အဆင့်မြင့် COMMIT[၆၁] အစည်းအဝေးကို ရန်ကုန်၌ မဲခေါင်ဒေသရှိ နိုင်ငံ(၆)နိုင်ငံမှ ပူးပေါင်း၍ကျင်းပခဲ့ သည်။

၂၀၀၅ ခုနှစ်အတွင်း စစ်အစိုးရသည် လူကုန်ကူးမှုဆန့်ကျင်သော ဥပဒေပြုရေးကို နိုင်ငံတကာ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဥပဒေမူကြမ်းစတင်ခဲ့သည်။ လူကုန်ကူးမှုကို ဆန့်ကျင်သော ဥပဒေအသစ်ကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလတွင် အတည်ပြုနိုင်ခဲ့သည်။ ထိုဥပဒေအသစ်အောက်တွင် အမျိုးသမီးနှင့် ကလေး သူငယ်များကို လူကုန်ကူးမှုပြုသူသည် ထောင် ၁၀ နှစ်မှ တသက်တကျွန်းထိ ကျခံရနိုင်ပြီး လူကုန်ကူးမှုနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုများအရ လာဘ်စားသော အစိုးရအရာရှိများသည် ထောင် ၃ နှစ်မှ ၇ နှစ်အထိကျခံ ရနိုင်ကြောင်းပါဝင်သည်။

### လူကုန်ကူးခံရသော ဆယ်ကျော်သက်နှစ်ဦးအား ကယ်ဆယ်လိုက်ခြင်း[၆၂]

ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်နေ ဆယ်ကျော်သက် နှစ်ဦးအား အာဏာပိုင်များမှ တဖက်နိုင်ငံ ဖြစ်သော တရုတ်နိုင်ငံ ရွှေလီမြို့မှ အာဏာပိုင်များနှင့် မေလ ၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းမှုအပြီး၌ ကယ်တင်လိုက် နိုင်သည်။

ကွတ်ခိုင်မြို့နယ်၊ မန်တုန်ရွာမှ မဒေါင်းနွမ်ပ အပါအဝင် အမျိုးသမီးငယ်လေးဦး တခြားနိုင်ငံတွင် အရောင်းစားခံရ သောအခါ ၎င်းတို့၏ မိဘများမှ မူဆယ် ရဲစခန်းသို့ မေလ ၄ ရက်နေ့တွင် တိုင်ကြားသောကြောင့် အာဏာပိုင် များမှ လူကုန်ကူးသူ မူဆယ်မြို့၊ ဟုမ္မဝမှ မဗျားမူဂူအား အမှုဖွင့်ခဲ့သည်။

မူဆယ်ရှိ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးအဖွဲ့မှ မေလ ၇ ရက်နေ့တွင် မဗျားမူဂူ၏ မှတ်တမ်းစာအုပ်အတွင်းတွင် တွေ့သော

ဖြစ်နိုင်ချေရှိသည့် ဖုန်းနံပါတ်များကို ခေါ်ရာမှ လေးယောက်အတွင်းမှ နှစ်ယောက်ဖြစ်သော မကိုင်ကျန်း အသက် (၁၅) နှစ်နှင့် မကျန်းမေချင်း အသက် (၁၆) နှစ်တို့မှာ တဖက်နိုင်ငံ ဆောက်တွမ်ရှိ ရောင်းစားသူ၏ လက်ထဲတွင်သာရှိသေး၍ နောက်တနေ့တွင် ထိုနိုင်ငံရှိ လွန်လင်းနှင့် ကျန်းဖုန်းမြို့သို့ခေါ်ဆောင် သွားရန် ပြင်ဆင်နေကြောင်း သိရသည်။

အာဏာပိုင်များမှ ထိုအမျိုးသမီးငယ်နှစ်ယောက်အား ကယ်ဆယ်ရန်အတွက် ချက်ချင်းပြင်ဆင်ခဲ့သည်။ ထိုနေ့ ညနေ (၆) နာရီ၌ တရုတ်နိုင်ငံ ရွှေလီရှိ အာဏာပိုင်များနှင့် ပူးပေါင်း၍ ဆောက်တွမ်၊ တာ့ခုန်းရွာရှိ အမျိုးသမီး ငယ်နှစ်ဦးအား ကယ်တင်နိုင်ခဲ့သည်။ အာဏာပိုင်များမှ ထိုအမျိုးသမီးငယ်နှစ်ဦးအား မူဆယ်ရှိ လူကုန်ကူးမှု တိုက်ဖျက်သော အထူးအဖွဲ့၏လက်သို့ အပ်နှံခဲ့သည်။ ထိုအမျိုးသမီးများ၏ ပြောပြချက်များအရ ၎င်းတို့ လေးဦး မှာ တယောက်လျှင် ယွမ် ၄၀၀ နှင့် လွန်ခဲ့သော ၂ လခန့်က ရောင်းစားခံခဲ့ရပြီး လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ နှင့် အလုပ်ကြမ်းများ လုပ်ကိုင်ခဲ့ရကြောင်းသိရှိရသည်။

## ဒေသခံ အာဏာပိုင်များ၏ ပိုမိုတင်းကြပ်လာသော စည်းကမ်းတင်းကြပ်မှုများနှင့် အတင်းအကြပ် ငွေကြေးတောင်းယူမှုများကို ဖြစ်ပေါ်စေသော လူကုန်ကူးမှုဆန့်ကျင်ရေးလှုပ်ရှားမှုများ

စစ်အစိုးရမှလူကုန်ကူးမှုနှင့် ပတ်သက်၍ နိုင်ငံတကာစာချုပ်များ လက်မှတ်ထိုးခြင်းများနှင့် ဒေသဆိုင်ရာလူကုန်ကူးမှု ဆန့်ကျင်ရေးလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ဆောင်ချက်များမှာ တိုးတက်မှုလုံးဝမရှိသည့်အပြင် စစ်အစိုးရအာဏာပိုင်များသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် တားမြစ်ချက် စည်းမျဉ်း၊ စည်းကမ်းများအား အတည်ပြုကာ လူကုန်ကူးမှုများအရေးနှင့်ပတ်သက်၍ အမြတ်ထုတ်လျက်ရှိသည်။

၁၉၉၇ ခုနှစ်အတွင်းတွင် စစ်အစိုးရ၏ဒေသဆိုင်ရာ အာဏာပိုင်၏ အမိန့်အရ[၄၃] ရှမ်းပြည်နယ် အရှေ့ဘက်၌ အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းရှိ အမျိုးသမီးများသည် အုပ်ထိန်းသူများမပါဘဲ ထိုင်းနယ်စပ်သို့ ခရီးသွားလာခြင်းကို တားမြစ်ထားခဲ့သည်။[၄၄] ၎င်းသည် အမျိုးသမီးငယ်များ၏ အခွင့်အရေးကို ကန့်သတ် လိုက်ခြင်းဖြစ်ပြီး အခြားသူများ၏ ထိန်းချုပ်မှုကွပ်ကဲမှုအောက်သို့ ပို့ဆောင်လိုက်ခြင်းဖြစ်သည်။ ၎င်းအခြေအနေများကြောင့် ထိုင်းနိုင်ငံသို့ထွက်ခွါ၍ မိသားစုနှင့် မိမိတို့ဘဝရပ်တည်ရန်အတွက် သွားရောက်အလုပ်လုပ်ကိုင်သော အမျိုးသမီးငယ်များသည် နယ်စပ်သို့ ရောက်ရန် အာဏာပိုင်များကို ငွေကြေးများပေးခြင်းဖြင့် လာဘ်ပေး၍ ခရီးသွားရခြင်းနည်းလမ်းကိုရှာဖွေလာကြရသည်။ ၂၀၀၄ ခုနှစ်မှစ၍ ထိုဒေသမှ အမျိုးသမီးငယ်များသည် လူကုန်ကူးမှုများ အမှုများကို တားမြစ်သည့် အနေဖြင့် နယ်စပ်သို့ ခရီးသွားလာရန်အတွက် ဒေသဆိုင်ရာ မြန်မာအမျိုးသမီးရေးရာအဖွဲ့၏ ခွင့်ပြုချက်ထောက်ခံစာ လိုအပ်လာသည်။ အမှန်လက်တွေ့မှာမူ ၎င်းလုပ်ငန်းစဉ်သည် မြန်မာအမျိုးသမီးရေးရာအဖွဲ့အတွက် အတင်းအဓမ္မငွေတောင်းခံသော လုပ်ငန်းစဉ်အဖြစ် ပြောင်းလဲခဲ့သည်။ ၂၀၀၆ ခုနှစ်အစောပိုင်းတွင် မြန်မာအမျိုးသမီးရေးရာအဖွဲ့မှ ခွင့်ပြုချက်ထောက်ခံစာ ရရန်အတွက် ငွေကျပ် (၂) သိန်း (အမေရိကန်ဒေါ်လာ ၂၀၀) ပေးရသည်။[၄၅]

စစ်အစိုးရ၏ လူကုန်ကူးမှုကို ဆန့်ကျင်သော ဥပဒေအသစ်ကို စက်တင်ဘာလ ၂၀၀၅ ခုနှစ်တွင် ကြေငြာပြီးနောက် ဒေသဆိုင်ရာအာဏာပိုင်များ၏ ဥပဒေအသစ်အရ လူအများ ထိုင်းနိုင်ငံသို့ ခရီးသွားလာခြင်းကို တားမြစ်ပိတ်ပင်သော အစီရင်ခံစာများ ပေါ်ထွက်လာသည်။ နေရာအများအပြားတွင် လူကုန်ကူးမှုများကို တားမြစ်ထိန်းချုပ်သည့် လှုပ်ရှားမှုများဟုဆိုကာ အာဏာပိုင်များသည် သန်းခေါင်စာရင်းများနှင့် မိသားစုဝင်များကို စစ်ဆေးခြင်းများ စတင်ပြုလုပ်လာပြီး အကယ်၍နာမည်မတူလျှင် အတင်းအဓမ္မ ငွေကြေး တောင်းခံခြင်းများကို ပြုလုပ်လာသည်။ မိသားစုအများအပြားကိုလည်း သန်းခေါင်စာရင်းပုံစံအသစ်များကို အတင်းအဓမ္မ ဝယ်ခိုင်း၍ သန်းခေါင်စာရင်းအသစ်ပြန်လုပ်ရန်စေခိုင်းသည်။ ထိုသို့စေခိုင်းခြင်းကြောင့် အာဏာပိုင်များမှ မိသားစုဝင်များ ရှိမရှိကို စစ်ဆေးနိုင် သည်ဟုဆိုပြီး ထိုလုပ်ငန်းစဉ်ထဲတွင် အာဏာပိုင်များမှ မှတ်ပုံတင်အသစ်များ ပြုလုပ်ရန်အတွက် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ (အမေရိကန် ၅ – ၇ ဒေါ်လာ) ထိ တောင်းခံခြင်းများလည်း ပါဝင်သည်။ ထိုမျှမက အာဏာပိုင်များသည် လူအများ၏ လှုပ်ရှားမှုများကို အနီးကပ် စောင့်ကြည့်ရန်ဟု အကြောင်းပြချက်ဖြင့် ဧည့်စာရင်းတိုင်ခြင်းများအတွက် ကန့်သတ်ချက်၊ တားမြစ်ချက်များကို အတည်ပြုခဲ့သည်။[၄၆]

## လူကုန်ကူးသူများအဖြစ် မမှန်မကန် တရားစွဲခံရခြင်းများကြောင့် အမျိုးသမီးများအခက်အခဲတွေ့နေရခြင်း

စစ်အစိုးရ၏ လူကုန်ကူးမှုအား တိုက်ဖျက်ခြင်းလှုပ်ရှားမှုများသည် အကာအကွယ်ရခြင်းထက် ထိခိုက်နစ်နာမှုများက ပိုများနေသည်။ ၎င်းတို့၏ သတင်းစာများနှင့် ဒေသဆိုင်ရာဆုံရပ်များတွင်မူ လူကုန်ကူးမှု ပပျောက်ရေးနှင့်ပတ်သက်သော ၎င်းတို့၏ အောင်မြင်မှုများကို ဂုဏ်ယူစွာပြောလေ့ရှိပြီး ၎င်းတို့အဆိုအရ ဖမ်းဆီးမိသောလူကုန်ကူးသူများနှင့် တရားစွဲဆိုနိုင်ခဲ့သော အချက်အလက်များကို ပြသလေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ အာဏာပိုင်များ၏ လူကုန်ကူးသူအဖြစ် မမှန်မကန်စွပ်စွဲခံရ၍ အဖမ်းခံရသော အပြစ်မရှိသည့် အမျိုးသမီးငယ်များ၏ အစီရင်ခံစာများလည်း ပေါ်ထွက်လာသည်။ မိန်းကလေးငယ်များမှ မိမိတို့ထက် အသက်အရွယ်ကြီးသော အမျိုးသမီးကြီးများ နှင့် ခရီးသွားခြင်းသည် စွပ်စွဲခံရရန်အတွက် ပို၍အလားအလာဖြစ်စေသည်။

၂၀၀၅ ခုနှစ်၏ လူကုန်ကူးမှုပပျောက်ရေးဥပဒေအောက်တွင် ကလေးငယ်များ၊ အမျိုးသမီးနှင့်မိန်းကလေးငယ်များအား လူကုန်ကူးလျှင် ထောင်ဒဏ် ၁၀ နှစ်မှ တသက်တကျွန်းထိ ကျခံရနိုင်ဖွယ်ရှိသည်။ အထူးသဖြင့် အမျိုးသမီးကြီးတဦးနှင့် အမျိုးသမီးငယ်လေး တစ်ခရီးတည်းသွားပါက လူကုန်ကူးသူဟု ပို၍စွပ်စွဲခံရနိုင်သည့်အလားအလာရှိပါသည်။

အောက်ဖော်ပြပါဖြစ်ရပ်မှန်မှာ စစ်အစိုးရ၏ လူကုန်ကူးသူများအဖြစ် မမှန်မကန်စွပ်စွဲမှုကြောင့် ဘဝပျက်ခဲ့ရသော ရှမ်းအမျိုးသမီးများ၏ အကြောင်းဖြစ်ပါသည်။

*အမည် နန်းနောင် (အမည်အရင်းမဟုတ်)*
*အသက် ၄၅ နှစ်*
*လူမျိုး ရှမ်း*

*ကျမရဲ့ အမျိုးထဲက အမျိုးသမီးတဦး၊ အသက် ၂ နှစ်ကနေ ၁၈ နှစ်အတွင်းရှိတဲ့ သူ့ကလေး ၄ ယောက်နဲ့ ခရီးသွားခဲ့ပါတယ်။ ရဲက ကျမတို့နဲ့ အခြားအသက် ၂၂ နှစ်အရွယ် သမီးတစ်ယောက်နဲ့ ခရီးသွားအမျိုးသမီးကို ရပ်ခိုင်းပြီးတော့ ဒေသတွင်းမှာရှိတဲ့ ရဲစခန်းကို ခေါ်သွားပါတယ်။ လူကုန်ကူးတယ်ဆိုတာ အဲဒီတုန်းက နားမလည် ပေမဲ့လဲ ကျမနဲ့ အဲဒီအမျိုးသမီးကို လူကုန်ကူးသူတွေဆိုပြီးတော့ စွပ်စွဲပါတယ်။ ကျမတို့ကို ဓါတ်ပုံတွေရိုက်ပြီး မိုင်းဆူး ရဲစခန်းမှာ အချုပ် ၃ ရက်ချခဲ့ပါတယ်။ ကျမတို့ကို စစ်ဆေးမေးမြန်းတာတွေခံရပါတယ်။ ပြီးတော့ တရားရုံးကို ခေါ်ပြီးတော့ လူကုန်ကူးမှုထဲမှာ ပါတယ်ဆိုပြီး လက်မှတ်ထိုးခိုင်းပါတယ်။ လက်မှတ်မထိုးပေးရင် အရိုက်ခံရလို့ ကျမတို့ လည်း လက်မှတ်ထိုးပေးလိုက်ရပါတယ်။*

*အဲဒီအမှုကြောင့် ကျမတို့ထောင် ၁၄ နှစ်ကျခဲ့ရပါတယ်။ အခြား ဆွေမျိုးတွေက တယောက်ကို ကျပ် ၃၀၀၀ ဆီ ထည့်ပြီးတော့ ကလေးတွေကို လွှတ်အောင် ပိုက်ဆံပေးရပါတယ်။ ၄ ရက်လောက်ကြာတော့ ကျမတို့ကို မန္တလေးမြို့၊ စစ်ကိုင်းမြို့နယ်မှာရှိတဲ့ ဘီလင်းထောင်ကို ရွှေ့လိုက်ပါတယ်။*

*ကျမထောင်ထဲမှာ ရှိနေတုန်းက အလုပ်ကြမ်းတွေလုပ်ခိုင်းပါတယ်။ တခါတလေ ထောင်အပြင်လမ်းတွေပေါ်မှာနဲ့ တခါတလေ ထောင်ထဲမှာ ကျောက်တုံးခွဲရပါတယ်။ အဲဒီအတွက်ကြောင့် ကျမခါးမှာ ဒဏ်ဖြစ်ပြီး နာနေတာ အခုထိမပျောက်တော့ပါဘူး။ ကျမတို့ အဲဒီအလုပ်တွေကို မနက် ၆ နာရီကနေ ညည့်နက်သန်းခေါင်ထိလုပ်ရပါတယ်။ တခါတလေကျရင်လည်း အရိုက်ခံရပါတယ်။ ကျမနဲ့အတူတူ ထောင်ကျတဲ့ ကျမအမျိုး နန်းလူဆိုရင် အစာမစားနိုင်တဲ့အတွက် အဲဒီလို အလုပ်တွေ မလုပ်နိုင်ပါဘူး။ တနှစ်လောက်ကြာတော့ သူဆုံးသွားပါတယ်။ အခြားအမျိုးသမီးတယောက်ဖြစ်တဲ့ နန်းမေကတော့ သူ့ရဲ့ ထောင်ဒဏ် ၁၄ နှစ်ကို ပြည့်အောင်နေနေ ရပါတယ်။ သူက ထောင်ထဲမှာ အခက်အခဲနဲ့ အမြဲတမ်း တွေ့နေရလို့ ထောင်ကနေတောင် တခါထွက်ပြေးဖို့ကြိုးစားသေးတယ်။*

*ကျမကို ကျမအမျိုးတွေထောင်ဝင်စာတခေါက်လာတွေ့ပါတယ်။ ဒါပေမဲ့ ကျမအမျိုးသားကတော့ တခါမှမလာဘူး။ နောက်တော့ သူအိမ်ထောင်ထပ် ပြုလိုက်တယ်။ နောက်ဆုံးကျတော့ ကျမထောင်ထဲမှာ ကောင်းကောင်းမွန်မွန် နေလို့ထင်တယ် ၉ နှစ်နဲ့ ၆ လနေပြီး ၂၀၀၆ နှစ်လည်လောက်မှာ ကျမကို ပြန်လွှတ်လိုက်တယ်။ ကျမ တာချီလိတ်ဘက်ကို သွားပြီးတော့ ကျမအမေနဲ့ အတူနေတဲ့ ကျမရဲ့ ကလေး ၂ ယောက်ဆီကို သွားလည်ပါတယ်။ နောက်တော့ အဲဒီမှာဘဲ ကျမ သီလရှင်ဝတ်ပြီး တော်တော်ကြာကြာနေခဲ့ဖြစ်တယ်။ အခု ကျမ ထိုင်းနိုင်ငံမြောက်ပိုင်းမှာ ဂျုပ်သီး ခြွေတဲ့အလုပ်လုပ်နေတယ်။ ကျမ ကျန်ခဲ့တဲ့ ကလေးတွေနဲ့ တနေ့ပြန်တွေ့ရမယ်ဆိုတဲ့ မျှော်လင့် ချက်နဲ့ ကျမအသက်ရှင်နေထိုင်နေတာပါ။*

## မြန်မာအမျိုးသမီးရေးရာ၏ လူကုန်ကူးခံရသော အမျိုးသမီးများအား အကူအညီပေးရန် ပျက်ကွက်ခြင်းနှင့်အမျိုးသမီးတို့၏ ဂုဏ်သိက္ခာအား လေးစားရန်ပျက်ကွက်ခြင်း

စစ်အစိုးရမှ ထိန်းချုပ်ထားသော မြန်မာအမျိုးသမီးရေးရာအဖွဲ့၏ ရည်ရွယ်ချက်တခုမှာ အမျိုးသမီးနှင့် ကလေးငယ်များ လူကုန်ကူးခံရမှုများကို အမျိုးသားရေးတာဝန်အဖြစ် အမြစ်ပြတ်ချေမှုန်းရန်ဖြစ်သည်။ သို့သော်လည်း မြန်မာအမျိုးသမီးရေးရာအဖွဲ့မှ လူကုန်ကူးခံရသူ အမျိုးသမီးများအား အကူအညီပေးနိုင်မှုမှာ အနည်းငယ်သာ ရှိသည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးငယ်အယောက် ၂၀ ကို ကာယကံရှင်နှင့် ၎င်းတို့ မိသားစုများ၏ဂုဏ်သိက္ခာကို မလေးစားဘဲ ထိုင်းနိုင်ငံမှ ၎င်းတို့အိမ်သို့ အတင်းအကြပ်ပြန်ပို့ရာတွင် စစ်အစိုးရမှ ၎င်းတို့၏သတင်းများတွင် မြန်မာအမျိုးသမီးရေးရာ၏ အကူအညီပေးမှုအဖြစ် ထုတ်ဖော်ပြော ဆိုထားသည်။

ထိုင်းမြန်မာစစ်အစိုးရနှင့် ကုလသမဂ္ဂနိုင်ငံတကာ အေဂျင်စီတို့၏ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်း[67] ပူးပေါင်းဆောင်ရွက်ချက်အရ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် အမျိုးသမီးငယ်အယောက် ၂၀ သည် ရှမ်းပြည်နယ်အရှေ့ဘက် တာချီလိတ်မြို့ရှိ ချစ်ကြည်ရေး တံတားကို ဖြတ်ကာ စစ်အစိုးရ၏ အာဏာပိုင်များ ထံသို့ လွှဲပြောင်းပေးခြင်းခံရသည်။

ထိုအမျိုးသမီးငယ်များ တာချီလိတ်သို့ ပြန်ရောက်သောအခါ အချုပ်ချခံထားရ၍ ထိုင်းနိုင်ငံသို့ ၎င်းတို့၏ဆန္ဒအရသွားခဲ့ကြသည့်တိုင် မြန်မာအမျိုးသမီးရေးရာမှ ၎င်းတို့အား လူကုန်ကူးခံရသူများအဖြစ် ပြောဆိုရန် အမိန့်ပေးခြင်းခံရသည်။ ထိုအထဲမှ အမျိုးသမီးတဦးမှာ ဒေသဆိုင်ရာ စစ်အစိုးရ အာဏာပိုင်များနှင့် မြန်မာအမျိုး သမီးရေးရာမှ ကြီးမှူးကျင်းပသော အခမ်းအနားတွင် ပါဝင်ရန် ဖိအားပေးခြင်းခံရပြီး ထိုအခမ်းအနားတွင် သူမကို ဝင်ငွေရှာနိုင်ရန်အတွက်ဟုဆိုကာ အပ်ချုပ်စက်တလုံးပေးခဲ့သည်။ ထိုကဲ့သို့သော လုပ်ရပ်များက အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို လုံးဝလေးစားမှုမရှိကြောင်း ပြသလျက်ရှိသည်။[68]

မြန်မာအမျိုးသမီးရေးရာအဖွဲ့၏ ထိပ်ပိုင်းအဆင့်များမှ အာဏာအလွဲသုံးစားလုပ်ခြင်းများ၊ သတင်းဌာနများ၏ အာရုံစိုက်မှုများရရန်အတွက် လူကုန်ကူးခံရသော အမျိုးသမီးများအပေါ်တွင် အခွင့်ကောင်းယူချိန်တွင် နေရာဒေသတော်တော်များများ၌ တွေ့ဆုံမေးမြန်းချက်များအရ ကျေးလက်တောရွာအဆင့် မြန်မာအမျိုးသမီးရေးရာအဖွဲ့တွင် လူကုန်ကူးမှုနှင့်ပတ်သက်သော အမှုကိစ္စများနှင့် ဆက်စပ်လုပ်ဆောင်ရာတွင် လုပ်ပိုင်ခွင့်အာဏာများ နည်းပါးသည်ကိုတွေ့ရသည်။

## မွန်ပြည်နယ်၊ ဘုရားသုံးဆူဒေသရှိ ဒေသခံတစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်

မွန်ပြည်နယ် ဘုရားသုံးဆူဒေသမှ ဒေသခံ၏ပြောပြချက်အရ ထိုဒေသရှိ မြန်မာအမျိုးသမီးရေးရာအဖွဲ့၌ လူကုန်ကူးခံရသော အမျိုးသမီး များကို အကာအကွယ်ပေးရန်အတွက် လုပ်ပိုင်ခွင့်အာဏာ မရှိသလောက် ဖြစ်နေကြောင်း သိရသည်။ အကယ်၍ လူကုန်ကူးသူများ သည် မြို့နယ်အဆင့်၊ ခရိုင်အဆင့် စစ်အစိုးရ  အာဏာပိုင်အရာရှိများနှင့် နီးကပ်သူများဖြစ်နေလျှင် ၎င်းတို့အနေဖြင့် ဝင်ရောက်စွက်ဖက်၍ မရကြောင်းသိရှိရသည်။ အများအားဖြင့် လူကုန်ကူးသူများသည် မရက နှင့် ယရက[69] များအား လာဘ်ထိုးပြီးသားဖြစ်နေသည်။

ထို့ကြောင့် အာဏာပိုင်များအနေဖြင့် လူကုန်ကူးမှုများကို မသိမြင်သကဲ့သို့ ဟန်ဆောင်နေကြသည်။[70] (မွန်ပြည်နယ် ဘုရားသုံးဆူရှိ ဒေသခံတဦးနှင့် တွေ့ဆုံမေးမြန်းချက်)

မြန်မာအမျိုးသမီးရေးရာအဖွဲ့မှ လူကုန်ကူးမှု အမှုကိစ္စများအား အကူအညီပေးနိုင်မှုနည်းပါးသော အခြေအနေများကို "Driven Away" အစီရင်ခံစာ၌လည်း အောက်ပါအတိုင်းဖော်ပြထားသည်။

> *"၂၀၀၃ ခုနှစ် ဧပြီလ ၄ ရက်နေ့ ညနေပိုင်း ကျနော်မရှိတုန်းမှာ အသက် ၁၆ နှစ်သာရှိသေးတဲ့ ကျနော့်မြေးကို (---) နဲ့ (---) လာခေါ် သွားတယ်လို့ ကျနော့် အိမ်နီးချင်းတွေက ပြောပြလို့ သိရပါတယ်။ ကျနော့်မြေးမလေးက အရမ်းတော်တဲ့ ကလေး မလေးပါ။ သူ ၁၀ တန်း စာမေးပွဲဖြေဖို့ ပိုက်ဆံလိုတယ်လို့ပြောတယ်။ ကျနော်တို့က အရမ်းဆင်းရဲပါတယ်။ ကျနော် နောက်ဆုံးရတဲ့ သူ့သတင်းကတော့ ရွှေတူးတဲ့ နေရာ ပြည့်တန်ဆာရုံမှာ အရောင်း စားခံလိုက်ရတယ်ဆိုတာဘဲ။ ကျနော် မြန်မာအမျိုးသမီးရေးရာအဖွဲ့ကို တိုင်စာပို့ထားပေမဲ့ ဘယ်သူ ကမှ ဘာမှမလုပ်ပေးကြဘူး။"*

မြန်မာအမျိုးသမီးရေးရာအဖွဲ့ကလည်း ဘာမှတုံ့ပြန်ချက်မလာပါဘူး။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှာတော့ ၎င်း၏မြေးမလေးမှာ သေဆုံးသွားပြီဖြစ်ကြောင်း ဦး (––) သိရသည်။[၅၁]

သို့ ဥက္ကဋ္ဌ
မြန်မာ့အမျိုးသမီးရေးရာအဖွဲ့
မြစ်ကြီးနား၊ ကချင်ပြည်နယ်

ရက်စွဲ ဧပြီ ၂၀၀၃

အကြောင်းအရာ။ ။ အမျိုးသမီးငယ်တဦး ၎င်း၏နေအိမ်မှ ပျောက်ဆုံးသွားခြင်း။

၁) အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ဒူကတ်တောင်မှ အသက် ၁၆ နှစ်အရွယ်ကျွန်ုပ်၏ မြေးမ (မ–––) အား မောင် (––) နှင့် မောင် (––) တို့မှ ၂၀၀၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မြစ်ကြီးနား ဘတ်စ်ကား မှတ်တိုင်မှ ဖြားယောင်းသွေးဆောင်ခေါ်သွားပြီး ယနေ့အထိ သူမအကြောင်း မသိရ တော့ပါ။
၂) ထို့ကြောင့် ကျွန်ုပ်၏ မြေးမကလေးနှင့် ဆက်စပ်၍ အထက်ပါအကြောင်းအရာအား စုံစမ်းပေးပါရန် လေးစားစွာ တောင်းဆိုအပ်ပါသည်။

တောင်းဆိုသူ
ဦး (––)
ဒူကတ်တောင်အရပ်၊ မြစ်ကြီးနား

မိတ္တူ– ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးရေးရာအဖွဲ့၊ ဒူကတ်တောင်၊ မြစ်ကြီးနား

သို့
စခန်းမှူး
နံပါတ် (၁) ရဲစခန်း၊ မြစ်ကြီးနား

ရက်စွဲ ၂၀၀၃ နိုဝင်ဘာ

အကြောင်းအရာ။ ။ ပျောက်ဆုံးနေသော အမျိုးသမီးငယ်သေဆုံးခြင်း။

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ မြစ်ကြီးနားမြို့ ဒူကတ် တောင်အရပ်နေ အဘိုး ဦး (––) မြေးဖြစ်သူ မ (––) ယခု အသက် ၁၇ နှစ်သည် (ပလန နံပါတ် (၁) ) နေ မောင် (––) နှင့် မောင် (––) တို့မှ ၂၀၀၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင်မြစ်ကြီးနား ဘတ်စ်ကား မှတ်တိုင်မှဖြားယောင်းသွေးဆောင်ခေါ်သွားပြီး ယနေ့အထိ သူမအကြောင်း မသိရတော့ပါ။

ကျွန်ုပ်၏ အိမ်နီးချင်းများဖြစ်ကြသော ဦး (––) နှင့် ဦး (––) အပါအဝင် ကျွန်ုပ်ကိုယ်တိုင် သူမအကြောင်းကို နည်းမျိုးစုံဖြင့် စုံစမ်းခဲ့ပါသည်။ ထွေလာဂျီမောင်းသော ဦး (––) ၏ အပြောအရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ၎င်းမှ မောင် (––) နှင့် လွန်ခဲ့သော နှစ်လခန့်ကတွေ့ကြောင်းနှင့် ထိုအမျိုးသမီးငယ်လေး မှာသေဆုံးနေပြီဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် (ပလန နံပါတ် ၁) နေ ဦး (––) နှင့် ဒေါ် (––) တို့၏သား မောင် (––) သည် ပြစ်မှုမှ ထွက်ပြေးနေသော ရာဇဝတ်သားဖြစ်သောကြောင့် ရဲစခန်းမှ ထိုအမှုကိစ္စနှင့် ပတ်သက်၍ အရေးယူပေးပါရန် တောင်းဆိုအပ်ပါသည်။

တောင်းဆိုသူ
ဦး (–––)
ဒူကတ်တောင်အရပ်၊
မြစ်ကြီးနားမြို့

မိတ္တူ
၁– ဥက္ကဋ္ဌ (ဒူကတ်တောင်အရပ်)
၂– ဥက္ကဋ္ဌ (နံပါတ် ၁– ပလန၊ မြစ်ကြီးနား)
၃– ဥက္ကဋ္ဌ (မြစ်ကြီးနား)

**လက်စားချေမှုများနှင့် ဂုဏ်သိက္ခာကျဆင်းမှုကို ကြောက်ရွံ့ရခြင်း။**

လူကုန်ကူးခံရသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ၎င်းတို့မှ ထိုလူကုန်ကူးခံရမှုကို အကြောင်းကြားလျှင် ထပ်ဆင့်သားကောင်ဖြစ်နိုင်သော အခြေအနေများစွာရှိသည်။ လူကုန်ကူးခံရခြင်းဖြင့် အခက်အခဲများစွာကြုံရပြီး အကယ်၍ ထိုအဖြစ်အပျက်နှင့် ပါတ်သက်၍ထုတ်ဖော်ပြောလျှင် လူ့အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်မှလည်း အပြစ်တင်ခြင်းနှင့် ဖယ်ကျဉ်ခြင်းများခံ ရသည်။

ထိုကဲ့သို့ အရှက်နှင့်သိက္ခာကျမည်ကိုကြောက်ရွံ့ခြင်းများသည် အမျိုးသမီးများ လူကုန်ကူးခံရသည့် အမှုကိစ္စများကို တိုင်ကြားရန်အတွက် အလွန်ကြီးသော အဟန့်အတားတခုဖြစ်သည်။ တချိန်တည်းမှာပင် လူ့အ သိုင်းအဝိုင်း၊ ပတ်ဝန်းကျင်မှလည်း စစ်အစိုးရ အာဏာပိုင်များမှ လူကုန်ကူးသူများနှင့် သာမန်အားဖြင့် ဆက်စပ် လျက်ရှိသည်ကို သိထားသောကြောင့် မိမိတို့အနေဖြင့် ထိုသူများကို တရားစွဲဆိုမည်ဆိုလျှင်သော်မှ အမှုကိစ္စအတွက်မှာ မျှော်လင့်ချက်မဲ့ရုံမျှမက လူကုန်ကူးသူများ၏ လက်စားချေမှုများကိုပါ တွေ့ကြုံရနိုင်သည်။

အောက်တွင်ဖော်ပြထားသော တွေ့ဆုံမေးမြန်းချက်မှာ လူကုန်ကူးခံရသော သမီးငယ်အတွက် အမှန်တရားရှာပေးရန် ကြိုးစားသော မိဘများမှ လူကုန်ကူးသူ၏ ဒေသခံရဲများကိုလာဘ်ထိုးမှုများကို တွေ့ရရုံမျှမက လူကုန်ကူးသူများ၏ လက်စားချေမှုကို ကြောက်ရွံ့နေရသော အခြေအနေများနှင့် ရင်ဆိုင်ရသည်။

**ကချင်ပြည်နယ်မှ ကျောင်းဆရာမတဦးနှင့် တွေ့ဆုံမေးမြန်းချက်**

မ (−−) မိသားစုမှ အလွန်ဆင်းရဲသောကြောင့် မိသားစုကိုထောက်ပံ့ရန်အတွက် သူအလုပ်တခုလိုချင်ခဲ့သည်။ ချီဘွေ၌ နေထိုင်သော လူကုန်ကူးသူနှစ်ဦးမှ သူနှင့်သူ့သူငယ်ချင်းအား တရုတ်နိုင်ငံသို့ အလုပ်ရှာပေးမည်ဟုဆိုကာ တရုတ်နိုင်ငံ (*Lukuthamu*) သို့ခေါ်ဆောင်သွားပြီး လူကုန်ကူးသူနှစ်ယောက်မှာ ချီဘွေသို့ ပြန်လာခဲ့သည်။

မိဘများက ထိုလူကုန်ကူးသူပွဲစားများကို ၎င်းတို့၏ သမီးများအကြောင်းမေးသောအခါ ပွဲစားများက ၎င်းတို့၏သမီးများသည် အလုပ်ရှာရန်အတွက် တရုတ်နိုင်ငံသို့ ထွက်သွားကြောင်း ပြောသည်။ မိဘများမှ ထို အကြောင်းကို ရဲစခန်းသို့အကြောင်းကြားကာ ၎င်းတို့၏ သမီးငယ်များ ပြန်ရရန်အတွက် လူကုန်ကူးသူ ၂ နှစ်ဦး ကိုဖမ်းပေးရန် ပြောကြားခဲ့သည်။ သို့သော်လည်း လူကုန်ကူးသူနှစ်ဦးမှာ အခြားတနေရာသို့ ထွက်ပြေးတိမ်း ရှောင်သွားပြီး ရဲများမှလည်း ထိုပွဲစားများကို စုံစမ်းအရေးယူခြင်းများ မရှိခဲ့ပါ။ နောက်ပိုင်းတွင် ရဲများမှ လူကုန်ကူးသူများထံမှ လာဘ်ထိုးငွေများ လက်ခံ၍ ထိုသူများကို ထွက်ပြေးလွတ်မြောက်စေခဲ့ကြောင်း သိရသည်။ ယခုဆိုလျှင် မိဘများမှာ မည်သို့ဆက်လုပ်ရမည်မသိဘဲ ဖြစ်နေကြသည်။ လူကုန်ကူးသူများ၏ လက်စားချေခြင်းခံရမည်ကို စိုးရိမ်နေရသည့်အပြင် သမီးငယ်များကိုလည်း မည့်သည့်နေရာတွင်ရှာရမည်ကို မသိကြပေ။

**မြန်မာနိုင်ငံအတွင်းမှ တရားမဝင်ထွက်ခွာရမှုများကြောင့် အာဏာပိုင်များ၏ အဖမ်းအဆီးခံရမည်ကို ကြောက်ရွံ့ ရခြင်း**

တရုတ်အာဏာပိုင်များမှ မြန်မာနိုင်ငံမှ လူကုန်ကူးခံရသော အမျိုးသမီးများကို မြန်မာနိုင်ငံသို့ ပြန်ရန်အတွက် အကူအညီများ ပေးလျက်ရှိသည်။ ထိုလူကုန်ကူးခံရသော အမျိုးသမီးများသည် တရုတ်အာဏာပိုင်များမှ နယ်စပ်သို့ အရောက်ပို့ဆောင်ပေးမှုကြောင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော်လည်း မြန်မာအာဏာ ပိုင်များ၏ ဖမ်းဆီးခြင်းကို ခံရနိုင်သည်။

အမှုတခုတွင် အမျိုးသမီးတဦးသည် နယ်စပ်စစ်ဆေးရေးဂိတ်မှ မြန်မာလူဝင်မှုကြီးကြပ်ရေး၏ ထိန်းသိမ်းခြင်းခံရပြီး လူဝင်မှုကြီးကြပ်ရေးမှ ထိုအမျိုးသမီးအား မြန်မာကျပ်ငွေ (၆) သိန်း (အမေရိကန်ဒေါ်လာ ၅၀၀) တောင်းကာ မပေးနိုင်လျှင် မြန်မာနိုင်ငံမှ နိုင်ငံကူးလက်မှတ်မရှိဘဲ တရားမဝင်ထွက်ခွာမှုကြောင့် ထောင်ဒဏ် လေးနှစ်နှင့် လေးလကျမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။[၃၂]

**နိုင်ငံသားမှတ်ပုံတင်နှင့် နိုင်ငံကူးလက်မှတ်များမရှိမှုကြောင့် တရားဝင်ခရီးသွားရေးကို အတားအဆီးဖြစ်ခြင်း**

မြန်မာနိုင်ငံ ကျေးလက်တောရွာတွင် နေထိုင်သူအများစုမှာ ဆယ်စုနှစ်ကျော် စစ်အစိုးရနှင့် တိုင်းရင်းသား လူမျိုးစုများကြား ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် နေထိုင်ရခြင်းနှင့် အစိုးမှထောက်ပံ့ပေးသော လမ်းပန်းဆက်သွယ်ရေးများ မရှိသောကြောင့် နိုင်ငံသားမှတ်ပုံတင်များ မရှိပေ။ မြန်မာ နိုင်ငံအတွင်း မည်သည့်နေရာသွားသွား မှတ်ပုံတင်ကဒ် စတင်ပြရသည့်အချိန်မှစ၍ အမျိုးသမီးများခရီးသွားလာခြင်းနှင့် ပြောင်းရွှေ့သွားလာခြင်းများကို ပွဲစားများအပေါ်တွင် လုံးဝအမှီပြု၍ ခရီးသွား လာသည့်

အခြေအနေကို ရွေးချယ်ရန် ၎င်းက ဖိအားဖြစ်စေခဲ့သည်။ ထိုကဲ့သို့သော အခြေအနေသည် အမျိုးသမီးများအား လူကုန်ကူး ခံရခြင်းနှင့် လိမ်လည်သွေးဆောင်ခေါ်ယူခြင်းများကို ဖြစ်စေနိုင်သောအခြေအနေများ တိုးပွားစေသည်။

အချို့ နိုင်ငံသားမှတ်ပုံတင်ရှိသော အမျိုးသမီးများ နိုင်ငံကူးလက်မှတ်လျှောက်ရာတွင်လည်း အချိန်ကြာလွန်း၍ ကုန်ကျစရိတ် အလွန်များလေသည်။ နိုင်ငံကူးလက်မှတ်လျှောက်ရန်အတွက် အနည်းဆုံး အမေရိကန် ဒေါ်လာ ၅၀၀ ခန့်ကုန်ပြီး အမျိုးသမီးငယ် များအား လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး၏ တစိတ်တပိုင်းအဖြစ် တားမြစ်ကန့်သတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ ပို၍များ သောကြောင့် အသက် ၂၅ နှစ်အောက် အမျိုး သမီးများအတွက်မူ ပို၍အကုန်အကျများလေသည်။

## *မွန်အမျိုးသမီးနှင့် မေလ ၂၀၀၈ တွင်တွေ့ဆုံမေးမြန်းချက်*

> *"နိုင်ငံကူးလက်မှတ်လျှောက်ရာမှာ နည်းလမ်းနှစ်လမ်းရှိတယ်။ တခုကအေးဂျင့်မှတဆင့်လုပ်တာဖြစ်တယ်။ နိုင်ငံကူးလက်မှတ် လျှောက်သူက ရုံးကိုခေတ်ပုံသွားရိုက်၊ ရလာတဲ့ပုံကို အေးဂျင့်ကို ပေးပြီးရင် ကျန်တာကို အေးဂျင့်က အားလုံးလိုက်လုပ် ပေးတယ်။ အေးဂျင့်ကဘဲ ထိုသူအတွက် အရာရှိတွေနဲ့ တိုက်ရိုက်ဆက်သွယ် အလုပ်လုပ်တယ်။ နောက်ဆုံးအဆင့် စာအုပ် သွားယူတဲ့အဆင့် ရောက်မှ နိုင်ငံကူးစာအုပ်လျှောက်တဲ့သူက ရုံးမှာသွားပြီးတော့ စာအုပ်သွားယူယုံဘဲ။ အဲဒီလို အေးဂျင့်နဲ့ တလလတည်း အပြီးအစီး လုပ်ပေးဖို့ဆိုရင် ကျပ်ငွေ (၁ သိန်း) လောက်ကုန်တယ်။ တကယ်လို့ (၇) ရက်တည်းနဲ့ ရချင်တယ်ဆိုရင် တော့ ငွေ (၃ သိန်း) လောက် ကုန်တယ်။ နောက်တလမ်း ကတော့ ကိုယ့်ဘာသာကိုယ်လုပ်တဲ့နည်းဖြစ်တယ်။ အဲဒါက ငွေ (၃) သောင်းလောက် ကုန်ပြီးတော့ စာအုပ်ရဖို့ တလလောက် ကြာတယ်။ ကိုယ့်ဘာသာကိုယ် ပုံစံ (၁၇) အခွန်ခွင့်ပြုချက်ပုံစံနဲ့ ပုံစံ (၁၉)ထွက်ခွာသည့်ပုံစံ အပါအဝင် ဖောင်တွေဖြည့်ရတယ်။ အဲဒီစရိတ်တွေက ခရီးသွားစရိတ်တွေနဲ့ စာအုပ် မြန်မြန်ရဖို့အတွက် ပေးရတဲ့ လာ့ဘ်ရည်ဖိုးမပါသေးဘူး။"*

## လူကုန်ကူးခံရနိုင်သော အခြေအနေများ

အမျိုးသမီးငယ်များ လူကုန်ကူးခံရနိုင်သော အခြေအနေများဖြစ်ပေါ်ရခြင်းမှာ ရွှေ့ပြောင်းဒေသများနှင့် တိုင်းရင်းသားနယ်မြေ များတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အရေးများနည်းခြင်းနှင့် ပြင်ပလောကအကြောင်း များကို လေ့လာရန်အခွင့်အရေးများနည်းခြင်း (သို့) သတင်းအချက်အလက် လုံးဝမရရှိခြင်းတို့ကြောင့်ဖြစ်သည်။

## လားဟူအမျိုးသမီးတဦးမှ ၎င်း၏ အတွေ့အ ကြုံကို ပြောပြခြင်း[၃၃]

> *"ကျမနာမည်ကတော့ မ (---) ဖြစ်ပါတယ်။ ကျမက လားဟူဖြစ်ပြီးတော့ အသက်ကတော့ ၁၄ နှစ် ရှိပါပြီ။ ကျမက မွန်းပိန်း မြို့နယ် မှာရှိတဲ့ (---) ရွာကဖြစ်ပါတယ်။ ကျမ အတန်းကျောင်း (၇) တန်းကို မွန်းပိန်းမှာဘဲ တက်ပါတယ်။ ကျမအမေဆုံးပြီးတဲ့နောက် ကျမအဖေက ကျမအမေဆီကို လာလည်ပြီးတော့ ဆေးတွေပေးပေးတဲ့ လင်မယားနှစ်ယောက်ရဲ့ ကလေးထိန်းလုပ်ဖို့အတွက် မြို့ကိုပို့ လိုက်ပါတယ်။ ကျမတို့ထင်တာက မြို့မှာဆိုရင် တော့ ကျောင်းတက်ဖို့လည်း လွယ်ကူထင်ခဲ့တယ်။ ကျမရဲ့ ဒုတိယ စာမေးပွဲပြီး တဲ့အခါမှာ ကျမအိမ်ရှင်မိသားစုက ကင်းတုံမှာရှိတဲ့ သူ့ဆွေမျိုးတွေဆီကို သွားလည်ခိုင်းပါတယ်။ သူတို့ကအရမ်းချမ်းသာပြီး တော့ ကားလှလှလေး လည်းရှိပါတယ်။ သူတို့အိမ်နီးချင်းက ကျမကို တာချီလိတ်ကိုသွားလည်ဖို့ပြောတယ်။ ဗန်ကားနဲ့ တနေ့ ခရီးဆိုပြီး ကျမကို သူတို့နဲ့ လိုက်ခဲ့ဖို့ ဖိတ်ပါတယ်။ ကျမလည်း လိုက်သွားချင်တာနဲ့ တနေ့မှာ ဗန်ကားရောက်လာပါတယ်။ ကျမတို့ကို တားလေ ကိုအရင် ခေါ်သွားပါတယ်။ အဲဒီဗန်ကားထဲမှာ ကျမအပါအဝင် မိန်းကလေးငယ်လေး ၅ ယောက်ပါသွား ပါတယ်။ အဲဒီအထဲမှာ အသက် ၁၄ နှစ်ဘဲ ရှိသေးတဲ့ အာခါအမျိုးသမီးလေးတဦးပါပြီးတော့ သူက လားဟူနဲ့ ရှမ်းစကားပြော တတ်ပါတယ်။ သူ့ကိုကြည့်ရတာ ပညာမတတ်တဲ့ ပုံစံ နဲ့တူပြီးတော့ ကျမလိုဘဲ ခရီးအကြောင်း ဘာမှသိတဲ့ပုံလဲမပေါ်ပါဘူး။*
>
> *ကျမတို့ ညပိုင်းမှာဘဲ ခရီးသွားကြပြီးတော့ ကျမတို့ မပျော်ပါဘူး။ စစ်ဆေးရေးဂိတ်တွေရောက်တိုင်း ကားဒရိုင်ဘာက ကျမတို့ကို တိတ်တိတ်နေဖို့ပြောပြီးတော့ ကားကိုချန်သွားပါတယ်။ တယောက်ယောက်နဲ့ စကားနည်း နည်းပြောပြီးတာနဲ့ ကျမတို့ ခရီးဆက်ခဲ့ပါတယ်။ နောက်တနေ့မနက် စောစောမှာ ကျမတို့ တားလေကို ရောက်သွားပါတယ်။ အခြားမိန်းကလေးငယ်လေးတွေ စောင့်နေတဲ့ မြစ်ဘေးကိုမောင်းတဲ့ ဘတ်စ်ကားကို ပြောင်းစီးရပါတယ်။ အဲဒီနေရာမှာ ကျမတို့ မိုးချုပ်တဲ့အထိ စောင့်နေရပါတယ်။ ကျမတို့ လှေပေါ်ရောက်တော့ လှေက မြစ်အောက်ပိုင်းကို စုန်ဆင်းသွားပါတယ်။ အဲဒီနောက်မှာတော့ ကျမတို့ အင်ဂျင်နဲ့မောင်းတဲ့*

*လှေအကြီးဆီကို ပြောင်းရပါတယ်။ ကြည့်ရတာ ဒီမြစ်က ပထမလာတဲ့ မြစ်ထက်ကြီးပုံရပါတယ်။ လားဟူနဲ့ အားခါ စကားပြောတတ်တဲ့ အမျိုးသမီး တယောက်ကတော့ ကျမတို့နဲ့ တားလေကို တူတူလိုက်လာပြီးမှ ပြန်လှည့်သွားပါတယ်။ အခြားအမျိုးသားတယောက်က ကျမတို့ကို မြစ်ကြောင်းတလျှောက် ဦးဆောင်ခေါ်သွားတယ်။ တလှေလုံးမှာ ကျမအပါအဝင် အမျိုးသမီးငယ် အယောက် ၂၀ ရှိပါတယ်။ ကျမ သူတို့ ဘယ်ကလာလဲ၊ ဘယ်သူတွေလဲဆိုတာ မသိဘူး။ ညဥ့်နက်တော့ ကုန်းပေါ်မှာ ကားအကြီးကြီးက ကျမတို့ကိုစောင့်နေပါတယ်။ အားခါ မိန်းကလေးကို ကျမနောက်ထပ်တခါမှ မတွေ့တော့ပါဘူး။"*

## အကြံပြုချက်များ

- အာဏာပိုင်များမှ လူကုန်ကူးမှုကို ဆန့်ကျင်သော ဥပဒေနှင့် လမ်းညွှန်ချက်များအား အလွဲသုံးစားလုပ်၍ လူ့အဖွဲ့အစည်းအတွင်း ပိတ်ပင်တားဆီးမှုများ တိုးမြှင့်ခြင်း၊ မမှန်မကန် ဖမ်းဆီးခြင်းများနှင့် အပြစ် မရှိသူများအား အထူးသဖြင့် အမျိုးသမီးများအား တရားစွဲဆိုခြင်းများ မလုပ်ရန်။ အထူးသဖြင့် အသက် ၂၅ နှစ်အောက်အမျိုးသမီးအား တရားဝင်အုပ်ထိန်းသူများ မပါဘဲ ခရီးသွားလာခြင်းကို တားမြစ်ထားသောဥပဒေအား ချက်ချင်းရုပ်သိမ်းပေးရမည်။
- နိုင်ငံတော်မှ နိုင်ငံတဝှမ်း နိုင်ငံသားတိုင်းအတွက် နိုင်ငံသားစိစစ်ရေးကဒ်များ အလွယ်တကူပြုလုပ်နိုင်ရန်ဆောင်ကျဉ်းပေးရမည်။
- လူကုန်ကူးမှုဖြစ်စေသည့် အကြောင်းရင်းများနှင့် ပတ်သက်သည့် အချက်အလက်များ လူထုအများသိအောင် ဖြန့်ဝေထုတ်လုပ်ရာတွင် ဖြန့်ဝေသည့် သတင်းအချက်အလက်များသည် မှန်ကန်၍ လက်ရှိ ကာလနှင့်ကိုက်ညီပြီး ယဥ်ကျေးမှုအရလည်း ထိခိုက်မှု မရှိအောင် သတိထားသင့်သည်။ ကျောင်းသင်ခန်း စာများမှတဆင့် သတင်းအချက်အလက်များကို အသိပေးရန် လိုအပ်သည်။
- အမျိုးသမီးများ၏ ပညာရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်။
- ရေဒီယိုအစီအစဉ်နှင့် လိုအပ်သော ပစ္စည်းများအား တိုင်းရင်းသား ဘာသာစကားများဖြင့် တိုင်းရင်းသား အမျိုးသမီးနှင့် အမျိုးသမီးငယ်များအတွက် အသုံးပြု နိုင်ရန်နှင့် စာမဖတ်တတ်သူများအတွက် သင့်လျှော်သောပစ္စည်းများအပါအဝင် လူကုန် ကူးမှုများကို တားမြစ်ရန်အတွက် ထိရောက်သော အသိပညာ၊ ဗဟုသုတများပေးသည့် စည်းရုံးလှုံ့ဆော်မှုများအတွက် အစိုးရမှ ဘဏ္ဍာရေး ထောက်ပံ့ပေးရမည်။
- စစ်တပ်အတွင်းမှဖြစ်စေ၊ အာဏာပိုင်များမှဖြစ်စေ လူကုန်ကူးမှုအတွင်း တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်နေပါက ပြင်းထန်စွာ အပြစ်ပေးရမည်။ ထို့အပြင် လူကုန်ကူးမှုအမှုကိစ္စများနှင့် ပတ်သက်၍ လုပ်ဆောင်ရာတွင် အလေးအနက်မထားသူများအားလည်း အပြစ်ပေးအရေးယူရမည်။
- ဥပဒေရေးရာ စနစ်အတွင်း လာဘ်ပေးလာဘ်ယူမှုများကို လျော့ချရန်အတွက် ဥပဒေရေးရာ အရာရှိများနှင့် ဥပဒေပြုသူများအား သင့်တော်၍ အကျိုးခံစားနိုင်မှုရှိသော လစာများပေးရန်။
- လူထုအခြေပြု အဖွဲ့အစည်းများ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများအား လူကုန်ကူးခံရသူအမျိုးသမီးနှင့် မိန်းကလေးငယ်များအား အကူအညီပေးရာတွင် တားမြစ်ကန့်သတ်ချက်မရှိ ခွင့်ပြု ရန်။
- လူကုန်ကူးခံရသော အမျိုးသမီးနှင့် အမျိုးသမီးငယ်ကလေးများအား အကူအညီပေးနေသော အဖွဲ့များ အားလုံး၏ လုံခြုံရေးကို ဦးစားပေး အလေးထားရန်။
- လူကုန်ကူးခံရသော အမျိုးသမီးငယ်များ၊ အမျိုးသမီးများနှင့် ၎င်းတို့ မိသားစုများ၏ ကိုယ်ပိုင်ဘဝနှင့် ဂုဏ်သိက္ခာများအား လေးစား၍ အလေးအနက်ထား လုပ်ဆောင်ရန်။
- အပြစ်ကျူးလွန်သူများမှ မည်သည့်အခြေအနေကြောင့်ပင်ဖြစ်စေ ၎င်းတို့၏ တာဝန်၊ ရာထူးများကြောင့် လွတ်ငြိမ်းချမ်းသာခွင့် မရှိစေရဘဲ ဥပဒေအရ တရားစွဲဆိုခြင်းနှင့် ထိုက်တန်သော အပြစ်ဒဏ် များ ချမှတ်ရန်။
- အခြားနိုင်ငံအတွင်း လူကုန်ကူးခံရ၍ တရားစွဲဆိုခြင်းနှင့် မိမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရမည့် အနေအထားများကို ရင်ဆိုင်နေရသော အမျိုးသမီးနှင့် အမျိုးသမီးငယ်များအတွက် ဘာသာပြန်များနှင့် နှစ်သိမ့်အားပေးသည့် ဝန်ဆောင်မှုများပေးရန် အစိုးရမှ အပြည့်အဝ တာဝန်ယူရန်။
- အကျဉ်းထောင်ထဲတွင်ရှိသော လူကုန်ကူးခံရသော အမျိုးသမီးနှင့် အမျိုးသမီးငယ်များအား ၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်မှုမခံရစေရန်အတွက် သေချာစွာလုပ်ဆောင်ပေးရန်။

- ဒေသဆိုင်ရာနှင့် နိုင်ငံတကာ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများအရ အစိုးရမှ ၎င်းလုပ်ဆောင်ပေးရမည့် တာဝန်များ လုပ်ဆောင်ပေးခြင်း ရှိမရှိ သိနိုင်ရန်အတွက် လွတ်လပ်သော လူထုအခြေပြုအဖွဲ့များပါဝင်သော လွတ်လပ်သည့် စောင့်ကြပ်စစ်ဆေးသည့် အဖွဲ့တစ်ဖွဲ့ထားရှိရန်။
- လူကုန်ကူးခံရသော အမျိုးသမီးနှင့် အမျိုးသမီးငယ်များအတွက် အခမဲ့ ဥပဒေဝန်ဆောင်မှုများ၊ အားပေးနှစ်သိမ့်ခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ငွေကြေးအထောက်အပံ့များ၊ သင့်လျော်သော နေအိမ်များနှင့် နောက်ဆက်တွဲသင်တန်းများ တက်ရောက်ရန် အခွင့်အရေးများ ရရှိရန်။
- လူ့အဖွဲ့အစည်းအတွင်း အသိပညာပေးရန်နှင့် လူကုန်ကူးခံရသော (သို့မဟုတ်) အခွင့်အရေးချိုး ဖောက်ခံရသောအမျိုးသမီး နှင့် မိန်းကလေးငယ်များအား နားလည်လက်ခံလာနိုင်စေရန် အမျိုးသမီးလူ့အခွင့်အရေးအကြောင်းကို လူထုစည်းရုံးလှုံ့ဆော်ရေးများ ပြုလုပ်ရန်။

## ပုဒ်မ ၁၀။ ပညာရေး

စာချုပ်အဖွဲ့ဝင်နိုင်ငံမှ ပညာရေးနယ်ပယ်တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိစေရန်အလို့ငှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရန်အတွက် အမျိုးသမီးများအား ရမရကို သေချာစေရန် သင့်လျော်သော နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်။ အထူးသဖြင့် အမျိုးသမီးနှင့် အမျိုးသားများ တန်းတူရေးအပေါ် အခြေခံသေချာ၍ –

(၁) အသက်မွေးဝမ်းကျောင်းပုံနှင့် အသက်မွေးမှုပညာ နယ်ပယ်အတွက်လည်းကောင်း၊ ကျေးလက်တောရွာများ၌ မြို့ပြများနည်းတူ ဖွဲ့စည်းတည်ထောင်ထားရှိသည် ပညာရေးဌာနအမျိုးအစားအားလုံးတို့၌ ပညာသင်ကြားရေးနှင့် ဒီပလိုမာဘွဲ့များရရှိရေး အတွက် အာမခံချက် ရှိစေရမည်။ ဤတန်းတူညီမျှရှိရေးသည် မူကြိုများ၊ အထွေထွေ၊ နည်းပညာအသက်မွေးဝမ်းကျောင်းမှု အတတ်ပညာနှင့် အဆင့်မြင့်နည်းပညာရေးများနည်းတူ အသက်မွေးဝမ်းကျောင်းမှုပညာ အမျိုးအစားအားလုံးတို့တွင် အာမ ခံချက်ရှိစေရမည်။

(၂) တူညီသော သင်ရိုးညွှန်းတမ်းများ၊ စာမေးပွဲများ၊ တူညီသော အဆင့်အတန်းနှင့် အရည်အသွေးရှိသည့် ဆရာ၊ ဆရာမများ၊ တူညီသော အရည်အသွေးရှိသည့် စာသင်ကျောင်း အဆောက်အအုံများနှင့် ကျောင်းသုံးပစ္စည်း များ တန်းတူရရှိသုံးစွဲ ခွင့်ရှိစေရန်အာမခံချက်ရှိရမည်။

(၃) အဆင့်တိုင်းတွင် အမျိုးသမီးနှင့် အမျိုးသား အခန်းကဏ္ဍများကို ပုံသေသတ်မှတ်ထားသော အတွေးအခေါ်များနှင့် ထိုရည်ရွယ်ချက်ကို ရရှိရန်အတွက် အကူအညီပေးသော ပညာရေးစနစ်နှင့် အခြားပညာပေးပုံစံများကို သင်ရိုးညွှန်းတမ်းစာအုပ်များမှ ပြန်လည်ပြင်ဆင်ထုတ်နုတ်ခြင်း၊ ကျောင်းပညာရေးစနစ်များနှင့် သင်ကြားရေးနည်းစနစ်များကို ပြောင်းလဲခြင်းများဖြင့် ပြန်လည်ဆန်းစစ်ပြုပြင်သင့်သည်။

(၄) အခမဲ့ပညာသင်ဆုများနှင့် အခြားပညာသင်ကြားခွင့်များကို တန်းတူညီမျှစွာ ရရှိခံစားခွင့်ရှိရမည်။

(၅) ဆယ်ကျော်သက်များအတွက်အသုံးဝင်သော ဘာသာစကားသင်တန်းများ အပါအဝင် အထူးသဖြင့် ပညာသင်သော အရွယ်တွင် ကျောင်းမှနုတ်ထွက်လိုက်ရသူများ၊ အမျိုးသမီးနှင့် အမျိုးသားများအတွင်း ပညာရေးနှင့်ပတ်သက်၍ ကွာဟချက်များ ကြောင့် ပညာဆက်လက်သင်ကြားရန်အတွက် သင်တန်းများတက်ရောက်ခွင့် တူညီစွာရရှိရန် အာမခံရမည်၊

(၆) ကျောင်းသူများ ကျောင်းမှနုတ်ထွက်နှုန်းနည်းပါးစေရန်နှင့် အရွယ်မရောက်ခင် ကျောင်းမှထွက်လိုက်ရသော အမျိုးသမီးများ အတွက် လုပ်ငန်းစဉ်များချမှတ်ရမည်။

(၇) အားကစားကဏ္ဍများနှင့် ရုပ်ပိုင်းဆိုင်ရာ အားကောင်းသန်စွမ်းရေးများအတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ခွင့် တန်းတူရရှိရေး အာမခံချက်ရှိရမည်။

(၈) မိသားစုစီမံကိန်းများအပေါ်တွင် အကြံဉာဏ်ပေးခြင်းအပါအဝင် ကျန်းမာရေး၊ ကျန်းမာသော မိသားစုများ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် တိကျသော ပညာပေးအချက်အလက်များကို သင်ကြားခွင့်၊ ရရှိကျင့်သုံး ခွင့်ရရှိရေး အာမခံချက်ရှိရမည်။

### ခြုံငုံသုံးသပ်ချက်

လူတိုင်းတွင် ပညာသင်ကြားပိုင်ခွင့် အခွင့်အရေးရှိ၍ နိုင်ငံအစိုးရမှ တိုင်းပြည်တွင်းရှိ ကလေးငယ်များအားလုံး ပညာရေးနှင့် ပတ်သက်၍ ခံစားခွင့်ရှိစေရန်အတွက် အထောက်အပံ့ပေးရမည်။ အခြေခံပညာရေးတွင်၂၀၀၀ ပြည့်နှစ် မဟာရည်မှန်းချက်များ (Millennium Development Goal) ကို ဖြည့်ဆည်းအကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံတွင် အခမဲ့ ပညာရေးစနစ်ကျင့်သုံးနေသည်ဟု စစ်အစိုးရစစ်အုပ်စုမှ အသားလွှတ်ပြောဆိုလျက်ရှိသော်လည်း လက်တွေ့အခြေအနေတွင်မူ ပညာရေးစနစ်ကို စစ်အစိုးရမှ လုံးဝအလေးပေးထည့်သွင်း စဉ်းစားခြင်းမရှိဘဲ လျစ်လျူရှုထားသည်။ ကမ္ဘာ့ဘဏ်တွင် ပြထားသော အချက်အလက်များအရ စစ်အစိုးရသည် နိုင်ငံဝင်ငွေ၏ ၄၀ ရာခိုင်နှုန်း အထက်ကို ကာကွယ်ရေးခေါ် ၎င်း၏ တပ်မတော်အတွက် သုံးနေချိန်တွင် နိုင်ငံဝင်ငွေ၏ ၁.၃ ရာခိုင်နှုန်းသာ ပညာရေးအတွက် သုံးစွဲသည်ကို တွေ့ရသည်။ နိုင်ငံတဝှမ်းလုံးရှိ ပညာရေးစနစ်စီမံကိန်းကြီးတခုလုံးမှာ ဆိုးရွားစွာ ပျက်စီးလျက်ရှိပြီး စာသင်ကျောင်းများနှင့် ကျောင်းဆရာ၊ ဆရာမများ (၈၀ ရာခိုင်နှုန်း အောက်ရှိသော အစိုးရ ကျောင်းမှ ကျောင်းဆရာ၊ ဆရာမများသာ သင်တန်းတက်ပြီးသူများဖြစ်သည်)။[၅၄] ကျောင်းစနစ်၏ စီမံခန့်ခွဲရေးနှင့် ဖွဲ့စည်းရေးပါအဝင် သင်ကြားနည်းစနစ်နှင့် သင်ကြားမှုအထောက်အကူ ပစ္စည်းများမှာလည်း အလွန်အမင်း နည်းပါးလျက်ရှိသည်။

ထို့အပြင် လက်ရှိ ပညာရေးစနစ်မှာ လစာငွေအလွန်နည်းသော ပညာရေး ဝန်ထမ်းများအား အဂတိလိုက်စားခြင်းများ[၅၅] ဖြစ်ရန် အားပေးအားမြှောက်ပြုလျက်ရှိသည်။ စစ်အစိုးရအာဏာပိုင်များ၏ သားသမီးများ၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဲ့သို့ ၎င်းအစိုးရ ထောက်ခံသောအဖွဲ့များမှ အဖွဲ့ဝင်များ၏ သားသမီးများ အမှတ်ကောင်းကောင်းကို အခမဲ့ရရှိနေချိန်တွင် သာမန်ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ဆရာ၊ ဆရာမများအား လာဘ်ပေးခြင်းအားဖြင့် အမှတ်ကောင်းစေရန် ကြိုးစားလာရသည်။ ကျောင်းသူ ကျောင်းသားများသည် ၎င်းတို့အဓိကယူသော ဘာသာရပ်များအား လုံးဝနားလည်သဘောပေါက်ခြင်းမရှိဘဲ၊ လာဘ်ပေး၍ အတန်း တက်ခြင်းများဖြင့် ဘွဲ့ရရှိကြသည်။ ထို့ကြောင့် ပညာရေးအဆင့်အတန်းအရ ကြိုးစားမှု၏ တန်ဖိုးကို မသိကျိုးကျွံပြု၍ အခွင့်အရေး ယူတတ်သော ကျောင်းသူ၊ ကျောင်းသားများကိုသာ မွေးထုတ်ပေးသော ကျောင်းပညာရေးကြောင့် ပညာရေးစနစ်မှာ အလွန်အမင်းနိမ့် ကျလျက်ရှိသည်။[၅၆]

ဆိုးရွားစွာ ကျဆင်းလျက်ရှိသော စီးပွားရေးအခြေအနေများမှာလည်း လစာဝင်ငွေနည်းသော ဆရာ၊ ဆရာမများအား ၎င်းတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် စာသင်ချိန်အတွင်း အခြားဝင်ငွေပိုရရှိရေးနည်း လမ်းများရှာဖွေရန် ဖိအားပေးလျက်ရှိသည်။ တချိန် တည်းမှာပင် စစ်အစိုးရမှ ကျောင်းဆရာ၊ ဆရာမများအတွက် ဘဝရပ်တည်နေထိုင်ရေးအတွက် အခက်အခဲဖြစ်စေခြင်းများမှာလည်း ၎င်းတို့အားကျင့်ဝတ်များကို ပစ်ပယ်၍ လာဘ်စားမှုများဖြစ်လာစေရန် ဖိအားပေး လျက်ရှိသည်။

အောက်ဖော်ပြပါ အမျိုးသမီးများမှ ပုံဖော်ပြသော မြန်မာနိုင်ငံအတွင်းရှိ ကျောင်းဆရာ၊ ဆရာမများ၏ လုပ်ဆောင်မှုများသည် ကျောင်းပညာရေးစနစ်အား ထိခိုက်စေကြောင်း ဖော်ပြသည့် သက်သေများပင်ဖြစ်သည်။

## ကျောင်းအတွင်း မုန့်ရောင်းခြင်း

### ၂၃ နှစ်အရွယ် ကရင်အမျိုးသမီးတဦးနှင့် ဩဂုတ်လ ၂၀၀၈ တွင် ဆက်သွယ်မေးမြန်းချက်

*"၂၀၀၁ ခုနှစ် ကျမ (၁၀) တန်းတက်တဲ့အချိန်တုန်းက ကျမစာသင်ခန်းထဲမှာထက် အပြင်မှာက ပိုများတယ်။ ကျမတို့ အားလုံး ကျောင်း ချိန်ကိုသိပေမဲ့ ဆရာမက သူ့ဝင်ငွေပိုရဖို့အတွက် ကျောင်းမှာ မုန့်ဆိုင်ဖွင့်ထားပြီး ကျောင်းချိန်မှာ ဈေးရောင်းတဲ့ အတွက်ကြောင့် ကျမတို့ စာကောင်းကောင်းမသင်ကြဘူး။ ၁၉၉၉ ခုနှစ်တုန်း ကလောက်ဆိုရင်တော့ ဆရာ၊ ဆရာမတွေ ကျောင်းဝင်းအတွင်း မုန့်ရောင်းတာ နည်းနည်းဘဲရှိသေးတယ်။ ဒါပေမဲ့ ၂၀၀၁ ခုနှစ်မှာတော့ မူလတန်းကနေ၊ အထက်တန်း အထိ ဆရာ၊ ဆရာမတွေက ပိုပြီးတော့ မုန့်ရောင်းလာတယ်။ ဒါတောင် သူတို့ဘဲရောင်းတာမဟုတ်ဘူး၊ ကျောင်းသူ၊ ကျောင်းသားတွေကိုလည်း သူတို့ကိုယ်စား ရောင်းခိုင်း သေးတယ်။"*

### အသက် (၂၄) နှစ်အရွယ် မွန်အမျိုးသမီးတဦးနှင့် ဩဂုတ်လ ၂၀၀၈ တွင် တွေ့ဆုံမေးမြန်းချက်

*"ကျမကတော့ မွန်ပြည်နယ်ကဖြစ်ပါတယ်။ ကျမအမေက မူလတန်းကျောင်းဆရာမတယောက်ဖြစ်တယ်။ ကျောင်းကနေ အိမ်ပြန် ရောက်တိုင်း ကျောင်းမှာရောင်းဖို့အတွက် လက်လုပ်မုန့်တွေကို အမေနဲ့အတူ ဝိုင်းကူရတယ်။ ကျောင်းမှာ ကျမအမေလိုဘဲ ဆရာမတွေ အများစုက မုန့်ရောင်းကြတယ်။ ပြီးတော့ ကျောင်းသူ တွေကိုလဲ သူတို့အစား မုန့်ရောင်းခိုင်းတယ်။ တချို့ဆရာမ တွေကျတော့ နေ့လည် ထမင်းစားချိန်မှာ စာသင်ခန်းတွေ တခန်းဝင်တခန်းထွက် မုန့်လိုက်ရောင်းကြတယ်။ တခါတလေကျရင် မုန့်ရောင်းပေးတဲ့ ကျောင်းသူက ကော်မရှင်စားအနေနဲ့ (၁၀) ကျပ်ဖိုးရောင်းရရင် (၁) ကျပ်ရတယ်။"*

## ပုဂ္ဂလိက ကျူရှင်ပေးခြင်း

### *ပလောင်အမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းချက်အရ*

*"ကျမတို့ကို သင်တဲ့ကျောင်းဆရာမတွေဆီကနေ ကျူရှင်ပြန်ယူရတယ်။ တကယ်လို့မတက်ဘူးဆိုရင် ကျမတို့ ဘယ်လောက်ဘဲ ကြိုးစား ကြိုးစား၊ ဘယ်လောက်တော်တော် အမှတ်ကောင်းကောင်းမရနိုင်ဘူး။ ဘယ်လောက် ကြိုးစားပါစေ၊ ဆုလဲမရနိုင်ဘူး။ ဥပမာ – (၇) တန်း တက်နေတဲ့ အရမ်း ကြိုးစားပြီး အရမ်းတော်တဲ့ ကျမညီမလေး ဆိုရင် ကျူရှင်မတက်နိုင်ဘူး။ အဲဒါကြောင့် သူက အတော်ဆုံး (၁၀) ယောက်ထဲမှာ ဘယ်တော့မှမပါဘူး။ အဲဒီ ဆရာ၊ ဆရာမတွေဆီမှာ ကျူရှင်တက်တဲ့ ကျောင်းသူ၊ ကျောင်းသား တွေဘဲ အတော်ဆုံး (၁၀) ယောက်ထဲမှာ ပါတယ်။"*

*အခြား ကရင်အမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းချက်*

> *"စာသင်ခန်းထဲမှာ ဆရာ၊ဆရာမတွေက အားလုံးကို သင်ပေးတာ တော်တော်လေးကိုရှားတယ်။ တချို့ဆရာ၊ ဆရာမတွေက ကျောင်း သူ၊ ကျောင်းသားတွေဖြေနိုင်အောင် သူတို့မေးခွန်းထုတ်နိုင်တဲ့ သင်ခန်းစာတွေလောက်သာ အလွတ်ကျက်ခိုင်းတယ်။ ဘာမှ သဘောပေါက်အောင် ရှင်းပြခြင်းလည်း မရှိဘူး။ အဲဒါပြီးတော့ ကျောင်းသူ၊ ကျောင်းသားတွေက အချိန်ပြည့် သိုးမွေးထိုး နေတဲ့ ဆရာမအရှေ့မှာ သူတို့ကျက်ထားတဲ့စာတွေ အလွတ်ဆိုပြရတယ်။ ဆရာ၊ ဆရာမတွေက ကျောင်း သားတွေ အတန်း စာလုပ်၊ မလုပ်ဆိုတာကိုလဲ ဂရု မစိုက်ဘူး။"*

## အဂတိလိုက်စားရန်အတွက် တွန်းပို့ခံရခြင်း

*ပလောင်အမျိုးသမီးတဦးနှင့် မေးမြန်းချက်*

> *"ကျောင်းသူ၊ ကျောင်းသားတွေက သူတို့ကျောင်းမှာ စာသင်တဲ့ ဆရာမတွေကိုယ်တိုင် ဖွင့်ထားတဲ့ ပုဂ္ဂလိက ကျူရှင်တွေကို တက်ရတယ်။ အတန်းထဲမှာဘဲဖြစ်ဖြစ်၊ ကျောင်းမှာဘဲဖြစ်ဖြစ် ဆရာ၊ ဆရာမတွေရောင်းတဲ့ မုန့်ကိုဝယ်စားပြီး ကျူရှင်တက်နိုင်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေက ပိုပြီးတော့ အခွင့်အရေးရတာ ပုံမှန်လို ဘဲဖြစ်နေတယ်။ ကျမ အထက်တန်းကျောင်းတက်ဖို့ အတွက် တခြား ကျောင်းကိုပြောင်းတော့၊ အဲဒီမှာရှိတဲ့ ကျောင်းဆရာမတွေလည်း ကျောင်းထဲမှာ မုန့်ဆိုင်ဖွင့်ကြပါတယ်။ ကျောင်းချိန်မရောက်ခင် ဆရာမတွေက မုန့်ဆိုင်မှာမုန့်ရောင်းကြပါတယ်။ ဆရာ၊ ဆရာမတွေက အလှည့်ကျ မုန့်ဆိုင်စောင့်ဖို့ တာဝန်ယူကြပါတယ်။ တခြားဆရာ၊ ဆရာမတွေ စာသင်ချိန်မှာ၊ စာသင်ချိန်ပြီးတဲ့ ဆရာ၊ ဆရာမတွေက မုန့်ဆိုင်စောင့်ရပါတယ်။ ကျောင်းသားတွေလည်း စည်းကမ်း လိုက်နာစရာမလိုတော့ဘဲ ကျောင်းချိန်တွင်းမှာလဲ သူတို့မုန့်ဝယ်ချင်ရင် အချိန်တိုင်း မှာ ဝယ်လို့ရပါတယ်။"*

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ စစ်အာဏာရှင်လက်အောက်တွင် အလွန်အမင်း ပျက်စီးယိုယွင်း နေပြီး ပညာရေးစနစ်၏ အရည်အသွေးမှာလဲ အလွန်နိမ့်ကျလျက်ရှိသည်။ ၂၀၀၈ ခုနှစ် အားလုံးအတွက်ပညာရေး – ပညာရေး တိုးတက်မှု အခြေအနေပြညွှန်းဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာစောင့်ကြည့်လေ့လာသော အစီရင်ခံစာ (EFA Global Monitoring Report Education Development Index) အရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ၁၂၉ နိုင်ငံတွင် နံပါတ် ၉၄ တွင်ရှိနေသည်။[၅၇]

## ပညာသင်စရိတ် မြင့်မားခြင်း

ပညာရေးစနစ် မည်သို့ပင်ဆိုးဝါးနိမ့်ကျနေစေကာမူ ကျောင်းသူကျောင်းသားများနှင့် မိဘများမှာ မြင့်တက်လာသော ပညာ သင်စရိတ်များကို အတင်းအကြပ်ပေးဆောင်ခိုင်းခြင်းများ ခံနေရကြရသည်။ ကလေးငယ်တဦးကို မူလတန်းကျောင်းပို့ရန်အတွက် အနည်းဆုံး ကျပ်(၁)သိန်းခန့်၊ အမေရိကန်ဒေါ်လာ (၁၀၀)ခန့်ကုန် ကျသည်။ ကျေးလက်တောရွာများနှင့် တိုင်းရင်းသား နယ်မြေဒေသ များတွင်လည်း အတန်းကြီးလျှင်ကြီးသကဲ့သို့ ပညာသင်ကုန်ကျစရိတ်များ မြင့်မားလျက်ရှိသည်။ ဖေဖြီနှင့် မေလ ၂၀၀၈ ခုနှစ်တွင်း တွေ့ဆုံ မေးမြန်း ချက်များအရ တနှစ်လျှင် ကျောင်းသားတဦးအတွက် ပညာသင် အသုံးစရိတ်မှာ ကျပ်(၁)သိန်းမှ (၄)သိန်းအတွင်း (အမေရိကန် ဒေါ်လာ ၁၀၀ မှ ၄၀၀ အတွင်း) ရှိသည်။[၅၈]

နိုင်ငံ့ဝန်ထမ်း ကျောင်းဆရာ၊ ဆရာမများမှာ လစာငွေမလုံလောက်သောအကြောင်းအရင်းမှာလည်း ကျောင်းသူ၊ ကျောင်းသား များနှင့် ကျောင်းသားမိဘများအပေါ်တွင် ငွေကြေးအကြပ်အတည်းပိုစေခဲ့သည်။ အထူး သဖြင့် ကျေးလက် တောရွာများတွင် မိဘများမှ ငွေများထည့်ဝင်စုဆောင်း၍ ကျောင်းဆရာ၊ ဆရာမများ မိမိ တို့ကျေးရွာများတွင်လာ၍ စာသင်ပေးရန်အတွက် စည်းရုံးရသည်။ ဥပမာ အားဖြင့် ပလောင်ဒေသတခုတွင် ကျောင်းဆရာ၊ ဆရာမများကို ရွာတွင်နေ၍ စာသင်ပေးရန်အတွက် နိုင်ငံ့အမှုထမ်းအဖြစ် ရသော လစာငွေအပြင် အပိုအဖြစ် ငွေတလလျှင် (၃၅၀၀) ကျပ် (အမေရိကန်ဒေါ်လာ ၃ ဒေါ်လာခွဲ) နှင့် ဆန် (၈) ပြည်ပေးရသည်။[၅၉]

၎င်းအပြင် စာမေးပွဲတွင် အမှတ်ကောင်းကောင်းနှင့်အောင်မြင်ရန်အတွက် ကျောင်းသူကျောင်းသားများ သည် စာသင်ခန်းပြင်ပ အချိန်များ၌ ကျောင်းမှ ဆရာ၊ ဆရာမများ ဖွင့်လှစ်သော ကျူရှင်များကိုလည်း တက်ကြရသည်။ ကျူရှင်တက်ရန်အတွက် တစ်လလျှင် ကျပ် ၄၀၀ မှ ၆၀၀၀ ထိပေးရသည်။

# စီဒေါစင်ပြိုင်အစီရင်ခံစာ တိုင်ပင်ဆွေးနွေးပွဲ လုပ်ငန်းစဉ် ဓာတ်ပုံများ

၂၀၀၈ ဇန်နဝါရီလတွင် ကျင်းပသော ပထမအကြိမ် တိုင်ပင်ဆွေးနွေးပွဲ



စာချုပ်အဖွဲ့ဝင်နိုင်ငံအား စစ်ဆေးပုံကို လေ့ကျင့်ခြင်း



စစ်အစိုးရ၏ အစီရင်ခံစာကို ဖတ်ရှုစစ်ဆေးနေခြင်း

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ လူထုအခြေပြု အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်း








Consultation on CEDAW Shadow Report
WLB
13th-16th August 2008
Group (4)
STRENGTH




Consultation on CEDAW Shadow Repo
WLB
13th- 16th August 2008





ကွန်ပြူတာပညာ၊ ဘာသာစကားအတတ်ပညာ၊ စီးပွားရေးပညာ စသောအရည်အသွေးပြည့်မှီသည့် ပညာရေးများကို မြို့ပြများတွင်သာ ပုဂ္ဂလိကအသင်းအဖွဲ့များမှတဆင့် ရရှိနိုင်ပြီး သင်ကြားစရိတ်မှာလည်း မြင့်မားလွန်းပေသည်။

***အသက် ၂၆ နှစ်အရွယ် အမျိုးသမီး စက်ရုံအလုပ်သမားတဦးနှင့် ဧပြီလ (၁) ရက်နေ့တွင် တွေ့ဆုံမေးမြန်းချက်***

*"ပညာရေးဆိုတာ လူချမ်းသာကလေးတွေအတွက်ဘဲ။ ကျမတို့လို ဆင်းရဲသားတွေအတွက် မဟုတ်ဘူး။ ကျမတို့က ပညာလိုချင်ပေမဲ့ မိုးထိခေါင်ခိုက်နေတဲ့ စားဝတ်နေရေးစရိတ်တွေနဲ့ အသက်ရှင်ဖို့ ရုန်းကန်နေရတယ်။ ဒါကြောင့် ကျမတို့ တိုးတက်မှုတွေဆိုတာ ဘယ်လိုလုပ်ပြီးရနိုင်မှာလဲ။ ကျမတို့ဆီမှာ စားဖို့အတွက်တောင် ငွေလုံလုံလောက်လောက် မရှိတာ စာသင်ဖို့ဆိုတာဘယ်လိုလုပ်ပြီး စိတ်ကူး ယဉ်လို့ရနိုင်မှာလဲ။"*

***အသက် ၂၇ နှစ်အရွယ် အမျိုးသမီးစက်ရုံအလုပ်သမားနှင့် မေလ ၁၀ ရက်နေ့ ၂၀၀၈ ခုနှစ်တွင် မေးမြန်းချက်***

*"အသုံးစရိတ်တွေက အချိန်ပြည့်တက်နေတယ်။ လူတွေလဲ ဝတ်နေပြတ်နေကြတဲ့အချိန်၊ စာသင်နှစ်စတဲ့အချိန်မှာ ကျောင်းစရိတ်က ကျပ် (၁)သိန်းကနေ (၂)သိန်း (အမေရိကန်ဒေါ်လာ ၁၀၀ (သို့) ၂၀၀ ) အထိကုန်တယ်။ အဲဒါတောင် အပြင် ကျူရှင်ခမပါသေးဘူး။ အဲဒါကြောင့် ကျမတို့လို အောက်ခြေလူတန်းစားတွေအနေနဲ့ ပညာသင်စရိတ် ဘယ်လိုပေးနိုင်ပါ့မလဲ။ ကျမတို့ အလုပ်ရဖို့အတွက် အလုပ်ရှာရတယ်။ ဒီမှာ အလုပ်ရဖို့အတွက် အသက်လိမ်ရတဲ့ ကျောင်းတက်တဲ့ အရွယ် ၁၂ နှစ် ၁၃ နှစ် မိန်းကလေးငယ်ငယ်လေးတွေ အများကြီးရှိတယ်။ တကယ်လို့သာ အခြေအနေတွေက ဒီအတိုင်း ဘဲဆက်သွားမယ်ဆို နောင်ဆိုရင် မိန်းကလေးပညာတတ်တွေ တယောက်မှ ရှိတော့မှာမဟုတ်ဘူး"*

**အာဏာရှင်စနစ်ကို အထောက်အပံ့ဖြစ်စေသော ပညာရေးယန္တရား**

စစ်အစိုးရသည် ပညာရေးစနစ်ကို ထိန်းချုပ်၍ ၎င်းတို့၏အာဏာတည်တံ့စေရန် ယန္တရား တခုအဖြစ် အသုံးချလျက်ရှိသည်။ ကျောင်းဆရာ၊ ဆရာမများကိုလည်း စစ်အစိုးရအားယုံကြည်၊ ရိုသေစေရန်၊ နိုင်ငံ့ဝန်ထမ်းများအတွက် ထားရှိသော စည်းကမ်းများ လိုက်နာရန်နှင့် ဆူပူလှုပ်ရှားသော ကျောင်းသူ၊ ကျောင်းသားများကို တားဆီးထိန်းသိမ်းရန် လေ့ကျင့်သင်ကြားပေးခြင်းများ လုပ်ဆောင်သည်။ မေလ ၂၀၀၈ ခုနှစ်တွင် စစ်အစိုးရမှ အကောင်အထည်ဖော်စီစဉ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံမဲများ အသေ အချာရရှိစေရန်အတွက် ပညာရေးနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၌ လုပ်နေသော ပညာရေးဝန်ထမ်းများကို အသုံးချလျက်ရှိသည်။[၆၀]

ကျောင်းသင်ရိုးညွှန်းတမ်းမှာလည်း စစ်အာဏာရှင်စနစ်ကို အထောက်အကူပေးသော သင်ရိုးညွှန်းတမ်းသာ ဖြစ်သည်။ ထို့အပြင် ၎င်းသင်ရိုးညွှန်းတမ်းမှာ ကျောင်းသူ၊ ကျောင်းသားများ၏ လက်တွေ့လူမှုဘဝနှင့်၊ လုပ်ငန်းခွင်များတွင် အသုံးဝင်သော ဝေဖန် ပိုင်းခြားနိုင်မှု (သို့) အရည်အသွေး၊ အရည်အချင်းများ တိုးတက်လာစေရန် လုပ်ဆောင်ပေးခြင်းထက် အတန်းတင်စာမေးပွဲများအောင်ရန် တခုတည်းအတွက်သာ အလွတ်ကျက် မှတ်နည်းကို အားပေးလေသည်။ ထို့အပြင် ကျောင်းသူကျောင်းသားများမှာ ကျောင်းအတွင်းတွင်မက၊ ကျောင်းအပြင်တွင်လည်း စည်းမျဉ်း၊ စည်းကမ်းလိုက်နာရန် အခြေခံကျကျ သင်ကြားပေးခြင်း ခံရလေသည်။ ၎င်းစည်းမျဉ်း စည်းကမ်းများ၏ အခြေခံအတွေးအခေါ်မှာ မိမိတိုင်းပြည်နှင့် နယ်မြေများအပေါ်တွင် သစ္စာရှိရန်နှင့် ဆန္ဒကောင်းများနှင့် ပြည့်ဝသော တာဝန်ကျေသည့် နိုင်ငံသားများဖြစ်ရန်ဖြစ်သည်။[၆၁]

ဆရာ၊ ဆရာမများနှင့် အခြား ဝန်ထမ်းများသည် ၎င်းတို့၏ ကျောင်းသူ၊ ကျောင်းသားများနှင့် အတူ စစ်အစိုးရ၏ လက်ကိုင်တုတ်ဖြစ်သော ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ကြံ့ဖွံ့) ၏[၆၂] အဖွဲ့ဝင်အဖြစ်ဝင်ရန် အတင်း အကြပ် ဖိအားပေးခြင်းခံရသည်။ ကြံ့ဖွံ့အဖွဲ့မှာ တနိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်အစိုးရ၏ဝါဒများဖြန့်ချီရန်နှင့် တနိုင်ငံလုံးရှိ လူထုကြီးအား ထိန်းချုပ်ပြီး အာဏာရှင်လက်ကိုင် တုတ်များအဖြစ်အသုံးချရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းအဖွဲ့၏ လှုပ်ရှားမှုများမှာ အတိုက်အခံဒီမိုကရေစီ အင်အားစုများ အားဆန့်ကျင်သော ချီတက်ဆန္ဒပြပွဲများနှင့် စစ်အစိုးရ၏ မူဝါဒများကို ထောက်ခံသော ချီတက်ဆန္ဒပြပွဲများ ဖြစ်သည်။ ဆရာမများနှင့် အခြားအမျိုးသမီး နိုင်ငံ့ဝန်ထမ်းများမှာလည်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအသင်း၏ အဖွဲ့ဝင်ဖြစ်ရန် အတင်းအကြပ် ဖိအားပေးခြင်းခံရသည်။

### *အသက် ၂၄ နှစ်အရွယ် ကချင်အမျိုးသမီးတဦးမှ မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ၏ အဖွဲ့ဝင်သစ် စုဆောင်းပုံများကို ပြောပြချက်*

*"ကျောင်းသူအားလုံးကို အမျိုးသမီးရေးရာအဖွဲ့ကို ဝင်ခိုင်းတယ်။ ကျမတို့အတန်းပိုင် ဆရာမက ကျမတို့ကို ဖောင်ဖြည့်ဖို့ ယူလာပေးတယ်။ ကျမတို့ဖောင်ဖြည့်ပြီးတော့ ဓါတ်ပုံနှစ်ပုံပေးရတယ်။ တစ်ပုံကတော့ ဖောင်မှာကပ်ဖို့နဲ့ နောက်တပုံကတော့ အဖွဲ့ဝင်ကဒ်ပြားမှာ ကပ်ဖို့ဖြစ်တယ်။ အဲဒီလိုနဲ့ ကျောင်းသူအားလုံး မြန်မာအမျိုးသမီးရေးရာ ကော်မတီရဲ့ အဖွဲ့ဝင်တွေဖြစ်ကုန်တယ်။ တကယ်လို့ ကျောင်းသူတဦးဦးက တခြားကျောင်းကို ပြောင်းသွားလို့ သူ့ရဲ့ အဖွဲ့ဝင်ကဒ် (ပျောက်သွားလို့ဘဲဖြစ်ဖြစ်၊ ပျက်စီးသွားလို့ဘဲဖြစ်ဖြစ်) မပြနိုင်ရင် ဖောင်အသစ်ထပ်ဖြည့်ရတယ်။ အဲဒီ အဓိပ္ပါယ်က မြန်မာအမျိုးသမီးရေးရာအဖွဲ့က အဖွဲ့ဝင်တွေ အချိန်တိုင်းမှာ တိုးပွားနေတဲ့ သဘောလိုဖြစ်သွားတယ်။ အဖွဲ့ဝင်ဖြစ်တဲ့အတွက် ကျမတို့က အခမ်းအနားတွေကို တက်ရတယ်။ ဥပမာ – သစ်ပင်စိုက်တဲ့နေ့မှာ သစ်ပင်စိုက်တဲ့ အခမ်းအနား သွားတက်ရတယ်။ ကျမကိုယ်တိုင်က မြန်မာအမျိုးသမီးရေးရာ အဖွဲ့ရဲ့ဖောင်ကို နှစ်ခါတောင်ဖြည့်ရတယ်။ ပထမတကြိမ်က ပြင်ဦးလွင် (မေမြို့) မှာဖြစ်ပြီးတော့၊ ဒုတိယတကြိမ်ကတော့ ကျမ ရန်ကုန်ကျောင်းကို ပြောင်းလာတုန်းက တစ်ခေါက် ထည့်ဖြည့်ရတယ်။"*

### စစ်အစိုးရအတွက် အလုပ်လုပ်နေသူများအတွက် ပညာရေးအခွင့်ထူးများ

စစ်အစိုးရမှ သာမန်လူထုလူတန်းစားများအတွက် ပညာရေးကို လစ်လျူရှုထားချိန်တွင် ၎င်းတို့ စစ်အုပ်စု တစုတည်းအတွက် ရည်ရွယ်၍ ပညာရေးအသင်းအဖွဲ့များကို ဖွဲ့စည်းဖွင့်လှစ်လျက်ရှိသည်။ ၎င်းကျောင်းများသည် စစ်အုပ်စုအတွင်းရှိ သူများသာ ခံစား နိုင်သော ပညာရေးအခွင့်ထူးများကို ဖန်တီးပေးသည်။ စစ်အစိုးရမှ ဖွင့်လှစ်ထားသော ပညာရေးအသင်းအဖွဲ့ကြီး ၄ ခုရှိသည်။ ၎င်းတို့ မှာ စစ်ဖက်ဆိုင်ရာဆေးတက္ကသိုလ်၊ စစ်တက္ကသိုလ်၊ စစ်ဘက်ဆိုင်ရာ စက်မှုတက္ကသိုလ်နှင့် စစ်သူနာပြုကျောင်းတို့ဖြစ်သည်။ ထိုစစ် ဘက်ဆိုင်ရာ ပညာရေးကျောင်းများမှာ စစ်တပ်မှ စစ်တပ်အတွင်းတာဝန်ယူထားသူများ၊ ၎င်းတို့၏ ဆွေမျိုးများ နှင့် မိသားစုဝင်များ အတွက် အဆင့်မြင့် အရည်အသွေးမီ ပညာရရှိရန် အထူးဖွင့်လှစ်ထားခြင်းဖြစ်ပြီး အခွင့်ထူးခံ ပညာတတ် စစ်တပ်လူတန်းစားတရပ်ကို ဖန်တီး နေခြင်း ဖြစ်သည်။[၆၃]

### လစ်လျူရှုခြင်းခံထားရသော တိုင်းရင်းသားနယ်မြေများနှင့် ကျေးလက်တောရွာများမှ ပညာရေး[၆၄]

တိုင်းရင်းသားနယ်မြေများနှင့် ကျေးလက်တောရွာများတွင် ပညာသင်ကြားရန်အခွင့်အရေးမှာ အလွန်ပင်နည်းပါး လှပါသည်။ နိုင်ငံတကာ လွတ်လပ်သော အလုပ်သမားသမဂ္ဂများအဖွဲ့များမှ ၂၀၀၃ ခုနှစ်အတွင်း ထုတ်ပြန်သော အစီရင်ခံစာအရ ပျမ်းမျှအားဖြင့် မြန်မာလူမျိုး အများစုနေထိုင်သော ကျေးလက်ဒေသများတွင် ရွာ(၂)ရွာအတွက် ကျောင်း (၁) ကျောင်း ရှိနေချိန်တွင် တိုင်းရင်းသား လူနည်းစုများ နေထိုင်သော ကျေးလက် ဒေသများတွင် ရွာပေါင်း (၂၅) ရွာအတွက် ကျောင်း(၁) ကျောင်းသာရှိသည်။[၆၅] အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းသားမိဘများမှ မိမိတို့ကိုယ်ပိုင်ဝင်ငွေမှ ငွေများစုကာ ကျောင်းဆရာ၊ ဆရာမများအတွက် လစာငွေကိုပေးရသည်။ ရွာသူ ရွာသားများမှာ မကြာခဏဆိုသလိုပင် ကျောင်းများ[၆၆] ဆောက်ရန် အဆောက်အအုံများအတွက် အတင်းအကြပ် ငွေကောက်ခံမှုများကြောင့် ငွေထည့်ပေးရရုံမျှမက ကျောင်းဆောက်လုပ်ရာတွင်လည်း ဆောက်လုပ်ရေး အလုပ်သမားများအဖြစ်လည်း လုပ်အားပေးရသည်။

### ရန်ကုန်တိုင်း ကျေးလက်ဒေသမှ အသက် ၂၂ နှစ် အရွယ် အမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းချက်

*"ကျမတို့ငယ်ငယ်လေးကတည်းကနဲ့ ဆရာ၊ ဆရာမမလောက်တဲ့အခက်အခဲဖြစ်နေတာ။ လေးတန်းအောင်တဲ့ သူတွေက နှစ်တန်း ကျောင်းသားတွေကို ပြန်သင်ပေးရတယ်လို့ကြားဖူးခဲ့တယ်။ အစိုးရဆီကနေ ကျောင်းအတွက် ပိုက်ဆံအချို့ရပေမဲ့လဲ ကျောင်း ဖွင့်လို့ နှစ်သစ်စတိုင်း ကျောင်းက ဆရာ၊ ဆရာမတွေ စာရေးစားပွဲ၊ ထိုင်ခုံနဲ့ ဖျာတွေ မလောက်ငှတဲ့အတွက် ကျောင်းပစ္စည်း ဝယ်ဖို့ ရုံပုံငွေ ဆိုပြီး အလှူလိုက်ခံနေတာတွေလည်း ကြားရပါတယ်။ ကလေးတွေက သံမံတလင်းပေါ်မှာဘဲ ထိုင်ပြီးတော့ စာသင်ရတယ်။ မိုးရာသီ နဲ့ဆောင်း ရာသီလို အရမ်းအေးတဲ့ ရာသီတွေမျိုးမှာဆိုရင် ကျောင်းသားလေးတွေ မကြာခဏ နေထိုင် မကောင်းဖြစ်ကြတယ်။ ကျောင်းသားတွေ အားလုံးက သံမံတလင်းကြမ်းပေါ်မှာ ထိုင်ပြီး စာလေ့လာဖို့အတွက် သူတို့ကိုယ်ပိုင် ဖျာကို သူတို့ဘာသာ သူတို့ ယူလာ ရပါတယ်။ အခုဆိုရင် မြို့နဲ့နီးတဲ့ ကျောင်းတွေကိုပြန်ပြီးတော့ ပြုပြင်တာတွေ လုပ်နေတယ်။ ဒါပေမဲ့ ကျေးလက်မှာရှိတဲ့ကျောင်း တွေတော့ မပါဘူး။*

*မိုးရာသီမှာဆိုရင် ကလေးတွေက ကျောင်းရောက်ဖို့ ဒူးခေါင်းလောက်ရှိတဲ့ရွံ့တွေကိုဖြတ်ရတယ်။ ကျောင်းကလဲ ရွာနဲ့ဆိုရင် အရမ်းဝေး တဲ့အတွက် မိဘတွေက အမြဲစိုးရိမ်နေရပြီး သူတို့ကလေးတွေကို ကျောင်းကထုတ်လိုက်တာမျိုးတွေလဲ အများကြီး ဘဲရှိတယ်။ သွားလာ ရေးကလဲ အရမ်းခက်တဲ့အတွက် သူတို့ကျောင်းကို ဘယ်လိုသွားနိုင်မလဲ။ အဲဒါတွေက အရမ်းကို ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒီအခက်အခဲတွေ ပပျောက်ဖို့အတွက် မြန်မာ နိုင်ငံမှာ အပြောင်းအလဲရှိမှ ဖြစ်မှာပါ။"*

**ရှမ်းပြည်နယ်၊ လားဟူရွှေ့ပြောင်းဒေသမှ အခြေခံပညာရေးနှင့်ပတ်သက်၍ ဆုတ်ယုတ်သော အခြေအနေများနှင့် ပတ်သက်သော အချက်အလက်များ**

မြန်မာနိုင်ငံ မဲခေါင်ဒေသတလျှောက်ရှိ အိမ်ခြေပေါင်း (၃၀) အထက်တွင်ရှိသော ရွာများအတွက် ပြည်နယ် မူလတန်းကျောင်း တစ်ကျောင်းရှိသည်။ သို့သော်လည်း အများသောအားဖြင့် ကျောင်းတွင် ဆရာ၊ ဆရာမများ၊ စာရေးစားပွဲ၊ ခုံများနှင့် ကျောက်သင်ပုန်း များမရှိပေ။ ရွာသူကြီးမှနေ၍ နိုင်ငံ့ဝန်ထမ်းကျောင်း ဆရာ၊ ဆရာမများအတွက် ရံပုံငွေများ ကောက်ခံနေသည်မှာ ၂၀၀၀ ခုနှစ် ကတည်း ကဖြစ်ပါသည်။ ကျောင်းသုံးပစ္စည်းများအတွက်သော်လည်းကောင်း၊ လစာ ငွေများအတွက်သော်လည်းကောင်း ကောက်ယူခြင်းသည် မိမိတို့ သားသမီးများ အတွက် ပညာရစေချင်သော လစဉ် (သို့) နှစ်စဉ် စစ်အစိုးရ စစ်တပ်များနှင့် စစ်သားများအတွက် ထင်းများနှင့် ဆန်များကို ပေးပို့နေရသော မိဘများအတွက်မူ တကယ့်ကို အခက်အခဲ ဖြစ်စေပါသည်။ ထိုသို့ ဆန်နှင့်ထင်းများ ပေးပို့ရန် ပျက်ကွက်သူ များမှာ ဒဏ်ငွေရိုက်ခံရသည့်အပြင် တခါတရံ နှိပ်စက်ခြင်းလည်း ခံရသည်။[၆၇]

နောက်ဆက်တွဲ မေးမြန်းချက်မှာ အသက် ၃၈ နှစ်အရွယ် ကျောင်းသားမိဘတဦးမှ ကရင်နီပြည်နယ်၏ လက်ရှိပညာရေးစနစ်ကို ပြော ပြခြင်းဖြစ်ပါသည်။

*"ကျမတို့ရွာမှာဆိုရင် လူအများစုက စာမတတ်ကြဘူး။ ကျမတို့ရွာမှာ မူလတန်းကျောင်းတကျောင်းရှိတယ်။ ဒါပေမဲ့ စာသင် ပေးမဲ့ ကျောင်းဆရာ၊ ဆရာမတွေမရှိကြဘူး။ ရွာသူကြီးကနေပြီးတော့ ရန်ပုံငွေထည့်ခိုင်းပြီး ဆရာ၊ ဆရာမတွေကို ငှားပေမဲ့ ကလေး တယောက်မှ ကျောင်းမတက်နိုင်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေက စာအုပ်၊ ခဲတံဖိုးနဲ့ တခြားကုန်ကျစရိတ် တွေကို မပေးနိုင်ဘူး။"*

**ပညာရေးမှတဆင့် ဗမာလူမျိုးကြီးဝါဒကို အားပေးအားမြှောက်ပြုခြင်း။**

လက်ရှိပညာရေးစနစ်သည် မဟာဗမာလူမျိုးကြီးဝါဒအား အားပေးအားမြှောက်ပြုလျက်ရှိသည်။ ပညာရေးစနစ်အတွက် အဓိက ဘာသာစကားမှာ မြန်မာစကားဖြစ်သည်။ အင်္ဂလိပ်မှလွဲ၍ ကျန်သော ဘာသာရပ် အားလုံးကို မြန်မာစာ၊ စကားဖြင့်ပင် သင်ကြား ပေးသည်။ စစ်အစိုးရမှ ဒေသခံလူများနှင့် ဘာသာစကား ကျွမ်းကျင်သူများကို ဆရာ၊ ဆရာမ များဖြစ်လာစေရန် သင်ကြား ပေးရမည့် အစား ပြည်မမှ ဆရာ၊ ဆရာမများကို တိုင်းရင်းသားဒေသများသို့ ပို့ဆောင်သည့် ပေါ်လစီကို ကျင့်သုံးလျက်ရှိသည်။ တိုင်းရင်း သားပြည်နယ်များတွင်ရှိသော စာသင်ကျောင်းများတွင်လည်း တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြားခြင်းကို ခွင့်မပြုပေ။ အကယ်၍ ၎င်းတို့တိုင်းရင်းသားဘာသာစကားဖြင့် စာသင်ခန်းတွင်သာမက၊ စာသင်ကျောင်းအပြင် ဘက်တွင်လည်း သင်မိသော ဆရာ၊ ဆရာမများမှာ အာဏာပိုင်များ၏ အနှောင့် အယှက်ပေးခံရမည်ကို အမြဲပင် ကြောက်ရွံ့နေကြရသည်။ ဘာသာစကားအခက်အခဲမှာလည်း တိုင်းရင်းသား ကလေးငယ်များ စာသင်ကျောင်းတွင် သွားရောက်ပညာသင်ကြားခြင်းကို ဟန့်တားထားသော အတားအဆီး တခုဖြစ်သည်။ ဝင်ငွေ နည်းပါးခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် တိုင်းရင်းသားကလေးငယ် အနည်းငယ်သာ ၎င်းတို့၏ ဒုတိယအဆင့် (သို့) တတိယအဆင့် ပညာများကို ဆက်လက်သင်ယူနိုင်သည်။[၆၈]

ရလာဒ်အားဖြင့် တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ လူသားများအနေဖြင့် မရှိမဖြစ်လိုအပ်သော အရာများကို တိုးတက်အောင် ပြုလုပ်ရန်အတွက် အခွင့်အရေးများနှင့် ပို၍ပို၍ဝေးကွာပြီး အဘက်ဘက်မှ လူများစုဖြစ်သော ဗမာလူမျိုးများ၏ နောက် တွင်သာ ကျန်ခဲ့ သော အနေအထားဖြစ်နေသည်။

## ပညာသင်ကြားရေးကို အဟန့်အတားဖြစ်စေသော လူ့အခွင့်အရေးချိုးဖောက်မှုများ

အစီအစဉ်ချ လူ့အခွင့်အရေးချိုးဖောက်မှုများသည်လည်း တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားရန်အတွက် အဟန့်အတား ဖြစ်စေသော အရေးပါသည့်အချက်တချက်ဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂမှ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ထားသည့် ပညာရေးနှင့် ပတ်သက်သော အစီရင်ခံစာ သည် တိုင်းရင်းသား ဒေသများအတွင်း ညံ့ဖျင်းလွန်းလှသောလက်ရှိပညာရေးစနစ်ကို မီးမောင်းထိုးပြထားရုံမက အစိုးရ၏ တိုင်းရင်းသားဒေသများအတွင်း နည်းပါးလွန်းသော အထက်တန်းကျောင်းများ ရုပ်သိမ်းနှုန်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကိုလည်း ဖော်ပြထားသည်။ ထို့အပြင် တိုင်းရင်းသားဒေသများအတွင်း မိဘများမှ အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်းများနှင့် အဓမ္မ လုပ်အားပေးခိုင်းစေခြင်းနှင့် ခြိမ်းခြောက်မှုများအပါအဝင် အစိုးရ စစ်သားများ၏ ထပ်ဆင့်လူ့အခွင့်အရေးချိုးဖောက်ခြင်းများကိုလည်း ဖော်ပြထားသည်။ ထို့ကြောင့် မိဘများမှာ မိမိတို့၏ရင်သွေးများကို ပညာသင်ကြားရန်အတွက် စာသင်ကျောင်းသို့ မပို့နိုင်သလောက် အခြေအနေနှင့် ရင်ဆိုင်ကြရသည်။ ထိုသို့သော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ရလာဒ်အဖြစ် မိမိတို့အရပ်ဒေသတွင် မနေဝံ့တော့ဘဲ ထွက်ပြေးတိမ်းရှောင်မှုများကြောင့် ပြည်တွင်းဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအဖြစ် နေထိုင်ကြရသည့် လူအများအပြားရှိလေသည်။

## ပြည်တွင်းဒုက္ခသည်နေရာများမှ အခြေခံပညာရေး

မွေးကင်းစကလေးငယ်များမှ သက်ကြီးရွယ်အိုများအထိပါဝင်သော မိသားစုအများအပြားမှာ ၎င်းတို့၏ နေရာ ဒေသများကို စွန့်ခွာ၍ ပြည်တွင်းဒုက္ခသည်များအဖြစ် နေထိုင်ကြရသည်။ အဘယ့်ကြောင့်ဆိုသော် စစ်အစိုးရ၏ ထိုးစစ်ဆင်မှုများ၊ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်းနှင့် လယ်မြေယာမြေများ သိမ်းယူခြင်းအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်ဖြစ်သည်။ ပြည်တွင်းဒုက္ခသည်များသည် ယာယီတဲများဖြင့် တောတောင်များတွင် အသက်ရှင်ရေးအတွက် တွေ့ရာနေရာတွင် ပစ်ခတ်နိုင်သော စစ်အစိုးရ စစ်တပ်များနှင့် မတွေ့စေရန် ရှောင်တိမ်း၍ ပုန်းအောင်းနေထိုင်ကြရသည်။ သို့သော်လည်း စစ်အစိုးရသည် မြန်မာနိုင်ငံတွင် ပြည်တွင်းဒုက္ခသည်များရှိသည်ဆိုသည်ကို မည့်သည့်အခါမှ ဝန်မခံခဲ့ပေ။ ထိုကဲ့သို့သော ပြည်တွင်းဒုက္ခသည်များ နေထိုင်ရာဒေသများတွင် ကလေးငယ်များ ပညာသင်ကြားရေးမှာ အလွန်တရာပင် အကန့်အသတ်ဖြစ်လှပေသည်။ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ၏[၆၉] သတင်းအချက်အလက်များအရ ကရင်နီ၊ ကရင်၊ ရှမ်းနှင့် ဝပြည်နယ်အတွင်းရှိ ပြည်တွင်းဒုက္ခသည်များ နေထိုင်ရာဒေ သများတွင် ပညာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုများနည်းပါးခြင်းနှင့် မတည်ငြိမ်သောအခြေအနေများကြောင့် ၂၀ ရာခိုင်နှုန်း အောက်သာရှိသော လူဦးရေမှာ အခြေခံပညာကို သင်ကြားနိုင်သည့်အချိန်တွင် မူကြိုကျောင်းကဲ့သို့ ကလေးငယ်များအတွက် ပညာရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုများမှာ သုည ရာခိုင်နှုန်းသာရှိသည်။

## ကမ္ဘာ့ကုလသမဂ္ဂမှ ဆက်လက်ထောက်ခံလျက်ရှိသော နိမ့်ကျအသုံးမဝင်သည့် ပညာရေးစနစ်

စစ်အစိုးရသည် UNICEF,UNDP,UNESCO တို့နှင့် ပူးပေါင်း၍ ၁၉၉၁ ခုနှစ်တွင် UNICEF မှ အစပြုပေးခဲ့သော ဆက်လက်လေ့လာ သုံးသပ်ခြင်းနှင့် တိုးတက်သောစနစ် (CAPS -Continuous Assessment and Progression System) အပါအဝင် ပညာရေးနှင့် ပတ်သက်သော လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်လျက်ရှိသည်။ စစ်အစိုးရမှ UNICEF နှင့် အခြေခံပညာရေးဌာနတို့ တွဲဖက်လုပ်ကိုင်သော ထိုလုပ်ငန်းစဉ်မှာ အောင်မြင်မှုရှိသည်ဟုလည်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။[၇၀] သို့သော် လက်တွေ့အခြေ အနေမှာမူ **(CAPS)** မှာ အောင်မြင်မှုမရှိပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းလုပ်ငန်းစဉ်အတွက် ကောင်းမွန်ရှင်းလင်းသော လုပ်ငန်းစဉ်များ (သို့မဟုတ်) ထိန်းသိမ်းနိုင်မှုများအား ကြိုတင်မပြင်ဆင်နိုင်မီ အကောင်အထည်ဖော်သောကြောင့်ရရှိသော ရလာဒ်မှာလည်း ပျက်စီးချို့ယွင်းသော ပညာရေးစနစ်သာဖြစ်သည်။

ကျောင်းဆရာ၊ ဆရာမများအားလည်း ထိုစနစ်သစ်ကို အသုံးပြုနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးခြင်းမရှိပေ။ ထို့ကြောင့် အတန်းပိုင်ဆရာများနှင့် စာသင်ခန်းကြီးများမှာ အကူဆရာ၊ ဆရာမများမပါဘဲ အမျိုးမျိုးသော တိုင်းတာမှု ယန္တရားများကို စီမံခန့်ခွဲရန်အတွက် မဖြစ်နိုင်ပေ။ ထို့အပြင် အထူးအကူအညီလိုအပ်သော ကလေးငယ်အများအပြားအတွက် အစိုးရမှ ကူညီထောက်ပံ့ပေးမှုများမရှိပေ။[၇၁] ပညာရေးအာဏာပိုင် များသာမဟုတ်ဘဲ UNICEF မှလည်း ထိုလုပ်ငန်းစဉ်၏ရလာဒ်ကို တရားဝင် ပြန်လည်စစ်ဆေး၊ သုံးသပ်ချက်များ ပြုလုပ်ခြင်းမရှိပေ။[၇၂]

**CAPS – ကျရှုံးမှု**

**NHEC** နှင့် **JICA** အရာရှိ တို့ တွေ့ဆုံမေးမြန်းချက် (ရန်ကုန် ၂၀၀၆)

ဂျပန်နိုင်ငံမှ နိုင်ငံတကာပူးပေါင်းလုပ်ဆောင်ရေးအေဂျင်စီသည် မြန်မာနိုင်ငံတွင် အခြေခံပညာရေးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့အား ကလေးငယ်များအားဗဟိုပြုသောချဉ်းကပ်နည်းကို တိုးတက်စေရန်အတွက် အထောက်အပံ့ပေးနေသည်မှာ ၂၀၀၀ ခုနှစ်အစောပိုင်းလောက်ကတည်းကဖြစ်သည်။ သို့သော်လည်း ကန့်သတ်ချက် အများအပြားကြောင့်သော်လည်းကောင်း၊ ပူးပေါင်းပါဝင်မှု နည်းပါးခြင်းကြောင့်သော်လည်းကောင်းနှင့် အာဏာပိုင်များ၏ အပြောင်းအလဲလုပ်လိုမှုဆန္ဒများ နည်းပါးခြင်းတို့ကြောင့်သော် လည်းကောင်း၊ ကျွန်ုပ်တို့အနေဖြင့် ရှေ့ဆက်တိုးရန် မဖြစ်နိုင်ပေ။ ဦးတည်ရာမရှိဖြစ်နေသော အနာဂတ်မြန်မာ နိုင်ငံ၏ ပညာရေးအခြေအနေအား ကျွန်ုပ်တို့အနေဖြင့် အလွန်ပင်စိတ်ပျက်၍ စိုးရိမ်မိပါသည်။ [၇၃]

## အမျိုးသမီးနှင့် အမျိုးသမီးငယ်များအပေါ် သက်ရောက်မှုများ

### ကျားမတန်းတူရေးမရှိသောကြောင့် နောက်ကျန်ရစ်ခဲ့သော အမျိုးသမီးငယ်လေးများ၏ ပညာရေး

မြန်မာနိုင်ငံတွင် ဗမာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမှုရေးစည်းမျဉ်းများကို လေးလေးနက်နက်ထား ယုံကြည်မှုများနှင့် ကျင့်သုံးမှုများကြောင့် လူအဖွဲ့အစည်းတခုလုံးသည် ဖိုဝါဒကြီးစိုးသော လူ့အဖွဲ့ အစည်းအဖြစ်တည်ရှိသည်။[၇၄] ထိုကဲ့သို့ ကျားမတန်းတူညီမှုမရှိသော ကြောင့် အမျိုးသမီးငယ်များ၏ ပညာသင်ကြားမှုမှာ နောက်ကျ ကျန်လျက်ရှိသည်။ မိဘများမှာလည်း သမီး မိန်းကလေးများထက် သားယောကျ်ားလေးများကို ကျောင်းထားရန်အတွက် ပို၍ဦးစား ပေးလေသည်။ အထူးသဖြင့် စီးပွားရေးကြပ်တည်းသောမိသားစုများတွင် သမီးမိန်းကလေးများသည် ၎င်းတို့၏ပညာရေးကိုစွန့်လွှတ်ရန်အတွက် အလားအလာပိုများ၍ မိသားစုကို ထောက်ပံ့ရန်ဝင်ငွေရသော လုပ်ငန်းများကို ရှာဖွေလုပ်ကိုင်ကြရသည်။ ဤသို့ ရှောင်လွှဲ၍မရသော အခြေအနေများသည် အမျိုးသမီးငယ်များအား အမျိုးသားလူငယ်များထက်စာလျှင် ပညာသင်ကြားတတ်မြောက်မှု နည်းပါးသောအခြေအနေရောက်အောင် ဖန်တီးပေးလျက်ရှိသည်။

မြန်မာနိုင်ငံမှ လူဦးရေ၏(၉၀)ရာခိုင်နှုန်းမှာ စီးပွားရေးကြပ်တည်းမှုကိုရင်ဆိုင်နေကြရသည်။[၇၅] အမျိုးသမီးငယ်များသည် ၎င်းတို့၏ မိသားစုများကို ထောက်ပံ့ရန်အတွက် ဝင်ငွေရရှိမည့် အလုပ်များလုပ်ကိုင်ရန် ကျောင်းထွက်နှုန်းမှာလည်း ပို၍ပို၍ များပြားလျက်ရှိသည်။ လက်တလော UNICEF ၏ စာရင်းဇယားများအရ ၅၅ ရာခိုင်နှုန်းသော ကလေးငယ်များသာ အခြေခံပညာမူလတန်း ကျောင်းကိုတက်ရောက်၍ မူလတန်းအဆင့်ကျောင်းပညာ ပြီးမြောက်အောင်မြင်၍ အမျိုးသမီးငယ်ထု၏ ထက်ဝက်ထက်နည်းသော အမျိုးသမီးငယ်များသာ အခြေခံပညာအဆင့် ပြီးမြောက်အောင်မြင်သည်။[၇၆] ထို့သို့ပညာအရည်အချင်း အကန့်အသတ်ဖြစ်မှုများကြောင့် အမျိုးသမီးငယ်များမှာ အသက်ရှင်ရပ်တည်ရေးအတွက် ရရာအလုပ်ကိုရှာဖွေလုပ်ကိုင်ကြရသည်။

### *အသက် ၂၆ နှစ်အရွယ် စက်ရုံအလုပ်သမားအမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းချက်*

*"ကျမမှတ်မိသလောက်ဆိုရင်တော့ ကျမတို့မိသားစုက အရမ်းဆင်းရဲတယ်။ ကျမငယ်ငယ်ကတည်းကနေ ကန်စွန်းရွက်ခူးပြီးတော့ ရောင်းရတယ်။ ကျမအသက်ကြီးလာတော့ ပန်းရံအလုပ်သမအဖြစ် ကျောက်ခဲနဲ့ အုတ်သယ်တဲ့အလုပ်ကိုလုပ်တယ်။ အဲဒါအပြင် ကျမ လုပ်တဲ့အခြားအလုပ်တွေလည်းရှိသေးတယ်။ ကျမလမ်းဘေး ဈေးသည်လည်း လုပ်ခဲ့ဖူးတယ်။ ကျမရန်ကုန်ကိုသွားပြီးတော့ စက်ချုပ်သမားအဖြစ် ၇ နှစ်လောက်မလုပ်ခင်မှာ စတိုးဆိုင်တခုမှာလည်း လုပ်ဖူးသေးတယ်။ အဲဒါလည်း ကျမဝင်ငွေက မလောက်သေးဘူး အဲဒါကြောင့်ကျမ အာလူးကြော်တဲ့ အလုပ်ကို ပြောင်းလုပ်လိုက်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တရက်ကို ၆၀၀ ကျပ် (ပြား ၆၀ အမေရိကန်ဒေါ်လာ) ရတယ်။ အမှန်က အဲဒီအလုပ်က အရမ်းပင်ပန်းတဲ့အလုပ်ပါ။ အာလူးအချိုန် နှစ်ဆယ်ကို အခွံနွာတာ၊ ကြော်တာနဲ့ ဆိုင်တွေကို လိုက်ပို့တာကအစ ကျမတယောက်တည်းလုပ်ရတယ်။ အဲဒီအချိန်တုန်းက ကျမအသက် ၁၉ နှစ်ဘဲရှိသေးတယ်။ ကျမ အဲဒီမှာ တနှစ်လောက်ဘဲလုပ်ပြီးတော့ ၂၀၀၃၊ ၂၀၀၄ မှာ အဲဒီ အလုပ်ကနေနားပြီးတော့ ထိုင်းမှာအလုပ်လာလုပ်တယ်။"*

### *အသက် ၂၃ နှစ်အရွယ် အမျိုးသမီးနှင့် ၂၀၀၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ တွင် တွေ့ဆုံမေးမြန်းချက်*

> *ကျမအမေက မုန့်ဟင်းခါးဆိုင်ဖွင့်တယ်။ ကျမကတော့ အမေ့ကို ကူရတာပေါ့။ ကျမအမေနဲ့ အစ်ကိုကြီးက အလုပ်လုပ်ပြီး ကျမတို့ မိသားစုကို ထောက်ပံ့တယ်။ ကျမတို့က လက်လုပ်လက်စားတွေဖြစ်တဲ့အတွက် ကျမတို့ အရမ်းကို ပင်ပင်ပန်းပန်း လုပ်ရတယ်။ ကျမတို့ ဒေသက အာဏာပိုင်တွေရဲ့ အခွန်တွေကောက်တာကလည်း အရမ်းများပါတယ်။ ကျမအောက်မှာ မောင်လေးနဲ့ ညီမလေးတွေ လည်းရှိသေးတဲ့အတွက် ကျမကျောင်းကနေ ထွက်ပြီးတော့ ကျမမိသားစုကို ထောက်ပံ့ဖို့ အတွက် စက်ရုံမှာ အလုပ်လုပ်နေရတယ်။”*

### အမျိုးသမီး ကျောင်းသူများ ကျောင်းစရိတ်ပေးရန်အတွက် အချိန်ပိုင်းအလုပ်လုပ်ရခြင်း

အချို့အမျိုးသမီးငယ်များမှာ ကျောင်းတက်ခွင့်ရသော်လည်း အများစုမှာ ကျောင်းချိန်ပြီးနောက်ပိုင်းနှင့် ကျောင်းပိတ်ရက်များတွင် မိသားစုများကို ထောက်ပံ့ရန်အတွက် အလုပ်လုပ်ကိုင်ကြရသည်။ အမျိုးသမီးများမှာ ကျောင်းစရိတ် ပေးရန်အတွက် ရရာအလုပ်ကို လုပ်၍ကျောင်းတက်ရသည်ဟုလည်း တွေ့ဆုံမေးမြန်းစဉ် အများစု သော အမျိုးသမီးနှင့် အမျိုးသမီးငယ်များက ပြောကြားခဲ့သည်။ အချို့ အလွန်ဆင်းရဲသော မိသားစုမှ အမျိုးသမီးငယ်များမှာ အဆင်ပြေသော ဆွေမျိုးများထံသွား၍ ချက်ပြုတ်ခြင်းနှင့် ကလေးထိန်းပေးခြင်း စသောအိမ်တွင်း လုပ်ငန်းများကို ကျောင်းစရိတ်ရရန်အတွက်လုပ်ကိုင်ပေးရသည်။

### အမျိုးသမီးငယ်များ ကျောင်းစရိတ်ပေးရန်အတွက် လုပ်ကိုင်ရသော လုပ်ငန်းများ

- အိမ်မွေးကြောင်များကို တာဝန်ယူရခြင်း
- ထင်းရှာခြင်း
- ထင်းသယ်ခြင်း
- ရေသယ်ခြင်း
- ကလေးထိန်းခြင်း
- မုန့်ထုပ်ခြင်း
- လမ်းဘေးဈေးရောင်းခြင်း
- လက်ဖက်ခူးခြင်း
- လက်ဖက်ကုမ္ပဏီ၌ အလုပ်လုပ်ခြင်း
- လက်ဖက်စိုက်ခြင်း၊ မီးသွေးဖုတ်ခြင်း စသော မိဘများ၏ အလုပ်အကိုင်၌ ကူညီခြင်း
- မိဘနှင့် ဆွေမျိုးများပိုင်ဆိုင်သော ဈေးဆိုင်၊ စားသောက်ဆိုင်နှင့် ကုန်ခြောက်ဆိုင်များတွင် ဝိုင်းဝန်းလုပ် ဆောင်ခြင်း
- မိဘများ (သို့) အခြားသူများ၏ လယ်မြေများတွင် လုပ်ကိုင်ခြင်း
- အိမ်နီးချင်းများ၏ ကလေးငယ်များအပါအဝင် အခြားကလေးငယ်များအား စာသင်ကြားပေးခြင်း။

### အမျိုးသမီးငယ်များနှင့် အမျိုးသမီးကျောင်းဆရာမများ အခြားနိုင်ငံသို့ရွှေ့ပြောင်းအလုပ်လုပ်ခြင်း။

အမျိုးသမီးငယ်အများစုဟာ အိမ်နီးချင်းနိုင်ငံတွေကို အလုပ်သွားရှာဖို့ ဖိအားပေးခြင်းခံရသည်။ ၎င်းတို့သွားမည့် နိုင်ငံအတွင်းရှိ ဥပဒေများ၊ လူမှုအသိုင်းအဝိုင်း၏အမူအကျင့်နှင့် အနေအထားများ၊ မိမိတို့လုပ်ကိုင် ရမည့် လုပ်ငန်းများ၏ အခြေအနေများကို မသိသောကြောင့် ၎င်းတို့အိမ်မှ စတင်ထွက်ခွာစဉ်မှစ၍ ရောင်းစားခံ ရခြင်းများနှင့် အမြတ်ထုတ်ခံ ရခြင်းများဖြစ်ပေါ်ရန် အလားအလာများစွာရှိနေသည်။ အမျိုးသမီးငယ်များသာမက ကျောင်းဆရာ၊ ဆရာမများလည်း ကျောင်းမှထွက်၍ အခြားအိမ်နီးချင်းနိုင်ငံများတွင် အလုပ်များသွား ရောက်လုပ်ကိုင်သည်။ အဘယ့်ကြောင့်ဆိုသော် စာသင်၍ရသော လစာငွေမှာ မလောက်ငသောကြောင့်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီး ကျောင်းဆရာမများမှာ မြန်မာနိုင်ငံတွင်ရသော လစာငွေထက် ပို၍ရနိုင်သောအလုပ်များကို အိမ်နီးချင်းနိုင်ငံများသို့သွားရောက်လုပ်ကိုင်၍ ၎င်းတို့၏မိဘများနှင့် မောင်ညီမငယ်များကို ထောက်ပံ့ရသည်။[၇၇]

### *အသက် ၂၂ နှစ်အရွယ် ယခင်က ကျောင်းဆရာမဖြစ်သူနှင့် တွေ့ဆုံမေးမြန်းချက်*

> *"ကျမက ထိုင်းနိုင်ငံကိုမလာခင်က ကျောင်းဆရာမလုပ်တယ်။ ရန်ကုန်နဲ့ မြဝတီမှာလဲ ကလေးတွေကို အပြင်မှာ ကျူရှင်ပြတယ်။ ပထမ ဆုံးမူလတန်းပြဆရာမအဖြစ်လုပ်ပြီး သင်တန်းတခုအပြီးမှာ အလယ်တန်းပြဆရာမအဖြစ် ရာထူးတိုးသွားတယ်။ သူတို့ တက်ခိုင်းတဲ့ သင်တန်းတိုင်းကို ကျမတို့က ကိုယ့်ငွေနဲ့ကိုယ် အကုန်ကျခံပြီးတော့မှ သွားတက်ရတယ်။ ကျမ လခက တလကို ကျပ် (၃၄၀၀၀) (ခန့်မှန်း ခြေ ၃-၄ အမေရိကန်ဒေါ်လာ) နဲ့ တခြား ဆပ်ပြာ၊ ဆန်နဲ့ဆီ စတဲ့ အိမ်သုံး တွေရတယ်။ အဲဒါက မိသားစုကို ထောက်ပံ့ဖို့မပြောနဲ့ ကိုယ့်ဖာသာကို ရပ်တည်ဖို့တောင်မလောက်ဘူး။ အဲဒါကြောင့် အလုပ်ကနေထွက်ပြီးတော့ အခု ထိုင်းကိုလာပြီး သိုးမွေးစက်ရုံမှာ အလုပ်လာလုပ်နေတာ။"*

### ကျောင်းသူအမျိုးသမီးငယ်များ စစ်အစိုးရ၏ တပ်သားများမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံရနိုင်သော အခြေအနေများ

စစ်ဖြစ်ပွားရာ ဒေသများတွင် အခြားလူ့အခွင့်အရေး ချိုးဖောက်ခြင်းများကို ခံရသည့်အပြင် ကျောင်းသူအမျိုးသမီးငယ်များသည် စစ်အစိုးရစစ်သားများ၏ လိင်ပိုင်းဆိုင်ရာနှင့် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများကို အချိန်မရွေးကျူးလွန်ခံရနိုင် သော အခြေအနေများရှိသည်။ အထက်တွင်ဖော်ပြထားခဲ့သည့်အတိုင်း ယေဘူယျအားဖြင့် ရွာ ၂၅ ရွာအတွက် ကျောင်းတကျောင်းသာ ရှိသော တိုင်းရင်းသားဒေသများတွင် အနီးဆုံး ဖြစ်သော ရွာတစ်ရွာမှ ကျောင်းသို့ ရောက်ရန်အတွက် နာရီဝက်ခန့် လမ်းလျှောက်ရသည်။ ထို့ကြောင့် ကျောင်းသူအမျိုးသမီးငယ်များသည် ကျောင်းသွား ကျောင်းပြန်ရာလမ်းတလျှောက်လုံးတွင် အဓမ္မကျင့်ခံရနိုင်သော အခြေအနေများစွာရှိသည်။[၇၈] (အသေးစိတ်အချက်အလက်များကို အမျိုးသမီးများအပေါ်အကြမ်းဖက်မှု အပိုင်းတွင် ကြည့်နိုင်သည်။) ထိုကဲ့သို့သော စိုးရိမ်ဖွယ်ရာ အခြေအနေများကြောင့် မိဘများသည် ၎င်းတို့၏သမီးများကို ကျောင်းထုတ်ခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်ပေါ်လျက်ရှိသည်။

### အကြံပြုချက်များ

- စစ်တပ်၏အသုံးစရိတ်အား အလွန်လျှော့ချရမည်။ သို့မှသာ ၁၀ ရာခိုင်နှုန်းသော အမျိုးသားဘဏ္ဍာငွေအား ပညာရေး အတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ဘဏ္ဍာရေးကိန်းဂဏန်းအား လူအများအလွယ်တကူ ရရှိနိုင်၊ ဖတ်ရှုနိုင်ရမည်။
- စစ်တပ်အသိုင်းအဝိုင်းအတွက် အခွင့်ထူးခံများအဖြစ် ဖန်တီးပေးသော ပညာရေးစနစ်မျိုးကိုဖော်ဆောင်ပေးသည့် စစ်တပ် ပညာရေးနှင့် ဆက်စပ်သော အသင်းအဖွဲ့များအား ရိုးရိုးပညာရေးအသင်းအဖွဲ့ များထက်ပိုသာသော (သို့) မညီမျှသော ပညာရေး အသုံးငွေများ ပေးခြင်းမလုပ်ရ။
- နေရာအနှံ့၌ရှိသောကျောင်းများ အထူးသဖြင့် ကျေးလက်ဒေသများရှိကျောင်းများအား အရည်အသွေးပြည့်မှီသော ပညာရေး စနစ်များဖြင့် အထောက်အပံ့ပေးရမည်။
- ပညာရေးစနစ်အတွင်း လာဘ်စားမှုများ ပပျောက်ရန်အတွက်နှင့် ကျောင်းဆရာ၊ ဆရာမများ (အထူး သဖြင့် ဆရာမများ) အသက်ရှင်ရပ်တည်ရေးအတွက် ကျောင်းချိန်အပြီး ပုဂ္ဂလိက ကျူရှင်ပြရခြင်းများကို တားဆီးရန်အတွက် ကျောင်းဆရာ၊ ဆရာမ များနှင့် ပညာရေးပါမောက္ခများအား လုံလောက်သောလစာများနှင့် လူမှုဖူလုံရေး အကျိုးအမြတ်များအား ခံစားခွင့်ရှိ စေရမည်။
- ပညာရေးစနစ်အား စစ်တပ်၏ဝါဒဖြန့်ရာတွင်လည်းကောင်း အာဏာရှင်စနစ်ကို တည်မြဲအောင်ဆက်လက်ထိန်းသိမ်းရာတွင် လည်းကောင်း အသုံးချသော ယန္တရားအဖြစ် အသုံးမချရ။
- ပညာရေးနှင့်ပတ်သက်သော ရည်ရွယ်ချက်အားလုံးပြည့်မပြည့်အား စောင့်ကြပ်စစ်ဆေးသော လွတ်လပ်သည့်ကြီးကြပ် ကွပ်ကဲသော စနစ်တခုရှိရမည်။
- အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအစိတ်အပိုင်းများနှင့် နိုင်ငံတကာအေဂျင်စီများနှင့် ဆက်စက် လုပ်ဆောင်မှုများ အပါအဝင် ပညာရေးနှင့်ပတ်သက်သောလုပ်ငန်းလှုပ်ရှားမှုများအတွက် တိကျရှင်းလင်းသော၊ ထင်သာမြင်သာရှိသော တာဝန်ခံမှုနှင့် တာဝန်ယူမှုများ ရှိရမည်။
- နိုင်ငံတဝှမ်းမှ အမျိုးသမီးငယ်များနှင့် အမျိုးသမီးများကျောင်းမှ နှုတ်ထွက်မှုများ တားဆီးရန်အတွက် ပညာသင်ဆု (သို့) ထောက်ပံ့ ကြေးများ အပါအဝင် အထူးလုပ်ငန်းစဉ်များ ရှိရမည်။
- အမျိုးသမီးများအား ပညာသင်ရန်အတွက် အခက်အခဲ၊ အနှောင့်အယှက်ဖြစ်စေသော ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမှ အခြေခံ လာသော စည်းမျဉ်းဥပဒေများ၊ ပုံစံခွက်အတွင်း ထည့်သွင်းမှုများကို ပယ်ဖျက်ရန်အတွက် လုပ်ငန်းစဉ်များ ရှိရမည်။

- သင်ကြားမှုအားနည်းခြင်းများနှင့် ပြန်လည်သုံးသပ်ခြင်းများကို လုပ်ဆောင်ရန်အတွက် ဆရာအတတ် သင်ကျောင်းနှင့် ကောလိပ်များအား လုံလောက်သော အသုံးငွေများပေး၍ အထောက်အပံ့များပေးရမည်။ ထိုသို့ လုပ်ဆောင်ရာတွင် ကျောင်းဆရာ အများစုမှာ အမျိုးသမီးများဖြစ်သည့်အလျောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရာတွင်လည်း အထောက်အပံ့ပေးရာ ရောက်သည်။
- တိုင်းရင်းသားဘာသာစကားများနှင့် ကျားမဆိုင်ရာပုံစံခွက်တွင်းထည့်သွင်းခြင်းများ၊ ပယ်ဖျက်ရန်တို့အပါအဝင် ကျောင်းသင်ရိုးညွှန်းတမ်းအားလည်း ပြန်လည် ပြင်ဆင်ရမည်။
- မူလတန်းကျောင်းပညာအား တိုင်းရင်းသားဘာသာစကားဖြင့် လေ့လာသင့်သည့်အပြင် ဆရာ၊ ဆရာမများ စုဆောင်းလေ့ကျင့်ရာတွင် လည်း ဒေသတွင်း တိုင်းရင်းသားပတ်ဝန်းကျင်မှ ခေါ်ယူလေ့ကျင့်ပေးသင့်သည်။

## ပုဒ်မ ၁၂။ ကျန်းမာရေး

၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မိသားစုစီမံကိန်းနှင့် ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင်အခြား ကျန်းမာရေးစောင့်ရှောက်မှုများအား အမျိုးသမီးနှင့် အမျိုးသားတန်းတူလက်ခံရရှိရေးတို့အပြင် အခြေခံတန်းတူညီမှုများ ရရှိရန်နှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရန်အတွက် သင့်လျော်သော တိုင်းတာစီစစ်မှုများ ဆောင်ရွက်ရမည်။

၂။ ဤအပိုဒ်၏ စာပိုဒ် ၁ ပါ ပြဋ္ဌာန်းချက်တွင် မည်သို့ပင် ပါရှိစေကာမူ၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အမျိုးသမီးများ ကိုယ်ဝန်ဆောင်ကာလ၊ မီးတွင်းကာလ၊ မီးထွက်ကာလ ဆိုင်ရာ ဆက်စပ်၍ အမျိုးသမီးများအားလိုအပ်သလို အခမဲ့ ပြုစုစောင့်ရှောက်ပေးခြင်းနည်းတူ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် မိခင်နို့တိုက်စဉ် လုံလောက်သော အဟာရ ကျွေးမွေးခြင်းတို့ကို အာမခံရမည်။

### ခြုံငုံသုံးသပ်ချက်

စစ်အစိုးရသည် အားလုံးအတွက်ကျန်းမာရေးဟူသော ရည်မှန်းချက်ဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးလုပ်ဆောင်ချက်များကို မြန်မာနိုင်ငံအနှံ့ လုပ်ဆောင်နေသည်ဟု ပြောနေပါသည်။ အားလုံးအတွက် ကျန်းမာရေး ရည်မှန်းချက်ဖော်ဆောင်ရန်အတွက် စစ်အစိုးရသည် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလုပ်ဆောင်လာကြောင်းနှင့် ကျန်းမာရေးလုပ်သားများလည်း အရေအတွက်များပြားလာကြောင်း ဖော်ပြ လိုသဖြင့် လုပ်သားအရေအတွက်များကို လိမ်ညာ၍ ဖော်ပြနေပါသည်။[၇၉] စစ်အစိုးရသည် တရားဝင် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအတွက် တစ်နှစ်ကို ၄၀ (cents) သာ သုံးစွဲသဖြင့် ကမ္ဘာပေါ်ရှိ အဆင့်အနိမ့်ဆုံး စာရင်းတွင် ပါဝင်လျက်ရှိရာ ၂၀၀၇ –၂၀၀၈ ၏ နိုင်ငံခြား ဝင်ငွေ ရရှိမှု ပြဋ္ဌာန်းချက်အရ နိုင်ငံတော်၏ ၃ ရာခိုင်နှုန်းထက်လျော့သော ဘတ်ဂျက်ကိုသာ ကျန်းမာရေးအတွက် သုံးစွဲသည်။[၈၀] ယနေ့တွင် ကူးစက်ရောဂါမှ သေဆုံးမှုများ၊ အာဟာရချို့တဲ့မှုများနှင့် မီးဖွားစဉ် မိခင်သေဆုံးမှုများစသော မသေသင့်သော ရောဂါများဖြင့် အမျိုးသမီး ပေါင်းများစွာ သေဆုံးနေရသည်။ ဤဆုံးရှုံးမှုများကို သက်သေပြနေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ အချက်အလက်များအရ မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်သည် ကမ္ဘာပေါ်ရှိ ၁၉၁ နိုင်ငံထဲတွင် ၁၉၀ နိုင်ငံမြောက်နံပါတ်ကို ချိတ်ဆွဲနိုင်ခဲ့ပြီး အဆိုးရွားဆုံးနိုင်ငံ ဖြစ်သည့် စီရာလီယွန်းနိုင်ငံထက် အနည်းငယ်သာ ပိုကောင်းသည်။[၈၁]

ကျန်းမာရေးဝန်ဆောင်မှုများကို များသောအားဖြင့် မြို့ကြီးနှင့်မြို့များတွင် တွေ့ရသော်လည်း အစိုးရမှလုပ်ဆောင်သော ကျန်းမာရေးဝန်ဆောင်မှုမှာ မရှိသလောက်ဖြစ်ပြီး ဘတ်ဂျက်မရှိသည့်အတွက်လည်း ထိုဝန်ဆောင်မှုခေါင်းစဉ်များအောက်တွင် ဟာလာဟင်းလင်း ဖြစ်လျက်ရှိသည်။ ဆေးရုံများတွင် များသောအားဖြင့် ဆေးဝါးမရှိခြင်း၊ ကိရိယာတန်ဆာပလာများ မရှိခြင်းနှင့် အနည်းငယ်သော ကျန်းမာရေး လုပ်သားများကိုသာတွေ့ရပြီး တခါတလေတွင် ကျန်းမာရေးလုပ်သားများပင်မရှိပါ။ အစိုးရမှပေးသောလစာဖြင့် မည်သူမျှ အသက်ရှင်သန် နေထိုင်ရန်မဖြစ်နိုင်ပါ။ များသောအားဖြင့် ပြည်သူအများသည် ပုဂ္ဂလိကလုပ်ငန်းများနှင့် နိုင်ငံရပ်ခြားတို့တွင် အလုပ်အကိုင် ရှာဖွေကြရသည်။ ဤသို့ နိုင်ငံတော်မှ လုပ်ဆောင်သော ကျန်းမာရေးဝန်ဆောင်မှုမရှိခြင်းတို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု ကုန်ကျငွေ၏ ၉၀ ရာခိုင်နှုန်းမှာ လူထုတွေ့ဆီကသာ ရောက်လာခြင်းဖြစ်သည်။ လူအများစုမှာ တစ်နေ့ကို အမေရိကန် တစ်ဒေါ်လာအောက် ဝင်ငွေရရှိသူ များဖြစ်ပြီး ယေဘုယျအားဖြင့် မိသားစုတစုတွင် ၇၀ ရာခိုင်နှုန်းသောဝင်ငွေကို အစားအစာအတွက် အသုံးပြုရသည်။ လူအများစုအတွက် အထူးကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရန် မတတ်နိုင်ကြပါ။ အထူးသဖြင့် တိုင်းရင်းသားများ အများစုနေထိုင်သော ကျေးလက်ဒေသများတွင် လူမှုရေးဝန်ဆောင်မှုများနှင့်ဝေးကွာပြီး ဆင်းရဲမွဲတေမှုများလည်း ပိုခံစားရပြီး လူအများစုမှာ ကျန်းမာရေး စောင့်ရှောက်မှု လုံးဝမရှိပေ။

***ရှမ်းပြည်အလယ်ပိုင်းတွင်နေထိုင်သော အသက် ၃၃ နှစ်အရွယ် ရှမ်းအမျိုးသမီးတစ်ဦးက သားအိမ်ကင်ဆာခံ စားနေရသော သူမ၏မိခင် အကြောင်းကို ဤသို့ပြောပြပါသည်။***

> ၂၀၀၁ ခုနှစ်တွင် အသက် ၆၀ ကျော်ဖြစ်သော ကျမ၏အမေသည် သူမဗိုက်တွင်နာကျင်ခြင်းကို ခံစားရသည်။ ရွာရှိဆေးပေးခန်းသို့သွားသောအခါ သူမကို ဆေးထိုးပေးပြီး ဆေးအချို့လည်း ပေးခဲ့သည်။ အနာပျောက်မသွားခဲ့ပါ။ သူမ အလေးအပင်သယ်တိုင်း သို့မဟုတ် လေးလံသော အလုပ်ကိုလုပ်ရတိုင်း နာကျင်ခြင်း ခံစားရသည်။ သူမအပေါ့သွားတိုင်း နာကျင်ခြင်းကို ခံစားရပြီး ဗိုက်တွင်လည်း ယောင်လာသည်ကို သတိထားမိသည်။ သူမ ဝမ်းဗိုက်ယောင်ယမ်းမှု

တဖြည်းဖြည်းကြီးလာသည်ဟုလည်း ခံစားရသည်။ ထို့နောက် သူမသည် မြို့ဆေးရုံသို့ သွားခဲ့သည်။ ဘာသာစကား အခက်အခဲနှင့် သတင်းအချက်အလက်များ မသိရှိခြင်းကြောင့် ကျန်းမာရေးလုပ်သားနှင့် စကားပြောရန် အဖော် တစ်ဦးကိုလည်း ခေါ်ဆောင်သွားခဲ့သည်။ သူမသည် ဆေးရုံသို့သွားလိုက်ပြန် လိုက်နှင့် အချိန် (၆) နှစ်ကျော်သွား သော်လည်း အနာမှာမပျောက်သွားပဲ ဆရာဝန်က အစာအိမ်ရောဂါဟု သာ ပြောခဲ့သည်။ လွန်ခဲ့သော တစ်လခန့်ကို ကျမအမေကို မြို့ရှိ ပုဂ္ဂလိကဆေးခန်းတခုတွင် ခေါ်သွားခဲ့သည်။ သူမကို သုံးကြိမ်တိတိသေသေချာချာစစ်ဆေးပြီး တခါ စစ်ဆေးတိုင်း ကျပ်တစ်သောင်းကုန်ကျသည်။ ကျမအမေ သားအိမ်ကင်ဆာခံစားနေရကြောင်း သိလာရသည်။ (အသေးစိတ်ဘာတွေဖြစ်ပျက်သည်ကို ကျမတို့အား မပြောပြပါ)။ ပြီး နောက်ခွဲစိတ်ကုသရန် လိုအပ်ကြောင်းပြောပြ သည်။ အထူးကုဆရာဝန်သည် တခြားပိုကြီးသော ဆေးခန်း တခုသို့သွားရန် ညွှန်ကြားပြီး ထိုဆေးခန်းတွင် ခွဲစိတ်ကု ဆရာဝန်ရှိနိုင် သည့်အကြောင်းသာ သိရပါသည်။

ထိုဆေးခန်းကြီးတွင် အမေသည် မခွဲစိတ်ခင် ၃ ရက်နှင့် ခွဲစိတ်ပြီး ၁ ပတ် – ၁၀ ရက်ခန့်တက်ခဲ့သည်။ အမေ သည် ပလာစတာကြီးကြီးပတ်ထားသောဗိုက်နှင့် အိမ်ပြန်လာခဲ့သည်။ ၂ ရက်၊ ၃ ရက်မြောက်တွင် ဗိုက်မှပလာစတာကြီး ကြီးကြောင့် နာကျင်ခံစားရ၍ ဆေးခန်းသို့ နောက်ထပ်သုံးခါ ပြန်သွားပြရသည်။ ခွဲစိတ်ခနှင့် ဆေးခန်းခအားလုံး ၅ သိန်းခန့်ကုန်ကျပြီး တခြားအတွက်လည်း တစ်သိန်းလောက်ကုန်ကျခဲ့သည်။

တိုင်းရင်းသားဒေသအများစုတွင် ကူးစက်နိုင်သောရောဂါများဖြစ်သည့် ငှက်ဖျားရောဂါဖြစ်သူ ပို၍များပြားနေပြီး ယင်းအချက် သည် မြန်မာနိုင်ငံ၏ အဓိကသေဆုံးမှုနှုန်း မြင့်မားခြင်းနှင့် သေဆုံးမှုဖြစ်ပေါ်ရန် အဓိကအကြောင်းအရင်းများဖြစ်လာသည်။ ၂၀၀၃ ခုနှစ်၏ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ ငှက်ဖျားကြောင့်သေဆုံးမှုနှုန်းသည် ဒေသအားလုံး၏ ၅၀ ရာခိုင်နှုန်းရှိပြီး အိန္ဒိယနှင့် အင်ဒိုနီးရှားတို့ အပါအဝင် WHO ၏ အရှေ့တောင်အာရှဒေသထဲတွင် အမြင့်မားဆုံးနိုင်ငံများထဲမှ တနိုင်ငံဖြစ်လာသည်။[၈၂] ငှက်ဖျားရောဂါ အတွက် အစိုးရကျန်းမာ ရေးဝန်ဆောင်မှုမှ မည်သည့်အထောက်အကူဆေးဝါးမှာ မရရှိနိုင်သောကြောင့် အမှန်တကယ် ကိန်းဂဏန်းများမှာ ယခုထက်ပိုမိုမြင့်မားဖွယ် ရာရှိသည်။[၈၃] မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ရာစုနှစ်ချီလုပ်ကိုင်နေသော နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အ စည်းဖြစ်သည့် MSF – Holland မှ Dr.Frank Smithius က WHO မှ မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ လူနာ (၅၀၀၀၀၀) သာရှိသည်ဟု ပြောထားသည်ကို 'ကျွန်တော်သိတယ် အဲဒါက မမှန်ဘူး – ကျွန်တော့် ခန့်မှန်းချက်အရ ၁၀ သန်း နီးပါး ရှိတယ်' ဟု ပြောပါသည်။[၈၄]

**ကရင်နီဒေသမှ အသက် ၃၈ နှစ်အရွယ် ကရင်နီအမျိုးသမီးနှင့်တွေ့ဆုံမေးမြန်းခြင်း**

ကျမတို့ရွာမှာ အမြဲတမ်းဆေးခန်းအတည်တကျမရှိဘူး။ ဒါပေမဲ့ တခါတလေ သူနာပြု ၂ ယောက်လောက်ရောက်လာပြီး ပိုက်ဆံ ယူပြီး ဆေးခန်းဖွင့်စားတယ်။ ဆေးခန်းအမြဲတမ်းမရှိတဲ့အတွက် ကျမတို့ မကြာခဏ လွိုင်ကော် (ကရင်နီပြည်နယ်၏ မြို့တော်) ကို သွားရ ပါတယ်။ တစ်နေ့မှာ အမျိုးသမီးတစ်ယောက်က သူမအဖော်နဲ့အတူ လွိုင်ကော်ဆေးရုံကိုသွားနေတုန်း အိမ်ကိုမီးလောင်လို့ သူမကလေး မီးထဲပါသွားခဲ့တယ်။

**အစိုးရထောက်ပံ့သော ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း**

**ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသတွင် အသက် ၂၆ နှစ်အရွယ် ကျန်းမာရေးလုပ်သားဟောင်း ဖြစ်သည့် ပလောင်အမျိုးသမီးနှင့် မေးမြန်းခြင်း**

*ကျမသည် မန်တုန်ရှိ ကိုယ်ထူကိုယ်ထ ကျန်းမာရေးဌာနတွင် သူနာပြု အဖြစ်လုပ်ဆောင်ပါတယ်။ ကျမတို့ဒေသမှာ ကျန်းမာရေး အခြေအနေ အရမ်းဆိုးရွားပါတယ်။ ကျမတို့အနီးအနားတွင် ရွာပေါင်း ၂၀ ခန့်ရှိပါတယ်။ ကလေးနှင့်မိခင်ကျန်းမာရေး အခြေ အနေမှာ ပို၍ဆိုးရွားလာပါတယ်။ အမျိုးသမီးများမှာ အသက် ၁၄ နှစ် ၁၅ နှစ်အရွယ်မှာ အိမ်ထောင်ပြုပါတယ်။ သူတို့အတွက် ဘာကျန်းမာ ရေးစောင့်ရှောက်မှုမှ မရှိဘူး။ နေ့စဉ် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၀ ဦးခန့် ဆေးခန်းကို ရောက်လာပြီး တခါ တလေ ၁၀ ကျော်ရောက် လာပါတယ်။ မိခင်ရော ကလေးပါ အာဟာရ ချို့တဲ့မှုကို*

*ခံစားနေရပါတယ်။ သူတို့က မိသားစု စီမံကိန်းနဲ့ သန္ဓေတားခြင်း ဗဟုသုတတွေ လည်းမရှိဘူး။ အသက် ၄၅ နှစ်အထိ ကိုယ်ဝန်ဆောင်နေကြတုန်းပဲ။ ကျမတို့ဒေသမှာ များသောအားဖြင့် ကိုယ်ဝန်ဆောင်တွေ ၄က်ဖျား ရောဂါခံစားနေကြရပါတယ်။*

*ကျမတို့ဒေသမှာ အစိုးရထောက်ပံ့သော ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်မရှိဘူး။ ဆေးခန်းလည်းမရှိဘူး။ ကျမတို့နဲ့နီးတဲ့ မြို့တခုမှာ ဆေးရုံတစ်ရုံတည်းသာရှိပါတယ်။ များသောအားဖြင့် လူတွေက လမ်းပန်းဆက်သွယ် ရေးအခက်အခဲများကြောင့် ဆေးရုံသို့ မသွားလိုကြပါ။ အဓိကအချက်မှာ ဆေးရုံတွင် လုံလောက်သော ဆရာဝန်၊ သူနာပြုလည်းမရှိပါ။ ပြီး တော့ အရမ်းဈေးကြီး ပါတယ်။ ကလေး ငယ်များကယ်ဆယ်ရေး အဖွဲ့ (Save the Children) မှပေးသော ကျန်းမာရေးအသိပညာ၊ သန္ဓေတားဆေးနှင့် ကာကွယ်ဆေးများမှလွဲ၍ ဘာကျန်းမာရေး အသိပေးခြင်းများမှလည်း မရှိပါ။ တခါတလေမှာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ကလာပြီး ဆန်များ၊ ငါးပိများနှင့် ဂရုတ်သီးများ လာရောက်ဝေငှတတ်ပါတယ်။ ကျမ တခါမှ မြန်မာ့အမျိုးသမီးရေးရာမှလာပြီး ကောင်းတာလုပ်တာကို မတွေ့ဖူးပါ။*

## အိပ်ချ်အိုင်ဗွီ အခြေအနေ

ကျန်းမာရေးဝန်ကြီးဌာနမှ နောက်ဆုံးရရှိသော အချက်အလက်များအရ မြန်မာနိုင်ငံအတွင်း ခန့်မှန်းခြေ အသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ လူဦးရေ ၂ သိန်း ၃ သောင်းခန့်မှာ အိပ်ချ်အိုင်ဗွီ ကူးစက်ခံနေရကြောင်း သိရသည်။ တနိုင်ငံလုံးရှိ အရွယ်ရောက်သူ အရေ အတွက်၏ (ဝဒသမ၆၇) ဖြစ်သောကြောင့် ၂၀၀၅ ခုနှစ်တွင် တရားဝင်ပြထားသော ကိန်းဂဏန်း (၁.၃) ရာခိုင်နှုန်းမှ သိသိသာသာ လျော့နည်းသွားကြောင်းသိရသည်။ ၎င်းတို့၏ ၂၀၀၀ ခုနှစ်ခန့်မှန်းခြေအရ (၃ဒသမ၄) ရာခိုင်နှုန်းမှလည်း ၂၀၀၅ ခုနှစ်တွင် (၁.၃) ဖြစ်သွားသောကြောင့် သိသာစွာ လျော့ကျခဲ့ကြောင်း ထင်ရှားသည်။[၅၅] ထိုကဲ့သို့ မတူညီသော ခန့်မှန်းချက်များသည် မြန်မာနိုင်ငံ အတွင်းရှိ ကျန်းမာရေးအချက်အလက်များသည် ယုံကြည်၍ မရကြောင်းကို အထင်အရှားပြသလျက်ရှိသည်။ လွတ်လပ်သော ကျန်းမာရေးနှင့် ပတ်သက်၍ သတင်းအချက်အလက်ကောက်ယူမှု၊ လေ့လာဆန်းစစ်မှုများနှင့် သတင်းအချက်အလက် ဝေငှမှုများအား စည်းကမ်းများ ပို၍ တင်းကြပ်ထားလေ အခြေအနေမှာပို၍ ဆိုးဝါးလေပင်ဖြစ်သည်။ အိပ်ချ်အိုင်ဗွီအခြေအနေတွင်လည်း အချို့ပုဂ္ဂလိက လေ့လာဆန်းစစ်မှုများ အရ ကူးစက်ခံရသော ကိန်းဂဏန်းမှာ စစ်အစိုးရ၏ ထုတ်ပြန်ထားသော ကိန်းဂဏန်းများထက် လေးငါးဆပို၍ မြင့်မားလေသည်။[၅၆]

အိပ်ချ်အိုင်ဗွီ ကူးစက်ပျံ့ပွားနှုန်းနှင့် ပတ်သက်၍ နည်းပါး၍မှန်ကန်သည့် အချက်အလက်များအပြင် UNAIDS မှလည်း အိပ်ချ်အိုင်ဗွီသည် အရှေ့တောင်အာရှတွင် အလွန်ဆိုးဝါးသော ကူးစက်ရောဂါတခုအဖြစ် ဖော်ပြထားပေသည်။ စစ်အစိုးရမှ ထိုကူးစက်ရောဂါသည် တနိုင်ငံလုံးအတိုင်းအတာအရ စိုးရိမ်ဖွယ်၊ ဦးစားပေးတိုက်ဖျက်ရမည့် ရောဂါများတွင် ပါဝင်သည်ကို သိနားလည်သော်လည်း ကျန်းမာရေး ဝန်ကြီး ဌာနတခုလုံး၏ အသုံးစရိတ်မှာ ၂၀၀၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ (၁၃၇၀၀၀) သာရှိသည်။ ၎င်းမှာ လူတဦးလျှင် ဒေါ်လာ (၀.၀၁) ၏ တဝက်ပင်မရှိပေ။[၅၇] အလားတူ အိမ်နီးချင်းထိုင်းနိုင်ငံ၌တဦးလျှင် အမေရိကန်ဒေါ်လာ (၁.၄၃) ဖြစ်သည်။[၅၈] မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူမှုရေးဆိုင်ရာ အကြပ်အတည်းများ၏ ရလာဒ်များနှင့်အညီ ကူးစက်ရောဂါခံစားရသူများ၏ သေဆုံးမှု များလည်း တိုးပွားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တရားဝင်ထုတ်ပြန်သော အချက်အလက်များအရ အနည်းဆုံး ခန့်မှန်းခြေလူဦးရေ (၁၃၀၀၀) ခန့်မှာ နှစ်စဉ်အိပ်ချ်အိုင်ဗွီကူးစက်ခံရလျက်ရှိသည်။ အိပ်ချ်အိုင်ဗွီ ရောဂါခံစားနေရသော လူဦးရေ (၇၃၀၀၀) ခန့်မှာ – အိပ်ချ် အိုင်ဗွီ ရောဂါပိုးတိုက်ဖျက်ရေးကုသမှု (**anti-retroviral therapy**) လိုအပ်လျက်ရှိသည်။ ၁၀ ရာခိုင်နှုန်းအောက်ထက်နည်းသော ရောဂါခံစားရသူ ဦးရေလောက်သာ အိပ်ချ်အိုင်ဗွီ ရောဂါပိုးတိုက်ဖျက်ရေးကုသမှုအား လက်ခံရရှိသည်။ နှစ်စဉ်လူဦးရေ ၂ သောင်းခန့်မှာ အိပ်ချ်အိုင်ဗွီနှင့် ဆက်စပ်သောရောဂါများဖြင့် သေဆုံးလျက်ရှိသည်။[၅၉] အလားတူပင် စစ်အစိုးရမှ အိပ်ချ်အိုင်ဗွီ ကူးစက်ရောဂါကူးစက်ခြင်းမှ ကာကွယ်ရန် ကွန်ဒုံးများကို တိုးမြှင့်ဝေငှခြင်းနှင့် တိုးတက်မှုများကို ရှင်းလင်းပြောကြားခြင်းများကို အမြဲပင်ပြုလုပ်နေသော်လည်း အိပ်ချ်အိုင်ဗွီ၊ အေ အိုင်ဒီအက်စ် ပညာပေးမှာ ဝမ်းနည်းစရာကောင်းစွာပင် လုံလောက်မှု မရှိသေးပေ။ စစ်အစိုးရမှ ကုလသမဂ္ဂသို့ ၂၀၀၆ ခုနှစ်တွင် တင် သွင်းသော အစီရင်ခံစာအရ သုံးပုံတပုံထက်နည်းသော လူငယ်ဦးရေမှာ အိပ်ချ်အိုင်ဗွီ ကူးစက်ရောဂါနှင့် ပတ်သက်၍ ဗဟုသုတများရရှိ ပြီးဖြစ်သည်ဟု ဆိုထားပါသည်။[၆၀]

မြန်မာနိုင်ငံတွင် ယခုအခါ နိုင်ငံတကာအေဂျင်စီမှ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်၍ အကူအညီများပေးလျက်ရှိ သည်။ အကြီးဆုံး အေဂျင်စီ (ယခုအခါ နုတ်ထွက်သွားပြီးဖြစ်သော) **MSF-Holland** မှာ ရောဂါခံစားရသူ လူဦးရေ ၆ ထောင်ကျော်ကို အိပ်ချ်အိုင်ဗွီ ရောဂါပိုးတိုက်ဖျက်ရေးကုသမှု အကူအညီပေးလျက်ရှိသည်။ သို့သော်လည်း ထိုမျှလောက်နှင့် လုံလောက်မှုမရှိဘဲ

တနိုင်ငံလုံးအတိုင်းအတာဖြင့် အကူအညီပေးမှုများနှင့် ထိရောက်သော လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် အကြီး အကျယ် လိုအပ်လျက်ရှိသည်။ ထိုမှုမက မြန်မာနိုင်ငံတွင်း တရားဝင်အကူအညီပေးနေသော အေဂျင်စီများအတွက် စစ်အစိုးရ၏ ဗဟို ဦးစီးချုပ်ကိုင်မှု အခက်အခဲ အတားအဆီးများကို လျှော့ချရန်နှင့် ပို၍ရှင်းလင်း မြင်သာမှုများရှိရန် လိုအပ်ပေသည်။[၆၁] လူ့အဖွဲ့အစည်း၏ လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ အလွန့်အလွန်ရှေးကျသော အထင်အမြင်များ၊ အရှက်သိက္ခာရစေမှုများနှင့် အိပ်ချ်အိုင်ဗွီ ရောဂါရှိသူများအား ခွဲခြား ဆက်ဆံခြင်း စသောအချက်များအပါအဝင် တရားဝင်အခက်အခဲ အတားအဆီးများမှာ ဖြစ်ပွားလျက်ရှိသော ပြဿနာကိုပို၍ ဆိုးဝါးစေသည်။ ထိုကဲ့သို့ ရှုပ်ထွေးလှသော တားဆီးမှုများနှင့် လုပ်ကိုင်မှုများကြောင့် ဗိုင်းရပ်စ်များ ပြန့်ပွားကူးစက်မှုကို ပို၍ဖြစ်ပွား စေသည်။[၆၂]

စစ်အစိုးရမှ မမှန်ကန်သည့် ကိန်းဂဏန်းများကို ဆက်လက်သုံးစွဲလျှက်ရှိပြီး ပို၍ဆိုးဝါးသည်မှာ ထိုကဲ့သို့သော စစ်အစိုးရ၏ ထုတ်ပြန်ချက်များကို ၂၀၀၈ ခုနှစ် ဇွန်လ ၁၀ ရက်နှင့် ၁၁ ရက်နေ့တွင် ပြုလုပ်မည့် အဆင့်မြင့်အစည်းအဝေးတခုဖြစ်သည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ပတ်သက်သည့် ကုလသမဂ္ဂ၏ သီးသန့်အထွေထွေညီလာခံတွင် တိုင်းပြည်၏ တိုးတက်သည့် အစီရင်ခံစာအဖြစ် တင်သွင်းရခြင်းဖြစ်သည်။ ၎င်းမှာ အိပ်ချ်အိုင်ဗွီကူးစက်ရောဂါအား ထိန်းချုပ်ရာတွင် စစ်အစိုးရ၏ ထိရောက်သောလုပ်ဆောင်ချက်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ ရှင်းလင်းမြင်သာမှုများနှင့် ၎င်း၏ နိုင်ငံတကာနှင့်ဆက်စပ်၍ ထိရောက်အောင် လုပ်ဆောင်နိုင်မှုများအပေါ်တွင် စိုးရိမ်ပူပန်မှုများ ပို၍တိုးမြှင့်စေသည်။ အားလုံးသော ပြဿနာအရင်းခံများကို စစ်အစိုးရ၏ ၂၀၀၈ ခုနှစ် မေလအတွင်း တိုက်ခတ်ခဲ့သော ဆိုင်ကလုံး နာဂစ်စ်မုန်တိုင်းကပ်ဘေးအပေါ် တုံ့ပြန်မှုများကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားစေသည်။

## ပြည်တွင်းဒုက္ခသည်များနှင့် ပဋိပက္ခဖြစ်ပွားရာဒေသ

မြန်မာနိုင်ငံတွင် လူထုကျန်းမာရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေကြရပြီး ပြည်တွင်းဒုက္ခသည်များ အခြေအနေမှာ ပို၍ပင်ဆိုးရွားလာသည်။ လူမှုရေးဝန်ဆောင်မှုများ မရှိရုံသာမက အစိုးရမှ ဗမာမဟုတ်သော တိုင်းရင်းသားများအပေါ် အစီအစဉ်ချ၍ နိုင်ငံအနှံ့အပြား လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်စေပါသည်။ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအသင်း ( Back Pack Health Worker Team) ၏ စစ်တမ်းအရ ၁၀ ရာခိုင်နှုန်းခန့် ကလေးငယ်များသည် တစ်နှစ်မပြည့်ခင်သေဆုံးပြီး လေးပုံတပုံခန့်မှာ ငါးနှစ်အောက်တွင် သေဆုံးနေရခြင်းသည် မြန်မာနိုင်ငံ၏တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများနှင့် အများကြီး ကွာဟပြီး အရှေ့တောင်အာရှနိုင်ငံများထဲတွင် အဆိုးရွားဆုံးနိုင်ငံ တခုဖြစ်သည်။[၆၃] ဤကိန်းဂဏန်းများက ပဋိပက္ခဖြစ်ပွား ရာ မြန်မာနိုင်ငံ အရှေ့ပိုင်း၏အခြေအနေသည် အဆိုးရွားဆုံး လူသိများသော အန်ဂလိုနိုင်ငံ၊ ဒီမိုကရစ်တစ်ကွန်ဂိုနိုင်ငံများနှင့် တူညီနေသည်ကိုဖော်ပြ သည်။ ဤသေဆုံးမှုများမှာ အများအားဖြင့်မှာ ကုသနိုင်သောရောဂါများဖြစ်သော ငှက်ဖျားရောဂါ ဖြစ်ပြီး ၅ နှစ်အောက် ကလေး တစ်ဝက်ခန့် သေဆုံးမှုမှာ ဤကုသနိုင်သောရောဂါများကြောင့်သေဆုံးရခြင်းဖြစ်ပါသည်။[၆၄] တခြားသေဆုံးမှု အကြောင်းရင်းများမှာ ဝမ်းရောဂါနှင့် ပြည်တွင်းဒုက္ခသည်များတွင် အာဟာရချို့တဲ့မှု နောက်ဆက်တွဲကြောင့် ဖြစ်ပွားသော ရောဂါများ ဖြစ်ကြပြီး ဤဖျားနာခြင်းနှင့် သေဆုံးခြင်းများမှာလည်း ကာကွယ်နိုင်သော ရောဂါများသာဖြစ်ပါသည်။

ဤချို့တဲ့သောကျန်းမာရေးရလာဒ်များမှာ စစ်အစိုးရ၏ ဤဒေသများအပေါ်ကျင့်သုံးသော မူဝါဒများကြောင့်ဖြစ်ပါသည်။ စစ်အစိုးရ၏ လက်နက်ကိုင်တော်လှန်ရေး အမြစ်ဖြုတ်ရေး မူဝါဒတစ်ရပ်ဖြစ်သော ဖြတ်လေးဖြတ်မူဝါဒကြောင့် အစားအစာဖြတ်တောက်မှုကို နေရာအနှံ့ပြုလုပ်ခဲ့ခြင်းကြောင့် ပြည်တွင်းဒုက္ခသည်များ၏ အိမ်ခြေလေးပုံတစ်ပုံကျော်မှာ အစားအစာပြတ်တောက်မှုကို ရင်ဆိုင်ခံစားနေရသည်။[၆၅] ဤအချက်ကြောင့် မိသားစုများကို တောထဲတွင် အစာရှာဖွေရန် တွန်းပို့ခဲ့သဖြင့် ငှက်ဖျားရောဂါဖြစ်စေရန် အခြေအနေ နှစ်ဆပို ရင်ဆိုင်ရကာ မြေမြှုပ်မိုင်းများကြောင့် သေကြေခြင်း၊ ဒဏ်ရာရခြင်းများကိုလည်း ပိုမိုဖြစ်စေခဲ့သည်။[၆၆] မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း ပြည်တွင်းဒုက္ခသည်များရှိရာဒေသတွင် ဤသို့သောဒုက္ခများခံစားနေရစဉ် စစ်အစိုးရသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများကို ဤဒေသများသို့ မဝင်ရန်တားမြစ်ခဲ့သည်။ ဒေသခံများသည် ဒေသခံဆေးဝါးကူညီထောက်ပံ့သည့် အဖွဲ့အစည်းများ ဖြစ်သည့် (Backpack Health Worker Team) စသည့်အဖွဲ့များပေါ်တွင်သာ မှီခိုနေရပါသည်။ ဤဒေသခံအဖွဲ့အစည်းများ၏ လုပ်ငန်းမှာ အန္တရာယ်အလွန်ကြီးမားပြီး ၁၉၉၈ ခုနှစ်တွင် BPHWT တွင် အနည်းဆုံး ကျန်းမာရေးလုပ်သားပေါင်း ၈ ယောက်ခန့် စစ်အစိုးရမှ သတ်ဖြတ်ခြင်းနှင့် မြေမြှုပ်မိုင်းနင်းမိခြင်းတို့ကြောင့် သေဆုံးခဲ့သည်။[၆၇] တခြားဒေသခံအဖွဲ့အစည်းများမှာလည်း စစ်အစိုးရစစ်တပ်များ၏ အနှောင့်အယှက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းများနှင့်အတူ သတ်ဖြတ်ခြင်းများ၊ ဆေးခန်းများကို ဖျက်ဆီးခြင်းစသည်ဖြင့် ဂျီနီဗာစာချုပ်ပါ အကြောင်း အရာများကို အားလုံးချိုး ဖောက်နေသည်။[၆၈]

စစ်အစိုးရမှ သတ်မှတ်ထားသော ပဋိပက္ခမရှိသည့်နယ်မြေများ၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ထားသော နယ်မြေများတွင်ပင် ကာကွယ်နိုင်သောရောဂါများဖြင့် သေဆုံးမှုများ အဆမတန်များပြားလျက်ရှိပါသည်။ ဥပမာ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်များ၏ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာ၏ ၄ ဆ ၅ ဆ ထက် ပို၍မြင့်မားပါသည်

## စစ်အစိုးရက ယင်းချုပ်ကိုင်ထားသော အဖွဲ့အစည်းများကို ဖိနှိပ်ရေးအထောက်အကူအတွက် သုံးခြင်း

စစ်အစိုးရသည် လူမှုရေးဝန်ဆောင်မှုများနှင့် တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့၏ ထိန်းချုပ်မှုအတွက် ကိရိယာသဖွယ် ဆက်လက်၍သုံးနေသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအန်ဂျီအိုများအပေါ် တားမြစ်ချက်များ ပြဋ္ဌာန်းထားသည်သာမက ဒေသခံလူမှုရေးအဖွဲ့အစည်းများကိုလည်း အလုပ်ကို မည်သည့်အတိုင်းအတာ အထိသာလုပ်ရန် ဖိအားပေးမှုများလည်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖွဲ့အစည်းများသည် နိုင်ငံရေးအရမ်းဆန်ခြင်း၊ လွတ်လပ်မှုများစွာရှိခြင်း (သို့မဟုတ်) သူတို့သည် အစိုးရ ထက် လူမှုရေးလုပ်ငန်းများကို ပိုမို ကောင်းမွန်အောင်လုပ်ဆောင်ခြင်း စသည့်အကြောင်းများကြောင့် စစ်အစိုးရ၏ တားမြစ်ခံရခြင်း ဖြစ်ပါသည်။[၉၉] ဤကဲ့သို့သောလူမှုရေး အဖွဲ့အစည်းများအစား အစိုးရလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သော မြန်မာ့အမျိုးသမီး ရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများကို အစားထိုးစေသည်။

အလားတူပင် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်မှုကို ရည်ရွယ်သည်ဟုဆိုကာ ၁၉၉၁ ခုနှစ်တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို တည်ထောင်ခဲ့သည်။ ဤအချိန်ကတည်းက အန်ဂျီအိုအဖြစ်ရပ်တည်လာခဲ့ပြီး လူ့အဖွဲ့အစည်း အကျိုးစီးပွား အတွက် အလုပ်လုပ်သည်ဟု ကြွေးကြော်နေသည်။ သို့သော် ဤအဖွဲ့အစည်းသည်လည်း နိုင်ငံရေးအသွင်သာဆောင်ပြီး စစ်ခေါင်းဆောင်များ၏ မိန့်ခွန်းများကိုသာ ဝါဒဖြန့်ထောက်ခံမှုများ လက်ဆင့်ကမ်း ပြုလုပ်သည်ကို ကြည့်ခြင်းအားဖြင့် သက်သေပြနေပါသည်။ ထို့အပြင် ခေါင်းဆောင်မှုအပိုင်းမှာလည်း အခြေခံအားဖြင့် စစ်ဗိုလ်ချုပ်ကြီးနှင့် ဝန်ကြီးများ၏ဇနီးများဖြင့်သာစုဖွဲ့ထားသောကြောင့် လွတ်လပ်သော အန်ဂျီအိုဟု ပြောကြားချက်မှာ တကယ့်ပြဿနာပင်ဖြစ်ပါသည်။

### မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌ

| | |
|---|---|
| လက်ရှိ (ဩဂုတ် ၂၀၀၈) | ဒေါ်ခင်စောနှင်း – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်မောင်မြင့်ဦး၏ ဇနီး |
| ၂၀၀၇ အောက်တိုဘာထိ | ဒေါ်ခင်ခင်ဝင်း – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး |
| ၂၀၀၅ အောက်တိုဘာအထိ | ဒေါက်တာဒေါ်ခင်ဝင်းရွှေ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၏ဇနီး |

## ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအန်ဂျီအိုများအပေါ် စစ်အစိုးရ၏ တားမြစ်ပိတ်ပင်ချက်များ

ကုလသမဂ္ဂ အေဂျင်စီများနှင့်နိုင်ငံတကာ အန်ဂျီအိုများသည် ၁၉၉၀ ခုနှစ်မှစ၍မြန်မာနိုင်ငံအတွင်း အလုပ်ဝင်ရောက်လုပ် ကိုင်ခွင့်ရရှိခဲ့ သည်။ ၁၉၉၀ နှောင်းပိုင်းမှစ၍ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပိုမို တိုးတက်အောင် လုပ်ဆောင်ရန် ကတိပေးခဲ့သော်လည်း အန်ဂျီအိုများအပေါ် တားမြစ်ပိတ်ပင်မှုများမှာ ၂၀၀၄ ခုနှစ်ဗိုလ်ချုပ်ခင်ညွန့် အရေးယူခံရချိန်မှစ၍ ပို၍သိသာစွာ ဆိုးရွားလာခဲ့သည်။ ဤသို့နိုင်ငံတကာ အန်ဂျီအိုများပေါ် တားမြစ်ပိတ်ပင်မှုများ များပြားလာရာမှ နောက်ဆုံးတွင် စစ်အစိုးရက *ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပူးပေါင်းပါဝင်မှုဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင် အထည်ဖော်ရာတွင် စနစ်တကျနှင့် အဆင်ပြေချောမွေ့စေရေး အစီအစဉ်လုပ်ငန်းလမ်းညွှန်*ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ ဤထုတ်ပြန်ချက်မှာ နိုင်ငံတကာ အဖွဲ့အစည်းများအနေနှင့် စစ်အစိုးရနှင့် လုပ်ကိုင်ရာ တွင် လိုက်နာရမည့် လိုအပ်ချက်များ၊ ပစ္စည်းများဝယ်ယူရာ တွင်စီမံခန့်ခွဲမှုများ၊ အလုပ်သမားများခန့်အပ်ခြင်းနှင့် နိုင်ငံအတွင်း ခရီးသွားလာရေး

စည်းမျဉ်းစည်းကမ်းများ ပါဝင်ပါသည်။ အထူးသဖြင့် ပြည်တွင်းခရီးသွားရာတွင် စစ်အစိုးရ၏ အရာရှိများက လိုက်ပါခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် မြို့နယ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများနှင့် အလုပ်တကူတကွပူးပေါင်းလုပ်ဆောင်ရခြင်းများ ပါဝင်ပါသည်။ မြန်မာဘာသာ ထုတ်ပြန်ထားသော ဤထုတ်ပြန်ချက်များ မှာ တားမြစ်ပိတ်ပင်မှုများ ပို၍ပင်ပါဝင်ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်တွင်အလုပ်လုပ်သော ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာ အဲန်ဂျီအိုများအတွက် တားမြစ်မှုများ ပြဋ္ဌာန်းထားပြီး တားမြစ်မှုများကို အမှန်တကယ် လိုက်နာရေးသတိပေးချက်များရှိခဲ့ပါသည်။ အထူးသဖြင့် အချက်အလက်များလွတ်လပ်စွာကောက်ယူခြင်းနှင့် လူထုကျန်းမာရေး စီမံကိန်းများအတွက် လျှော့ချခြင်းကို ပြုလုပ်ခဲ့ကြသည်။

ဤတားမြစ်ပိတ်ပင်ခြင်း မူဝါဒများကြောင့် အချို့အဖွဲ့အစည်းများမှာ ၎င်းတို့၏လုပ်ငန်းများကို လျှော့ချခြင်း၊ ရပ်တန့်ခြင်းများ ပြုလုပ်လာကြသည်။ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ရံပုံငွေအဖွဲ့ (UN Global Fund) မှ ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ခွာသွား၍၊ ပြင်သစ်နိုင်ငံမှ MSF က ၂၀၀၆ ခုနှစ် မတ်လတွင် ထွက်ခွာသည် ။

**အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ်သက်ရောက်မှု**

စစ်အစိုးရ၏ မူဝါဒများကြောင့် လူဦးရေအားလုံး ကျန်းမာရေးစောင့်ရှောက်မှုကင်းမဲ့ခြင်း၏ အကျိုးသက်ရောက်မှုခံရနေစဉ် အမျိုးသမီးနှင့်မိန်းကလေးများသည် အမျိုးသားများထက် ပို၍အခက်အခဲပြဿနာများနှင့် ရင်ဆိုင်နေရသည်။ စစ်အစိုးရ၏ မူဝါဒများကြောင့် လူထုအားလုံးအခက်အခဲများ နေရာအနှံ့ခံစားရခြင်း၊ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်းများသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို ကာကွယ်နိုင်သောရောဂါဖြင့် သေဆုံးခြင်းများသို့ ဦးတည်စေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးရံပုံငွေ (UNIFEM) မှ ပြုစုသော မြန်မာနိုင်ငံ ပဋိပက္ခဒေသအတွင်း ကျားမကွဲပြားမှုအပေါ် ဖော်ပြချက် (Gender Profile in the Conflict in Myanmar) စာတမ်းအရ အာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခေါင်းပါးမှုတို့ကြောင့် မြန်မာနိုင်ငံတွင် မိခင်သေနှုန်းမြင့်မားမှုကို ဖြစ်ပေါ်စေပြီး ခန့်မှန်းခြေအားဖြင့် မွေးမိခင် တစ်သိန်းထဲတွင် ၅၁၇ ယောက်မှာ သေဆုံးရသည်။ သူတို့၏ ကလေးများမှာလည်း အာဟာရချို့တဲ့မှုကို အများဆုံးခံစားရပြီး ကာကွယ်နိုင်သောရောဂါများကိုလည်း ခံစားနေရပါသည်။[၁၀၀]

၂၀၀၄ ခုနှစ်၊ UNICEF အစီရင်ခံစာအရ မြန်မာနိုင်ငံတွင်မွေးဖွားသော ကလေးတစ်ထောင်ထဲတွင် ၇၆ ယောက်သေဆုံးသည်။ UNICEF ၏ လေ့လာချက်အရ မြန်မာနိုင်ငံတွင် နှစ်စဉ် ကလေး ၁ ဒသမ ၃ သန်း မွေးဖွားပြီး ၈၂၅၀၀ ဦးမှာ တစ်နှစ်မပြည့်ခင် သေဆုံးရ၍ ၁၃၈၀၀ ဦးမှာ မွေးဖွားပြီး ၅ နှစ်မပြည့်မီတွင် သေဆုံးသည်။[၁၀၁] အစပိုင်းတွင် ဖော်ပြခဲ့သလိုပင် စစ်ဖြစ်ပွားရာ မြန်မာနိုင်ငံ အရှေ့ပိုင်း၏အခြေအနေမှာ ပို၍ဆိုးရွားပါသည်။ အကြောင်းမှာ ထိုဒေသများတွင် အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှု၊ အထူးသဖြင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များလုံးဝမရှိပဲ ဗမာမဟုတ်သော လူထုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ အမျိုးမျိုးပြုလုပ်ကာ အမျိုးသမီးနှင့်မိန်းကလေးများကို စနစ်တကျ မုဒိမ်းကျင့်မှုများလည်း ကျူးလွန်နေကြသောကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့ဘက်ဒေသရှိ မွေးဖွားလာသော ကလေးငယ်များထဲတွင် ၄ ရာခိုင်နှုန်းသာ ကျွမ်းကျင်သောလက်သည်နှင့် မွေးဖွားခြင်းဖြစ်ပြီး စစ်အစိုးရ၏ တရားဝင်အချက်အလက်ဖြစ်သော ၅၇ ရာခိုင်နှုန်းနှင့် များစွာကွာခြား လျက်ရှိပါသည်။[၁၀၂]

ပဋိပက္ခဖြစ်ပွားသောဒေသတွင် ခန့်မှန်းခြေအားဖြင့် ကလေး ၁၀ ထဲက တစ်ယောက်မှာ တစ်နှစ်မပြည့်ခင် သေဆုံးရှုပြီး အသက် ၅ နှစ်အောက်ကလေးများမှာ လေးပုံတစ်ပုံနီးပါး သေဆုံးသည်။ ဤအချက်အလက်များမှ သေဆုံးမှုများသည် ဒီမိုကရစ်တစ် ကွန်ဂိုနှင့် အန်ဂိုလာနိုင်ငံလောက်နီးပါး များပြားပါသည်။[၁၀၃] အလားတူပင် အမျိုးသမီး ၁၂ ဦးထဲမှ တစ်ဦးမှာ ကိုယ်ဝန်ဆောင်ခြင်း နှင့် ပါတ်သက်သော အကြောင်းကြောင့်သေဆုံးရပြီး မြန်မာနိုင်ငံ၏ တရားဝင်အချက်အလက် ၇၅ ဦးထဲမှ တစ်ဦးအရေအတွက်နှင့် များစွာကွာဟပြီး ဒေသဆိုင်ရာ အဆိုးရွားဆုံးနိုင်ငံစာရင်းထဲတွင် ပါဝင်ပါသည်။ ထိုင်းနိုင်ငံ၌ အယောက် ၈၀၀ တွင် တစ်ယောက်ဖြစ်သည်။ မြန်မာနိုင်ငံ အရှေ့ပိုင်းမှ ကိန်းဂဏန်းများသည် ရဝမ်ဒါ၊ ဆိုမားလီးယားနှင့် ဒီမိုကရက်တစ်ကွန်ဂို နိုင်ငံများနှင့် ပို၍နှိုင်းယှဉ်နိုင်ပါသည်။[၁၀၄] ဤသေဆုံးမှုများမှာ အဓိကအားဖြင့် ကာကွယ်နိုင်သော ရောဂါဖြင့် သေဆုံးမှုနှင့် မွေးဖွားပြီး သွေးသွန်ခြင်း၊ လုံခြုံမှုမရှိသော ကိုယ်ဝန်ဖျက်ချမှုနှင့် မွေးဖွားစဉ်အခက်အခဲများကြောင့် သေဆုံးခြင်းများဖြစ်သည်။[၁၀၅] ထို့အပြင် မွေးနှုန်းမြင့်မားသည်ကို ကြည့်ခြင်းအားဖြင့် မျိုးဆက်ပြန့်ပွားခြင်းဆိုင်ရာ နည်းပညာများ မရရှိခြင်းကို ပြသနေသည်။ အဟာရချို့တဲ့မှု၊ သွေးအားနည်းခြင်းစသော အခြေအနေများက အမျိုးသမီးများအား ကိုယ်ဝန်ရှိခြင်းကြောင့် မလိုအပ်ဘဲ သေဆုံးမှုနိုင်သည့် အန္တရာယ်ကို မြင့်မားစေသည်။

## အသက် ၃၉ နှစ် ကလေး ၈ ယောက်အမေ – ချင်းအမျိုးသမီးနှင့် မေးမြန်းခြင်း

*ကျမကလေးအငယ်ဆုံးကို တောထဲမှာမွေးခဲ့တယ်။ ကျမတို့ရွာမှာ လက်သည်တွေ၊ သူနာပြုတွေ ဆေးမှူးတွေလည်းမရှိဘူး။ ကျမတခြားရွာကိုသွားရတယ်။ ဒါတွေက ကျမတို့ဆီမှာ ဘာမှမရှိဘဲ အရမ်းဆင်းရဲလို့ဖြစ်တယ်။ ကျမအပြန်လမ်းမှာ ဗိုက်အရမ်းအောင့်ပြီး ကလေးက ထွက်ကျလာပါတယ်။ ဘုရားသခင့်ရဲ့ကောင်းချီးပေးမှုကြောင့် ဦးမန်လျှန်တန်ဟာ ကျမနဲ့အတူရှိနေပြီး ကျမကလေးမွေး ဖို့ကူညီပါတယ်။ ကျမကကလေး ချက်ကြိုးဖြတ်ဖို့ ကတ်ကြေးနှင့် သူ့ကို ဓနးထွေးအောင်ပတ်ထားဖို့ သန့်ရှင်းတဲ့အဝတ်လည်းမရှိဘူး။ အခုအချိန်ထိ ကျမကလေးက အဆုတ်အအေးမိရောဂါ ကိုခံစားနေရတုန်းပဲ။ သူမွေးဖွားပြီး တစ်လအကြာမှ အမြဲတမ်းအန်နေပါတယ်။ ကျမကသူ အဆုတ်အအေးမိရောဂါကြောင့် ဖြစ်တယ်လို့ယုံကြည်ပါတယ်။ ကျမကလေးတင်မဟုတ်ပါဘူး။ ကျမလည်း ဝမ်းတွင်းအဏ်ရာရပြီး ကုသဖို့ပိုက်ဆံမရှိဘူး။ ကျမတို့ကိုယ်ဝန်ဆောင်အမျိုးသမီးတွေက အမျိုးမျိုးခံစားကြရပါတယ်။ ကျမလို့ အမျိုးသမီးတွေအများကြီးပဲ။ ကျမတို့ရွာမှာဆရာဝန်နဲ့ ဆေးဝါးတွေလိုအပ်ပါတယ်။*

အသက် ၄၀ အရွယ် ကချင်အမျိုးသမီးတဦးမှာ ကလေး ၆ ယောက်အမေဖြစ်ပြီး သမီး ၅ ယောက်နှင့် သားတစ်ယောက်ရှိသည်။ သူမသည် သားလိုချင်သောကြောင့် ဆရာဝန်က ကလေးမွေးဖွားရန် တားမြစ်သော်လည်း ကလေးဆက်လက်ယူခဲ့သည်။ ကလေးမွေးဖွားရမည့်အချိန်တွင် ပိုက်ဆံမရှိသဖြင့် ဆေးရုံကိုမသွားခဲ့ပါ။ ဆေးရုံမှာ ရိုးရိုးကလေးမွေးပါက တစ်သိန်းလောက်ကုန်ပြီး ခွဲမွေးပါက ၃ သိန်းကုန်ကျပါသည်။ ဒါကြောင့် သူမသည် အိမ်မှာ အရပ်လက်သည်နှင့်သာ ကလေးမွေးရန်ဆုံးဖြတ်ခဲ့ပါသည်။ သို့သော်လက်သည်က သူ့ကို ကလေးမွေးချိန်မတန်သေးဟု ပြောပါသည်။ လက်သည်ပြန်ပြီး နောက်တွင် သူမသည် ဗိုက်အရမ်းနာကျင်တာကို ခံစားရပြီး ခက်ခက်ခဲခဲဖြင့် ကလေးမွေးဖွားရင်း ကလေးရော အမေပါ သေဆုံးသွားပါသည်။

## မိခင်သေဆုံးမှုနှုန်းမြင့်မားခြင်း

အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်ခွင့် မရရှိမှုများသည် မိခင်သေဆုံးမှုနှုန်းကို မြင့်မားစေသည်။ WHO ၏အဆိုအရ ၈၀ ရာခိုင်နှုန်းသော မွေးဖွားမှုသည် အိမ်တွင်ဖြစ်၍ ၄၈ ရာခိုင်နှုန်းမှာ ရိုးရာလက်သည်များ၏ အကူအညီကြောင့် မွေးဖွားပြီး ၃၈ ရာခိုင်နှုန်းမှာ သူနာပြု၊ သားဖွားအကူအညီဖြင့် မွေးဖွားကာ ၉ ရာခိုင်နှုန်းသာလျှင် ဆရာဝန်များနှင့် မွေးဖွားသည်။ မွေးဖွားမှု ၁၆ ရာခိုင်နှုန်းသာ ဆေးရုံတွင် မွေးဖွားခြင်းဖြစ်သည်။

UNPFA အရ မိခင်သေနှုန်းသည် လုံခြုံမှုမရှိသောကိုယ်ဝန်ဖျက်ချမှုနှင့် မွေးဖွားပြီးသွေးသွန်ခြင်းတို့ကြောင့်ဖြစ်ပြီး တဝက်ကျော်ခန့်သော သေနှုန်းမှာ လုံခြုံမှုမရှိသော ကိုယ်ဝန်ဖျက်ချ ခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီးများသည်လည်း မွေးဖွားမှုအခက်အခဲများကြောင့် သေဆုံးမှုရှိသည်။ အာဟာရချို့တဲ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ချို့တဲ့သော နေရာများတွင် အမျိုးသမီးများအတွက် အန္တရာယ်ပိုရှိပါသည်။

## မလိုချင်သော ကိုယ်ဝန်ဆောင်မှုများနှင့် လုံခြုံမှုမရှိသော ကလေးဖျက်ချခြင်း[၁၀၆]

အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း မိသားစုစီမံကိန်းအစီအစဉ်များလည်း ရိုးရာဓလေ့ထုံးတမ်းများ၏ တားမြစ်မှုများကြောင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးကို မပြောဆိုကြရသဖြင့် မြန်မာနိုင်ငံအမျိုးသမီးများ၏ မလိုချင်သော ကိုယ်ဝန်ဆောင်မှုများကြောင့် သေဆုံးမှုကို ပို၍မြင့်မားစေပါသည်။ ထို့အပြင် မျိုးပွားခြင်း ဆိုင်ရာကိစ္စရပ်များကို ဇနီးမောင်နှံနှစ်ဦး၏အတွင်းရေးအဖြစ်သာ သတ်မှတ်ကြသဖြင့် မြန်မာနိုင်ငံရှိအမျိုးသမီးများအဖို့ ကိုယ်ဝန်ယူခြင်း မယူခြင်းအပေါ် စဉ်းစားရွေးချယ်ဆုံးဖြတ်နိုင်ခွင့်မရှိကြပဲ တရားမဝင် ကိုယ်ဝန် ဖျက်ချခြင်းဖြင့်သာ သားသမီးတားမြစ်ရေးကို လုပ်ဆောင်နေကြရသည်။ ကလေးဖျက်ချခြင်းသည် တရားမဝင်သဖြင့် အမျိုးသမီးများမှာ ကလေးဖျက်ချရန် အန္တရာယ်ရှိသောနည်းလမ်းများကို အသုံးပြုကြသည်။ UNFPA ၏ခန့်မှန်းချက်အရ ကိုယ်ဝန်ဆောင်သုံးယောက်ထဲတွင် တစ်ယောက်သည် ကိုယ်ဝန်ဖျက်ချပြီး နှစ်စဉ်ခန့်မှန်းခြေ ၇၅၀၀၀၀ ယောက်၊ သို့မဟုတ် တရက်ကို ၂၀၀၀ ယောက်မှာ ကိုယ်ဝန်ဖျက်ချကြသည်။ ကိုယ်ဝန်ဖျက်ချရာတွင် လုံခြုံစိတ်ချမှု မရှိခြင်းကြောင့် ၅၀ ရာခိုင်နှုန်းမှာ သေဆုံးကြသည်။[၁၀၇] ဤအရေအတွက်သည် တိုင်းရင်းသားဒေသနှင့် ကျေးလက်ဒေသများတွင်နေထိုင်ပြီး ရိုးရာဆေးဝါးများနှင့် ဆရာဝန်များအပေါ်တွင်သာ မှီခိုနေရသော အမျိုးသမီးများအတွက် ပို၍များပြားနိုင်ဖွယ်ရှိပါသည်။

မြန်မာနိုင်ငံတွင်အလုပ်လုပ်နေကြသော နိုင်ငံတကာအဲန်ဂျီအိုများသည် မျိုးပွားခြင်းနှင့်ဆိုင်သော အသိပညာ ပေးမှုများဖြန့်ဝေနေပါသည်။ သို့သော်လည်း အများအားဖြင့် တိုင်းရင်းသာဘာသာဖြင့် စီစဥ်ထားခြင်းမရှိဘဲ ဒေသခံများနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသော မြန်မာဘာသာဖြင့်သာဖြန့်ဝေပါသည်။

## အမျိုးသမီးနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်

မြန်မာနိုင်ငံမှ အမျိုးသမီးများအတွက် တခြားအန္တရာယ်တခုမှာ ကိုယ်ဝန်ဆောင်ခြင်းနှင့် ပါတ်သက်သော ဖျားနာခြင်းနှင့် သေဆုံးခြင်းများကြောင့် အိပ်ချ်အိုင်ဗွီကူးစက်မှုနှင့် ၎င်း၏လူမှုရေး အကျိုးဆက်များကြောင့် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်ခြင်းဖြစ်သည်။[၁၀၈] စစ်အစိုးရမှ **UNAIDS** သို့တင်သွင်းသော ကိန်းဂဏန်းများအရ ၂၀၀၄ ခုနှစ်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများအကြား အိပ်ချ်အိုင်ဗွီဖြစ်မှုသည် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ နှစ်စဥ်နှစ်တိုင်းအနည်းဆုံး ကိုယ်ဝန်ဆောင် ၁၀၀၀၀ ယောက်သည် အိပ်ချ်အိုင်ဗွီအပေါင်းလက္ခဏာရှိပြီး အနည်းဆုံး အိပ်ချ်အိုင်ဗွီကူးစက်သော ကလေးပေါင်း ၃၀၀၀ မှ ၄၀၀၀ ယောက် မွေးဖွားသည်။[၁၀၉] ဤအခြေအနေကို အများကြီးကာကွယ်နိုင်ခွင့်ရှိသော်လည်း ၅ ရာခိုင်နှုန်းထက် လျော့နည်းသော အိပ်ချ်အိုင်ဗွီကူးစက်သည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသာလျှင် မိခင်မှကလေးကို မကူးစက်နိုင်သည့် **(ARVs)**[၁၁၀] ကာကွယ်ဆေးကို ထိုးခွင့်ရှိပါသည်။[၁၁၁] အလားတူပင် ခန့်မှန်းခြေ ၄ ရာခိုင်နှုန်းမှာ ကုသမှုရရန်လိုအပ်နေပြီး လူနာအတွက် အသက်ရှင်ခွင့်၊ ဆေးကုသခြင်း အပါအဝင် မိသားစုရှင်သန်ရေးအတွက် အကူအညီများလည်း လိုအပ်ပါသည်။[၁၁၂]

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အစီအစဥ်များလုပ်ကိုင်နေသော နိုင်ငံတကာအန်ဂျီအိုများသည် စစ်အစိုးရ၏ တားမြစ်ပိတ်ပင်မှုအမျိုးမျိုးနှင့်ရင်ဆိုင်ရသည်။ ဒေသခံအိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအေ့လုပ်ကိုင်သော အဖွဲ့အစည်းများကို အတင်းအဓမ္မပိတ်ခိုင်းခြင်းများ ပြုလုပ်ပြီး ၂၀၀၇ ခုနှစ်တွင် မန်ကင်းဘုန်းကြီးကျောင်း ဆေးရုံကို ပိတ်ရသည်။ အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်အတွက်လှုပ်ရှားသူ မဖြူဖြူသင်း အပါအဝင် လူမှုရေးလှုပ်ရှားသူများသည် အနှောင့်အယှက်ပြုခံရခြင်းနှင့် ဖမ်းဆီးခံရခြင်းများ ကြုံနေရပါသည်။ မဖြူဖြူသင်း၏ လူမှုရေးလုပ်ဆောင်ချက်များကို စစ်အစိုးရ အာဏာပိုင်များက ပိတ်ပင်ခဲ့သည်။

## ကချင်ပြည်နယ် မြစ်ကြီးနားဒေသအတွင်းရှိတနေရာမှ လာသော အမျိုးသမီးနှင့် မေးမြန်းချက်

*အသက် ၃၈ နှစ်အရွယ်အမျိုးသမီးသည် အလွန်ဆင်းရဲပြီး ကလေးနှစ်ယောက်ရှိသည်။ သူမသည် နောက်ထပ်ကိုယ်ဝန်ရှိပြီး ကလေးမွေးဖွားခါနီးတွင် အလွန်ဖျားနာသဖြင့် ဆေးရုံသို့ သွေးသွားစစ်ခဲ့သည်။ သူမသည် အိပ်ချ်အိုင်ဗွီအပေါင်းလက္ခဏာရှိကြောင်း သိရှိရသည်။ နောက်ပြီး သူမ၏ဗိုက်ထဲကလေးသည်လည်း သေဆုံးပြီး ကလေးကို အပြင်ဘက်သို့ထုတ်ရန် ခွဲစိတ်ဖို့လိုအပ်သောကြောင့် သူမကို ကလေးထုတ်ဖို့ ဆေးထိုးပေးခဲ့သည်။ သူမသည် အိမ်သို့ပြန်လာပြီး ဝမ်းဗိုက်ထဲက ကလေးအသေကို မထုတ်နိုင်ခဲ့သဖြင့် အခြေအနေပို၍ ဆိုးဝါးလာကာ သေဆုံးသွားခဲ့သည်။*

## အကြံပြုချက်များ

- စစ်တပ်အသုံးစရိတ်ကို လုံးဝသိသာစွာ လျှော့ချရန်လိုအပ်သည်။ သို့မှသာ နိုင်ငံတော်ဘတ်ဂျက်၏ အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ကျန်းမာရေးတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး ဘတ်ဂျက်အချက်အလက်များကိုလည်း လူအများ သိနိုင်ရန် ပြုလုပ်ရမည်။
- တနိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား အကျိုးရှိရန် လုံလောက်ရန်နှင့် ရှင်းလင်းမှုရှိသော ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိစေသည့်စနစ်ဖြစ်စေရန် အကောင်အထည်ဖော်ရမည်။ လူထုကျန်းမာရေးအတွက် ပို၍ကောင်းမွန်သော အထောက်အကူများ ကိရိယာတန်ဆာပလာများကို တပ်ဆင်ပေးရမည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ပိုမိုအလေးထား ဆောင်ရွက်ရမည်။
- အကူအညီလိုနေသော ပြည်သူများအတွက် အကူအညီပေးနေကြသော၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကိုပေးနေသည့် နိုင်ငံတကာအေဂျင်စီများအား တားမြစ်ချုပ်ချယ်ထားသည့် ညွှန်ကြားချက်များအားလုံး၊ တားမြစ်ခြင်းများကို လုံးဝရုပ်သိမ်းရမည်။
- ပဋိပက္ခဖြစ်ပွားမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ခန့်မှန်း၍မရနိုင်လောက်အောင် လူထုများ ထွက်ပြေးရခြင်းများ ရပ်တန့်ရန်နှင့် ဒေသအတွင်းကူးစက်ရောဂါများ ဆက်လက်ကူးစက်မှုမရှိစေရန် လုပ်ငန်းအဆင့်ဆင့်အားဖြင့် ချက်ချင်းလုပ်ဆောင်ရ မည်။

- လူထုကျန်းမာရေးပညာပေးရေးအစီအစဉ်များကို ပညာရေးကဏ္ဍနှင့် အတူတကွပူးပေါင်းလုပ်ဆောင်၍ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား လိုအပ်သော သတင်းအချက်အလက်များရရှိစေရန် လုပ်ပေးခြင်းဖြင့် ၎င်းတို့ မိသားစုဝင်များအားလုံး ကျန်းမာသောဘဝများ ရရှိနိုင်သည့် လုပ်ငန်းအစီအစဉ်များ လုပ်ပေးရမည်။[၁၁၃]
- ဆရာဝန်များ၊ သူနာပြုများနှင့် လူထုကျန်းမာရေးလုပ်သားများအပါအဝင် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများအတွက် ထိရောက်ကောင်းမွန်သော သင်တန်းများပေးရမည်။
- မျိုးပွားခြင်း ကျန်းမာရေးဆိုင်ရာပညာပေးမှုများနှင့် အမျိုးသမီးများ၊ အမျိုးသားများနှင့် ဆယ်ကျော်သက်များအတွက် သန္ဓေတားဆေးအခမဲ့ရယူနိုင်ရန် ကျယ်ပြန့်စွာ တိုးမြှင့်လုပ်ဆောင်သင့်သည်။ မိသားစုစီမံကိန်း ပညာပေးအစီအစဉ်များ လုပ်ဆောင်ရာတွင်ကျေးလက်ဒေသနေ အမျိုးသမီးများ ရင်ဆိုင်ရလေ့ရှိသော ရိုးရာဓလေ့ထုံးတမ်းများနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အခက်အခဲများကိုထည့်သွင်းစဉ်းစားရမည်။
- တရားမဝင်ကိုယ်ဝန်ဖျက်ချခြင်းနှင့် ဘေးမကင်းသောကိုယ်ဝန်ဖျက်ချမှုများမှ သေဆုံးရသည့် အမျိုးသမီးဦးရေလျော့နည်း လာစေရန်သားကြောဖြတ်ခြင်းကို အခမဲ့ဖြစ်စေရန်နှင့် အများလက်လှမ်းမီ၍ အသုံးပြုနိုင်ရန် ပြုလုပ်ပေးသင့်သည်။
- ကျေးလက်ဒေသများတွင်အသုံးပြုနေသော ရိုးရာလက်သည်များနှင့် တိုင်းရင်းဆေးဆရာများအား သင့်လျော်သော ပညာပေးမှုနှင့် အထောက်အကူပြုပစ္စည်းများ၊ ကိရိယာများနှင့် သင်တန်းများ ပေးသင့်သည်။
- လူထုအသိုင်းအဝိုင်းအတွင်း ကျန်းမာရေးမြင့်မားအောင်လုပ်ဆောင်ရာတွင် စွမ်းရည်မြှင့်တင်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေးသည်အဓိကသော့ချက်များဖြစ်သည်။ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာအတွက် ဆောင်ရွက်နေသော အသင်းအဖွဲ့များအပါအဝင် လူထုအခြေ ပြုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများအား တားမြစ်ပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်းမခံရဘဲ၎င်းတို့၏ အလုပ်များကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရှိစေရမည်။
- နိုင်ငံတော်မှ အမျိုးသမီးများအားလုံးအတွက် မမွေးဖွားခင်နှင့်မွေးဖွားပြီး ဆိုင်ရာဝန်ဆောင်မှုများ အခမဲ့ထောက်ပံ့ရမည်။ ကျေးလက်ဒေသနေအမျိုးသမီးများ ဤဝန်ဆောင်မှုကို ရရှိစေရန်လည်း သေချာစေရန် ပြုလုပ်ရမည်။
- အမျိုးသမီးကျန်းမာရေးအတွက် အသီးသီးလုပ်ဆောင်နေကြသောအဖွဲ့များအား အခွင့်အလမ်းများ ပိတ်ပင်မှုမရှိဘဲ တွေ့ဆုံဆက်သွယ်နိုင်စေရန်၊ လေ့လာချက်စာတမ်းများ၊ သတင်းထုတ်ဝေဖြန့်ချိခြင်း အပါအဝင် သတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းခြင်း ရှိစေရမည်။
- မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် စစ်တပ်၏ထိန်းချုပ်အောက်မှ လုံးဝကင်းလွတ်သည့် အဖွဲ့အစည်းဖြစ် ရန်လုပ်ဆောင်ရမည်။ ခေါင်းဆောင်ပိုင်းဖွဲ့စည်းခြင်းတွင်လည်း စစ်တပ် အရာရှိများ၏ဇနီးများ၏ လွှမ်းမိုးမှု အလျင်းမရှိစေရ။

## ပုဒ်မ ၁၄။ ကျေးလက်ဒေသမှအမျိုးသမီးများ

*၁။ စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ကျေးလက်ဒေသနေ အမျိုးသမီးများ ရင်ဆိုင်နေရသော အခက်အခဲများ၊ သူတို့၏မိသားစု စားဝတ်နေရေးအတွက် စီးပွားရေးအရ ရှင်သန်ရပ်တည်ရာတွင် အဓိကပါဝင်သော အခန်းကဏ္ဍနှင့်စီးပွားရေးနယ်ပယ်၏ ဖော်ပြခြင်း မခံရသော အစိတ်အပိုင်းများအတွက် လုပ်ဆောင်ချက်များကို စာချုပ်၏ ပြဋ္ဌာန်းချက် များကို ကျေးလက်ဒေသနေ အမျိုးသမီးများအားလည်း အကျိုးဝင်ကျင့်သုံးမှုရှိစေရေးအတွက် အာမခံချက်ရှိရန် သင့်လျော်သော နည်းလမ်းအားလုံးဖြင့် ဆောင်ရွက်ပေးရမည်။*

*၂။ စာချုပ်အဖွဲ့ဝင်နိုင်ငံသည် ကျေးလက်ဒေသနေအမျိုးသမီးများ အမျိုးသားများနှင့်တန်းတူ အခြေခံအခွင့်အရေးများရရှိရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သူတို့ပါဝင်မှုများနှင့် အကျိုးခံစားမှုများရရှိနိုင်ရန် အထူးသဖြင့် အောက်ဖော်ပြပါ အမျိုးသမီးအခွင့်အရေးများကို ရရှိရန် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်စေသည့် သင့်လျော်သော နည်းလမ်းအားလုံးဖြင့် လုပ်ဆောင်ရမည်။*

*က) ဖွံ့ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော်ရေးနှင့် ကျယ်ပြန့်အောင် ချဲ့ထွင်သည့် အဆင့်တိုင်းတွင် ပါဝင်စေရန်။*

*ခ) သတင်းအချက်အလက်များ၊ စိတ်ခတ်မြှင့်တင်ရေး လုပ်ဆောင်မှုများနှင့် မိသားစုမီမံကိန်းအပါအဝင် လုံလောက်သော ကျန်းမာရေး ဆိုင်ရာ စောင့်ရှောက်မှုများကို ရရှိစေရန်။*

*ဂ) လူမှုဖူလုံရေး အစီအစဉ်များမှ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိရန်*

*ဃ) စာတတ်မြောက်ရေးလုပ်ဆောင်မှုများအပါအဝင် သင်တန်းများ၊ ပညာရေးများနှင့် ပြင်ပအတတ်ပညာများ အားလုံးရရှိရန်နှင့် အမျိုး သမီးများ၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများကို မြှင့်တင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်းမှ အကျိုးခံစားခွင့်များနှင့် ကျယ်ပြန့် သော ဝန်ဆောင်မှုများရရှိစေရန်။*

*င) လူ့အဖွဲ့အစည်းအတွင်း လှုပ်ရှားမှုများအားလုံးတွင် ပါဝင်ရန်။*

*စ) စိုက်ပျိုးရေးဆိုင်ရာ ငွေစုငွေချေးများ၊ ဈေးကွက်ဆိုင်ရာလိုအပ်ချက်များ၊ သင့်လျော်သော နည်းပညာများနှင့် မြေယာနှင့် စိုက်ပျိုးရေး ထုထောင်ရာတွင် တန်းတူခံစားခွင့်နှင့် မြေယာပြန်လည်တည်ဆောက်ရေးအစီအစဉ်များတွင် ရရှိစေရန်။*

*ဆ) လုံလောက်သော လူနေမှုအဆင့်အတန်း၊ အထူးသဖြင့် အိမ်ရာ၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လျှပ်စစ်မီးနှင့်ရေရရှိမှု၊ သွားလာရေးနှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ခံစားစေနိုင်ရန်။*

### ခြုံငုံသုံးသပ်ချက်

မြန်မာနိုင်ငံတွင် နေထိုင်သောလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင်နေထိုင်သူများ ဖြစ်ကြသည်။[၁၁၄] သုံးပုံနှစ်ပုံသော လူဦးရေသည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိပြီး နိုင်ငံအတွင်း စုစုပေါင်းဝင်ငွေ၏ ၅၈ ရာခိုင်နှုန်းမှာနှင့် ပြည်ပသို့တင်ပို့ကုန်၏ ၄၈ ရာခိုင် နှုန်းမှာ စိုက်ပျိုးရေးလုပ်ငန်းများပေါ်တွင် အခြေခံလျက်ရှိပါသည်။[၁၁၅] ထို့ပြင် ကျေးလက်ဒေသများတွင် သဘာဝ သယံဇာတများဖြစ်သော ကျွန်းသစ်၊ ကျောက်မျက်ရတနာ၊ တွင်းထွက်ပစ္စည်းများဖြင့် ကြွယ်ဝချမ်းသာပါသည်။ သို့သော်လည်း ကျေးလက်ဒေသများတွင် နေထိုင်သောလူဦးရေအများစုမှာ ဆင်းရဲမွဲတေခြင်းဒဏ်ကို ဆက်လက် ခံရမြဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်အစိုးရသည် ၎င်းတို့၏ စစ်တပ်တိုးချဲ့ရေးကိုသာ ဦးစားပေးပြီး သဘာဝသယံဇာတများကို ရေတိုအကျိုးစီးပွားအတွက်သာ အမြတ်ထုတ်သုံးစွဲကာ အတင်းအဓမ္မဆောင်ရွက်စေသော စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများကို ချမှတ်လုပ်ဆောင်သောကြောင့်ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတရပ်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့က ကျေးလက် ဒေသရှိနယ်စပ်ဒေသများနှင့် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်မည်ဟုဆိုကာ အထူးနယ်မြေ **၁၈** ခုကိုလည်း ထိုကော်မတီအောက်မှ ဖွဲ့ပေးခဲ့သည်။ အမှန်တကယ်မူ စစ်အစိုးရ၏ အဓိကတိုးတက်မှုဆိုသည့်ခေါင်းစဉ်မှာ ၎င်းတို့၏ စစ်တပ် တိုးချဲ့ရေးအတွက် နယ်မြေခံဒေသများကို ချုပ်ကိုင်ရန်နှင့် နယ်မြေခံဒေသများမှထွက်ရှိသော သဘာဝသယံဇာတပစ္စည်းများမှ အမြတ်ထုတ်ခြင်းသာဖြစ်ပါသည်။ တိုင်းရင်းသားနယ်မြေများတွင် စစ်တပ်များကိုတိုးချဲ့ချထားပြီး (အခုလက်ရှိ မြန်မာနိုင်ငံတွင် အနည်းဆုံး

တပ်ရင်း ၅၂၅ တပ်ရင်းရှိ) ဒေသခံများကို နယ်မြေမှထွက်ခွာစေရန် အမိန့်ပေးကြောင့် အကျိုးဆက်များအနေဖြင့် အစိုးရသည် နယ်မြေအများအပြားကို စစ်တပ်နေရာချထားရေးအတွက် သိမ်းပိုက်ခြင်း၊ ဝင်ငွေလည်ပါတ်နိုင်ရေး အစီအစဉ်များအတွက် ပြည်သူလူထုအား စခန်းဆောက်လုပ်ရေး၊ လုံခြုံရေးနှင့်စစ်တပ်၏ လယ်မြေများအတွက် အလုပ်လုပ်စေခြင်းစသည့် အတင်းအဓမ္မခိုင်းစေမှုများ ကျယ်ပြန့်စွာ ပြုလုပ်လျက်ရှိပါသည်။ စစ်ကြောင်းများကလည်း သူတို့ရပ်တည်ရေးအတွက် ရံပုံငွေများ၊ အစားအစာနှင့် တခြားပိုင်ဆိုင်မှုများကို နယ်မြေခံရွာသူရွာသားများထံမှ အတင်းအဓမ္မလုယူသဖြင့် နယ်မြေခံများအနေဖြင့် စီးပွားရေးကြပ်တည်းမှုများနှင့် ပိုမိုရင်ဆိုင်လာရသည်။

ချိုးဖောက်မှုများအနေဖြင့် အစိုးရမှ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ချေမှုန်းရေး လုပ်ဆောင်နေသောဒေသများတွင် အဆိုးရွား ဆုံးဖြစ်ပေါ်နေပြီး ဒေသခံများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ထောက်ပံ့မှုကို အဓိကပျက်စီးအောင် လုပ်ဆောင်သည်။ စစ်တပ်များသည် ရွာသူရွာသားများ၏ အစားအစာအားလုံးကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးမှုများ၊ ရာပေါင်း ထောင်ပေါင်း များစွာ သော ရွာသူရွာသားများကို သူတို့နယ်မြေမှ စစ်တပ်နှင့်နီးသော နေရာများဖြစ်သော တိုက်ပွဲဖြစ်ပွားသည့်နေရာ၊ ရွာသားများအတွက် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်သော နေရာများသို့ အတင်းရွှေ့ပြောင်းမှုများပြုလုပ်ခဲ့သည်။ မိမိလယ်မြေများသို့ တိတ် တဆိတ် အလုပ်သွား ရောက်လုပ်ကိုင်သော လယ်သမားများမှာလည်း စစ်တပ်က တွေ့မြင်သွားပါက ပစ်သတ်ခြင်းခံရပါသည်။ ဤသို့သော ချိုးဖောက်မှု၏ အကျိုးဆက်များကြောင့် ပြည်သူလူထုအနေဖြင့် ဒုက္ခသည်များအဖြစ် အများအပြား ထွက်ပြေးကြရခြင်း၊ အိမ်နီးချင်းနိုင်ငံများတွင် တရားမဝင်အလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ရခြင်း၊ နယ်စပ်မဖြတ်နိုင်သောသူများအတွက် ပြည်တွင်းဒုက္ခသည်များအဖြစ် ပြေးလွှားပုန်းအောင်း နေရခြင်း စသဖြင့် အတိဒုက္ခတွေ့နေရပါသည်။

## သဘာဝသယံဇာတများကို စစ်တပ်အကျိုးအတွက် အမြတ်ထုတ်ခြင်း

စစ်အစိုးရသည် ကျေးလက်ဒေသနယ်မြေများထိန်းချုပ်ရေးမှ ၎င်းတို့၏ မဟာမိတ်စီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၊ နိုင်ငံခြားကုမ္ပဏီများအတွက် သစ်ရောင်းဝယ်ခြင်း၊ မိုင်းတူးဖော်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကမြစ်များတလျှောက်တွင် ရေကာတာများ ဆောက်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချခြင်း ၊ တိုင်းရင်းသားနယ်မြေများတွင် ဂက်စ်ပိုက်လိုင်းများ ပြုလုပ်၍ ဂက်စ်များကို အဓိကအားဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ ရောင်းချခြင်းဖြင့် စစ်တပ်အတွက်အကျိုးအမြတ်များ အဆမတန်ရရှိစေရန် ပြုလုပ်နိုင်ခဲ့သည်။[၁၁၆]

ထိုအကျိုးအမြတ်များကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ခြင်းမပြုဘဲ နယ်မြေခံလူထုများကို သူတို့၏ စီမံကိန်း နယ်မြေများမှ အတင်းအဓမ္မဖြစ်စေ၊ လျော်ကြေး မဖြစ်စလောက်ပေး၍ဖြစ်စေ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းသည်။ သူတို့၏ စီမံကိန်း လုပ်ငန်းများ လုံခြုံရေးအတွက် စစ်တပ်များကိုလည်း တိုးချဲ့လာသဖြင့် နယ်မြေခံများမှာ စစ်တပ်၏ ဖိနှိပ်မှုများကို နည်းအမျိုးမျိုးဖြင့် ခံစားနေကြရသည်။

ထို့အပြင် အရင်းအမြစ်များ ထုတ်ယူရာတွင်လည်း သင့်လျော်သော သဘာဝပါတ်ဝန်းကျင်နှင့် စနစ်ကျသော လုံခြုံရေးဆိုင်ရာ ပြင်ဆင်မှုများမရှိပေ။ သတ္တုမိုင်းတူးဖော်ခြင်း ပြုလုပ်သောနေရာတဝိုက်တွင် နေထိုင်၍ သတ္တုမိုင်းလုပ်ငန်းတွင် လုပ်ကိုင်နေရသော ကျေးလက်ဒေသနေသူများသည် နိုင်ငံတော်မှ မိုင်းနှင့်ပါတ်သက်၍ အလေးထားစီစဉ်ပေးမှု မရှိသည့်ဒဏ်ကို ခံစားနေကြရပါသည်။[၁၁၇] တွင်းပိခြင်းများလည်း မကြာခဏဖြစ်ပေါ်ကာ အဆိပ်ဖြစ်စေသော ဓါတုဗေဒများဖြစ်သည့် မာကျူရီသုံးစွဲမှုများနှင့် ဆိုင်ယာနိုက်များကို လည်း ရွှေတူးဖော်ရေး လုပ်ငန်းများတွင် နည်းနာမရှိဘဲ ဖြစ်သလို သုံးစွဲနေသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်တွင် နေထိုင်သော သူများသည် လေထုညစ်ညမ်းမှုဒဏ်ကြောင့် ကျန်းမာရေးထိခိုက်စေသော သောက်ရေများသောက်သုံးခြင်း၊ သန့်ရှင်းမှုမရှိသော ဟင်းသီးဟင်းရွက်များ စားသုံးခြင်း၊ ရွှေတူးဖော်ရေးလုပ်ငန်းဒေသမှ ညစ်ညမ်းသော ချောင်းများရှိ သားငါးများ၊ အသီးအရွက်များ စားသုံး နေရသဖြင့် ကျန်းမာရေးထိခိုက်မှုကို ခံစားနေကြရပါသည်။[၁၁၈] ရှမ်းပြည်နယ်အရှေ့ ပိုင်းတွင် နေထိုင်သူများသည်လည်း တရုတ်ရင်းနှီးမြုပ် နှံသူတို့မှ ဓါတုဆေးဝါးဖော်ထုတ်ရေး လုပ်ငန်းကြောင့် ခေါင်းကိုက်ခြင်း၊ နှာခေါင်းသွေးယိုခြင်းများ၊ ချောင်းဆိုးခြင်းနှင့် ဝမ်းသွားခြင်းတို့ ခံစားနေရသည့် အခြေအနေများနှင့် ထိုဒေသတဝိုက်ရှိ မြစ်ချောင်းများမှ ရေများသည်လည်း သောက်သုံးရန်မဖြစ်နိုင်တော့သည့် အခြေ အနေများ ကို သတင်းအချက်အလက်များ ကောက်ယူရရှိထားပါသည်။[၁၁၉]

## အတင်းအကြပ်လုပ်ဆောင်စေသော စိုက်ပျိုးရေးဆိုင်ရာမူဒါဒများကြောင့် အစားအသောက် မလုံလောက်မှု ဖြစ်လာခြင်း

စစ်အစိုးရ၏ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများသည် လယ်သမားများ၏ ဝင်ငွေရရှိရေးကို ဦးစားပေးမှု မရှိသောကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျခြင်းနှင့် အချို့သောနေရာများတွင် အစားအသောက်လုံလောက်မှု မရှိတော့သည်ကို တွေ့ရသည်။ ဉပမာအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်ဒေသတွင် စစ်အစိုးရ၏ စိုက်ပျိုးရေးမူဝါဒများကြောင့် ၁၉၉၄ နှင့်၂၀၀၀ ခုနှစ်အကြား ဆန်စပါးထုတ်လုပ်မှု ၅၆ ရာခိုင်နှုန်းအထိ ကျဆင်းသည်ကို တွေ့ရသည်။ လယ်သမားများမှာ စစ်အစိုးရ၏ လက်နက်ကိုင် တိုက်ဖျက်ရေး လှုပ်ရှားမှုကြောင့် အတင်းအဓမ္မရွှေ့ပြောင်းခြင်းကို ခံစားရသည်သာမက စစ်အစိုးရ၏ အတင်းအဓမ္မ လယ်မြေသိမ်းယူခြင်း၊ စစ်တပ်များ၏ လယ်ယာအတွက် အတင်းအဓမ္မ လုပ်အားပေးရခြင်းနှင့် ဆန်စပါးများအားလုံးကို စစ်တပ်ထံသို့ လျှော့ဈေးများဖြင့် ရောင်းချပေးရခြင်းတို့ လုပ်ဆောင်နေရပါသည်။[၁၂၀]

၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ စစ်အစိုးရသည် ဇီဝလောင်စာထုတ်လုပ်ရေးအတွက် တနိုင်ငံလုံးကို ကြက်ဆူပင်များ အတင်းအဓမ္မစိုက် ပျိုးစေသည်။ စစ်အစိုးရ၏ထိပ်ပိုင်းခေါင်းဆောင်များသည် သုံးနှစ်အတွင်း ဧကပေါင်း ၈ သန်းစိုက်ပျိုးရန်ချမှတ်ပြီး လူထုလူတန်းစား အားလုံးမှ ရံပုံငွေများ၊ လယ်ယာမြေများနှင့် လုပ်အားများလည်း ဤလုပ်ငန်းအတွက် ပေးဆောင်နေရပါသည်။ အလုပ်လုပ်ရန်ပျက်ကွက်သူများကို ဒဏ်ငွေရိုက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်ခြင်းများ ပြုလုပ်သည်။ ကြက်ဆူပင်စိုက်ပျိုးရန်မြေယာများ အဓမ္မရယူခြင်းနှင့် အတင်းဓမ္မလုပ်အားစေခိုင်းမှုများကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အနည်းဆုံး လယ်သမား ၈၀၀ ခန့် ထိုင်းနိုင်ငံသို့ ဒုက္ခသည်အဖြစ် ထွက်ပြေးလာကြရသည်။[၁၂၁]

စစ်အစိုးရ၏ နိုင်ငံအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ကိုယ်တွယ်ရန် လုပ်ဆောင်ရာတွင်လည်း ကြီးမားသော သီးနှံရိက္ခာလျော့ပါးမှုကို ဖြစ်ပေါ်စေပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှုကိုလည်း ထိရောက်စွာ မထိန်းချုပ်နိုင်ကြောင်း တွေ့ရသည်။ စစ်အစိုးရသည် ပြီးခဲ့သည့် နှစ်များတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပြုလုပ်ရာ ဘိန်းစိုက်ပျိုးသော နေရာများတွင် ဘိန်းထုတ်လုပ်မှုကို ပိတ်ပင်ခဲ့သည်။ သို့သော်လည်း တဖက်တွင် ယခင်က ဘိန်းစိုက်ပျိုးမှု ပြုလုပ်ခဲ့သူများအတွက် ထောက်ပံ့ရန် အစီအစဉ်များပျက်ကွက်ခဲ့သဖြင့် အထူးသဖြင့် အနောက်ပိုင်း ဝနယ်မြေတွင် ဘိန်းထုတ်လုပ်ရေး ပိတ်ပင်မှုကို အကောင်အထည်ဖော်ခဲ့သည့် ၂၀၀၅ ခုနှစ်၊ ဇွန်လမှစ၍ ရာထောင်ပေါင်းများစွာသော လယ်သမားများသည် အလုပ်အကိုင်ရှာရန်အတွက် မိမိတို့ဒေသများမှ စွန့်ခွာသွားကြရသည်။ လက်တွေ့တွင်မူ စစ်အစိုးရသည် မူးယစ်ဆေးဝါးအပြတ်နိုင်နင်းရေးကို ပြုလုပ်ရန် နိုင်ငံရေးအရ စိတ်ဆန္ဒမရှိဘဲ သူတို့ကိုယ်တိုင် တိုက်ရိုက် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ကုန်ကူးခြင်း အဆင့်တိုင်းတွင်ပါဝင်ပြီး ကုန်သွယ်ခြင်းတို့မှရရှိသော အမြတ်အစွန်းများကိုလည်း တိုက်ရိုက်ခံစားနေကြသည်။[၁၂၂] တချိန်တည်းတွင်မူ စစ်အစိုးရသည် တိုင်းရင်းသားဒေသများတွင် တော်လှန်ရေးလှုပ်ရှားမှုများကို ထိန်းချုပ်ရန်နှင့် စောင့်ကြပ်ရန်အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု ပြုလုပ်သော အပစ်အခတ်ရပ်စဲရေးအဖွဲ့အသီးသီးနှင့် ပြည်သူ့စစ်တို့ကို မှီခိုလျက်ရှိသည်။ ထို့ကြောင့် ဘိန်းပိတ်ပင်မှုကို နေရာရွေးပြီး လုပ်ဆောင်သောကြောင့် တခြားသော နေရာများတွင် ဘိန်းစိုက်ပျိုးမှုများ ဆက်လက်လုပ်ကိုင် လျက်ရှိကာ မြန်မာနိုင်ငံမှ ဘိန်းထုတ်လုပ်ခြင်းသည်လည်း မြင့်မားနေဆဲဖြစ်သည်။

## အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကျိုးသက်ရောက်မှု

မြန်မာနိုင်ငံရှိ လူအများစုသည် ကျားမအခြေခံပေါ်တွင် ခွဲခြားမှုမရှိဘဲ ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေကြရပါသည်။ သို့သော်လည်း ရိုးရာဓလေ့ထုံးထမ်းများနှင့် အစဉ်အလာများ၏ ယုံကြည်မှုနှင့် ကျင့်သုံးမှုများကြောင့် ကျေးလက်ဒေသရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ရေရှည်ဆင်းရဲမွဲတေမှုဒဏ်ကို ပို၍ပြင်းထန်စွာ ခံစားနေကြရပါသည်။ အမျိုးသမီးများသည် သူတို့၏အခြေခံ အခွင့်အရေးများဖြစ်သည့် ကျန်းမာရေးနှင့် ပညာရေးအခွင့်အရေးများ မရရှိသည့်အပြင် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အကြမ်းဖက်မှုများကိုလည်း ရင်ဆိုင်နေကြရသည်။ အောက်ဖော်ပြပါ အထောက်အထားမှာ စစ်အစိုးရ၏ မှားယွင်းစွာ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသများကို လစ်လျူရှုထားသဖြင့် စီးပွားရေးအခြေအနေ မည်မျှဆိုးရွားစွာဖြစ်ပေါ်နေသည်ကို ဖော်ပြလျက်ရှိပါသည်။

## ရခိုင်ပြည်နယ်၊ ရသေ့တောင်မှ အသက် ၂၃ နှစ်အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်

*စီးပွားရေးကြပ်တည်းမှုဒဏ်ကို လူတိုင်းကခံစားနေရပြီး အမျိုးသမီးများသည် ပို၍ပိုဆိုးရွားခံစားနေကြရပါသည်။ အရာအားလုံးက ဈေးကြီးပြီး လူအများစုအတွက် နေ့စဉ်အသက်ရှင်ရပ်တည်ရန် အလွန်ပင်ခက်ခဲပါသည်။ မိသားစုစားသောက်ရန်အတွက်ပင် ငွေကြေးလုံ လောက်မှုမရှိကြပါ။ အမျိုးသမီးများသည် သူတို့၏ဆံပင်ကို ဖြတ်ရောင်းပြီး စားစရာဝယ်ရခြင်း*

*သို့မဟုတ် ဆံပင်ကို စားစရာနှင့် လဲလှယ် ခြင်းများ ပြုလုပ်နေရပါသည်။ ဤအခြေအနေများသည် ကျေးလက်ဒေသများတွင် ပို၍ဖြစ်ပွားနေသည်။*

*ကျမမြင်တာက အမျိုးသမီးတွေဟာ ဆံပင်ကို ဖြတ်ရောင်းပြီး စားစရာနှင့် လဲလှယ်တာဟာ အရမ်းကို ဆိုးရွားပါတယ်။ ကျမတို့ရဲ့ အစဉ် အလာအရ ကျမတို့အမျိုးသမီးတွေရဲ့ ဆံပင်ကို အရမ်းတန်းဖိုးထားပါတယ်။ ယောကျ်ား တို့ဘုန်းလက်ရုံးနှင့် မိန်းမတို့ဘုန်း ဆံထုံး ဆိုတဲ့ စကားပုံတောင်ရှိပါတယ်။ ဆံပင်ကို ရောင်းချတာဟာ ကျမတို့ရဲ့ အာဏာဆုံးရှုံးသွားခြင်းပဲ ဖြစ်ပါတယ်။ ဒါဟာ ကျမတို့အမျိုးသမီး တွေရဲ့အိမ်ခြေကို ထိခိုက်စေပါတယ်။ ဒါပေမဲ့ ကျမတို့အတွက် ရွေးချယ်စရာလမ်းမရှိဘူး။ ကျမတို့မိသားစုအတွက် လုံလောက်တဲ့ အစား အစာရဖို့အတွက် ဘာမဆို လုပ်နေရတယ်။*

## ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လယ်မြေများသိမ်းယူခြင်းနှင့်အတင်းအဓမ္မရွှေ့ပြောင်းခြင်း

ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရွာသူရွာသားများအား အတင်းအဓမ္မရွှေ့ပြောင်းရာတွင် အမျိုးသမီးများသည် မျိုးပွားခြင်းဆိုင်ရာကျန်းမာရေးလိုအပ်ချက်များကြောင့် ပို၍ဆိုးရွားဒုက္ခတွေ့ရပါသည်။

အောက်ဖော်ပြပါ တွေ့ဆုံမေးမြန်းချက်တွင် အသက် ၂၅ နှစ်အရွယ်ရှိ ကိုယ်ဝန်ဆောင်ကူကီးအမျိုးသမီးတဦး၏ မြန်မာနိုင်ငံ အနောက်ပိုင်းမှ ရေကာတာလုပ်ငန်းများကြောင့် သူမအတွက် မည်ကဲ့သို့ထိခိုက်မှုရှိခဲ့သည်ကို ပြောပြထားပါသည်။ သူမတို့နေထိုင်ရာ နယ်မြေများသိမ်းပိုက်ခြင်းခံရပြီး သူမကိုယ်တိုင်လည်းတခြား ဆေးပေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုံးဝမရှိသည့်ဒေသသို့ အတင်း အဓမ္မရွှေ့ပြောင်းခြင်းခံရသည်။

*ကျမတို့ဟာ တမန်သီးရေကာတာနှင့် ဝင်းတင်သူကုမ္ပဏီရဲ့ သစ်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့် စီးပွားရေးကြပ်တည်းမှု အမျိုးမျိုးကို ခံစားခဲ့ရတယ်။ ကုန်ဈေးနှုန်းတွေအဆမတန်မြင့်တက်လာပြီး စားသောက်ဖို့ လုံလုံလောက်လောက် မဝယ်နိုင်တော့ပါ။ နေ့စဉ်နေ့တိုင်း အလုပ်လုပ်လည်းပဲ စားရေးသောက်ရေးအခက်အခဲကို မဖြေရှင်းနိုင်ပါဘူး။ နေ့တိုင်းလည်း လုပ်ခမရဘူး။ ကျမတို့ရဲ့မြေ တွေက ရေကာတာဆောက်ဖို့ အတင်းအဓမ္မသိမ်းခြင်းခံရတယ်။ အဲဒါကြောင့် ကျမတို့ဟာ တခြားရွာတရွာဖြစ်တဲ့ ရွှေဘိုလေးရွာကို ရွှေ့ပြောင်းရပါတယ်။ ကျမတို့ပြောင်းရွှေ့ရာမှာလည်း ဘာအကူအညီမှမရရှိတဲ့အပြင် လမ်းတွင် တားဆီးခံရခြင်း၊ စစ်ဆေးခံရခြင်းနှင့် အာဏာပိုင်တို့မှ မေးမြန်းခြင်းများကိုလည်း ခံခဲ့ကြရပါတယ်။ ကျမတို့ပြောင်းရွှေ့လာကတည်းက အခက်အခဲမျိုးစုံ ကိုကြုံတွေ့ရတယ် (ကံကောင်း တာက တခြားကူကီးမိသားစုများက ကျမတို့ကို တတ်နိုင်သလောက် ဝိုင်းဝန်းကူညီကြတာရှိတယ်။) ကျမတို့အိမ်ဆောက်ရတယ်။ စစ်သားများရဲ့ လာရောက်စစ်ဆေးခြင်းကို မကြာခဏခံရပါတယ်။ ကျမတို့မိသားစုဟာ အဲဒီရွာမှာ စာရင်းမဝင်သေးလို့ ရွာသားအဖြစ် အသိအမှတ် ပြုခြင်းမခံရသေးဘူး။ အခုကျမတို့တရားဝင်စာရင်းဝင်အောင် ကြိုးစားနေဆဲဖြစ်တယ်။ ကျမအခု ကိုယ်ဝန်ဆောင်နေရလို့ အိမ်မှာပဲနေပြီး တခြားမိသားစုဝင်တွေအပေါ်မှာသာ မှီခိုနေရပါတယ်။ ကျမတို့ စားဝတ်နေရေးအတွက် မလုံလောက်ပါဘူး။ ကျမအနေနဲ့ ဆေးဝါးနှင့် တခြားကိုယ်ဝန်ဆောင်ကျန်းမာရေး အထောက်အကူ ဘာမှမရရှိဘူး။ ကျမမှာ ကျမကိုယ်ဝန်အတွက် အမြဲစိုးရိမ်နေရပါတယ်။ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာကိုလည်း ကျမမသိပါဘူး။ ကျမမှာ အမြဲတမ်းကြောက်ရွံ့မှုနဲ့ မသေချာ မရေရာတဲ့ အနာဂတ်မှာ အသက်ရှင် နေထိုင်နေရပါတယ်။*

## အတင်းအဓမ္မ လုပ်အားစေခိုင်းမှု

ရွာသူရွာသားများကို အတင်းအဓမ္မနည်းဖြင့် စစ်တပ်၏လက်နက်ပစ္စည်းများနှင့် တခြားအသုံးအဆောင်များကို သယ်ဆောင်ခိုင်းခြင်းသည် ပဋိပက္ခဖြစ်ပွားရာ မြန်မာနိုင်ငံအရှေ့ဘက်တွင် ပုံမှန်ကျင့်သုံးနေဆဲဖြစ်ပါသည်။ ပုံမှန်အားဖြင့် အမျိုးသားများသာ စုဆောင်းခြင်းခံရသော်လည်း အမျိုးသမီးများတွင်လည်း အမျိုးသား များမရှိသော အချိန်တွင် အတင်းအဓမ္မပေါ်တာဆွဲခြင်း ခံရပါသည်။ လေးလံသောဝန်များကို ထမ်းယူစေပြီး ကြမ်းတမ်းသော ခရီးစဉ်များများတလျှောက် ခေါ်ဆောင်သွားခြင်းသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် အလွန်အန္တရာယ်ကြီးမားပါသည်။

အသက် ၃၃ နှစ်အရွယ် ကရင်အမျိုးသမီးတဦးသည် ၂၀၀၄ ခုနှစ်က ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် ပေါ်တာလုပ်ခဲ့သော သူမ၏ အတွေ့အကြုံကို ပြောပြပါသည်။ စစ်အစိုးရသည် ထိုင်းနိုင်ငံသို့ လျှပ်စစ်ပစ္စည်း တင်သွင်းရန်နှင့် သံလွင်မြစ်တွင် ရေကာတာ တည်ဆောက်ရန်အတွက် ဖာပွန်ဒေသတွင် လမ်းများဆောက်လုပ်ခဲ့ပါသည်။ ထိုသို့လမ်းများဆောက်လုပ်ရန်အတွက် စစ်တပ်အများအပြားကိုလည်း ပို့ဆောင်ခဲ့ပါသည်။

*ကျမကိုယ်ဝန် ၃လ ရှိတဲ့အချိန်မှာ စစ်အစိုးရရဲ့ ပေါ်တာအဖြစ် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရပါတယ်။ ကျမရွာ ကနေ ၁၅ မိုင်လောက် ဝေးတဲ့နေရာကို သွားရတယ်။ စစ်သားတွေက ကျမကို ဆန်တစ်တင်းသယ်ခိုင်းတယ်။ ဆန်တစ်တင်းက ၂၅ ကီလိုလောက်ရှိပြီး ကျမ အတွက် အရမ်းကိုလေးလံပါတယ်။ ကျမကိုယ်ဝန်ရှိနေတဲ့အတွက် လမ်းလျှောက်ဖို့လည်း ခွန်အားမရှိပါဘူး။ စစ်သားများက ကျမတို့ စားသောက်ဖို့ လုံလုံလောက်လောက်လည်း မပေး၊ သန့်ရှင်းသော သောက်ရေလည်း မပေးပါဘူး။ လမ်းခရီးတစ်လျှောက်ဟာ ကိုယ်ဝန် ဆောင်အမျိုးသမီးတဦးအတွက် အရမ်းကြမ်းတမ်းလှပါတယ်။ ကျမဟာ တောင်တန်းများကိုတက်ရပြီး မြစ်တွေလည်း ဖြတ်ကျော်ရကာ တခါတရံ ချောက်များကိုလည်း ဖြတ်ကျော်ရပါတယ်။ ကျမဟာ အရမ်းဆာသော်လည်း စားစရာ အစားအစာလည်းမရှိ၊ ရေလည်း မရှိပါဘူး။ တခြားအမျိုးသမီးများက ကျမအတွက် စိတ်မကောင်းဖြစ်ပေမယ့် သူတို့လည်း ဘာမှမကူညီနိုင်ခဲ့ပါဘူး။ သူတို့မှာလည်း အထုပ်အပိုးအများကြီး သယ်ဆောင်ရပါတယ်။ ကျမ အရမ်းမောပြီး ရေလည်းခဏခဏဆာကာ လမ်းတစ်လျှောက်လုံး မကြာခဏ နားခဲ့ရပါတယ်။ ကျမ ပေါ်တာကနေပြန်လာပြီး တရက်အကြာမှာ ကျမကလေးပျက်ကျသွားခဲ့ပါတယ်။ သွေးတွေအများကြီးဆင်းပြီး ကျမအတွက် ဆေးဝါးလည်း မရှိပါဘူး။ အစားအစာလည်း မရှိဘူး။ ကျမအဲဒီကစပြီး အမြဲတမ်းမောနေကာ အားကို မရှိတော့ဘူး။*[၁၂၃]

## ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းသုံးစွဲမှုတိုးမြင့်လာခြင်း

မြန်မာနိုင်ငံတွင် စစ်အစိုးရ၏ မူးယစ်ဆေးဝါးပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းရန် ပျက်ကွက်ခဲ့မှုကြောင့် တချို့သောနယ် မြေများတွင် ဘိန်းစိုက်ပျိုးမှု တိုးမြှင့်လာခြင်းနှင့် ၎င်း၏အကျိုးဆက်မှာ ဘိန်းကြောင့် အကြမ်းဖက်မှုနှင့် တာဝန်ပျက် ကွက်မှုများပြားလာခြင်းဖြစ်သည်။ သုတေသနတခုအရ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ဒေသတွင် အမျိုးသားများ၏ ဘိန်းစွဲမှုဦးရေသည် များပြားလာသည်။ ထိုဒေသများမှာ ယခင်က စစ်အစိုးရမှ ဘိန်းစိုက်ပျိုးရန် ခွင့် ပြုထားသော နယ်မြေဖြစ်ပြီး စစ်အစိုးရမူဝါဒများ၏ အကျိုးကျေးဇူးအဖြစ် ရိုးရာလက်ဖက်လုပ်ငန်းကို ပျက်ဆီးစေခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ပလောင်အမျိုးသမီးအဖွဲ့အစည်းမှ ဤအကြောင်းအရာနှင့်ပါတ်သက်ပြီး အမျိုးသမီးများအပေါ် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိသည်ကို သုတေသနပြုထားသော အစီရင်ခံစာတစောင် ထုတ်ခဲ့ပါ သည်။[၁၂၄]

မူလကတည်းက ဓလေ့ထုံးတမ်းအရ ကျားမခွဲခြားဆက်ဆံခြင်းကို ခံစားရပြီး အမျိုးသမီးများမှာ အမျိုးသားများ၏ အဖြည့်ခံ ဘဝအဖြစ် ရပ်တည်ခဲ့ကြရသည်။ ပလောင်အမျိုးသမီးများသည် သူတို့ခင်ပွန်းသည်များ ဘိန်းစားဖြစ်သွားသောအခါ ဒုက္ခပေါင်းစုံ၊ အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ကြရသည်။ ဘိန်းစားဖြစ်သွားသောလင် ယောကျ်ားများမှာ သူတို့၏မိသားစုကို မထောက်ပံ့နိုင်ရုံသာမကပဲ ပိုင်ဆိုင်သမျှကို ရောင်းချခြင်း၊ အကြွေးများတင်ခြင်း၊ လူလိမ်များ၊ သူခိုးများဖြစ်သွားခြင်းနှင့် ဘိန်းစားနိုင်ရန် ဘိန်းရောင်းဝယ်မှုတွင် ပါဝင်ခြင်းစသည့် ဒုစရိုက်မျိုးစုံကိုလည်း လုပ်လာကြသည်။ ဇနီးသည်များမှာ သူတို့အမျိုးသားများ၏ ရုပ်ပိုင်းဆိုင်ရာ ရိုက်ပုတ် ညှင်းဆဲခြင်း၊ ဆဲဆိုခြင်းများကိုလည်း ခံစားရပြီး တစ်အိမ်လုံး၏ စားဝတ်နေရေးအတွက် ဝန်ပိလေးလံကာ ကလေးများ၏ ကျန်းမာရေးနှင့် ပညာရေးအတွက် ရန်းကန်ရသည်မှာလည်း အင်မတန်ခက်ခဲလှပါသည်။ မေးမြန်းချက်တခုထဲတွင် အမျိုးသမီးတဦးသည် ဝမ်းစာမလုံလောက်မှုနှင့် ရောဂါများကြောင့်ကလေး ၁၁ ယောက်ထဲမှ ၈ ယောက်ကို ဆုံးရှုံးခဲ့ရသည်။ အခြားမေးမြန်းချက်တခုမှာလည်း သမီး (၂) ယောက်မှာ ဘိန်းစားဖြစ်သူ ဖခင်၏ လူကုန်ကူးခြင်းကိုခံရသည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

တိုးတက် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကြောင့် စစ်အစိုးရမှလုံခြုံရေးအတွက် စစ်တပ်တိုးချဲ့သဖြင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပိုမိုလွယ်ကူစွာခံရနိုင်ဖွယ်ရှိသည်။ ရှမ်းပြည်နယ်အလယ်ပိုင်း သံလွင်မြစ်မှ တာဆန်းရေကာတာ ဆောက်လုပ်ရာနေရာတဝိုက်တွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များစွာ မုဒိမ်းကျင့်ခံနေရပါသည်။[၁၂၅]

အောက်ဖော်ပြပါ ဖွင့်ဟပြောဆိုချက်မှာ ရတနာသဘာဝဓါတ်ငွေ့ပိုက်လိုင်း ပတ်ဝန်းကျင်တွင် စစ်တပ်များတိုးချဲ့သဖြင့် ၂၀၀၆ ခုနှစ်တွင် အသက် ၂၅ နှစ်အရွယ် ကရင်အမျိုးသမီးမှ မုဒိမ်းကျင့်ခံရမှု အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။

*ကျမအဒေါ်က ကျမကို ဗမာစစ်တပ်များနဲ့ လိုက်သွားဖို့ပြောဆိုလို့ စစ်တပ်က ကျမအဒေါ်ကို အိမ်သို့ ပေးပြန်ပြီး ကျမ တစ်ယောက်တည်း သူတို့နဲ့နေခဲ့ရပါတယ်။ အမှန်တော့ ကျမသူတို့ကို ကြောက်လို့နေခဲ့ရတာ၊ တစ်ယောက်တည်း မနေခဲ့ချင်ပါဘူး။ ကျမအဒေါ်က စစ်သား သုံးယောက်နဲ့ နေခဲ့ဖို့ပြောဆိုပြီး သူတို့နဲ့ လိုက်သွားဖို့ လဲပြောခဲ့ပါတယ်။ စစ်သားတွေဟာ စစ်ဝတ်စုံများကို ဝတ်ထားပါတယ်။ သူတို့နဲ့ လမ်းလျှောက်ပြီး ၁၅ မိနစ် အကြာမှာ စစ်သားနှစ်ယောက်က ကျမကို ခြုံပုတ်ထဲကို ဆွဲပြီး မုဒိမ်းကျင့်ပါတယ်။ ကျန်တဲ့တစ်ယောက်က စောင့်ကြည့်နေပါတယ်။ ကျမအော်ဖို့ ကြိုးစားပေမဲ့ ကျမပါးစပ်ကို သူတို့ အတင်းပိတ်ထားတယ်။ ကျမကို ခြုံပုတ်ထဲမှာ တစ်ယောက်ပြီး တစ်ယောက်မုဒိမ်းကျင့်ကြတယ်။ ကျမသူတို့ကို အရမ်းကြောက်ပါတယ်။ ကျမ ပါးစပ်ကိုတစ်ယောက်က ပိတ်ထားပြီး ကျန်တဲ့တစ် ယောက်က ကျမကိုမုဒိမ်းကျင့်တာဖြစ်ပါတယ်။ ကျမကိုယ်ကျမ ကာကွယ်ရန် ကြိုးစားသော်လည်း သူတို့က ၂ယောက်ဖြစ်ပြီးအားကြီးလို့ ကျမမတွန်းလှန်နိုင်ခဲ့ပါဘူး။ မုဒိမ်းကျင့်ပြီးချိန်မှာ ကျမကို ပေးပြန်ပြီး ဘယ်သူ့ကိုမှမပြောဖို့ သတိပေးတယ်။*[၁၂၆]

အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အတင်းအဓမ္မလုပ်အားပေးခံ ရခြင်းသာမက မုဒိမ်းကျင့်ခံရပြီး အတင်းအဓမ္မကိုယ်ဝန်ဖျက်ချခိုင်းခြင်းကိုလည်း ခံရသည်။

*ဇူလိုင်လ ၄ ရက်နေ့တွင် ရွာ ၂ ရွာမှ အသက် ၂၁ နှစ်နှင့် ၁၈ နှစ်အရွယ် အမျိုးသမီး ၂ ဦးသည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် ခြေကျင်တပ်ရင်း ၃၇၄ စစ်တပ်မှ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်းကိုခံရသည်။ အမျိုးသမီး ၂ ဦးသည် စစ်အစိုးရပိုင် ရာဘာခြံတွင် အတင်းအဓမ္မလုပ်အားပေးလုပ်နေရချိန်တွင် မုဒိမ်းကျင့်ခံရခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးမှာ နောက်ပိုင်းတွင် စစ်အစိုးရ  အရာရှိ၏ အတင်းအဓမ္မကိုယ်ဝန်ဖျက်ချခိုင်းမှုကြောင့် ဩဂုတ်လ ၁၇ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။ ဗခြေလျင် တပ်ရင်း ၃၇၄ မှာ ဗိုလ်မှူးကိုကိုစိုး ဦးဆောင်သည့်တပ်ဖြစ်ပြီး ညိုချောင်းကျေးရွာ၊ စစ်တပ်ပိုင်ရာဘာခြံတွင် အခြေစိုက်နေသော တပ်ဖြစ်သည်။ အမျိုးသမီး၏မိသားစုအဖွဲ့ဝင် များသည် ကျောက်တော်မြို့နယ်မှ စစ်ဌာနချုပ်ရုံးတွင် အမှုကို တိုင်တန်းသည်။ သူတို့သည် အမှုကိုစစ်ဆေးပြီး  ဩဂုတ်လ ၁၂ ရက် နေ့တွင် မုဒိမ်းကျင့်ခံရသော အမျိုးသမီးတစ်ဦးစီကို လျော်ကြေးအဖြစ် တစ်သောင်းစီပေးခဲ့သည်။ စစ်အရာရှိနှင့် စစ်ဌာနချုပ်မှ အမျိုးသမီးတစ်ဦး ကိုယ်ဝန်ရှိကြောင်းကြားရချိန်တွင် ကိုယ်ဝန်ကို အတင်းအဓမ္မဖျက်ချခိုင်းသည်။ ထိုအမျိုးသမီးမှာ ကိုယ်ဝန်ဖျက်ချ၍  တခြား ရောဂါဝေဒနာများဝင်ပြီး ဩဂုတ်လ ၁၇ ရက်နေ့၊ ၂၀၀၇ ခုနှစ်တွင် ဆုံးသွားခဲ့သည်။*[၁၂၇]

## တဟုန်ထိုးစည်ကားတက်လာသော နယ်စပ်မြို့များနှင့် ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့် လိင်လုပ်ငန်း များ ပြားလာခြင်း

ကျေးလက်ဒေသတွင် စစ်အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မူဝါဒ မအောင်မြင်မှုများ၏ရလာဒ်အဖြစ် အမျိုးသမီးများမှာ လိင်လုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်ရန် တွန်းအားပေးလာသည်။ အများစုမှာ ရွှေတူးဖော်ရေးနေရာများနှင့် တဟုန်ထိုး စည်ကားလာသည့် နယ်စပ်မြို့များတွင် ပြည့်တန်ဆာအဖြစ် မတရားခေါင်းပုံဖြတ်ခံနေရပြီး ကျန်းမာရေးအတွက် အန္တရာယ်ကြီးသည့် ဝန်းကျင်တို့တွင် ကျရောက်နေရသည်။

အမျိုးသမီးအခွင့်အရေးကို ကာကွယ်ရန်မဆိုထားနှင့်၊ စစ်တပ်သည် အမျိုးသမီးများအပေါ် မတရား ခေါင်းပုံဖြတ်သည့် လိင်လုပ်ငန်းပိုင်ရှင်များနှင့် တိုက်ရိုက်အလုပ်လုပ်ကိုင်နေကြသည်။ ကချင်လူမှု ဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့မှ ထုတ်ဝေသော “အမှောင်လွှမ်းနေသော ချိုင့်ဝှမ်း” အစီရင်ခံစာအရ ကချင်ပြည်နယ် ရှာဘွီရာဒေသ ရွှေတူးဖော်ရာ နေရာတွင် စစ်အစိုးရသည် လိင်လုပ်ငန်းကို ခွင့်ပြုထားသည်သာမက သူတို့ကိုယ်တိုင်လည်း လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်ဆံလုပ်ကိုင်စားသောက်ပြီး လိင်လုပ်ငန်းမှ ထွက်ပြေးသွားသော အမျိုးသမီးများကို ဖမ်းဆီး၍ လိင်လုပ်ငန်းတွင် ပြန်လည်ရောင်းချခဲ့သည်။ ထို့အပြင် ထိုသို့ဖမ်းဆီးခံရသော အမျိုးသမီးများကို ကယ်တင် ရန် ကြိုးစားသူ များသည် ဒေသဆိုင်ရာ စစ်ဆင်ရေး အာဏာပိုင်များ၏ အပြစ်ပေးခြင်းကို ခံရသည်။[၁၂၈]

## အကြံပြုချက်များ

- မည်သည့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစီမံချက်များကိုမဆို လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက် နိုင်မှုများ၊ အမျိုးသမီးများပေါ် အကျိုးသက်ရောက်မှုနှင့် အကျိုးသက်ရောက် မည့်လူထုအပေါ် လွတ်လပ်သော လေ့လာ ဆန်းစစ်ချက်များ ပြုလုပ်ပြီးမှသာ လုပ်ဆောင်သင့်သည်။
- သဘာဝသယံဇာတများမှ ရရှိသောဝင်ငွေများကို ကျေးလက်ဒေသနေလူထုများ အရည်အချင်းမီ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန်အတွက် ဒေသခံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဖူလုံရေးလုပ်ငန်းအသီးသီးတွင် အသုံးပြုရမည်။
- လူထု အထူးသဖြင့် တိုင်းရင်းသားဒေသကို ပစ်မှတ်ထားသော စစ်တပ်တိုးချဲ့ခြင်းနှင့် လက်နက်ကိုင် နိုင်ငံရေးအဖွဲ့အစည်း များအား ချေမှုန်းခြင်း လုပ်ဆောင်ချက်များကို ချက်ချင်းရပ်တန့်ရမည်။
- လယ်ယာမြေအခွင့်အရေး၊ လူသားလုံခြုံရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ တန်းတူစွာပါဝင်မှု၊ သူတို့၏ ကိုယ်ပိုင်သဘာဝ အရင်းအမြစ်များကို စီမံနိုင်သော ရေရှည် ဖွံ့ဖြိုးမှုကို ဦး တည်သည့် စိုက်ပျိုးရေးမူဝါဒများရှိရမည်။
- စစ်တပ်တိုးချဲ့ရေးမူဝါဒများ၊ စစ်တပ်စခန်းအသစ်များဆောက်လုပ်ခြင်းနှင့် နိုင်ငံအနှံ့စစ်အင်အား ဖြန့်ကျက်ထားခြင်းကို ချက်ချင်းရပ်တန့်ရမည်။
- လယ်မြေအနေနထားနှင့်မကိုက်ညီသောသီးနှံများအား အတင်းအကြပ်စိုက်ပျိုးခိုင်ခြင်း ၊ လယ်ယာမြေသိမ်းယူခြင်းနှင့် သီးနှံ ဖျက်ဆီးခြင်းများ ချက်ချင်း ရပ်တန့်စေရမည်။
- လူထုကို အတင်းအဓမ္မ လုပ်အားခိုင်းစေမှု၊ လယ်ယာသိမ်းယူမှု၊ အတင်းအဓမ္မနေရာရွှေ့ပြောင်းမှုနှင့် စစ်တပ်အတွက် အတင်း အဓမ္မစိုက်ပျိုးခိုင်းမှု စသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ချက်ခြင်းရပ်တန့်ရမည်။
- ဘိန်းအမြစ်ဖြတ်ချေမှုန်းရေးကို ဒေသခံလူထုများအတွက် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကြောင်း လုပ်နိုင် ရန် ရွေးချယ်နိုင်ခွင့် မရှိသေးသရွေ့ လုပ်ဆောင်ခြင်းမပြုရ။ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအားလုံးတွင် အမျိုးသမီးများ၏ စွမ်းရည် မြှင့်တင်ရေးနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် ပါဝင်နိုင်ရေးကို သေချာစွာ လုပ်ဆောင်ရမည်။
- ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ဒေသခံအဖွဲ့အစည်းများ လွတ်လပ်စွာ တည်ထောင်ခွင့်ပြု၍ တားမြစ်ထားသည့် ဥပဒေများကို ပြင်ဆင်ရမည်။
- မိမိတို့လူ့အဖွဲ့အစည်းကို ကူညီနေသော နိုင်ငံတကာ အဲန်ဂျီအိုများနှင့် ကုသမဂ္ဂအေဂျင်စီများအတွက် ထုတ်ထားသော တားမြစ်ပိတ်ပင်သည့် ပြဋ္ဌာန်းချက်များကို အမြန်ဆုံးရုပ်သိမ်းရမည်။

## အထွေအထွေအကြံပြုချက် အမှတ် ၁၉။ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု

### ခြုံငုံသုံးသပ်ချက်

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံတကာက တရားဝင်အသိအမှတ်ပြု ထားသောအရေးကိစ္စဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ ထပ်မံလေ့လာချက်များအရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် တကမ္ဘာလုံးတွင် ဆိုးရွားစွာ ပြန့်နှံ့ဖြစ်ပွားသည့် သက်သေအထောက်အထားများရှိကြောင်း[၁၂၉] နှင့် ကမ္ဘာပေါ်တွင် အနည်းဆုံးအမျိုးသမီး(၃)ဦးတွင် (၁)ဦးသည် သူတို့၏ဘဝတာတွင်  ရိုက်နှက်မှု နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံနေရဖွယ်ရှိကြောင်း၊ (သို့တည်းမဟုတ်) အနိုင်ကျင့်ခံနေရကြောင်း အထွေထွေအတွင်းရေးမှူးချုပ်က တင်ပြထားပါသည်။[၁၃၀]

သို့သော်လည်း စစ်အစိုးရအနေဖြင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို မြန်မာနိုင်ငံတွင် အဓိကကျသည့် ပြဿနာတရပ်အဖြစ် အသိအမှတ်မပြုပေ။[၁၃၁] ၁၉၉၉ ခုနှစ် နှင့် ၂၀၀၇ ခုနှစ်တွင် ပူးပေါင်းတင်ပြသော စစ်အစိုးရ၏ စီဒေါအစီရင်ခံစာထဲတွင် စီဒေါကော်မတီမှ ချမှတ်ထားသော အထွေထွေအကြံပေးချက် နံပါတ် (၁၉) အရ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပါတ်သက်သည့် ခေါင်းစဉ်(သို့မဟုတ်) အသုံးအနှုန်းများပင် မထည့်သွင်းထားကြောင်းတွေ့ရသည်။

စစ်အစိုးရက မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခြေအနေသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသောအဆင့် အတန်းတွင် ပါဝင်ကြောင်း ထပ်မံတလဲလဲပြောဆိုနေပါသည်။[၁၃၂] ၂၀၀၇ ခုနှစ်တွင် တင်ပြထားသော မြန်မာနိုင်ငံ၏ အစီရင်ခံစာထဲတွင် သာမန် ထက်ပိုသော ကြေငြာချက်တရပ်အဖြစ် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် မမွေးဖွားမီအချိန်ကတည်းကပင် တန်းတူညီမျှမှုကို ပျော်ရွှင်စွာ ခံစားနေရကြောင်း ရေးသားထားသည်။[၁၃၃] ဤသည်မှာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၏ အရင်းအမြစ်များဖြစ်သည့် သမိုင်းအစဉ်အဆက်အရ အမျိုးသမီးနှင့်အမျိုးသား တန်းတူမှုများမရှိခြင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာသည် နိုင်ငံရေးနှင့် ကိုယ်ပိုင်ဘဝအတွင်းသို့ပင် ပျံ့နှံ့ထိခိုက်စေသည်ကို ပစ်ပယ်ထား ခြင်းသာဖြစ်သည်။[၁၃၄]

> **စစ်အစိုးရက  အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ လုံးဝသည်းခံနိုင်မှုမရှိဆိုသည်မှာ မှန်ပါသလား?**
>
> အမျိုးသမီးများအပေါ်တွင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအား မနှစ်မြို့သော၊ တားမြစ်ထားသော မြန်မာ့ရိုးရာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် စံတန်ဖိုးများမှ အစိုးရအား အမျိုးသမီးနှင့်မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာနှင့် ကျားမဆိုင်ရာအပေါ်တွင် အခြေခံသောအကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ရန်အတွက် လုပ်ဆောင်ပေးရန် အားကောင်းကောင်းနှင့် ထောက်ခံအားပေးလျက်ရှိသည်။ ကျွန်ုပ်တို့မှလည်း အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှုများအပေါ်တွင် လုံးဝသည်းမခံနိုင်သည့် ပေါ်လစီအား အပြည့်အဝထောက်ခံပါသည်။[၁၃၅]

အမှန်တကယ်တွင်မူ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အကြမ်းဖက်မှုကို အဆင့်တိုင်းတွင် ကြုံတွေ့ခံစားနေရပြီး သမိုင်းအစဉ်အလာအရ ကျားမခွဲခြားခြင်းကို ခံရသည်သာမက စစ်အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုနှင့် တရားဥပဒေ စိုးမိုးမှုမရှိခြင်းတို့ကြောင့်လည်း တိုက်ရိုက်ထိ ခိုက်ခံစားနေကြရပါသည်။ အမျိုးသမီးများသည် မိသားစုအဖွဲ့ဝင်များနှင့် လူ့အဖွဲ့အစည်း၏အကြမ်းဖက်မှု အထူးသဖြင့် အစိုးရကိုယ်တိုင်ချိုး ဖောက်သော အကြမ်းဖက်မှုများကို ထွက်ပေါက်မရှိအောင် ခံစားနေရပါသည်။[၁၃၆]

စစ်အစိုးရမှ အမျိုးသမီးများအပေါ်တွင် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို အသိပညာပေးရန် ပျက်ကွက်မှုများကြောင့် အာဏာပိုင်များ၊ အထူးသဖြင့် စစ်အစိုးရ၏တပ်သားများမှ ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို နှောင့်ကြဉ်ခြင်းမရှိဘဲ လုပ်ရိုးလုပ်စဉ်ပမာ ကျူးလွန်လျက်ရှိသည်။

ဖားဆောင်းမြို့နယ်၊ ကရင်နီပြည်နယ်မှ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးတဦးမှ စစ်အစိုးရတပ်မှ တပ်သားများ၏တွေးခေါ် စဉ်းစားပုံကို အောက်ပါအတိုင်း ထုတ်ဖော်ပြောပြခဲ့ခြင်းဖြစ်သည်။

*နန်းမြင့်မှာ အသက်ရှင်ရပ်တည်ရေးအတွက် ကျဘမ်းအလုပ်သမားအဖြစ် လုပ်ကိုင်စားသောက်နေသော အမျိုးသမီးတဦးဖြစ်သည်။ ၂၀၀၁ ခုနှစ်မှာတော့ မောင်ကျော်ကိုကိုဆိုတဲ့ ခြေလျင်တပ်ရင်း (၄၃၀) နှင့် ရိုးရာဓလေ့ထုံးတမ်း အခမ်းအနားပြုလုပ်ကာ လက်ထပ်ထိမ်းမြားခဲ့သည်။ စစ်တပ်၏ စည်းမျဉ်းစည်းကမ်းများအရ တရားဝင်လက်ထပ်ခွင့်ရရန် စောင့်ဆိုင်းနေချိန်တွင် သူမခင်ပွန်း၏ စစ်တပ်တန်းလျားတွင် သွားရောက်နေထိုင်ခဲ့သည်။ သူမကိုယ်ဝန် (၃) လရှိချိန်တွင် ခင်ပွန်းဖြစ်သူမှာ ရှေ့တန်း တနေရာတွင် သေဆုံးသွားခဲ့သည်။ သူမ ခင်ပွန်းသေဆုံးပြီးနောက် တပ်အရာရှိမှ သူမအား ၎င်းတို့၏ လက်ထပ်ထိမ်းမြားမှုမှာ စစ်တပ်၏ ဥပဒေအရ တရားမဝင်ကြောင်းနှင့် တရားဝင် လက်ထပ်မပြီးခင် သူမခင်ပွန်းနှင့် စခန်းအတွင်း လာရောက်နေထိုင်သောကြောင့် မကောင်းသော မိန်းမအဖြစ်စွပ်စွဲ၍ စခန်းမှ ထွက်ခွာသွားရန် အမိန့်ပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဖားဆောင်း မြို့နယ်ရှိ သူမ၏ နေရပ်ရွာသို့ ပြန်ရောက်ခဲ့သော်လည်း စစ်အစိုးရ၏စစ်သားနှင့် ကိုယ်ဝန်ရ၍ ခင်ပွန်းသည်မပါဘဲ ပြန်ရောက်လာသောကြောင့် ရွာသားများကလည်း သူမအား မကောင်းသောမိန်းမအဖြစ် စွပ်စွဲ၍ ရွာမှ ထွက်ခွာခိုင်းခဲ့ပြန်သည်။ ထို့ကြောင့် သူမမှာ အခြားရွာတစ်ရွာတွင် သွားရောက်နေထိုင်ခဲ့ရပြီး သူမ၏ ကလေးငယ်အား မွေးဖွားခဲ့သည်။ ဖခင်မဲ့သော သူမ၏ကလေးအား မွေးမြူရန်အတွက် အခက်အခဲပေါင်းများစွာ သူမရင်ဆိုင်ခဲ့ရသည်။ ကလေးငယ်မှာ အသက် (၃) နှစ်နှင့် (၈) လအရွယ် ၂၀၀၇ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသွားခဲ့သည်။ ထိုအချိန်မှစ၍ နန်းမြင့်မှာ သူမခံစားခဲ့ရသော အဖြစ်ဆိုးများကြောင့် စိတ်ရောဂါခံစား နေရသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။*[၁၃၇]

## အိမ်တွင်းအကြမ်းဖက်မှု

အိမ်တွင်းအကြမ်းဖက်မှုကို မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းအတွင်း ဖြစ်ရိုးဖြစ်စဉ်၊ ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်သဖွယ် နေရာတိုင်းတွင် အလွယ်တကူတွေ့ကြုံနေရသည်။[၁၃၈] သို့သော်လည်း ဤသို့ဖြစ်ခြင်းကို ကိုယ်ရေးကိုယ်တာ (သို့မဟုတ်) မိသားစု၏အတွင်းရေးများအဖြစ်သာသတ်မှတ်ပြီး မိသားစုနှင့် နီးစပ်သော ဆွေမျိုးများမှလွဲ၍ မည်သူမျှဝင်ရောက်စွက်ဖက်၍မရပေ။ အမျိုးသမီးများသည်လည်း မိမိ၏အဖြစ်အပျက်ကို တခြားသူများအား ပြောရမည်ကို ရှက်ရွံ့ပြီး၊ အကြမ်းဖက်ခံရသောမိမိအား အကျင့်စာရိတ္တမကောင်းသော မိန်းမအဖြစ် အထင်အမြင်သေးခံရမည်ကိုလည်း ကြောက်ရွံ့နေရပါသည်။

## ကရင်နီပြည်နယ်၊ ဖားဆောင်း မြို့ နယ်မှ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းချက်

*ကျမက လမ်းဘေးဈေးသည်ပါ။ ကျမအမျိုးသားက ကျမတို့ဒေသမှာရှိတဲ့ ပြည်သူ့စစ်အဖွဲ့ဝင်ပါ။ သူက အရက်သမားတယောက်ဖြစ်ပြီးတော့ ကျမကိုလဲ အမြဲတမ်းလိုလိုဘဲ ရိုက်တတ်ပါတယ်။ ၂၀၀၈ ခုနှစ် မတ်လ ၂၀ ရက်နေ့မှာတော့ သူတောင်းတဲ့ပိုက်ဆံ ကျမ မပေးနိုင်လို့ ကျမကို ဆိုးဆိုးရွားရွားကိုရိုက်ပြီးတော့ ခြိမ်းခြောက်ပါတယ်။ ရက်အနည်းငယ်အတွင်းမှာဘဲ ကျမရဲ့ အသက် ၇၂ နှစ်အရွယ် အမေအိုနဲ့ အသက် ၈ နှစ်အရွယ် သမီးလေးကို ခေါ်ပြီးတော့ အဲဒီအကြမ်းဖက်မှုတွေကနေလွတ်အောင် ထွက်ပြေးလာခဲ့ပါတယ်။ သူက ပြည်သူ့စစ်အဖွဲ့ဝင်ဖြစ်တဲ့အတွက် ခြေမြန်တပ်ရင်း ၁၃၅ က စစ်သားတွေကို ကျမတို့ကိုတွေ့ရင် ဖမ်းပေးဖို့အတွက် ပြောထားပါတယ်။ ဒါပေမဲ့ ဒေသခံကရင်နီအဖွဲ့တွေရဲ့အကူအညီနဲ့ ကျမတို့လွတ်မြောက်လာပြီးတော့ နယ်စပ်ကို ရောက်လာပါတယ်။ အမှန်က ဖားဆောင်းမှာ မြန်မာ့အမျိုးသမီးရေးရာရှိတယ်။ ဒါပေမဲ့ ကျမသူတို့ကို အသိမပေးချင်ဘူး။ ကျမတို့ဒေသမှာ အိမ်တွင်းအကြမ်းဖက်မှုခံနေရတဲ့ အမျိုးသမီးတွေ အများကြီးကျမတွေ့ဖူးတယ်။ မြန်မာ့အမျိုးသမီးရေးရာအဖွဲ့က တခါမှ အဲဒီလိုပြဿနာတွေကို လာဖြေရှင်းပေးတာ မတွေ့တဲ့အပြင် အမျိုးသမီးတွေကိုဘဲ အပြစ်တင်ပြီးတော့ မကောင်းတဲ့အမျိုးသမီးလိုမျိုးဘဲ ဆက်ဆံတယ်။*[၁၃၉]

အောက်တွင်ဖော်ပြထားသော အကြောင်းအရာမှာ ကရင်နီပြည်နယ်ရှိ အသက် ၃၁ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦး၏အကြောင်းဖြစ်ပါသည်။ သူမသည် အိမ်တွင်းအကြမ်းဖက်မှုခံရပြီး နယ်စပ်ရှိ အမျိုးသမီးအဖွဲ့အစည်းတခု၏ စောင့်ရှောက်မှုအောက်တွင် ၂၀၀၇ စက်တင်ဘာလကတည်းက ရောက်ရှိနေသူဖြစ်သည်။

*ကျမက ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်ပါတယ်။ ကျမပထမအိမ်ထောင်က ကျမကိုယ်ဝန် ၆ လ ကတည်းက ကွန်လွန်သွားခဲ့တာပါ။ အဲဒီနောက် ဦးမောင်ဌေးဆိုတဲ့ အမျိုးသားနဲ့ ကျမနောက်ထပ် အိမ်ထောင် ပြုခဲ့ပါတယ်။ သူက အရက်လည်းသောက်ပြီး လောင်းကစားလုပ်ပါတယ်။ သူ့ကို လက်ထပ်တာက ကျမသဘောတူလို့၊ ရွေးချယ်လို့ မဟုတ်ဘူး။ သူကျမကို*

*မုဒိမ်းကျင့်ပြီးတဲ့နောက်မှာ ပတ်ဝန်းကျင်ရဲ့ အပြစ်တင်ဝေဖန်မှုကို ရှောင်တိမ်းဖို့အတွက် အတင်းအဓမ္မ ကျမကိုယ့်ကိုယ်ကိုယ် တိုက်တွန်းပြီး သူ့ကိုလက်ထပ်လိုက်ရတာပါ။ အဲဒီအဖြစ်အပျက် ဖြစ်တဲ့အချိန်က ကျမဈေးရောင်းတဲ့အချိန်ပေါ့။ သူနဲ့လက်ထပ်ပြီး တဲ့နောက်ပိုင်းမှာ သူကကျမကို ဘယ်တော့မှ ကောင်းကောင်းမဆက်ဆံပါဘူး။ သူက ကျမနဲ့ကျမသမီးကိုပစ်ပြီးတော့ ခရီးခဏ ခဏ ထွက်ပါတယ်။ အဲဒါထက်ဆိုးတာက ကျမနဲ့ကျမသမီးကို အမြဲတမ်းဘဲ ရိုက်ပါတယ်။ အဲဒီနောက် ကျမသူနဲ့ ကိုယ်ဝန်ထပ် ရပါတယ်။ ကိုယ်ဝန်နဲ့ဖြစ်နေပေမဲ့လည်း သူကကျမကို ရိုက်နေတုန်းဘဲ။ သူ့ရဲ့လက်စားချေမှုနဲ့ ခြိမ်းခြောက်မှုတွေကို ကြောက်လို့ တခြားလူတွေနဲ့ ကျမဆွေမျိုးတွေကိုလည်း အကူအညီ မတောင်းရဲပါဘူး။ သူ့ဆီက ထွက်ပြေးဖို့ဆိုကတော့ လုံးဝကို မလုပ်ရဲ တဲ့ကိစ္စပါ။ လမ်းကလူတွေရဲ့ အကူအညီနဲ့ အခုလို နယ်စပ်ဒေသကို လုံလုံခြုံခြုံနဲ့ရောက် ဖို့အတွက် စီမံနိုင်ခဲ့ပြီး လုံခြုံတဲ့နေရာ ကို သူတို့ပို့ဆောင်ပေးနိုင်ခဲ့တာပါ။ တနေ့မှာ ကျမ ဗိုက်ထဲကနေပြီးတော့ ဆိုးဆိုးဝါးဝါးနာလာလို့ မယ်ဟောင်ဆောင်ဆေးရုံမှာ တက်ရပြီးတော့ အရေးပေါ် သားဖွားခဲ့ရပါတယ်။ ကျမကလေးက လမစေ့ဘဲ မွေးလာခဲ့ပါတယ်။ သူက ပေါင်ချိန်မပြည့် တဲ့အပြင် အသားဝါရောဂါလည်း ဖြစ်နေပါတယ်။ အခုတော့ ကျမက ကူညီစောင့်ရှောက်ရေးဂေဟာရဲ့ ကြည့်ရှုစောင့်ရှောက်မှုအောက်မှာ ရှိနေပါတယ်။*[၁၄၀]

## လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှု

တခြားဖြစ်ပွားမှုများသောကိစ္စရပ်တခုမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခြင်းကို ခံနေရခြင်းဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို တွေ့ဆုံမေးမြန်းချက်များ[၁၄၁]မှ ၎င်းတို့အနေဖြင့် လူအများသွားလာသော ဘတ်စ်ကားပေါ်တွင်ဖြစ်စေ၊ ပွဲလမ်းသဘင်၊ လမ်းမပေါ်များတွင်ဖြစ်စေ ခန္ဓာကိုယ်အစိတ်အပိုင်းများကို တမင်ထိတွေ့ခံရခြင်းများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းများကို သူတို့နှင့်ရင်းနှီးသော ယောကျ်ားမိတ်ဆွေများမှပင် ကျူးလွန်နေခြင်းကို ကြုံတွေ့နေကြရကြောင်း ပြောပါသည်။ အများအားဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်တို့သည် ထိုသို့ထိပါးစော်ကားမှုများကို ကြိတ်မှိတ်ပြီး ခံစားနေကြရခြင်းမှာ သူ့တို့အနေဖြင့် ဤအကြောင်းအရာများကို ထုတ်ဖော်ပြောဆိုခြင်းကို ရှက်စရာအဖြစ် ခံယူထားကြပြီး တခြားသူများက သူတို့အပေါ် အထင်အမြင်သေးပြီး အတင်းအဖျင်းပြောဆိုကြမည်မှာကိုလည်း ကြောက်ရွံ့နေကြသောကြောင့်ဖြစ်ပါသည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

စစ်အစိုးရစစ်တပ်နှင့်အာဏာပိုင်များမှ ကျူးလွန်သော မုဒိမ်းမှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပါသည်။ အများသောအားဖြင့် ထိုသို့သောအဖြစ်အပျက်များသည် စစ်အစိုးရ၏ စစ်တပ်များတိုးချဲ့ရေး ပေါ်လစီချထားသော တိုင်းရင်းသားနယ်မြေတွင် အဖြစ်များလျက်ရှိပါသည်။ စစ်အစိုးရသည် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တိုင်းရင်းသားများအပေါ် နှိမ်နင်းရန်နှင့် နယ်မြေအရင်းအမြစ်များ ထိန်းချုပ်ရန်တို့အတွက် စစ်တပ်၏ အရေးကြီး သော နည်းလမ်းတရပ်အဖြစ် အသုံးပြုလျက်ရှိသည်။ ဤသို့လုပ်ဆောင်ရာတွင် နယ်မြေခံလူထုများအား အရှုံးပေးစေရန် ခြိမ်းခြောက်ခြင်း၊ စစ်တပ်၏ အာဏာကိုပြသရန် အသုံးချခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်များကို စိတ်လျှော့ပါးအောင် ပြုလုပ်ခြင်း၊ စိတ်ဓာတ်ကျဆင်းစေခြင်း၊ အရှက်ကွဲစေခြင်းနှင့် ၎င်းတပ်သားများအတွက် ဆုလာဘ်များအဖြစ် အသုံးပြုခြင်း စသည့်ရည်ရွယ်ချက် အမျိုးမျိုးတို့ကြောင့် ဖြစ်သည်။

အမျိုးသမီးအဖွဲ့များနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ၂၀၀၂ မှစ၍ မြန်မာနိုင်ငံရှိ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ မွန်၊ ကရင်နီနှင့် ရခိုင်ဒေသများရှိ စစ်အစိုးရ၏စစ်တပ်မှ အမျိုးသမီးများအပေါ် ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို သတင်းအချက်အလက်များကိုကောက်ခံပြီး အစီရင်ခံစာများ ပြုစုထုတ်ပြန်လျက်ရှိပါသည်။[၁၄၂]

၉ယား။ ။ မှတ်တမ်းတင်ထားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် မုဒိမ်းမှုများ

| | | | | | | |
|---|---|---|---|---|---|---|
| အစီရင်ခံစာများ၏ အမည်များ | မုဒိမ်းကျင့်ခွင့်လိုင်စင် | တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း | ကျူးလွန်ခွင့်ပြုထားသော စနစ် | စစ်ဘားတိုက်ဆီသို့အလှပြ လမ်းလျှောက်သွားခြင်း | မလုံခြုံသော တိုင်းပြည် | စုစုပေါင်း |
| ထုတ်ပြန်သောနေ့ | မေလ –၂၀၀၂ | ဧပြီ – ၂၀၀၄ | စက်တင်ဘာ – ၂၀၀၄ | ဇူလိုင် –၂၀၀၅ | မတ် – ၂၀၀၇ | |
| အဓိကထားသော နေရာဒေသများ | ရှမ်းပြည်နယ် | ကရင်ပြည်နယ် | တိုင်းရင်းသား နယ်မြေအား လုံးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း | မွန်ပြည်နယ် | ချင်းပြည်နယ် | |
| အဓိကကောက်ယူသော အချိန်ကာလ | ၁၉၉၆ –၂၀၀၁ | ၁၉၈၈–၂၀၀၄ | ၂၀၀၂–၂၀၀၄ | ၁၉၉၅–၂၀၀၄ | ၁၉၈၉–၂၀၀၆ | |
| အမှုအရေအတွက် | ၁၇၃ | ၁၂၅ | ၂၆ | ၃၇ | ၃၈ | ၃၉၉ |
| အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ အရေအတွက် | ၆၂၅ | ၁၂၇ | ၃၄ | ၅၀ | ၃၉ | ၈၇၅ |
| အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ်အရေအတွက် | ၇၇ | ၂၀ | ၁၅ | ၁၁ | ၅ | ၁၆၁ |
| မှတ်ချက် | စုစုပေါင်း မုဒိမ်းမှု၏ ၈၃ % ရာခိုင်နှုန်းမှာ ရာထူး ကြီးသော စစ်တပ်အရာ ရှိများမှ ကျူးလွန်သော အမှုများ ဖြစ်သည်။ (တပ်ကြပ်များ၊ ဗိုလ်ကြီး များစသည်ဖြင့်) စုစုပေါင်း မုဒိမ်းမှု၏ ၆၁ % မှာ အုပ်စုလိုက်မုဒိမ်းကျင့် ခြင်းများဖြစ်သည်။ စုစုပေါင်း မုဒိမ်းမှု၏ ၂၅ % မှာ သေဆုံးခြင်းဖြင့် အဆုံး သတ်၍ အမှုတခု သာ လျှင် ပြစ်မှုကျူးလွန်သူမှာ ၄င်းအရာရှိ၏ အပြစ် ပေးခြင်းခံရသည်။ | ထက်ဝက်မျှသော မုဒိမ်းမှု များမှာ အရာရှိကြီးများ ကျူးလွန်သော အမှုများ ဖြစ်ကြသည်။ စုစုပေါင်း မုဒိမ်းမှု၏ ၄၀ % မှာ အုပ်စုလိုက်မုဒိမ်း ကျင့်ခံရခြင်း ဖြစ်သည်။ စုစုပေါင်း မုဒိမ်းမှု၏ ၂၈ % သောအမှုများမှ အမျိုး သမီးများမှာ မုဒိမ်းကျင့်ခံ ရပြီး နောက်တွင် အသတ် ခံရသည်။ | စုစုပေါင်း မုဒိမ်းမှု၏ ၁၇ မှုမှာ အုပ်စုလိုက် မုဒိမ်းကျင့်ခြင်း ဖြစ်သည်။ အရာရှိများ၊ အာဏာပိုင်များမှ ကျူးလွန် ခြင်း (သို့) ပါဝင်ပတ် သက်မှု များရှိသည်။ | စစ်အရာရှိများက အမျိုးသမီး များကို နေ့အချိန်တွင် အလှပြ လျှောက်ခိုင်း၍ ညအချိန်တွင် လိင်ကျေး ကျွန်များအဖြစ် အသုံးချ ခြင်း။ အသက် ၃၀ ရွယ် အမျိုးသမီးများ အပါ အဝင် ကျောင်းသူများအား တပ်စခန်း၌ နေစေ၍ စစ်တပ်မှ ပြုလုပ်သော ကိုယ်ဟန်ပြ၊ အလှ လမ်းလျှောက် ပွဲများတွင် အတင်းအဓမ္မပါဝင်ခိုင်းသည်။ အမှုများ၏ ထက်ဝက်ကျော် မှာ စစ်တပ်အရာရှိများကိုယ် တိုင် ၎င်းတို့၏ လက်အောက် ငယ်များ၏ ရှေ့မှောက်တွင် ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ကျူးလွန်ကြ သည်။ | အသက် ၁၂ နှစ် အရွယ် အမျိုးသမီး ငယ်များမှာ ရွာအပြင် ၎င်းတို့၏ လယ်များ သို့သွား လာစဉ်တွင် အခါမျိုး တွင်ဖြစ်စေ၊ အဓမ္မ လုပ်အား ပေးခိုင်းစေ ရန် ခေါ်ဆောင် သွားသည့် အခါမျိုးတွင်ဖြစ်စေ၊ ၎င်းတို့၏နေအိမ်များတွင် မုဒိမ်းကျင့်ခြင်း ခံရသည်။ | |

ဤအစီရင်ခံစာများမှာ စစ်အစိုးရ၏အကြွင်းမဲ့အာဏာကျင့်သုံးမှုနှင့် တရားဥပဒေစိုးမိုးမှုမရှိသော စနစ်အောက်တွင် နေထိုင်သော စစ်ဖြစ်ပွားသောနယ်မြေ၊ အပစ်အခတ်ရပ်စဲရေးလုပ်ထားသောနယ်မြေနှင့် တောင်ပေါ်ဒေသများ၊ ဝေးလံခေါင်ဖျားသောဒေသများမှ အသက်အရွယ်မရွေး၊ အပျိုအအိုမရွေး၊ သီလရှင်များပါမကျန် လုံခြုံမှုမရှိကြောင်းနှင့် စစ်အစိုးရမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်နေကြောင်းကို ထင်ထင်ရှားရှား သက်သေပြလျက်ရှိသည်။ စစ်ကြောင်းအားလုံးနီးပါး ကျူးလွန်နေကြပြီး အပြစ်ပေးအရေးယူခြင်း တစုံတရာမခံရဘဲ လွတ်ငြိမ်းချမ်းသာခွင့်အပြည့်ဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ယခုချိန်အထိလည်း ဆက်လက်၍ ကျူးလွန်နေသည်။ ထိုအစီရင်ခံစာများမှ စစ်တပ်၏လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အကြောင်းမဲ့ကျူးလွန်ခြင်းမျိုးမဟုတ်ဘဲ စစ်အစိုးရ၏ အာဏာတည်မြဲရေးနှင့် စစ်အောင်နိုင်ရေးတို့အတွက် အဓိကကျသောနည်းလမ်းတခုအဖြစ် စနစ်တကျအသုံးပြုနေကြောင်း ထင်ရှားစွာမီးမောင်းထိုးပြထားသည်။

## စစ်အစိုးရမှ ဆက်လက်ငြင်းဆန်နေခြင်း

၂၀၀၂ ခုနှစ်တွင် SWAN နှင့် SHRF တို့မှ'မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာ' စတင် ထုတ်ဝေ ဖြန့်ချိခဲ့ပြီးနောက် စစ်အစိုးရမှ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံအတွင်း စစ်တပ်မှ အမျိုးသမီးများအပေါ် အစီအစဉ်ချ အကြမ်းဖက်မှုများရှိနေခြင်းကို ငြင်းဆန်ခဲ့ပြီး ၎င်းတို့၏ သတင်းဌာနများနှင့် တရားဝင်ထုတ်ပြန်ကြေညာစာများတွင်လည်း ငြင်းဆန်ထားသည်ကိုတွေ့ရသည်။ စစ်အစိုးရမှ နောက်ဆုံးတင်ပြခဲ့သော စီဒေါစင်ပြိုင်အစီရင်ခံစာထဲတွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကိစ္စရပ်များကို သေသေချာချာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ကြောင်းနှင့် အပြစ်ကျူးလွန်သူများကိုလည်း တည်ဆဲဥပဒေများအတိုင်း အပြစ်ပေးကြောင်း လိမ်ညာတင်ပြထားသည်။[၁၄၃]

အမှန်တကယ်တွင်မူ စစ်အစိုးရမှပြုလုပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံတကာ၏ ဖိအားလျော့ကျလာရန် ဟန်ပြလုပ်ဆောင်ထားသော စစ်ဆေးရေးအဖွဲ့ဖြစ်သည်။ မုဒိမ်းကျင့်ခွင့်လိုင်စင်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သော စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၀၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် မှ ၃၀ ရက်နေ့အထိ ရှမ်းပြည်နယ်တွင် သွားရောက်ခဲ့သည်။ ဩဂုတ်လ ၂၃ ရက်နေ့တွင် (စုံစမ်းစစ်ဆေးရေးလုပ်ငန်းမပြီးဆုံးခင်) စစ်အစိုးရမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ သံတမန်များနှင့် ရန်ကုန်တွင် အစည်းအဝေး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် စစ်အစိုးရစုံစမ်းစစ်ဆေးရေးအဖွဲ့မှ 'မုဒိမ်းကျင့်ခွင့်လိုင်စင်' အစီရင်ခံစာကို အခြေအမြစ်မရှိကြောင်းနှင့် မဟုတ်မမှန်လုပ်ကြံပြောဆိုသည့် အစီရင်ခံစာ ဖြစ်ကြောင်းပြောဆိုခဲ့သည်။

## မိုင်းဆတ်နှင့်မိုင်းတုံမြို့နယ်များတွင် ပြုလုပ်သော စစ်အစိုးရ၏ မုဒိမ်းကျင့်ခွင့်လိုင်စင်အပေါ်စုံစမ်းစစ်ဆေးရေး [၁၄၄]

**စုံစမ်းစစ်ဆေးသောနေ့ – ၁၈ မှ ၃၀ ရက်၊ ဩဂုတ် ၂၀၀၂**
စုံစမ်းစစ်ဆေးသောအဖွဲ့ – လူ (၅)ယောက်ပါ စစ်အစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့

***ဩဂုတ်လ ၁၈ရက်နေ့***၊ မိုင်းဆတ်မြို့နယ်

စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ရဟတ်ယာဉ်ဖြင့် မိုင်းဆတ်နှင့်မိုင်းတုံမြို့နယ်များတွင် လာရောက်စစ်ဆေးမည့်အကြောင်း၊ ထိုဒေသရှိကျေးရွာဒေသခံများနှင့် တွေ့ဆုံရန်အတွက် ကြိုတင်ပြင်ဆင်ပေးရန် စစ်တပ်များအား သတင်းပေးပို့ခဲ့သည်။ ထိုဒေသအခြေစိုက် စစ်တပ်များက ရွာလူကြီးများကို အဆင့်မြင့် စစ်အစိုးရစစ်တပ်များရွာကိုလာပြီး မုဒိမ်းကျင့်ခြင်းနှင့်ပတ်သက်၍ လာရောက်မေးမြန်းမည်ဟု အသိပေးခဲ့သည်။ စစ်တပ်က ရွာသူကြီးနှင့်ကျေးရွာကော်မတီများကို ထိုနေ့တွင် မရောက်လာလျှင်သော်လည်းကောင်း၊ သူတို့လိုချင်သော ရွာသူရွာသားများ မခေါ်လာပေးလျှင်သော်လည်းကောင်း၊ တစ်ဦးချင်းစီကို ဒဏ်ငွေ (၃၀၀၀) ကျပ်စီ ရိုက်မည့်အကြောင်း ပြောကြားခဲ့သည်။ သူတို့ခေါ် လာခိုင်းသော ရွာသူရွာသားမှာ အမျိုးသမီးလား၊ အမျိုးသားလားဆိုသည်ကို မပြောကြားခဲ့ပေ။ ဒေသခံစစ်တပ်များက ရွာသူကြီးနှင့် ကျေးရွာ ကော်မတီကို သူတို့နယ်တွင် ဖြစ်ပွားသော မုဒိမ်းကျင့်ခွင့်အကြောင်းကို လုံးဝမပြောဆိုရန် သတိပေးခဲ့ပြီး အကယ်၍ ပြောဆိုခဲ့ပါက စည်းဝေးပွဲအပြီး ပြဿနာ ဖြစ်မည်ဟု သတိပေးခဲ့သည်။

***ဩဂုတ်လ ၂၀ ရက်နေ့***တွင် ရွာသူကြီးသည် ရွာသူရွာသားပေါင်း ၄၀ ယောက်ကို မိုင်းဆတ်မြို့ နယ်ရုံးရှေ့တွင် နံနက် ၉ နာရီအချိန်၌ လာရောက်စုရုံးရန် စီစဉ်ပေးခဲ့သည်။ ထိုနေရာတဝိုက်တွင် စစ်တပ်များက လက်နက်အပြည့်အစုံဖြင့် စောင့်ကြပ်သည်။

စစ်အစိုးရ စစ်တပ်အရာ ရှိတစ်ဦးက ရောက်လာသော ရွာသူရွာသားများ၏အမည်များကို မြန်မာဘာသာဖြင့် ပြင်ဆင်ထားသော ထုတ်ပြန်စာထဲတွင် ရေးမှတ်ထားသည်။ သူတို့သတ်မှတ်ထားသော ရွာသူရွာသားများအားလုံး ရောက်လာချိန်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ရောက်ရှိ လာခဲ့သည်။ စုံစမ်းစစ်ဆေး ရေးအဖွဲ့အရာရှိမှ ရွာသူရွာသားများအား စစ်တပ်များမှ လွန်ခဲ့သော ၅ နှစ် ၆ နှစ်အတွင်း မုဒိမ်းမှုတခုမှ မကျူးလွန်ခဲ့ပါဟု ပြောဆိုခဲ့ပြီး ရွာသူ ရွာသားများအား အတည်ပြုပြောဆိုစေခဲ့သည်။ သူက မြန်မာဘာသာဖြင့်ပြော၍ ဘာသာပြန်လည်း မရှိပါ။ တက်ရောက်လာသော ရွာသူ ရွာသား အားလုံးက မြန်မာစကားမတတ်ကြပါ။ မေးခွန်းများလည်း မမေးဝံ့ကြပါ။ မြန်မာစကား နားလည်သူအချို့ကလည်း ဘာမှမပြောရဲကြပါ။ စစ်အစိုးရအရာရှိက ရွာသူရွာသားများအား သူတို့ရောက်လာချိန်က ရေးမှတ်ထားသော နာမည်စာရင်းဘေးတွင် လက်မှတ် ရေးထိုးခိုင်းသည်။ ထိုစာရွာထဲတွင် စစ်အစိုးရ စစ်တပ်များမှ ရှမ်းအမျိုးသမီးတဦးတယောက်ကိုမှ မုဒိမ်းကျင့်သည်ကို မကြားဖူးကြောင်းရေးထားသည်။ စာရေးတတ်သူများက သူတို့နာမည်ကို ရေးထိုးပြီး စာမရေးတတ်သူများကို လက်ဗွေနှိပ်ခိုင်းခဲ့သည်။ တချို့ရွာသူရွာသားများက သူတို့ဘာအတွက် လက်မှတ်ထိုးခဲ့ရသည်ကိုပင် မသိခဲ့ကြပါ။ ရွာသူရွာသားများအား မြို့နယ်ရုံးရှေ့တွင် ဗမာစစ်တပ်မှ ရှမ်းအမျိုးသမီးများအား မုဒိမ်းမကျင့်ပါဟု လက်သီးလက်မြောင်းတန်း၍ ကြွေးကြော်စေခဲ့သည်။ ထိုသို့လုပ်ဆောင်သောပုံကို ဓါတ်ပုံများရိုက်ထားသည်။

အစီအစဉ်တခုလုံး တစ်နာရီခန့်ကြာခဲ့သည်။

***သြဂုတ်လ ၂၄ ရက်နေ့***၊ မိုင်းတုံမြို့နယ်၊ စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိုင်းဆတ်မှ မိုင်းတုံသို့စစ်ကား ၁၂ စီးဖြင့် ခရီးဆက်ခဲ့ကြသည်။ မိုင်းဆတ်ခြေလျင်တပ် ၄၉ နှင့် ခြေလျင်တပ် ၂၇၈ တို့မှ ကားတစီးစီထဲတွင် စစ်သား ၈ ယောက် ၉ ယောက် လိုက်ပါခဲ့သည်။ ထိုစစ်သားများသည် ခရီးတစ်လျှောက်လုံး၏ လုံခြုံရေးတာဝန်ယူရန်ဖြစ်သည်။ မိုင်းတုံမြို့နယ်ရုံးရှေ့တွင် စစ်အစိုးရ စုံစမ်းစစ်ဆေး ရေးအဖွဲ့နှင့် တွေ့ဆုံရန် လူ ၃၀ ရောက်တက်ရောက်ခဲ့ရသည်။ အစီအစဉ်တခုလုံး မိုင်းဆတ်မှာကဲ့သို့ပင် လုပ်ဆောင်သွားခဲ့သည်။ သို့သော် လည်း အစည်းအဝေးပြီးနောက် အတင်းအဓမ္မ ကြွေးကြော်ခြင်းကိုမူ မပြုလုပ်ခိုင်းခဲ့ပေ။

***သြဂုတ်လ ၂၆ ရက်နေ့***၊ မဲခဲကျေးရွာတွင် စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သွားရောက်ခဲ့သည်။ လုံခြုံရေးအတွက် ခြေလျင်တပ်ရင်း ၅၁၉ မှတာဝန်ယူခဲ့သည်။ ရွာသူရွာသားပေါင်း ၁၅ ယောက်သည် မဲခဲရွာ၊ စာသင်ကျောင်းတွင် စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ အား တွေ့ဆုံခဲ့သည်။ အစီအစဉ်တခုလုံး မိုင်းတုံမှာကဲ့သို့ပင် လုပ်ဆောင်ပြီး ပြီးဆုံးသွားခဲ့သည်။

***သြဂုတ်လ ၂၈ ရက်နေ့***တွင် စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ခြေလျင်တပ် ၃၃၃ နှင့် ခြေကျင်တပ် ၄၉ တို့မှ တာဝန်ယူပြီး နားကောင်းမူး ကျေးရွာသို့သွားရောက်ခဲ့သည်။ ရွာသူရွာသားပေါင်း ၂၀ ယောက်ကို စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေး အဖွဲ့နှင့် တွေ့ဆုံရန် နားကောင်းမူး ရွာသူကြီးအိမ်တွင် စုရုံးစေခဲ့သည်။ အစီအစဉ်တခုလုံး မိုင်းတုံမြို့မှာကဲ့သို့ပင် လုပ်ဆောင်သွားခဲ့သည်။

***သြဂုတ်လ ၃၀ ရက်နေ့***၊ ပုံပါခဲကျေးရွာတွင် စစ်အစိုးရ၏ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ခြေလျင်တပ်ရင်း ၄၅ နှင့်အတူ သွားရောက်ခဲ့ သည်။ ရွာသူရွာသားပေါင်း ၃၀ ယောက် စစ်အစိုးရ၏ စုံစမ်စစ်ဆေးရေးအဖွဲ့နှင့် ခြေလျင်တပ်ရင်း ၅၂၄ တွင် တွေ့ဆုံခဲ့သည်။ အစီအစဉ် တခုလုံး မိုင်းတုံမှာကဲ့သို့ပင် လုပ်ဆောင်သွားခဲ့သည်။

စစ်အစိုးရသည် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းနှင့် အပြစ်ပေးခြင်းတို့ကို အသုံးပြု၍ နယ်မြေခံရွာ သူရွာသားများ၊ မျက်မြင်သက်သေများ၊ မုဒိမ်းကျင့်ခံရသူများတို့ထံမှ မဟုတ်မမှန်သော ထွက်ဆိုခြင်းများ၊ ထုတ်ပြန်ချက်များကို ရယူခဲ့သည်။ ယေဘုယျအားဖြင့် ဒေသခံများမှာ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လူများအပါအဝင် ပြင်ပမှလူများဖြင့် စကားမပြောရန် ခြိမ်းခြောက်ထားခြင်းခံရသည်။

ဥပမာအားဖြင့် ၂၀၀၂ ခုနှစ်၊ အောက်တိုဘာတွင် လူ့အခွင့်အရေးဆိုင်ရာ ကုသမဂ္ဂ၏ အထူးကိုယ်စားလှယ် မစ္စတာ ပီညဲရိုးသည် မြန်မာနိုင်ငံသို့သွားရောက်စစ်ဆေးရန်နှင့် ရှမ်းပြည်နယ်တွင် မုဒိမ်းမှုအကြောင်း အစီရင်ခံစာအတွက် သွားရောက်စုံစမ်းရန် စစ်အစိုးရမှ ခွင့်ပြုခဲ့သည်။ သို့သော်လည်း သူမသွားရောက်မီ၊ စစ်အစိုးရ၏ ထောက်လှမ်းရေးအဖွဲ့သည် ရှမ်းပြည်နယ်သို့ လမ်းရှင်းပေးရန်နှင့် မုဒိမ်းကျင့်ခံရသူများအား မေးမြန်းခြင်းများကို အရင်သွားရောက် ပြုလုပ်ခဲ့သည်။ ထို့အပြင် ရှမ်းရွာသူရွာသားများကို ရှမ်းအမျိုးသမီးများအား အစိုးရ

စစ်တပ်များမှမုဒိမ်းကျင့်သည်မှာ မဟုတ်ရကြောင်း လက်မှတ်ထိုးရန် အမိန့်ပေးခဲ့သည့်အပြင် နိုင်ငံခြားသားများအား စကားမပြောရန်လည်း တားမြစ်ခဲ့ကြသည်။ စစ်အစိုးရမှ စစ်တပ်အားဆန့်ကျင်ပြီး ဘာမှမပြောရန်လည်း ၎င်းတို့အား ခြိမ်းခြောက်ထားခဲ့သည်။

ထိုနည်းတူစွာ ခြိမ်းခြောက်မှုများသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာ ကြက်ခြေနီမှ ရှမ်းပြည်နယ် တောင်ပိုင်းဖြစ်သော မုဒိမ်းကျင့်ခွင့်လိုင်စင်အစီရင်ခံစာ သတင်းအချက်အလက်ကောက်ယူသောနေရာသို့ သွားခဲ့စဉ်ကလည်း ဖြစ်ပေါ်ခဲ့သည်။ နယ်မြေခံရှမ်းလူမျိုးများသည် စစ်အစိုးရ စစ်တပ်ကိုဆန့်ကျင်ပြီး မကောင်းကြောင်း ဘာမှမပြောဆိုရန် သတိပေးခံရပြီး ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အစိုးရ အရာရှိများက နိုင်ငံတကာ ကြက်ခြေနီအသင်း လာရောက်လည်ပါတ်စဉ်က ဆန့်ကျင်ပြောဆိုသူများကို နောက်တခါပြောဆိုပါက သူတို့၏ လျှာနှင့်လည်ပင်းများ ဖြတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ထိုသို့သော ခြိမ်းခြောက်မှုများသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ၊ အပြည် ပြည်ဆိုင်ရာလွှတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ သွားရောက်ခဲ့စဉ်ကလည်း ဖြစ်ပွားခဲ့သည်။

ယနေ့အချိန်အထိ စစ်အစိုးရသည် မုဒိမ်းကျင့်ခွင့်လိုင်စင် အစီရင်ခံစာအားရည်ညွှန်းပြီး ၎င်း၏သတင်းဌာနများနှင့် ကုလသမဂ္ဂအစည်းအဝေးများ၊ ကုလသမဂ္ဂသို့ပေးပို့သော အစီရင်ခံစာများထဲတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။[၁၄၅] စစ်အစိုးရသည် စစ်တပ်နှင့်အာဏာပိုင်တို့မှ ပြုလုပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သက်သေအထောက်အထားများကို ငြင်းဆန်ခဲ့သည်သာမကပဲ ၎င်းတို့ ပြစ်မှုကျူးလွန်သည့်အကြောင်း သတင်းအချက်အလက် ကောက်ယူဖော်ထုတ်လျက်ရှိသော အမျိုးသမီးအဖွဲ့အစည်းများနှင့် တခြားလူ့အခွင့်အရေး အဖွဲ့အစည်းများကိုလည်း အပြစ်တင်ဝေဖန်ခဲ့သည်။

**မြန်မာနိုင်ငံတွင်ဖြစ်ပွားသော အစီအစဉ်ချ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခြင်းဆိုင်ရာ အစီရင်ခံစာများကို ထုတ်ဝေသောအမျိုးသမီးအဖွဲ့အစည်းများသို့ စစ်အစိုးရ၏ တုံ့ပြန်ချက်**

ကရင်အမျိုးသမီးအစည်းအရုံးမှ **၂၀၀၄ ခုနှစ် ဧပြီလ**တွင် ထုတ်ဝေသော ‘တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း’ အစီရင်ခံစာကို စစ်အစိုးရက အဓိပ္ပါယ်မရှိသောအစီရင်ခံစာဟုပြောဆိုခဲ့ပြီး စစ်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးမှ ပြုလုပ်သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးပျက်ပြားစေရန် ဝါဒဖြန့်လုပ်ဆောင်ချက်တရပ် ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

**၂၀၀၄ ခုနှစ် စက်တင်ဘာလ**တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ထုတ်ဝေသော ‘ကျူးလွန်ခွင့်ပေး ထားသောစနစ်’ အစီရင်ခံကို စစ်အစိုးရမှတုံ့ပြန်ရာတွင် ဤအစီရင်ခံစာသည် အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်ကြောင်းနှင့် လုံးဝအမှန်တရား မဟုတ်ကြောင်း ဤအစီရင်ခံစာမှာ တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားစေရန် တမင်ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသူ အမျိုးသမီးများနှင့် စစ်တပ်၏ဂုဏ်ကို ပျက်ပြားအောင်လုပ်ခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

***၂၀၀၈ ခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီ၏ အခန်း ၇ မှ စစ်အစိုးရ၏ ထုတ်ပြန်ချက်***

တိုင်းရင်းသူအမျိုးသမီးများနှင့် ကလေးငယ်များကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြုသည်ဟု စွပ်စွဲခြင်းသည် မြန်မာအစိုးရနှင့် မြန်မာစစ်တပ်ကို ဂုဏ်သိက္ခာကျဆင်းအောင် တမင်ရည်ရွယ်၍ လုပ်ဆောင်ခြင်းသာ ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။

**မုဒိမ်းကျင့်မှုအကြောင်း ထုတ်ဖော်ပြောဆိုခဲ့သဖြင့် မတရား အပြစ်ပေးခံရခြင်း**

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပါတ်သက်သည့်သတင်းကို ဖုံးဖိရန်အတွက် စစ်အစိုးရ သည် ၂၀၀၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှ သတင်းများထွက်မလာစေရန် တင်းကြပ်စွာ ကြိုးစားပိတ်ဆို့ခဲ့၍ နိုင်ငံအပြင်ဘက်သို့ သတင်းပို့သူများကို အပြစ်ပေးခဲ့သည်။ တချို့သောအမှုများတွင် မှားယွင်းစွာ အပြစ်ပေးခြင်းများရှိသည်။ ၂၀၀၇ ခုနှစ်တွင် စစ်တပ်အရာရှိများမှ ကချင်ပြည်နယ်၊ ပူတာအိုတွင် အုပ်စုလိုက် မုဒိမ်းမှုကျူးလွန်ရန် ကြိုးစားမှုများ၊ နောက်ဆက်တွဲများအနေဖြင့် ကျောင်းသူ ၄ ယောက်ကို ဖမ်းဆီးခြင်းသည် နယ်မြေခံများအတွက် စစ်အစိုးရ၏ အန္တရာယ်ကြီးမားမှုနှင့် အထူးသဖြင့် မုဒိမ်းကျင့်ခံရသောဓါးစာခံ၏ဆွေမျိုးများနှင့် တရားမျှတမှုရရှိရန် ကြိုးစားနေသူများအတွက် အန္တရာယ်နှင့် ပို၍ရင်ဆိုင်နေရကြောင်း သက်သေပြနေသည်။

## ပူတာအိုအမှု – ဖေဖော်ဝါရီ ၂၀၀၇ ခုနှစ်

ရဝေါင်နန်း၊ ချင်းလိုင်နင်ရမ်၊ နန်းကြည်ခေါဒန်းနှင့် ပူရမ် (အသက် ၁၄နှစ်မှ ၁၆နှစ်ကြား) တို့သည်၊ ကချင်ပြည်နယ်၊ ပူတာအို မြို့နယ်၊ ဒေါက်တန်းရွာအထက်တန်းကျောင်းတွင် စာသင်နေသော (၈) တန်းကျောင်းသူလေးများဖြစ်ကြသည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂ ရက်တွင် ပူတာအိုမြို့မှ မိုင်၂၀ အကွာ၊ မုန်လန်ချိုင့်ဝှမ်း၌ အခြေချသည့် အမှတ် ၁၃၈ ခြေလျင်တပ်ရင်းမှ စစ်သား ၇ ဦးသည် အဆိုပါ ကျောင်းသူလေးများအား ကာရာအိုကေသို့ ဖြားယောင်းသွေးဆောင်သွားခဲ့သည်။ ကျောင်းသူလေးများကို စစ်တပ်အခြေစိုက် မုန်လန်ရှီဒီး ကျေးရွာသို့ခေါ်ဆောင်သွားပြီး အရာရှိ ၃ ဦးနှင့်စစ်သား ၄ ဦးတို့က အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့ကြသည်။ စစ်အရာရှိသုံးဦးတို့မှာ ဗိုလ်မှူး စောဝင်းသက်၊ ဗိုလ်ကြီး ဝင်းမြင့်ဦးနှင့် ဗိုလ်ကြီး ကျော်ဇေယျတို့ဖြစ်ပြီး အစပိုင်းတွင် ကျောင်းသူလေးများသည် အန္တရာယ်ကိုကြောက်ရွံ့ ပြီး သူတို့ ၏အဖြစ်အပျက်အား ရဲထံသို့တိုင်ကြားရန် ကြောက်ရွံ့နေခဲ့သည်။

သို့သော်လည်းနောက်ပိုင်းတွင် ထိုကျောင်းသူလေးများ၏ မိဘနှင့်ဆွေမျိုးများက တပ်ရင်းမှ ဗိုလ်မှူးကြီးစိုးဝင်းအား တိုင်ကြားပြီး ကျေးရွာအုပ်ချုပ်ရေးကော်မတီမှ အမှုစီရင်ရေးပြုလုပ်ကာ ထိုကော်မတီမှ မုဒိမ်းကျင့်ခံရသူ ကျောင်းသူတစ်ဦးစီကို ကျပ်ငါးသိန်းစီ လျော်ကြေး အဖြစ်ပေးရန် ဆုံးဖြတ်လိုက်သည်။ သို့သော်စစ်တပ်မှာ သတ်မှတ်ထားသောသော ငွေပမာဏကိုမပေးဘဲ သုံးသိန်းသာပေးခဲ့သည်။ အမှု စီရင်သောကာလတွင် အရာရှိသုံးဦး၏ တရားဝင်မည်သူမည်ဝါဖြစ်သည်ကို ထုတ်ဖော်သော်လည်း အမှုတွင်ပါဝင်သော အခြား စစ်သား ၄ ဦးတို့၏ အမည်များကိုမူ ထုတ်ဖော်ရန် စစ်တပ်မှ ငြင်းဆန်ခဲ့သည်။ ထိုအမှုစီရင်ပြီးနောက်ပိုင်း စစ်တပ်က ဒေါ့တန်ကျေးရွာ အုပ်ချုပ်ရေးရုံး၊ ဒေသခံအမျိုးသမီးများနှင့် မုဒိမ်းကျင့်ခံရသူများကို မုဒိမ်းမှုအကြောင်း နောက်ထပ် လုံးဝမပြောရန် သတိပေးခဲ့သည်။

သို့သော်လည်း ထိုအဖြစ်အပျက်သတင်းသည် မြန်မာနိုင်ငံပြင်ပသတင်းဌာနများသို့ ရောက်ရှိလာနိုင်ခဲ့သည်။ ထို့နောက် စစ်တပ်က အမျိုးသမီးငယ်လေးနှင့် သူတို့၏မိဘများ၊ အစိုးရအထက်တန်းကျောင်းမှဆရာများ၊ ကျေးရွာအုပ်ချုပ်ရေးရုံးနှင့် ကျေးရွာအမျိုးသမီးအဖွဲ့ အစည်းများကို စစ်ဆေးမေးမြန်းခဲ့သည်။ မတ်လ ၉ ရက်နေ့ ၂၀၀၇ ခုနှစ်တွင် မုဒိမ်းကျင့်ခံရသော အမျိုးသမီးများသည် ပြင်ပသတင်းဌာနများ ဖြစ်သော ဘီဘီစီ၊ အာရ်အက်ဖ်အေနှင့် တခြားဌာနများသို့ သတင်းပို့မှုဖြင့် ဖမ်းဆီးခြင်းခံရသည်။[၁၄၆]

အမျိုးသမီးငယ်လေးများကို မတ်လ ၉ ရက်နေ့ ၂၀၀၇ ခုနှစ်တွင် ပြည့်တန်ဆာမှုအပါအဝင် ပြစ်မှု ၁၀ ချက်ဖြင့် ပူတာအိုထောင်၌ အကျဉ်းချခဲ့သည်။ အသက်ပိုငယ်သော မိန်းကလေးငယ် ၂ ဦးကို မွန္တလေးထောင်သို့ ပို့လိုက်ပြီး အကြီး ၂ ယောက်ကို မြစ်ကြီးနား ထောင် သို့ပို့ခဲ့သည်။

> **၂၀၀၈ ခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီ၏ အခန်း ၇ သို့လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နှင့်ပါတ်သက်သည့် စစ်အစိုးရ၏ တုံ့ပြန်ချက်**
>
> **၃၇။** မြန်မာစစ်တပ်သည် ပြင်ပအဖွဲ့အစည်းနှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော အုပ်စုလိုက်မုဒိမ်းကျင့် သည့်အစီရင်ခံစာများမှ မှားယွင်းစွာ စွပ်စွဲခြင်းများကိုခံနေရသည်။ မြန်မာလူမျိုးများနှင့် မြန်မာအစိုးရသည် မုဒိမ်း ကျင့်မှုနှင့် အုပ်စုလိုက်မုဒိမ်းကျင့်မှုကို ရှက်ဖွယ်ကောင်းသော အမှုအဖြစ်ယူဆသည်။ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရကိုဆန့်ကျင်သောအဖွဲ့များသည် အစိုးရကို အခြေအမြစ်မရှိ စွပ်စွဲခြင်းသာဖြစ်သည်။ မုဒိမ်းကျင့်မှု ဖြစ်ပွားတိုင်း အစိုးရမှ အပြစ်ကျူးလွန်သူများကို အပြစ်ပေးပြီး တရားမျှတမှုရရှိရန်အတွက် လုပ်ဆောင်ကာ အပြစ်ကျူးလွန်သူများကို လည်း မြန်မာနိုင်ငံ၏တည်ဆဲ ဥပဒေများအရ အရေးယူမှုပြုလုပ်ခဲ့သည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဆက်လက် ပြန့်ပွားနေသောသက်သေများ

စစ်အစိုးရမှဖော်ပြထားသော အချက်ဖြစ်သည့် မုဒိမ်းမှုနှင့်အုပ်စုလိုက်မုဒိမ်းကျင့်မှုသည် ရှက်ရွံ့စရာကောင်းသော ပြစ်မှုဖြစ်သည်[၁၄၇] ဆိုသည့်အချက်နှင့်ဆန့်ကျင်စွာပင် မြောက်မြားစွာသော အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ ဆွေမျိုးများနှင့် လူ့အဖွဲ့အစည်းမှ လူများက စစ်အစိုးရစစ်သားများမှကျူးလွန်သည့် မုဒိမ်းမှုနှင့်ပါတ်သက်သည့် ထွက်ဆိုချက်များအကြောင်းကို ဆက်လက်စုဆောင်းလျက်ရှိသည်။ သူတို့၏ ထွက်ဆိုချက်များသည် စစ်အစိုးရစစ်တပ်များနှင့် အာဏာပိုင်များ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် မုဒိမ်းမှုများအား အစီအစဉ်ချ နေရာအနှံ့ကျူးလွန်နေကြောင်း သက်သေပြနေသည်။ မုဒိမ်းမှုများကို ဒေသခံလူထုများ၊ အထူးသဖြင့် အမျိုးသမီးနှင့်မိန်းကလေးငယ်များ

အား သူပုန်အားထောက်ပံ့သည့်အတွက် ညှင်းပန်းနှိပ်စက်မှုနှင့် ပြစ်ဒဏ်ပေးမှုနည်းလမ်းတရပ်အဖြစ် အသုံးပြုလျက်ရှိသည်။ အမျိုးသမီးနှင့်ကလေးငယ်များသည် အတင်းအဓမ္မ လုပ်အားပေးစဉ်၊ စစ်တပ်၏လမ်းပြအဖြစ် စစ်တပ်နှင့်အတူသွားရစဉ်၊ သို့တည်းမဟုတ် စစ်တပ်၏ ပေါ်တာအဖြစ် လက်နက်များ၊ အစားအစာများ သယ်ပေးရစဉ်တွင် မုဒိမ်းကျင့်ခံရပါသည်။ သူတို့သည် နေ့စဉ်အလုပ်များလုပ်ကိုင်နေစဉ် ဥပမာအားဖြင့် ရွာအပြင်ဘက်တွင် ဟင်းသီးဟင်းရွက်ရှာခူးနေစဉ်၊ လယ်ထဲတွင် သားငါးရှာဖွေစားသောက်စဉ်၊ ထင်းစုဆောင်းစဉ် သို့မဟုတ် မျှစ်ချိုးနေချိန်၊ သို့မဟုတ် ဈေးသွားစဉ်နှင့် ရွာနီးနားဝိုက်သွားလာစဉ်တွင် မုဒိမ်းကျင့်ခံကြရပါသည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား အုပ်စုလိုက်မုဒိမ်းကျင့်ခံရခြင်းနှင့် ရက်စက်ကြမ်းတမ်းစွာ နှိပ်စက်ခံရခြင်းများ၊ အသတ်ခံရခြင်းများ ဖြစ်ပွားလျက်ရှိပြီး အမှုတစ်ခုတွင် အမျိုးသမီးငယ်တဦးမှာ မုဒိမ်းကျင့်ခံရပြီးနောက်ပိုင်းတွင် အသတ်ခံရပြီး ယာတဲအတွင်း၌ မီးရှို့ခံခဲ့ရသည်။[၁၄၈]

ဆိုးရွားမှုနှင့် ကြုံတွေ့ခံစားခဲ့ရသောအမျိုးသမီးများကိုလည်း သူတို့မုဒိမ်းကျင့်ခံခဲ့ရသည်ကို မည်သူ့ကိုမှ မတိုင်ကြားရန်နှင့် တိုင်ကြားလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်မှုများပြုခဲ့သည်။ အချို့အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သူတို့ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ရွာသူကြီးထံမှ အကူအညီရရှိရန် တိုင်ကြားမှုပြုခဲ့သည်။ သို့သော်လည်း ရွာသူကြီးများမှာ စစ်တပ်မှပြန်ကလဲ့စားချေမှုများနှင့် တပ်မတော်ကို အကြည်အညို ပျက်စေသည်ဟူသော စွပ်စွဲမှုများဖြင့် အရေးယူခံရမှာကိုကြောက်ပြီး အာဏာပိုင်များကို မတိုင်ကြားရဲပေ။ အနည်းငယ်သော အမှုများအတွက်သာလျှင် စစ်တပ်ဆီမှ လျော်ကြေးရရှိသည်။ သို့သော်လည်း ထိုလျော်ကြေးမှာ နှုတ်ပိတ်ကြေးသဘောသာဖြစ်ပြီး ငွေပေးသည်နှင့် တပြိုင်နက်တည်းတွင် မုဒိမ်းကျင့်ခံရသောအမျိုးသမီးနှင့် မိန်းကလေးငယ်များအား မည်သူ့ကိုမှ သတင်းမပေးရန်နှင့် သတင်းပေးပါက သူတို့ကို အရေးယူမည်ဖြစ်ကြောင်းခြိမ်းခြောက်သည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ရပ်များအတွက် အတင့်ရဲနေခြင်း

စစ်အစိုးရ စစ်တပ်မှအရာရှိများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်နေခြင်းဖြစ်နေသည်ကို ပြောင်ပြောင်ဆန်နေခြင်းများက ယင်းစစ်သားများအား ရာဇဝတ်မှုများဖြစ်သည့် မုဒိမ်းကျင့်ခြင်းကို အမျိုးသမီး၏မိသားစုဝင်များရှေ့တွင်မကျန် လုံးဝအရှက်တရားမရှိ (သို့မဟုတ်) ထိန်းချုပ်ခြင်းမရှိဘဲ ကျူးလွန်ရဲအောင် အားပေးအားမြှောက် ပြုလုပ်နေခြင်းဖြစ်သည်။ ခံစားရသူအမျိုးသမီးအား ကာကွယ်ရန် ကြိုးစားနေသူများကိုလည်း ရိုက်နှက်ခြင်း၊ ကန်ထုတ်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် တခါတရံတွင် သတ်ပစ်သည့်အထိ ပြုလုပ်လျက်ရှိသည်။

## အမေနှင့်သမီး မုဒိမ်းကျင့်ခံရခြင်း

*၂၀၀၆ ခုနှစ်၊ နှစ်သစ်ကူးတွင် ခြေလျင်တပ်ရင်း ၄၂၆ မှ စစ်အရာရှိသည် ဖရူးဆိုး မြို့နယ် တကွီးဆိုးကျေးရွာသူ၊ ရွာသားများကို မည်သည့်အကြောင်းပြချက်နှင့်မျှ ရွာပြင်မထွက်ရန် အမိန့်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ မနက် ၇ နာရီအချိန်တွင် မိုနာ အသက် ၃၇ နှစ်နှင့် သမီးဖြစ်သူ နာ့နာ အသက် ၁၈ နှစ်တို့သည် လယ်ထဲသို့သွားရာ ရွာပြင်ဘက်တွင် တပ်ရင်း ၄၂၆ စစ်တပ်များက ဖမ်းဆီးခဲ့သည်။ သူတို့သား အမိနှစ်ယောက်စလုံးကို စစ်တပ်မှ မုဒိမ်းကျင့်ပြီး သုံးရက်ကြာ စစ်တပ်စခန်းရှိရာနေရာတွင် ထိန်းချုပ်ထားခဲ့သည်။ နာ့နာသည် ထိုအချိန်တွင် ရာသီလာရာ စစ်တပ်မှ သူ့ခန္ဓာကိုယ်လုံးတခုလုံးကို ရေအေးနှင့် အတင်းအဓမ္မလောင်းချ သန့်ရှင်းခိုင်းသဖြင့် သူမသည် တစ်နာရီခန့် သတိမေ့သွားပြီးနောက် ထောင်အကျဉ်းခန်းထဲတွင် ထည့်ထားခြင်းခံရသည်။*[၁၄၉]

## ခင်ပွန်းသည်နှင့် အသိုင်းအဝိုင်းကို အရှက်ခွဲခြင်း

*၂၀၀၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ခြေလျင်တပ်ရင်း ၅၁၅ မှ စစ်ကြောင်း ၅ ကြောင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း တုံလောဝ်ကျေးရွာစု၊ ပလောင်ကျေးရွာ ဝမ်မတ်ခီနိုသို့ ဝင်လာခဲ့သည်။ စစ်သားများသည် ခင်ပွန်းသည်များကို ကြိုးချည်ထားပြီး သူတို့၏ ဇနီးသည် ၅ ဦး ကို မုဒိမ်းကျင့်ခဲ့သည်။ အမျိုးသမီးအားလုံးမှာ ကလေးအမေများ ဖြစ်ကြပါသည်။ မုဒိမ်းကျင့်ပြီးနောက်တွင် ရွာသူကြီးသည် တုံလောဝ် တွင် အခြေစိုက်သော ခြေလျင် တပ်ရင်း ၂၈၂ မှ ဗိုလ်မှူးစန်းလှိုင်ထံသို့ တိုင်ကြားခဲ့သည်။ သို့ရာတွင် ထိုဗိုလ်မှူးက ထိုအမှုသည် သူနှင့် မသက်ဆိုင်သောကြောင့် ဖြေရှင်းဖို့သူ့တွင် တာဝန်မရှိဟုပြောခဲ့သည်။*[၁၅၀]

စစ်အစိုးရ စစ်သားများသည် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်မည်ကို သိနေသောကြောင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသည်။ အမျိုးသမီးဘယ်နှစ်ယောက်အား မုဒိမ်းကျင့်ပြီးကြောင်း စစ်သားအချင်းချင်းကြားတွင် ကြွားဝါပြော ဆိုကြသည်။ ဤဖြစ်ရပ်မှန်ကန်ကြောင်း စစ်အစိုးရ စစ်တပ်မှ ထွက်ပြေးလာသော စစ်သားတဦး၏ ထွက်ဆိုချက်များက အတည်ပြုနေ ပါသည်။

ခြေလျင် တပ်ရင်း ၂၂၆ မှ ထွက်ပြေးလာသော အသက် ၁၇ နှစ်၊ ၁၉ နှစ်နှင့် ၂၆ နှစ် အရွယ် စစ်သားသုံးဦးသည် သူတို့၏ လက်နက်များနှင့်အတူ ချင်းမိုင်ခရိုင်မြောက်ပိုင်း၊ နယ်စပ်ဒေသ ပိန်းလုံရွာတွင် ရောက်ရှိလာခဲ့သည်။ သူတို့က သူတို့တပ်ရင်းမှ ဗိုလ်မြင့်ဌေးသည် ပြီးခဲ့သည့်လက ရှမ်းပြည်နယ်တွင် အမျိုးသမီး ၅ ယောက်၊ (သို့မဟုတ်) ၆ ယောက်ကို မုဒိမ်းကျင့်ခဲ့ကြောင်း သူတို့ကိုပြောပြခဲ့သည်ဟု ထွက်ဆိုသည်။[၁၅၁]

ကင်းလှည့်နေသော စစ်သားများသည် ရွာခံတွေဆီမှ ဇိမ်ခံအမျိုးသမီးများကို ပွင့်ပွင့်လင်းလင်းပင် တောင်းဆိုနေကြသည်။ ဆိုးရွားလှသောဖြစ်ရပ်များထဲမှတခုမှာ ပလောင်အမျိုးသမီးတစ်ဦးသည် ဇိမ်ခံအမျိုးသမီးအဖြစ် စစ်သားများထံသို့ အပို့ခံရပြီး၊ သူမ ရုပ်ဆိုးသည် ဟူသော အကြောင်းပြချက်ဖြင့် အသတ်ခံရသည်။

၂၀၀၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် မိုင်းကိုင်ဒေသ၊ ဟမ်ငိုင်အုပ်စု အခြေစိုက် ခြေလျင်တပ်ရင်း ၅၁၄ သည် ပလောင်ကျေးရွာ၊ လုခန်သို့ဝင်လာခဲ့သည်။ ထိုစစ်တပ်သည် ရွာသူရွာသားဆီမှ ကြက်သား၊ အရက်နှင့် ဇိမ်ခံအမျိုးသမီးများ ပေးရန်အမိန့်ပေးခဲ့သည်။ အပို့ခံရသောအမျိုးသမီးထဲတွင် ရုပ်ဆိုးသော အမျိုးသမီးတစ်ဦးပါခဲ့သည်။ စစ်တပ်မှာ သူတို့ကို ရုပ်ဆိုးသော အမျိုးသမီးပေးရမလားဟု စိတ်ဆိုးပြီး ထိုအမျိုးသမီးကို သေသည်အထိ ရိုက်နှက်၍ ရွာပြင်တွင် စွန့်ပစ်ထားခဲ့လေသည်။ ကျန်အမျိုးသမီး ၆ ဦးမှာ မုဒိမ်းကျင့်ခံရခဲ့သည်။[၁၅၂]

## မိန်းကလေးငယ်များကို မုဒိမ်းကျင့်ခြင်း

ထုတ်ဝေခဲ့သော အစီရင်ခံစာများမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း သတင်းအချက်အလက်များထဲမှ အနည်းဆုံး ၁၂၈ မှုမှာ အသက် ၁၈ နှစ်အောက်ဖြစ်ပြီး အသက် ၅ နှစ်ထိကလေးငယ်များပါ ပါဝင်သည်။ သူတို့သည် ကျောင်းသွားစဉ်၊ အိမ်မှာနေစဉ်၊ လူကြီးများနှင့် အပြင်တစ်နေ ရာရာတွင် အဖော်အဖြစ်လိုက်ပါပေးစဉ်၊ အိမ်မွေး တိရစ္ဆာန်များပျောက်၍ ရှာဖွေနေစဉ်၊ သူငယ်ချင်းများထံ လည်ပတ်စဉ်နှင့် ဟင်းသီးဟင်း ရွက်ရှာဖွေ နေစဉ်တို့တွင် မုဒိမ်းကျင့်ခံရပါသည်။

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် နောင်နိုင်ကျေးရွာတွင် နေထိုင်သော အသက် ၉ နှစ်အရွယ် အားခါးကလေး အာမီ (နာမည်ရင်းမဟုတ်ပါ) သည် ကျောင်းကအပြန် ဟင်းချက်ရန်အတွက် ဟင်းသီးဟင်းရွက် ရှာဖွေသွားခဲ့သည်။ ထိုအချိန်တွင် စစ်အစိုးရ သင်တန်းကျောင်းတွင် သင်တန်းတက်နေသော စစ်သား ၃ ဦးသည် သူမကိုဖမ်းပြီး အနီးရှိမြောင်းထဲတွင် ဆွဲသွားခဲ့သည်။ သူမကို မုဒိမ်းကျင့်ပြီးနောက် လည်ပင်းညှစ်သတ်ရန်  ကြိုးစားခဲ့သည်။

အာမီ အိမ်ပြန်မလာသောအခါ မိသားစုဝင်နှင့် အိမ်နီးနားချင်းများသည် သူမကိုရှာဖွေခဲ့သည်။ သို့သော် ရှာမတွေ့ခဲ့ပါ။ အာမီသည် ၂ ရက် ကြာပြီးနောက်တွင် တစ်ကိုယ်လုံး ဒဏ်ရာအပြည့်ဖြင့် ပြန်လာခဲ့သည်။ သူမကို ဆေးရုံသို့ပို့ခဲ့ပြီး ဆေးစစ်ချက်အများအရ မုဒိမ်းကျင့်ခံရ ကြောင်း အတည်ပြုပြီး ရဲထံသို့ အကြောင်းကြားခဲ့သည်။ ဆေးရုံတက်ပြီး တစ်ရက်မြောက်တွင် သူမကို အိမ်သို့ပြန်ပို့ခဲ့ပြီး ဘယ်မေးခွန်းကိုမှ မဖြေရန်လည်းမှာ ထားခဲ့သည်။ သူမအမှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ဒေသတွင်း စစ်သင်တန်းကျောင်းတွင် သူမကို မုဒိမ်းကျင့်ခဲ့သော စစ်သားသုံးဦးကို ပြနိုင်ခဲ့သည်။  ထို့နောက်တွင် ကိုင်တူ၊ ဒုတိယအရာရှိမှ အေမိနှင့် သူမမိသားစုကို ငွေငါးသိန်း ပေးခဲ့သည်။ တပြိုင်နက် တည်းမှာပင် ဤသတင်းပေါက်ကြားပါက သူတို့ကို အရေးယူမည်ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်။[၁၅၃]

## ဘာသာရေးနေရာများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

ဒေသခံများ၏ ဘာသာရေးကိုင်းရှိုင်းမှုများကို ချိုးဖောက်ပြီး စစ်အစိုးရ  စစ်သားများသည် ရွာရှိ ဘုရားရှိခိုးကျောင်းနှင့် ဘုန်းကြီးကျောင်းများတွင် အမျိုးသမီးများနှင့် ကလေးငယ်များကို မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများ ပြုလုပ်ခဲ့သည်။

ကရင်နီအမျိုးသမီးတစ်ဦးက ၂၀၀၈ ခုနှစ် မတ်လတွင် ကရင်နီပြည်နယ် ဖရူးဆိုးမြို့နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုအား ပြောပြခဲ့ပါသည်။

> စစ်အစိုးရ *စစ်သားများသည် ရွာထဲသို့ဝင်လာပြီး အမျိုးသမီးနှင့် အမျိုးသားများကို ခွဲထားသည်။ အမျိုးသားများကို ပေါ်တာခေါ်သွားပြီး အမျိုးသမီးအားလုံးကို ဘုရားကျောင်းထဲသို့ ပို့ခဲ့သည်။ ပြီးနောက် အမျိုးသမီးနှင့် မိန်းကလေးငယ်များကိုရွေးပြီး ကျန်တဲ့သူများ ရှေ့တွင် မုဒိမ်းကျင့်ခဲ့သည်။*[၁၅၄]

မြန်မာနိုင်ငံတွင် အများစုမှာ ဗုဒ္ဓဘာသာကိုကိုးကွယ်ပြီး စစ်အစိုးရ စစ်သားအများစုမှာလည်း ဗုဒ္ဓဘာသာဝင် များဖြစ်ကြသည်။ ဘုန်းကြီးကျောင်းများကို အထွတ်အမြတ်ထားသောနေရာ၊ အေးချမ်းသောနေရာအဖြစ် သတ်မှတ်ပြီး လုံခြုံဘေးကင်းရာနေရာအဖြစ် သတ်မှတ်လေ့ရှိသည်။ စစ်အစိုးရ စစ်သားများသည် ထိုသို့သော ယုံကြည်ကိုးကွယ်မှုများကို ဆန့်ကျင်ကန့်ကွက်ကြောင်းကို ကရင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ဖြစ်ရပ်တခုက ပြသလျက်ရှိသည်။

စက်တင်ဘာလ ၅ ရက်နေ့၊ ညနေ ၅ နာရီခန့်တွင် စစ်အစိုးရ၏ အထူးစစ်ဆင်ရေး ၃၊ အနောက်တောင်ဌာနမှ ဗိုလ်တင်အေးနှင့် ခြေကျင်တပ်ရင်း ၅၁ မှ ဗိုလ်ဇော်မြင့်တို့သည် စစ်ကြောင်း ၄၀ နှင့်အတူ ကရင်ပြည်နယ် ဝင်းရေးမြို့နယ် ဟောကလာကျေးရွာသို့ ဝင်လာခဲ့ပြီး အနာကွီးကျေးရွာ ဘုန်းကြီးကျောင်းတွင် တစ်ညစခန်းချသည်။ ထိုညတွင် အသက် ၁၁ မှ ၁၄ နှစ်ရှိသော သီလရှင်လေး ၆ ယောက်ကို လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုများ ပြုခဲ့သည်။ စစ်ကြောင်းသည် သီလရှင်များနေထိုင်ရာ အခန်းသို့ ည ၁၂ နာရီခန့်တွင် သွားရောက်ခဲ့ပြီး တစ်နာရီတွင် ရောက်သွားခဲ့သည်။ ၂ နာရီ လောက်တွင် သီလရှင်တိုက်သို့ နောက်တစ်ခေါက်သွားရောက်ပြီး သီလရှင်၏ဝတ်ရုံများကို ဖယ်ရှားပြီး သူတို့ကို မုဒိမ်းကျင့်ရန်ကြိုးစားခဲ့သည်။

## စစ်အစိုးရ စစ်တပ်နှင့်အာဏာပိုင်များမှ လိင်ပိုင်းဆိုင်ရာစော်ကားမှုများနှင့် အာဏာအလွဲသုံးစားပြုမှုများ

စစ်အစိုးရ၏ အပြစ်ကင်းစွာ မုဒိမ်းကျင့်နိုင်ခွင့်နှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်းများသည် မြန်မာနိုင်ငံရှိတခြားသော အာဏာပိုင်များ လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ပြုလုပ်ရန် တွန်းအားပေးစေသည်။ အဖြူရောင်နယ်မြေတွင်[၁၅၅] ရဲနှင့် အစိုးရအရာရှိတို့မှ မုဒိမ်းကျင့်မှုများဖြစ်ပွားသော သတင်းအချက်အလက်နှင့် သက်သေများ ပို၍များပြားလာခဲ့သည်။

## ရဲများပါဝင်ပါတ်သက်မှု

### ရခိုင်ပြည်နယ်မှဖြစ်ပွားသောဖြစ်ရပ်

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် စစ်အစိုးရ  ရဲတပ်ဖွဲ့တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ်၊ ဖုန်းညိုလိပ်ကျေးရွာတွင် မိသားစုနှင့်အတူရှိနေသော ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်လေးကို မုဒိမ်းကျင့်ခဲ့သည်။ ဆွေမျိုးများ၏ ပြောဆိုချက်အရ ညနေသုံးနာရီလောက်တွင် ရဲသား ၅ ဦးဖြစ်သော လှအောင်၊ ကျော်ဇေယျ၊ အောင်စိန်တို့သည် ဘူးသီးတောင်မြို့နယ်၊ ညိုလိပ်ကျေးရွာရှိ အမှုဖြစ်ပွားသည့်နေအိမ်သို့ သွားရောက်ခဲ့သည်။ ရဲသုံးယောက်က အိမ်ထဲသို့ဝင်နေချိန်တွင် ကျန်သုံးယောက်က အပြင်မှာ စောင့်နေခဲ့သည်။ ရဲတပ်သား၂ ဦးမှာ အမျိုးသမီးငယ်ကို မိသားစုဝင်များရှေ့မှောက်တွင်ပင် မုဒိမ်းကျင့်ခဲ့သည်။ ကျန်တဲ့တစ်ယောက်မှာ ငွေ (၁၇၀၀၀၀) ကျပ်ကို လုယူခဲ့သည်။ ငိုသံများကြားသဖြင့် ရွာသူရွာသားများက ကူညီရန်ပြေးလာခဲ့ပြီး ရဲများကို မြင်သောအခါ အားလုံးထွက်ပြေးသွားကြသည်။ ရဲသား ၆ ယောက်မှာ သူတို့၏ ရဲဌာနသို့ ပြန်သွားခဲ့သည်။ နောက်နေ့တွင် မုဒိမ်းကျင့်ခံရသူ၏အဖေသည် တခြားဆွေမျိုးများနှင့်အတူ ဘူးသီးတောင်ရဲဌာနသို့ မုဒိမ်းကျင့်သူများကို အရေးယူရန်အတွက် သွားရောက်တိုင်ကြားခဲ့သည်။ ရွာသားများ၏ပြောပြချက်အရ အပြစ်ကျူးလွန်သော ရဲသားများ အရေးယူခြင်းမခံရပါ။ ရွာသူရွာသူများမှ အာဏာပိုင်များက အပြစ်ကျူးလွန်သူများကို အရေးမယူသဖြင့် စစ်သားများ ယခုလိုလုပ်ရဲခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။[၁၅၆]

### ရှမ်းပြည်နယ်တွင်ဖြစ်ပွားသောဖြစ်ရပ်

ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်ရှိ ဝေါက်ကွင်းအနီးတွင် ရဲသားစိုးမိုးနိုင်နှင့် သူ၏သူငယ်ချင်းသည် နန်းစုသီမြင့်နှင့် သူမ၏သူငယ်ချင်း နောက်သို့ လိုက်သွားခဲ့သည်။

ရဲသားသည် အမျိုးသမီးငယ်များ၏ လိုင်စင်ကို စစ်ဆေးခဲ့သည်။ သို့သော် အမျိုးသမီးများမှာ လိုင်စင်မယူသွားခဲ့ပေ။ ရဲသားက သူတို့ကို ပိုက်ဆံအများကြီးပေးရမည်ဟုပြောပြီး သူတို့ကို ခြုံပုတ်အနီးသို့ ဆွဲခေါ်ကာ မုဒိမ်းကျင့်ခဲ့သည်။ မုဒိမ်းကျင့်ပြီးနောက်တွင် သူတို့၏ မိဘများကို အသိပေးပါက သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့သည်။ သူတို့သည် မိဘများကို အသိမပေးရဲသော်လည်း မိဘများမှာ သူတို့ဝမ်းနည်းတုန်လှုပ်နေသည်ကိုကြည့်ပြီး ဆေးရုံသို့ပေးပို့ခဲ့သည်။ ဆေးရုံရောက်မှ သူတို့တွေ့ကြုံခဲ့သော အဖြစ်အပျက်ကို ပြောပြကြခဲ့သည်။ သို့သော် မုဒိမ်းမှုကျူးလွန်ခဲ့သောရဲတပ်သားမှာ တခြားတစ်နေရာသို့ တာဝန်ဖြင့် ပြောင်းသွားခဲ့ပြီဖြစ်သည်။[၁၅၇]

## မြန်မာနိုင်ငံအလယ်ပိုင်းမှ ဖြစ်ရပ်

နိုဝင်ဘာလ ၂၅ ရက်နေ့တွင်၊ မကွေးတိုင်း၊ သီရိမင်္ဂလာကျေးရွာဘုရားတွင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ်လေးတစ်ယောက် ပုလိပ်အရာရှိပါဝင်သော ယောက်ျားသုံးယောက်၏ အုပ်စုလိုက် မုဒိမ်းကျင့်ခြင်းကိုခံခဲ့ရသည်။ [၁၅၈]

မြန်မာနိုင်ငံအလယ်ပိုင်းတွင် အသက်မပြည့်မိန်းကလေးငယ်များ ပါဝင်သောမုဒိမ်းမှုများ များပြားလာသည်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာတွင် ထုတ်လွှင့်ခဲ့သော ဒီမိုကရက်တစ်မြန်မာ့အသံမှ သတင်းဖော်ပြသွားသည်မှာ အနည်းဆုံး အသက်မပြည့်သည့် မိန်းကလေးငယ် (၇) ယောက်သည် ရန်ကုန်မြို့ သန်လျင်၊ လှိုင်၊ ထောက်ကြံ့နှင့် ရွှေပြည်သာ မြို့နယ်များတွင် မုဒိမ်းကျင့်ခံနေရကြောင်း။

## လက်ရှိမြန်မာနိုင်ငံတွင် အစီအစဉ်ချ ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြဿနာ

စစ်အစိုးရ၏မုဒိမ်းမှုကို စစ်ပွဲအတွက် နည်းဗျူဟာအဖြစ်ကျင့်သုံးပြီး အပြစ်ကင်းလွှတ်ခွင့်လုပ်ရပ်များမှ ရလာဒ်အနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် မြန်မာနိုင်ငံတွင် အစီအစဉ်ချ ဖြစ်ပွားနေသော အဓိကပြဿနာတစ်ရပ် ဖြစ်လာသည်။ မုဒိမ်းမှုဖြစ်ရပ်များထဲမှ စစ်သားများကိုယ်တိုင်၊ ရဲတပ်သားများကိုယ်တိုင် သူတို့၏လုပ်ဖော်ကိုင်ဘက် စစ်အရာရှိ၏ အရွယ်မရောက်သေးသောသမီးကို မုဒိမ်းကျင့်သည့် ဖြစ်ရပ်လည်း ရှိသည်။

အောက်ဖော်ပြပါဖြစ်ရပ်မှာ ရှမ်းပြည်နယ်ရှိ စစ်အစိုးရ အရာရှိတစ်ဦးသည် သူ၏လုပ်ဖော်ကိုင်ဖက် တခြားအရာရှိတစ်ဦး၏ ၆ နှစ်အရွယ်သမီးကလေးကို မုဒိမ်းကျင့်ပြီး သတ်ပစ်သည့်အမှုဖြစ်သည်။

*၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဒေါ်ဝင်းမာနှင့် ကွန်ဟိန်းအခြေစိုက် ခြေလျင်တပ်ရင်း ၅၂၄ မှ ဗိုလ်မင်းဇော်ဦး၏ နှင်းအိန္ဒြာဦးခေါ် အသက် ၆ နှစ်အရွယ် သမီးလေးကို ၎င်းခြေလျင်တပ်ရင်း ၅၂၄ မှ ဗိုလ်ဝင်းမောင်နှင့် ဗိုလ်မင်းဇော်ဦးတို့သည် ရေဒီယို အသံလွှင့်သောနေရာတွင် သူနှင့်အတူလိုက်လာရင် သကြားလုံးဝယ်ကျွေးမည်ဟု ပြောပြီးခေါ်သွားခဲ့သည်။ ကလေးမလေးသည် သူနဲ့လိုက်သွားပြီး အိမ်သို့ပြန်ရောက်မလာခဲ့ပါ။ သူမကို လိုက်ရှာရာ၌ အလောင်းကို စာတိုက်အပြင်ဘက်ရှိ ဟိုင်းဟိုင်တံတားအနားတွင် တွေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် သူမသည် ရက်ရက်စက်စက် ထပ်ခါထပ်ခါ မုဒိမ်းကျင့်ခံရပြီးမှ အသတ်ခံရကြောင်း သေသူအားခွဲစိတ် စစ်ဆေးချက်မှ သိရှိခဲ့ရသည်။*[၁၅၉]

နယ်စပ်အခြေစိုက်သတင်းများမှ ထုတ်ပြန်သော မကြာသေးခင်မှဖြစ်ပွားသော ဖြစ်ရပ်တခုမှာလည်း စစ်တပ်အရာရှိတစ်ဦးသည် ဇွန်လ ၈ ရက်နေ့ ၂၀၀၈ ခုနှစ်တွင် ချင်းပြည်နယ် ထန်တလန်မြို့ရှိ ရှေ့နေတစ်ဦးနှင့်အတူ ရဲအရာရှိတစ်ဦး၏သမီး၊ အသက် ၁၃ နှစ် ၁၄ နှစ်ခန့်ရှိသည့် ဆယ်ကျော်သက်အရွယ် မိန်းကလေးနှင့် သူငယ်ချင်းတဦးတို့ကို မုဒိမ်းကျင့်ခဲ့သည်။

**ဆယ်ကျော်သယ်အရွယ် ချင်းမိန်းကလေးငယ်နှစ်ဦး မုဒိမ်းကျင့်ခံရ၊ ကျူးလွန်သူကိုဖမ်းဆီးရမိ**[၁၆၀]

*၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၇ ရက်၊ ဝ၈း၅၀*

ဇွန်လ ၁၇၊ ၂၀၀၈၊ ဇွန်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် စစ်အစိုးရ စစ်အရာရှိတစ်ဦးနှင့်ရှေ့နေတစ်ဦးတို့သည် ဆယ်ကျော်သယ်အရွယ်မိန်းကလေးငယ် ၂ ဦးကို မုဒိမ်းကျင့်ခဲ့သည်။

ဇွန်လ ၈ ရက်နေ့တွင် ခြေလျင်တပ်ရင်း ၂၆၈ မှ ဗိုလ်စိုးထိုက်အောင်နှင့် ချင်းပြည်နယ်၊ ထန်တလန်မြို့ရှိ ရှေ့နေ ဦးမြင့်ဖုန်းတို့သည် အသက် ၁၃ နှစ်အရွယ် ငန်ချင်းနှင့် အသက် ၁၄ နှစ်အရွယ် ဖာကူတို့ကို ရှေ့နေဦးမြင့်ဖုန်း အိမ်တွင် ညနေ ၄ နာရီခန့်၌ မုဒိမ်းကျင့်ခဲ့ကြောင်း ဒေသခံများမှ ပြောပြခဲ့သည်။

မိန်းကလေးငယ်နှစ်ဦးကို မုဒိမ်းကျင့်ပြီးချိန်တွင် ဦးမြင့်ဖုန်း၏အိမ်၌ သော့ပိတ်ထားခဲ့သည်။ မုဒိမ်းကျင့်ခံရသူမိန်းကလေးငယ်လေးတစ်ဦး၏ဘခင်မှာ ရဲအရာရှိဖြစ်သည်။ သူ့သမီးမုဒိမ်းကျင့်ခံရကြောင်းနှင့် ရှေ့နေ၏ အိမ်တွင် သော့ပိတ်ခံရကြောင်း သတင်းရပြီးနောက်တွင် ထန်တလန်ရဲဌာန၌ အမှုတင်ပြခဲ့သည်။

ဒေသခံသတင်းများအရ ရဲများကိုယ်တိုင် ရှေ့နေအိမ်သို့ ဝင်ရောက်ခဲ့ပြီး မိန်းကလေးငယ်များကို ကယ်တင်ခဲ့သည်။

ထန်တလန်ဆေးရုံမှ ဆေးစစ်ချက်များအရ မိန်းကလေးငယ်လေးများ မုဒိမ်းကျင့်ခံရကြောင်း အတည်ပြုခဲ့သည်။ ဦးမြင့်ဖုန်းသည် အဖမ်းခံရပြီး ထန်တလန်ရဲဌာနတွင် ထိန်းသိမ်းခြင်းခံရသည်။ ဗိုလ်စိုးထိုက်အောင်သည် ဟားခါးရဲဌာနတွင် ထိန်းသိမ်းခံရကြောင်း ဒေသခံများမှပြောပြခဲ့သည်။

မုဒိမ်းကျင့်ခံရသောမိန်းကလေးငယ်တစ်ဦးမှာ မုဒိမ်းမှုကြောင့် ပြင်းပြင်းထန်ထန်ဒဏ်ရာရသဖြင့် ဟားခါးဆေးရုံတွင် တင်ထားရကြောင်း ဟားခါးမှ နိုင်ငံရေးလှုပ်ရှားသူတစ်ဦးက သတင်းပေးပို့ခဲ့သည်။

*Khonumthung News Group*

## နောက်ဆက်တွဲသတင်းများ

### စစ်တပ်အရာရှိများ မုဒိမ်းမှုနှင့် တရားစွဲခံရခြင်းမှ လွတ်မြောက်နေခြင်း

*၂၀၀၈ ခုနှစ် ဇွန်လ ၁၈ ရက်နေ့ (ဒီဗွီဘီ) – ဒေသခံများ၏ ပြောပြချက်အရ ချင်းပြည်နယ်၏ ရွှေ့ပြောင်းနေရာ တခုဖြစ်သော ထန်တလန်မြို့နယ်၌ ဖြစ်ပွားခဲ့သည့် အသက်မပြည့်သေးသော အမျိုးသမီးငယ်နှစ်ဦးအား အုပ်စုလိုက် မုဒိမ်းကျင့် မှုတွင် ပါဝင်သည်ဟု စွပ်စွဲခံထားရသော စစ်တပ်အရာရှိတဦးအား ယနေ့အချိန်အထိ အာဏာပိုင်များက အရေးယူ ဆောင်ရွက်ပေးမှု မရှိသေးဟုသိရသည်။*

ချင်းပြည်နယ် ထန်တလန်မြို့က အရွယ်မရောက်သေးတဲ့ ချင်းအမျိုးသမီးငယ် ၂ ဦးကို စစ်အစိုးရ စစ်တပ်အရာရှိတစ်ဦး၊ ရဲတပ်ဖွဲ့ ဝင်နှစ်ဦးနဲ့ တရားရေးအရာရှိတဦးတို့က အဓမ္မပြုကျင့်တယ်လို့ စွဲဆိုထားပါတယ်။

ဒီလ ၁၀ ရက်နေ့မှာ ထန်တလန်မြို့က ရဲတပ်ဖွဲ့ဝင်တဦးရဲ့ သမီးအပါအဝင် မိန်းကလေး ၂ ဦးကို ( အသက် ၁၄ နှစ်နှင့် ၁၂ နှစ်) တို့ကို အဓမ္မပြုကျင့်ရာမှ ခြေလျင်တပ်ရင်း အမှတ် ၂၆၈ က စစ်ဗိုလ်တဦး၊ ရဲတပ်သား ၂ ဦးနှင့် တရားရေးအရာရှိတို့ ပါဝင်တယ်လို့ စွဲဆိုထားပါတယ်။

မိန်းကလေး ၂ ဦးကို အဓမ္မပြုမှု ကျူးလွန်တယ်လို့ စွဲဆိုစစ်ဆေးခံနေရသူများအနက် ရဲတပ်ဖွဲ့ဝင် ၂ ဦးနှင့် အဓမ္မပြုကျင့်မှု ကျူးလွန်ရာနေအိမ်ရဲ့ပိုင်ရှင် မြို့နယ်တရားရေးအရာရှိတို့ကို ထိန်းသိမ်းစစ်ဆေးနေတယ်လို့ သိရကြောင်း ဟားခါးက ထန်တလန်မြို့ခံတဦးက ပြောပါတယ်။

တပ်ကအရာရှိကျတော့ ဒီကဗျူဟာမှူးက မကိုင်တဲ့အတွက် ထန်တလန်မှာ တခါတည်းအရေးယူလို့ကို မရဘူး။ သူတို့ကျတော့ သူတို့တပ်ရင်းတပ်ဖွဲ့ အကြီးအကဲဆီမှာတိုင်ကြားပြီးတော့ စစ်ခုံရုံးမှာအရေးယူမှပဲ ရတယ်ဆိုတဲ့ သဘောမျိုးပြောတယ်။

ဒေသဆိုင်ရာ အာဏာပိုင်တွေက စစ်တပ်အရာရှိတွေကို ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးလုပ်ဖို့အတွက် တရားစွဲဆိုလို့မရဘူး။ သူတို့အမှုတွေကက စစ်တပ်ရဲ့ နည်းဗျူဟာဆိုင်ရာအရာရှိတွေက တိုက်ရိုက်ကိုင်တယ်လို့ပြောတယ်။

ချင်းပြည်နယ်ရှိ ရဲအရာရှိတဦးမှ ထိုအမှုများကို အပြည့်အစုံ မစစ်ဆေးရသေးကြောင်းနှင့် အမှုတိုင်လာသော ဒေသခံရဲအရာရှိများမှ စုံစမ်းစစ်ဆေးရေးများ စတင်နေပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ရဲအရာရှိမှ သူတို့မုဒိမ်းမှုကိုတော့ အမှုဖွင့်ပြီး၍ ယခုလောလောဆယ်မှာတော့ စုံစမ်းစစ်ဆေးရေးများ လုပ်ဆောင်နေကြောင်း ပြောဆိုခဲ့သည်။ မုဒိမ်းမှုနဲ့ ပတ်သက်ပြီး၍လည်း ဒေသဆိုင်ရာဆေးရုံမှ ဆေးစစ်ချက်များပေးပြီးကြောင်းလည်း ပြောဆိုခဲ့သည်။ မုဒိမ်းကျင့်ခံရသူနှစ်ဦးနှင့် ကျူးလွန်သည်ဟု စွပ်စွဲခံရသော အရာရှိ၏ နာမည်များကို ဖုံးကွယ်ထားသည်။[၁၆၁]

**ဆယ်ကျော်သက်အရွယ် ကချင်အမျိုးသမီးငယ်တဦးအား စစ်အစိုးရ၏စစ်သားများမှ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်းနှင့် သတ်ပစ်ခြင်း။**[၁၆၂]

ဩဂုတ်လ ၉ ရက်၊ ၂၀၀၈ ခုနှစ် စနေနေ့တွင် (KNG) မှ ရေးသားတင်ပြထားသော သတင်းဖြစ်သည်။

ကချင်ကျောင်းသူကလေး၏ ကြောက်လန့်ဖွယ်ရာကောင်းသောအဖြစ်အပျက်ကို ဒေသခံတဦး၏ ပြောပြချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်း၊ ကချင်ပြည်နယ် ဗန်းမော်ရေိယာတွင်း၌ အင်ခွမ်ရောရှောင်နှင့် မရန်နူဘရန်တို့၏သမီးဖြစ်သူ အသက် ၁၅ နှစ်အရွယ် အင်ခွမ်ခေါန်ဒင်မှာ ဇူလိုင်လ ၂၇ ရက်နေ့ တနင်္ဂနွေနေ့တွင် စစ်အစိုးရ စစ်သားများ၏ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်း ခံရပြီး အသတ်ခံခဲ့ရသည်။ သူမ၏ခန္ဓာကိုယ်တွင် အချွန်ဖြင့်(၇)နေရာ အထိုးခံရပြီး သူမ၏မျက်လုံးကို ဖောက်ထုတ်ခံ ထားရသည်။ ၎င်းတို့မှာ စစ်အစိုးရ စစ်သားများ၏ လုပ်လေ့လုပ်ထရှိသော အပြုအမူများဖြစ်သည်။

နမ့်ဆိုင်ရွာသားတဦးမှ ပြောပြသည်မှာ အင်ခွမ်ခေါန်ဒင်မှာ မိုးမောက်ရှိ အစိုးရကျောင်းတွင် တက်ရောက်နေသော (၈) တန်းကျောင်းသူလေးဖြစ်သည်။ ကျေးရွာအတွင်း အခြေချသော ခြေမြန်တပ်ရင်း ၄၃၇ မှ ဒုတပ်ကြပ် သက်ထွန်းလွင် ခေါင်းဆောင်သော အဖွဲ့မှ တပ်ကြပ်အေးသိန်းနှင့် အခြားစစ်သားနှစ်ဦးမှ သူမအား မိုးမောက်နှင့် ဗန်းမော်အကြားရှိ နမ့်ဆိုင်ခေါ် သူမ၏ ရွာနှင့်နီးသော လယ်ကွင်းထဲ၌ အုပ်စုလိုက်မုဒိမ်းကျင့်အပြီး သတ်ပစ်ခဲ့ခြင်းဖြစ်သည်။

သူမမှာ နမ့်ဆိုင်ရွာအနီးရှိ လယ်ထဲတွင် အလုပ်လုပ်နေသော သူမ၏အစ်ကိုအတွက် နေ့လည်စာသွားပို့ရာလမ်းတွင် ထိုစစ်သား (၃) ယောက်မှ သူမ၏နောက်သို့ နောက်ယောင်ခံလိုက်ပါလာခဲ့သည်။ အချို့ရွာသားများမှာ နံနက် ၉ နာရီလောက်တွင် အိမ်မှထွက်သွားသော အမျိုးသမီးငယ်လေးကို စစ်သားများ နောက်ယောင်ခံလိုက်နေခြင်းကို သတိထားမိခဲ့ကြသည်။ တနင်္ဂနွေနေ့ သူမအိမ်မှ ထွက်ခွာသွားပြီး နောက်ပိုင်းတွင် စစ်သားများ၏ ချောင်းမြောင်းစော်ကားခြင်းကို ခံခဲ့ရသည်။ သူမမှာ နမ့်ဆိုင်ရွာရှိ ရပ်ကွက် (၁) တွင် သူမ၏ မိဘများနှင့် အတူအနေထိုင်သည်။ သူမ၏ မိဘများနှင့် အစ်ကိုမှ ထိုအဖြစ်အပျက်ကို ထိုနေ့ညနေပိုင်းတွင်သိရှိပြီး ရဲအားတိုင်ကြားခဲ့သည်။

အင်ခွမ်ခေါန်မ်ဒင်၏ မိသားစုမှ ပြောပြချက်များအရ သူမ၏ ခန္ဓာကိုယ်အား သူမပျောက်ဆုံးသွားသော ဇူလိုင် ၃၀ ရက်နေ့ နောက်ပိုင်း ၃ ရက်အကြာမှ တရုပ်၊ မြန်မာနယ်စပ်သို့ ဦးတည်နေသောလမ်းပေါ်ရှိ နွားကုန်သည်များထံမှ ပိုက်ဆံကောက်ရန်အတွက် ဆောက်ထားသသော စစ်တပ်စစ်ဆေးရေးဂိတ်နှင့် ပေ ၂၀၀ အကွာတွင် ပြန်လည်တွေ့ရှိသည်။ သူမ၏ အလောင်းအား အဝတ်ဗလာဖြင့် မြှုပ်နှံထားခဲ့သည်။

သူမ၏ ခန္ဓာကိုယ်တွင် ဓါးဖြင့် (၇) နေရာတွင် အထိုးခံထားရသည်။ သူမ၏ဦးခေါင်းအားလည်း ပြင်းပြင်းထန်ထန် ရိုက်ခွဲခံထားရပြီး သူမ၏ ညာဘက်ပုခုံးအောက်တွင်လည်း ဓါးဖြင့်တချက် အထိုးခံထားရသည်။ သူမ၏ လည်ပင်းအား လည်း ဓါးဖြင့်အခုတ်ခံထားရပြီး သူမ၏ မျက်လုံးများမှာလည်း ဓါးဖြင့် ဖောက်ထုတ်ခံထားရသည်။ သူမ၏ မျက်နှာမှာ လည်း ရက်ရက်စက်စက် အဖြတ်ခံထားရသည်။ သူမ၏ ဝမ်းဗိုက်နှင့် အခြားအစိတ်အပိုင်းများတွင်လည်း ဓါးဒဏ်ရာများတွေ့ရှိ ရကြောင်း သူမ မိသားစုမှ ပြောပြခဲ့သည်။

မိုးမောက်ရဲစခန်းအား အင်ခွမ်ခေါန်ဒင် ပျောက်ပျောက်ချင်း တိုင်ကြားခဲ့ပြီး သိပ်မကြာခင်မှာပင် ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် ရဲများမှ သူမမိသားစုအား စစ်သားများ ကျူးလွန်သည်ဟုသော ခိုင်မာသည့် သက်သေအထောက် အထားမရမချင်း မိမိတို့အနေဖြင့် ဘာမှလုပ်နိုင်ခြင်း မရှိကြောင်း ပြောခဲ့သည်ဟု နမ့်ဆိုင်ရွာသားတဦးမှ ပြောပြခဲ့သည်။

တချိန်တည်းမှာပင် ဒေသဆိုင်ရာအာဏာပိုင်များမှ အင်ခွမ်ခေါန်ဒင် မုဒိမ်းကျင့်ခံရခြင်းနှင့် အသတ်ခံရမှုအပေါ်တွင် စုံစမ်းစစ်ဆေးခြင်းများလုပ်ဆောင်ပြီးစီးကြောင်း နမ့်ဆိုင်ရွာသားတဦး၏ ပြောပြချက်အရသိရှိရသည်။ ထိုကဲ့သို့သော ကျောင်းသူများအား စစ်အစိုးရ စစ်သားများမှ အုပ်စုလိုက် မုဒိမ်းကျင့်ခြင်းများမှာ ကချင်ပြည်နယ်အတွင်း ယခင်ကတည်းက ဖြစ်ပွားလျက်ရှိပြီး ယခုတကြိမ်တွင်မူ စစ်သားများမှ မုဒိမ်းကျင့်ခံရသော အမျိုးသမီးငယ်လေးအနေဖြင့် ၎င်းတို့အား မဖော်ထုတ်နိုင်ရန်အတွက် အသေသတ်ပစ်ခြင်းဖြင့် နှုတ်ပိတ်လိုက်ခြင်းဖြစ်သည်။

အကြံပြုချက်များ

- နိုင်ငံတော်မှ မုဒိမ်းကျင့်ခြင်းကို စစ်ပွဲ၏လက်နက်သဖွယ်အသုံးပြုခြင်း၊ စစ်တပ်က တိုင်းရင်းသားများအား အမြစ်ပြတ်ချေမှုန်းရေး လုပ်ငန်းစဉ်အဖြစ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လုပ်ဆောင်နေခြင်းဖြစ် ကြောင်းဝန်ခံရမည်။
- ဤသို့သော ကျင့်သုံးမှုများကို ချက်ချင်းရပ်တန့်သွားအောင် အဆင့်ဆင့် ပြုလုပ်ရမည်။ ကျူးလွန်သူ များကိုလည်း တည်ဆဲဥပဒေများအောက်တွင် ပြစ်ဒဏ်ပေးရန်နှင့် ကျူးလွန်သူအားလုံး ပြစ်ဒဏ်များကျခံစေရန် သေချာစွာ လုပ်ဆောင်ရမည်။
- ဥပဒေချိုးဖောက်မှုအဆင့်ဆင့်ပေါ်တွင်မူတည်၍ အပြစ်ကျူးလွန်သူအား တိကျသောအပြစ်ဒဏ်များပေးရန် အစိုးရမှ ဥပဒေအသစ်များ အတည်ပြုခြင်းနှင့် ဥပဒေဟောင်းများ ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ရန်။
- အမိန့်ပေးသော အရာရှိများသည် သူတို့စစ်သားများ၏ကျူးလွန်မှုအတွက် တာဝန်ယူရမည်။ ကျူးလွန်သူများအား အပြစ်ပေးရန် ပျက်ကွက်ပါကလည်း သူတို့ကိုယ်တိုင် ပြစ်ဒဏ်ခံရမည်။
- စစ်တပ်အတွင်း အမှုကျူးလွန်သူများကို စုံစမ်းစစ်ဆေးရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းများမှ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ တည်ထောင်ရမည်။
- တိုင်းရင်းသားဒေသအတွင်း နိုင်ငံတော်၏ စစ်တပ်များရုပ်သိမ်းရမည်။ သို့မှသာ ဤစစ်တပ်က လူထုအပေါ် ခြိမ်းခြောက်မှုမရှိနိုင်တော့ဘဲ စုံစမ်းစစ်ဆေးရေးအဖွဲ့များက လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်မည်။
- စစ်တပ်၏ လူသားမဆန်သောပြစ်မှုများအတွက် စစ်တပ်၏အကြီးအကဲများအား နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ တရားစွဲဆိုရမည်။
- လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်မှုကို တင်ပြရန်ပျက်ကွက်သည့် မည်သည့်စစ်အရာရှိမဆို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ တရားစွဲဆိုရမည်။
- နိုင်ငံတော်မှ အိမ်တွင်းအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပြုမှုများနှင့် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများရှိသည်ကို အသိအမှတ်ပြုရမည်။
- အိမ်တွင်းအကြမ်းဖက်မှုနှင့် ရင်ဆိုင်နေရသော အမျိုးသမီးများအား ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ မထိခိုက်သော ဝန်ဆောင်မှုများဖြင့် ထောက်ပံ့ကူညီရမည်။
- မည်သည့်အကြမ်းဖက်မှုမျိုးကိုဖြစ်စေ ခံစားခဲ့ရ၍၊ တရားမျှတမှုကို ရရှိလိုသော အမျိုးသမီးများ၏ လုံခြုံရေးကို အာမခံရမည်။
- အစိုးရဝန်ထမ်းများနှင့် လက်နက်ကိုင်တပ်များအားလုံးအတွက် အမျိုးသမီးများ၏ လူ့အခွင့်အရေးအကြောင်း အသိပညာပေးရေးအစီအစဉ် အပါအဝင် လူထုပညာပေးရေးများ ရှိရမည်။
- ကျား၊ မအပေါ်အခြေခံသည့် ထိလွယ်ရှလွယ်ဖြစ်မှုအပေါ် သတိမူမိစေရန် မူကြိုကျောင်းမှစ၍ ကျောင်းသင်ရိုးညွှန်းတန်းများတွင် ထည့်သွင်းသင်ကြားရမည်။ နိုင်ငံတော် သတင်းဌာနများမှလည်း ဤအကြောင်းအရာကို တိုးမြှင့်လုပ်ဆောင်မှုများ ပြုလုပ်ရမည်။
- အမျိုးသမီးများ၏စွမ်းရည်မြှင့်တင်ရေးနှင့် အကူအညီပေးရေးဆောင်ရွက်နေကြသော လူထုအခြေပြု အဖွဲ့အစည်းများအား တားဆီးပိတ်ပင်မှု အနှောင့်အယှက်ပေးမှုမခံရပဲ လွတ်လပ်စွာ အလုပ်လုပ်ခွင့်ပေးရမည်။
- မြန်မာ့အမျိုးသမီးရေးရာ ဖက်ဒရေးရှင်းအဖွဲ့ကို အမျိုးသမီးများအား အမှန်တကယ်ကိုယ်စားပြုပြီး စစ်တပ်၏ ထိန်းချုပ်မှု လွတ်ကင်းသောအဖွဲ့အစည်းအဖြစ် ပြန်လည်ဖွဲ့စည်းရမည်။ ခေါင်းဆောင်ပိုင်းသည် စစ်တပ်အရာရှိများ၏ ဇနီးများ မဖြစ်စေရ၊ အစိုးရ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ လွှမ်းမိုးချယ်လှယ်မှု ကင်းဝေးသော အဖွဲ့အစည်း ဖြစ်စေရမည်။
- အမျိုးသားများနှင့် ယောကျ်ားလေးများအတွက် အကြမ်းဖက်မှုဖြစ်ရလာခြင်း၏ အကြောင်းရင်းမြစ်နှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်များ ထားရှိဖော်ဆောင်ရမည်။

**နိဂုံး**

စစ်အစိုးရ၏ ၁၉၉၇ ခုနှစ် စီဒေါစာချုပ်လက်မှတ်ရေးထိုးပြီးချိန်မှစတင်၍ မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝမှာ လုံးဝတိုးတက်မှုမရှိပေ။ ဤသည်မှာ စစ်အစိုးရ အနေဖြင့် စာချုပ်ကို လက်မှတ်ထိုးရာ၌ နိုင်ငံတကာအမြင်တွင် တရားဝင်မှုကို ရယူလိုခြင်း သက်သက်ဖြင့်သာ ပြုလုပ်ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်စေသည်။ စာချုပ်ပါ အကြောင်းအရာများကို စစ်မှန်သော အကောင်အထည်ဖော်မှုများ ပြုလုပ်ရန်ပျက်ကွက်ပြီး စီဒေါစာချုပ်၏မူများကို အပြောသက်သက်ဖြင့်သာ ဟန်ပြလုပ်ဆောင်နေသည်။ ၂၂ ကြိမ်မြောက် နိုင်ငံ၏အစပျိုး အစီရင်ခံစာအပေါ် ၂၂ ကြိမ်မြောက် စီဒေါကော်မတီ၏ အကြံပြုချက်များကို ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းများ ပြုလုပ်ခဲ့သည် သက်သေများ မတွေ့ရှိရပေ။ မြန်မာနိုင်ငံမှ လူအများစုမှ စီဒေါစာချုပ်အကြောင်းကို တခါမှ မကြားဖူးကြပေ။ စစ်အစိုးရ၏ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပူးတွဲတင်ပြသော အစီရင်ခံစာထဲတွင် စစ်အစိုးရအနေဖြင့် စီဒေါစာချုပ်၏ ရည်ရွယ်ချက် သို့မဟုတ် ကျားမပေါ်အခြေခံသည့် ခွဲခြားဆက်ဆံခြင်း၏အဓိပ္ပါယ်ကို နားမလည်ကြောင်း ထင်ဟပ်နေပါသည်။

စီဒေါစင်ပြိုင် အစီရင်ခံစာသည် စစ်အစိုးရမှ အစီအစဉ်ချကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ၎င်းတို့၏ အမျိုးသမီးနှင့် အထူးသဖြင့် အမျိုးသမီးငယ်များအပေါ် ထားရှိသော မူဝါဒရေးရာ ပျက်ကွက်မှုများ၏ အကျိုးဆက်များကို ဖော်ပြထားပါသည်။ စစ်အစိုးရအနေဖြင့် နိုင်ငံသယံဇာတများကို ရောင်းချခြင်း အကျိုးအမြတ်ခံစားရရှိပုံများ၊ ၎င်း၏ အစိုးရအဖွဲ့အစည်းများနှင့် အစီအစဉ်ချ စစ်တပ်အင်အားတိုးချဲ့ခြင်းများ၊ စစ်တပ်များအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များအပါအဝင် စစ်တပ်အသုံးစရိတ်အတွက် အထူးဦးစားပေးမှုများ ပြုလုပ်ခြင်းကြောင့် တည်ရှိပြီးသားဖြစ်သည့် ဖိုဝါဒကြီးစိုးမှုကို အားဖြည့်စေကြောင်းကို ဤစင်ပြိုင် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ယနေ့တွင် စစ်တပ်သည် ရွာတိုင်း၊ မြို့တိုင်းနှင့် အစိုးရလည်ပတ်မှုများ၏ အဆင့် တိုင်းတွင် နေရာယူလျက် ရှိပါသည်။

ဤအစီရင်ခံစာသည် စစ်အစိုးရမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် သီးခြားလိုအပ်ချက်များကို ဖြေရှင်းရန် လစ်လျူရှုသည်သာမက မြန်မာနိုင်ငံသားတိုင်း၏ လိုအပ်ချက်အပေါ် လျစ်လျူရှုမှုများကို ဖော်ထုတ်ထားပါသည်။ တိုင်းရင်းသားနယ်မြေများတွင် မုဒိမ်းကျင့်မှုကို စစ်ပွဲ၏လက်နက်သဖွယ် အသုံးပြုမှုများကိုလည်း သက်သေအချက်အလက်များဖြင့် ဤအစီရင်ခံစာက တင်ပြထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံမှ အမျိုးသမီးများသည် မြန်မာနိုင်ငံတွင် စစ်တပ်နှင့် ၎င်းတို့အလိုကျ အဖွဲ့အစည်းများ အာဏာရှိနေသေးသရွေ့ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေး ကာကွယ်ပေးမှုများနှင့် တိုးတက်မှုများ မရှိနိုင်ကြောင်း ထပ်မံတင်ပြလိုက်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အစိုးရအုပ်ချုပ်မှုကို အဆုံးသတ်ပြီး စစ်မှန်သော နိုင်ငံရေးပြောင်းလဲမှု အမြန်ဆုံးဖော်ဆောင်ရန် လိုအပ်နေပါသည်။

## နောက်ဆက်တွဲများ

### နောက်ဆက်တွဲ ၁

လုပ်ငန်းကြီးကြပ်ရေး ဝန်ကြီးဌာနမှ အမျိုးသမီးများ လူကုန်ကူးခြင်းမခံရစေရန်အတွက် တိုင်းတာမှုများ ထားရှိသည့်အနေဖြင့် တရားဝင်ရွှေ့ပြောင်းအမျိုးသမီးများကို ဂရုတစိုက်စစ်ဆေးရန် အထူးဘုတ်အဖွဲ့ရှိပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဒေသဆိုင်ရာ အကြီးအကဲမှ အသက် ၂၅ နှစ်အောက် အမျိုးသမီးများ ကုန်သည်ရန် မျှော်လင့်ချက်ဖြင့် ထိုင်းနိုင်ငံသို့ဖြတ်ကူးခြင်းအပေါ် တားမြစ်မှုများကို မကြာခင်မှ ပြဋ္ဌာန်းခဲ့ပါသည်။ အသက် ၁၆ နှစ်မှ ၂၅ နှစ်အကြား အမျိုးသမီးများသည် တရားဝင်အုပ်ထိန်းသူမပါပဲ နယ်စပ်ဖြတ်ခွင့် မရှိပါ။

### နောက်ဆက်တွဲ ၂

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ဒေသတစ်ခုမှ ပြုလုပ်သော စစ်တမ်းများအရ ကျောင်းဆရာများ ကျောင်းသူ၊ ကျောင်းသားများအပေါ် ကောက်ခံသော အခကြေးငွေများ၊ ရံပုံငွေများ၏ ဥပမာများ

**အစိုးရကျောင်းတွင် ကောက်ခံသော အခကြေးများ**

- စာသင်ခန်းလိုအပ်ချက်များ
- စာမေးပွဲများ ( စာရေးကိရိယာ)
- အမှိုက်ပုံး၊ တံမျက်စည်းနှင့် စားပွဲခင်း
- သန့်ရှင်းရေး ( အိမ်သာ၊ အမှိုက်အိတ်)
- အချိန်ပိုကြေး
- ကျောင်းတွင်းလိုအပ်ချက်များပြင်ဆင်ကြေး ( ကျောင်းတွင်တစုံတခုပျက်သွားပါက ပြင်ဆင်ရန်)
- ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း
- ဆရာကန်တော့ပွဲ
- ဆရာ၊ ဆရာမနှုတ်ဆက်ပွဲ
- စာကြည့်တိုက်ကြေး
- အားကစားကြေး
- ဆို၊ က၊ ရေး၊ တီး ကြေး
- သက်ကြီးပူဇော်ပွဲ
- စုံညီပွဲတော်
- ဘာသာရေးပွဲတော်များအတွက် အလှူငွေ
- အထွေထွေကြေး

နောက်ဆက်တွဲ ၃

၈ တန်း၊ ၉ တန်းကျောင်းသားတဦးအတွက် ခန့်မှန်းခြေကုန်ကျစရိတ် (ကုန်ဈေးနှုန်းများတက်လာသည်နှင့်အမျှ ကုန်ကျစရိတ်များမှာလည်း တိုးလာသည်၊)[၁၆၃]

| ကိုးတန်းနှင့် ရှစ်တန်းကျောင်းသားများအတွက် | ခန့်မှန်းခြေကုန်ကျစရိတ် |
|---|---|
| အမျိုးအစား | ပမာဏ– ကျပ် |
| တစ်နှစ်စာအဆောင်ခ ( အစားအစာမပါ) | ၁၂၀၀၀– ၉၀ ၀၀၀ |
| တစ်နှစ်စာပုံနှိပ်စာအုပ် ( သုံးပြီးသားအဟောင်း) | ၂၅၀၀– ၅၂၀၀ |
| တစ်နှစ်စာ ပုံနှိပ်စာအုပ် ( အသစ်) | ၆၀၀၀ |
| မှတ်စုစာအုပ် ( ၆ မှ ၇ ဒါဇင်) တစ်ဒါဇင်လျှင် ၁၈၀၀ ကျပ် | ၁၀၈ ၀၀၀ – ၁၂၆ ၀၀၀ |
| ကျောင်းဝင်ကြေး | ၃၂ ၀၀၀ – ၁၀ ၀၀၀ |
| ခဲတံနှင့်ဘောပင် ( ၄၀ မှ ၅၀ ဝန်းကျင်) | ၁၅၀– ၂၀၀ |
| တစ်လစာ ညကျောင်းကြေး | ၄၀၀၀ |
| တစ်လစာ အချိန်ပိုအတန်းကြေး ( စနေ) | ၂၀၀၀ |
| လစဉ်စာမေးပွဲကြေး | ၁၀၀ နှင့်အထက် |
| အားကစားကြေး | ၁၅၀ |
| လစဉ် အမှိုက်ပုံကြေး | ၁၅၀ |
| အသုဘ နှင့် ဆရာ၊ ဆရာမများအတွက် ကလေးနို့ဖိုး | ၁၀၀ |
| ရိုးရာပွဲကြေး၊ လက်မှတ်တစ်စောင် | ၄၅၀ |
| စစ်အစိုးရ  အရာရှိအလည်အပတ် (တခါစာ) | ၅၀၀ |
| ကျောင်းဆောင်သစ်ဆောက်လုပ်ကြေး | ၅၀၀၀ |
| ကျောင်းဝတ်စုံ ( သုံးစုံ) | ၉၀၀၀ |

တခြားကြေးများဖြစ်သည့် ကျောင်းပိတ်ပွဲ၊ အစားအစာ၊ ကျောင်းဆရာအပြောင်းအလဲများ၊ ကုလားထိုင်များ၊ စားပွဲများ၊ သန့်ရှင်းရေး စသည့်အခကြေးများလည်းပေးရပါသည်။ – ကုန်ကျစရိတ်များသည် ဒေသတခုနှင့် တခုပေါ်မူတည်၍ကွဲပြားနိုင်ပါသည်။

မှတ်ချက်– မြန်မာနိုင်ငံတွင် နေ့စဉ်လုပ်အားခနှုန်းမှာ ၈၀၀ ကျပ် ဝန်းကျင်တွင်ရှိပါသည်။ ( ၀ ဒသမ ၇၈ အမေရိကန်ဒေါ်လာ)

နောက်ဆက်တွဲ ၄

မြန်မာနိုင်ငံ ရန်ကုန်မြို့မှ မကြာခင်ကရရှိသည့်အချက်အလက် ( ဇွန် ၂၀၀၈)

**စစ်အစိုးရ ၏ ၂၀၀၈ ခုနှစ် အခြေခံပညာရေးကျောင်းအတွက် တရားဝင် ကျောင်းဝင်ကြေး**

မူကြို – ၄ တန်း – အခမဲ့
၅ တန်း – ၅၀၀ ကျပ်
၆တန်း – ၆၀၀ ကျပ်
၇တန်း – ၇၀၀ ကျပ်
၈တန်း – ၈၀၀ ကျပ်
၉တန်း – ၉၀၀ ကျပ်
၁၀တန်း – ၁၀၀၀ ကျပ်

၁။ ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း၏ ကျောင်းဝင်ကြေးမှာ မတူညီပါ။ ရန်ကုန်မြို့မှရှိသည့်ကျောင်းများ၏ ကျောင်းဝင်ကြေးများသည် မတူညီပါ။ နာမည်ကြီးပြီး အောင်ချက်ကောင်းသောကျောင်းများသည်ပို၍ ဈေးကြီးသည်။ ဥပမာ – ဒဂုံအမှတ် ၂ အခြေခံအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူသစ်များ အတွက် ကျောင်းဝင်ကြေးနှင့် ဆွေမျိုးများရှိပြီးသားကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝင်ကြေး မှာမတူညီပါ။

အဆိုပါကျောင်းတွင် ညီအစ်ကိုမောင်နှမရှိထားပါက ကျောင်းဝင်ကြေးမှာ ၁၀၀၀၀ ကျပ်ပေးရသည်။ သို့သော် ဆွေမျိုးမရှိသော ကျောင်းသားသစ်များ၏ ကျောင်းဝင်ကြေးမှာမူ ၆၀၀၀၀ ကျပ်မှ ၉၀၀၀၀ ကျပ်အထိပေးရသည်။

လသာမြို့အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများမှာ အခကြေးမျိုးစုံကိုပေးရပြီး ကျောင်းဝင်ကြေး မှာ ၁၀၀၀၀၀ ကျပ်ပေးရသည်။

၂။ ၂၀၀၈ ခုနှစ်တွင် ကျောင်းဝတ်စုံအသစ်ပြောင်းခဲ့သည်။ ကျောင်းဝတ်စုံကြေးမှာ ၄၀၀၀ ကျပ်မှ ၆၀၀၀ ကျပ် ဝန်းကျင်ကုန်ကျပြီး ထိုဝတ်စုံများကို ကျောင်းတွင် မဝယ်မဖြစ်ဝယ်ရသည်။

၃။ ကျောင်းသူကျောင်းသားများသည် နာဂစ်စ်မုန်တိုင်းကြောင့် ပျက်စီးမှုများအတွက် အလှူငွေ အနည်းဆုံး ၂၀၀၀ ကျပ်စီပေးရသည်။ ကျောင်းတစ်ကျောင်းနှင့်တစ်ကျောင်း အလှူငွေကောက်ခံနှုန်းမတူညီကြပါ။

၄။ ဤနှစ်တွင် အချို့အထက်တန်းကျောင်းများတွင် ပုံမှန်မဟုတ်ဘဲ ကျောင်းအုပ်ချုပ်ရေးအဖြစ် အခမဲ့ ဆောင်ရွက်ရန် လူတစ်ဦးကိုလည်းခန့်ထားသည်။

၅။ လတ်တလောတွင် တခြားနှစ်များလို အခကြေးများ ထွေထွေထူးထူးကောက်ခံခြင်းမရှိသေးပေ။

ပညာရေးဝန်ကြီးဌာနမှ ၂၀၀၈ ခုနှစ်တွင် မေလ ၂၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျောင်းအပ်သည့် ရက်များဖြစ်ကြောင်း ကြေငြာခဲ့သည်။ ထိုကြေငြာချက်ထဲတွင် အလှူငွေများကောက်ခံမှုရှိခဲ့ပါက မကျေနပ်မှုများရှိလျှင် တိုင်ကြားရန် ဖုန်းနံပါတ်လည်းထည့်ထားသည်။ သို့သော်လည်း မေ ၂၈ ရက်နေ့တွင် ရရှိသော သတင်းများအရ ရန်ကုန်မြို့ရှိ အချို့သော ကျောင်းများတွင် ကျောင်းအုပ်များက အလှူငွေဆက်လက် ကောက်ခံ ဆဲဖြစ်ကြောင်း သိရှိရသည်။

**လတ်တလောတွင် စာရေးကိရိယာများ၏ဈေးနှုန်းမှာ**

- အရည်အသွေးညံ့သည့် ဗလာစာအုပ်တစ်ဒါဇင်ကို ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်၊
- အရည်အသွေးကောင်းသည့် ဗလာစာအုပ်တစ်ဒါဇင်ကို ၄၃၀၀ ကျပ်
- ခဲတံ တစ်ချောင်းကို ၃၀၀ ကျပ်မှ ၇၀၀ ကျပ် ( တံဆိပ်ပေါ်တွင်မူတည်သည်)
- ကွန်ပါဘူးတစ်ဘူးအတွက် အနည်းဆုံး ၇၀၀ ကျပ် နှင့်
- ခဲတံတစ်ချောင်းတွင် ၁၀၀ ကျပ်မှ ၃၀၀ ကျပ် ဝန်းကျင်တွင်ရှိသည်။

<u>နောက်ဆက်တွဲ ၅</u>

မြန်မာသတင်းထုတ်ပြန်ချက် [၁၆၄]

မြန်မာနိုင်ငံ သတင်းရေးရာကော်မတီ ၊ ရန်ကုန်
သတင်းထုတ်ပြန်ချက်

နံပါတ် ဒီ – ၃၁၃၂ **(I)**
ဩဂုတ်လ ၁၄ ရက်၊ ၂၀၀၄ ခုနှစ်

၁။ ဝန်ကြီးချုပ်ခင်ညွန့်မှ စင်္ကာပူရှိ ၎င်း၏ အပေါင်းအပါများအား ဂုဏ် ပြုစကားပြောကြားခြင်း။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်မှ စင်္ကာပူနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာ နိုင်သော (Mr. Lee Hsien Loong) အား ဩဂုတ်လ ၁၂ ရက်နေ့ ၂၀၀၄ ခုနှစ်တွင် ဂုဏ် ပြုစကား ပြောကြားခဲ့သည်။

၂။ ထိုင်းနိုင်ငံမှာရောက်နေတဲ့ မြန်မာအမျိုးသမီးများ ပြန်ပို့ခံရ

မြန်မာအမျိုးသမီးရေးရာအဖွဲ့နှင့် ထိုင်းနိုင်ငံလူမှု ဖွံ့ဖြိုးရေးနှင့် လူသားလုံခြုံရေး ဝန်ကြီးဌာနနှင့် ပြုလုပ်ထားသော ပူးပေါင်းလုပ်ဆောင်ရေး သဘောတူညီချက်အရ မြန်မာအမျိုးသမီးငယ်များ မြန်မာနိုင်ငံဘက်သို့ ပြန်ပို့ခြင်းခံရသည်။ ထိုင်းမြန်မာစစ်အစိုးရနှင့် ကုလ သမဂ္ဂနိုင်ငံတကာ အေဂျင်စီတို့၏ လူကုန်ကူးမှုနှင့် ပတ်သက်သောလုပ်ငန်းအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းပူးပေါင်း ဆောင်ရွက်ရေး အရ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ထိုင်းနိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသော အမျိုးသမီးငယ်အယောက် ၂၀ သည် ရှမ်းပြည်နယ် အရှေ့ဘက် တာချီလိတ်မြို့ရှိ ချစ်ကြည်ရေးတံတားကိုဖြတ်ကာ စစ်အစိုးရ၏ အာဏာပိုင်များထံသို့ လွှဲပြောင်းပေး ခြင်းခံရ သည်။

ထိုကဲ့သို့ အမျိုးသမီးငယ်များ ပြန်ပို့ခြင်းသည် ထိုင်းနှင့်မြန်မာသဘောတူညီချက်ရထားသော ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအရ လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ ဒုက္ခရောက်နေသော အမျိုးသမီးကို ၎င်းတို့၏ မိသားစုများဆီ ပြန်ပို့ခြင်းသည် လူကုန်ကူးမှုများကို တားဆီးသောလုပ်ငန်း၏ အစိတ်အပိုင်းတခုဖြစ်သည်။

ထိုသို့ အမျိုးသမီးငယ်များအား လွှဲပြောင်းခြင်း အခမ်းအနားကို တာချီလိတ်ရှိ ချစ်ကြည်ရေးတံတားတွင် ဩဂုတ်လ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ စစ်အစိုးရ၏ တာချီလိတ်ခရိုင် အစည်းအဝေးခမ်းမကြီးတွင် နှစ်ဖက်အရာရှိများ တွေ့ ဆုံ၍ ကျေးဇူးတင်စကားပြော ကြားခဲ့သည်။ အမျိုးသမီး ငယ်အားလုံး၏ ပိုင်ဆိုင်မှုများကို အခြေအနေအရ ပို့ပေးမည်ဖြစ်၍ အမျိုးသမီးငယ်များကို မိဘများ ထံပြန်ပို့ရန်အတွက် ဩဂုတ်လ ၁၀၊ ၁၁ နှင့် ၁၂ ရက်နေ့များတွင် မြန်မာအမျိုးသမီးရေးရာ ကော်မတီ၊ ဝန်ကြီးဌါနနှင့် (UNIAP) ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် စီစဉ်ထားကြောင်း သိရသည်။

———————————————— ပြီးဆုံး————————————————

နောက်ဆက်တွဲ ဖ

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) စီဒေါ် အလုပ်အဖွဲ့

- နန်းလောဝ်လျှန်းဝမ်း　　အဖွဲ့ခေါင်းဆောင်
- နန်းယဉ်　　အထွေထွေအတွင်းရေးမှူး
- နော်ထူးဖော　　ဆက်သွယ်ရေးတာဝန်ခံ (၁)
- သွယ်ဇင်တိုး　　ဆက်သွယ်ရေးတာဝန်ခံ (၂)
- ယိင်းစံ　　ဝန်ထမ်း၊ သတင်း၊ မှတ်တမ်းတင်နှင့် သုတေသန ဌာန
- Ann Adams　　စေတနာ့ဝန်ထမ်း၊ သတင်း၊ မှတ်တမ်းတင်နှင့် သုတေသန ဌာန

## ရှင်းလင်းချက်များ

၁ စစ်အစိုးရမှ ၁၉၈၉ ခုနှစ်မှစ၍ အဖွဲ့ ၁၇ ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုထားပြီး ဖြစ်ကြောင်းအမြဲပင် ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

၂ စစ်တပ်၏အသုံးစရိတ်များ လွန်စွာများပြားခြင်းနှင့် စီးပွားရေး စီမံခန့်ခွဲမှုများ ညံ့ဖျင်းသောကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံ ၅၀ တွင် ပါဝင်ခဲ့သည်။

၃ အင်တာနက်စာမျက်နှာ - http://en.wikipedia.org/wiki/Tatmadaw

၄ ဒေါ်အောင်ဆန်းစုကြည်မှာ ၁၉၈၉ ခုနှစ်မှစ၍ နေအိမ်အကျယ်ချုပ်ကျခံနေရသည်မှာ နှစ်ပေါင်း ၁၃ နှစ်ကျော် ကြာခဲ့ပြီဖြစ်သည်။

၅ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးတို့အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂတို့မှ နှစ်စဉ်ထုတ်ဝေသော အစီရင်ခံစာများကို ပေါင်းစု၍ မှတ်တမ်းတင်၊ အစီရင်ခံထားသည်။

၆ အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံမှ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသည့် "အံ့တုရဲသော သတ္တိ" *(Courage to Resist)* တွင် အသေးစိတ်ကြည့်ရန်။

၇ သတင်းအရင်းအမြစ် – ၁၉၉၅ ခုနှစ်တွင် လေးကြိမ်မြောက် ကမ္ဘာ့အမျိုးသမီး ညီလာခံ၌ စစ်အစိုးရကိုယ်စားလှယ်များ၏ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး စိုးမြင့်ပြောကြားသွားသော ထုတ်ပြန်ကြေငြာချက်

၈ သတင်းအရင်းအမြစ် –၂၀၀၀ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပသော ၂၂ ကြိမ်မြောက် စီဒေါကော်မတီအစည်းအဝေးတွင် စစ်အစိုးရ ကိုယ်စားလှယ်များ၏ ခေါင်းဆောင်မှ တင်ပြသော ထုတ်ပြန်ကြေငြာချက်

၉ သတင်းအရင်းအမြစ် – ဘေဂျင်း + ၅ မေးခွန်းများအား စစ်အစိုးရ ၏ တုံ့ပြန်ဖြေကြားချက်များ

၁၀ သတင်းအရင်းအမြစ် – ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး "UNHCR" ၏ အကြိမ် ၆၀ မြောက်အစည်းအဝေး တွင် အချက် ၁၂ အပေါ်၌ စစ်အစိုးရ ၏ ထုတ်ပြန်ကြေငြာချက်

၁၁ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ ကရင်အမျိုးသမီးအစည်းအရုံး၊ ကရင်နီအမျိုးသမီးအစည်းအရုံး၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေး အသင်း၊ ထားဝယ်အမျိုးသမီးသမဂ္ဂ

၁၂ စီဒေါ စင်ပြိုင် အစီရင်ခံစာမှာ မြန်မာနိုင်ငံမှ အမျိုးသမီးအဖွဲ့များနှင့် မြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ၏ အမျိုးသမီးရေးရာဌာန တို့ ပူးပေါင်းလုပ်ဆောင်ထားသော အစီရင်ခံစာဖြစ်သည်။

၁၃ UNCSW, UNCHR, UNPFIP, UNGA, UNHCR – Excom, UNSCR lobby week.

၁၄ အင်တာနက်စာမျက်နှာ - http://www2.ohchr.org/english/bodies/cedaw/docs/ngos/WLB_Myanmar.pdf

၁၅ တက်ရောက်သူများမှာ မြန်မာနိုင်ငံနယ်စပ်တလျှောက်ရှိ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် ကွန်ယက်အဖွဲ့များမှဖြစ်သည်။

၁၆ နောက်ဆက်တွဲ (၆) ကိုကြည့်ပါ။

၁၇ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပါအဝင် အကြောင်းအရာအမျိုးမျိုးအပေါ်တွင် လှုပ်ရှားလုပ်ကိုင်နေကြသော လူထုအခြေပြုအဖွဲ့အစည်းများ စုစည်းထားသော အသင်းဖြစ်သည်။

၁၈ အင်တာနက်စာမျက်နှာ http://www.iwraw-ap.org/news.htm

၁၉ ထို အမိန့်၏ အမည် အတိအကျမှာ မရှိပါ။ စစ်အစိုးရမှ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၅– ၂၈ ရက်နေ့ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသော ညီလာခံ၌ ထို အမိန့် အား ရည်ညွှန်းပြောဆိုခဲ့သည်။ သတင်းအရင်းအမြစ် – အမျိုးသမီးနှင့် ကလေးငယ်များ လူကုန်ကူးခံရမှုနှင့်ပတ်သက်သော အကြောင်းအရာနှင့် ပတ်သက်၍ စစ်အစိုးရမှ တရားမဝင် အလုပ်သမားလှုပ်ရှားမှုများနှင့် အပေါ်တွင် တင်သွင်းသော အမျိုးသမီးလူကုန်ကူးခံရမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အမြင်ရှုထောင့်

၂၀ ရာဇသတ်ကြီး (၁၈၆၀)၊ အပိုဒ် ၃၁၂

၂၁ မြန်မာနိုင်ငံသည် ဓလေ့ထုံးတမ်းဥပဒေကို သုံးသည့်တိုင်းပြည်ဖြစ်သည်။ သို့သော် ၄င်း၏ ဥပဒေအားလုံးအား လက်လှမ်းမီရန် ခက်ခဲလှသည့် အပြင်၊ လက်တွေ့အရ မည်မျှ လိုက်နာကျင့်သုံးသည် ကို မသိနိုင်ပါ။

၂၂ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်မှ "နိုပ်စက်မှုများကို ကြောက်ရွံ့ခြင်း (သို့) ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှု၊ ဆေးကုသမှု" AI Index: ASA 16/040/2007, 16 November 2007, online: http://www.amnesty.org/es/library/asset/ASA16/040/2007/ en/dom-ASA160402007en.pdf ၂၀၀၆ ခုနှစ် သူမအား ပေးသော ထောင်ဒဏ်ပြီးဆုံးပြီးနောက် ငြိမ်းချမ်းစွာဆန္ဒ

ပြပွဲများတွင် ပါဝင်သောကြောင့် ၂၀၀၇ ခုနှစ်တွင် ပြန်လည်အဖမ်းခံခဲ့ရ သည်။၂၀၀၆ ခုနှစ်တွင် ကနေဒါအဖွဲ့အစည်းတခုဖြစ်သော "Rights and Democracy" မှ ချီးမြှင့်သော "the John Humphrey Freedom Award" ဆုကို စုစုရွေးမှရရှိခဲ့သည်။

၂၃ အင်တာနက်စာမျက်နှာ: http://www.idhae.org/uk-page3.callplt2008.htm.

၂၄ ဇူလိုင် ၂၀၀၈ တွင် ရှမ်းပြည်နယ်ရှိ အသက် ၂၄ နှစ်အရွယ် ကချင်အမျိုးသမီးတဦးနှင့်တွေ့ဆုံမေးမြန်းချက်။ သူမ၏လုံခြုံ ရေးကြောင့် သူမ၏ နာမည်ကို မဖော်ပြပါ။

၂၅ မြန်မာအမျိုးသမီးရေးရာ ကော်မတီ၊ online: http://www.mwaf.org.mm

၂၆ ထိုအမျိုးသမီးရေးရာ မှ ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ထိမ်းသိမ်းထားပေးရန် တောင်းဆိုသည့် သတင်းကို ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၅ ရက်နေ့ထုတ် မြန်မာစစ်အစိုးရ သတင်းများတွင် ဖော်ပြသည်။

၂၇ ၂၀၀၈ ခုနှစ်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်) နယ်မြေမှ ပြုလုပ်သော စမ်းချောင်းမှ အသက် ၄၇ နှစ်အရွယ် အမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းချက်။ သူမ၏အမည်အား သူမ၏ လုံခြုံရေးအရ မဖော်ပြပါ။

၂၈ ကျပ်ငွေမှာ မြန်မာငွေ အသုံးအနှုန်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် အနည်းဆုံး နေ့စဉ်လုပ်အားခမှာ ကျပ် ၅၀၀ ဖြစ်၍ အမေရိကန် နိုင်ငံခြားရေးရာဌာနမှ ခန့်မှန်းခြေမှာ ယေဘုယျအားဖြင့် အလုပ်သမားများမှာ တနေ့လျှင် ၅၀၀ မှ ၁၀၀၀ ကျပ်ဝင်ငွေရှိသည်။ http://www.state.gov/e/eeb/ifd/2008/100832.htm, accessed 22 August 2008

၂၉ နိုင်ငံတကာ "PEN" မြန်မာဟာသလူရွှင်တော် ဇာဂနာအဖမ်းခံ ဇွန်လ ၉ ရက်နေ့ ၂၀၀၈ ခုနှစ်တွင် အဖမ်းခံရသည်။ online: http://www.internationalpen.org.uk/go/news/myanmar-comedian-and-poet-zargana-arrested, စောရန်နိုင် ပုဂ္ဂလိက နာဂစ်စ် အကူအညီပေးသူများအား ချေမှုန်းရန်အတွက် စစ်အစိုးရမှ အစီအစဉ်များချမှတ်ခဲ့သည်။ (ဇွန်လ ၁၈ ရက်နေ့ ၂၀၀၈၊ ဧရာဝတီ ) online:http://www.irrawaddy.org/article.php?art_id=12822

၃၀ ဇူလိုင် ၂၀၀၈ ခုနှစ်တွင် အသက် ၂၂ နှစ်အရွယ်ကရင်နီအမျိုးသမီးတဦးနှင့် တွေ့ဆုံမေးမြန်းချက်။ ထိုအမျိုးသမီး၏ အမည်ကို သူမ၏ လုံခြုံရေးကြောင့် မဖော်ပြပါ။

၃၁ အင်တာနက်စာမျက်နှာ - http://www.burmalibrary.org/docs/Depayin_Massacre.pdf,

၃၂ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ယာယီအထူးလုပ်ဆောင်ချက်နှင့် ပတ်သက်၍ မဲပေးပုံစနစ်အပေါ် အသေးစိတ်သဘော ထားရပ်တည်ချက်စာတမ်းကို ပြုစုပြီးဖြစ်သည်။ "*Looking through Gender Lenses: A Position Paper on Gender Equality*," September 2006.

၃၃ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ "မြန်မာအမျိုးသမီးများ၏ စံတန်ဖိုး" online:http://mncwa.tripod.com/mncwa/id8.html, accessed 22 August 2008.

၃၄ စစ်အစိုးရမှ ဗုဒ္ဓဘာသာစည်းမျဉ်းစည်းကမ်းများကိုသာကိုးကားထားသော်လည်း မြန်မာနိုင်ငံရှိ လူဦးရေအများစုမှာ ခရစ်ယာန်၊ မွတ်စလင် နှင့် နတ်ကိုးကွယ်မှုများအပါအဝင် ဘာသာရေးပေါင်းစုံကို ကိုးကွယ် လျှက်ရှိသည်။

၃၅ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ "မြန်မာအမျိုးသမီးများ၏ စံတန်ဖိုး" online:http://mncwa.tripod.com/mncwa/id8.html, accessed 22 August 2008.

၃၆ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၆ /၈၈ )

၃၇ ဒီမိုကရေစီအင်အားစုမှ "Burma" ကိုဆက်လက်သုံးနေချိန်တွင် စစ်အစိုးရမှ "Myanmar" ဆိုသည့်အသုံးအနှုန်းကို ၁၉၈၇ ခုနှစ်မှစ၍ လူထု၏ သဘောထားများမပါဝင်ဘဲ သုံးစွဲခဲ့သည်။

၃၈ အစီရင်ခံစာအပြည့်အစုံကို http://www.womenofburma.org/Report/Driven_Away.pdf.

၃၉ ကချင်လွတ်လပ်ရေးအဖွဲ့အစည်း (KIO) မှာ ၁၉၉၄ ခုနှစ်တွင် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ချုပ် ဆိုခဲ့သည်။

၄၀ စစ်အစိုးရမှ တင်သွင်းသော အစီရင်ခံစာ အပိုဒ် ၇၉– ၈၀

၄၁ Coordinated Mekong Ministerial Initiative against Trafficking

၄၂ အင်တာနက်စာမျက်နှာ - http://www.mwaf.org.mm/News/News/Details.asp?id=626.

၄၃ အပြည့်အစုံကို နောက်ဆက်တွဲ ၁ တွင်ကြည့်နိုင်ပါသည်။

၄၄ ထိုအမိန့်၏ အမည် အတိအကျမှာ မရှိပါ။  စစ်အစိုးရမှ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၅– ၂၈ ရက်နေ့ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ကျင်းပသော ညီလာခံ၌ ထိုအမိန့်အား ရည်ညွှန်းပြောဆိုခဲ့သည်။ သတင်းအရင်းအမြစ် – အမျိုးသမီးနှင့် ကလေးငယ်များ လူကုန်

ကူးခံရမှုနှင့်ပတ်သက်သော အကြောင်းအရာနှင့် ပတ်သက်၍ စစ်အစိုးရမှ တရားမဝင် အလုပ်သမားလုပ်ရှားမှုများနှင့် အပေါ်တွင် တင်သွင်းသော အမျိုးသမီးလူကုန်ကူးခံရမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အမြင်ရှုထောင့်

၄၅ ရှမ်းအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်ရေးအသင်း ၂၀၀၆ စက်တင်ဘာ ၊ သတင်းစာစောင် အမှတ်စဉ် ၇

၄၆ သတင်းအရင်းအမြစ်– လွတ်လပ်သော မွန်သတင်းဌာန၊ ၂၀၀၅ ခုနှစ် စက်ဘင်ဘာလ ၁၄

၄၇ သတင်းအရင်းအမြစ် –မြန်မာ သတင်းပြန်ကြားရေး ကော်မတီ မှ သတင်းအချက်အလက်စာမျက်မှာ နံပါတ် D-3132 (I), ဩဂုတ်လ ၁၄ ရက် ၂၀၀၄၊ အသေးစိတ် ကို နောက်ဆက်တွဲ ၅ တွင် ကြည့် ရန်

၄၈ သတင်းအရင်းအမြစ် – ရှမ်းအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်ရေးအသင်းစာစောင် စက်တင်ဘာ ၅၊ ၂၀၀၄၊ စာမျက်နှာ ၁။ စစ်အစိုးရ၏ လူကုန်ကူးမှုဆန့်ကျင်ရေး လုပ်ဆောင်မှုနောက်ကွယ်ဝယ်

၄၉ မယက – မြို့နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ နှင့် ရယက– ရက်ကွက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

၅၀ မေလ ၂၀၀၈ တွင် ဘုရားသုံးဆူမြို့၌ ပြုလုပ်သော တွေ့ဆုံမေးမြန်းချက်မှဖြစ်သည်။

၅၁ သတင်းအရင်းအမြစ် – တွန်းပို့ခံရခြင်း– စာမျက်နှာ ၄၆

၅၂ တွန်းပို့ခံရခြင်း– စာမျက်နှာ ၄၄

၅၃ သတင်းအရင်းအမြစ်– လားဟူ အမျိုးသားတိုးတက်ရေး အစည်းအရုံး (LNDO) ၏ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ထုတ် သတင်းစာစောင် Undercurrents, "*Sold down the river*" လားဟူအမျိုးသမီးတဦး၏ အကြောင်း– စာမျက်နှာ ၇၊

၅၄ http://www.ungei.org/gap/reportPacific.php.

၅၅ မြန်မာနိုင်ငံသည် "Haiti"နှင့် "Turkmenistan" အပြင် ကမ္ဘာပေါ်တွင် ဒုတိယ လာဘ်စားမှုအများဆုံးနိုင်ငံဖြစ်သည်။ (Transparency International Report - October 2005)

၅၆ သတင်းအရင်းအမြစ် – မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ (ABFSU)– နိုင်ငံခြားရေးရာ ကော်မတီမှ ထုတ်ဝေသော ပညာရေးအစီရင်ခံစာ ၂၀၀၂

၅၇ အင်တာနက်စာမျက်နှာ http://www.unesco.org/education/gmr2008/EDI_tables/table2.pdf.

၅၈ ကျောင်းသားများ၏ တနှစ်စာ ကုန်ကျစရိတ်ကို အသေးစိတ်သိရန်အတွက် နောက်ဆက်တွဲ ၂– ၄ ကို ကြည့်ပါ။

၅၉ ဧပြီလ ၂၀၀၈ ခုနှစ်တွင် ပလောင်ဝ်ဒေသအတွင်းရှိ ပလောင်အမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းချက်

၆၀ ပညာရေးဌာန၏ စီမံခန့်ခွဲမှုပုံစံမှာ ဗဟိုမှ ချုပ်ကိုင်သော စနစ်ဖြစ်သည်။ ဗဟို ပညာရေးဝန်ကြီးဌာနမှ ပြည်နယ်နှင့်တိုင်းများသို့ ညွှန်ကြားချက်များ အားလုံးမှာ အထက်မှ အောက်သို့ အဆင့်ဆင့်ဖြစ်သည်။ ထို့ကြောင့် ဆရာ၊ဆရာမများနှင့် ကျောင်းအုပ်ချုပ်သူများနှင့် ပညာရေးဆိုင်ရာ အဖွဲ့များအားလုံး အထက်မှ အမိန့်ကို လိုက်နာကြရသည်။ စစ်အစိုးရ အာဏာရလာသည့် အချိန်မှစ၍ ဆရာ၊ဆရာမများနှင့် ကျောင်းသားများ၏ လှုပ်ရှားမှုများအားလုံးနှင့် အစိုးရလှုပ်ရှားမှုများအားလုံးမှာ စစ်အစိုးရ၏ စွက်ဖက်တားဆီးမှုကိုခံရသည်။ မလိုက်နာသောသူများမှာ အနှောင့်အယှက်များနှင့်ကြုံတွေ့ရသည့်အပြင် ၄င်း၏ မိသားစုဝင်များမှာလည်း လက်နက်ကိုင်များဖြစ်သော ရဲ၊ စစ်တပ်၊ မီးသတ်နှင့် အစိုးရဖွဲ့စည်း၍ အစိုးရအား ထောက်ခံသောအဖွဲ့များဖြစ်သည့် မြန်မာ့အမျိုးသမီးရေးရာ၊ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ စသောအဖွဲ့များအားအသုံးချ၍ အမျိုးမျိုး အနှောင့်အယှက်များပေးလျက်ရှိသည်။

၆၁ ဒေါက်တာသိန်းလွင်ရေးသားပြုစုသော မြန်မာနိုင်ငံအတွင်းမှ ပညာရေး *(1945-2000),* http://burmalibrary.org/docs/Education_in_Burma_(1945-2000).htm.

၆၂ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့မှာ အစိုးရမှ ၁၉၉၃ ခုနှစ်တွင် စတင် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရေစီလိုလားသော အဖွဲ့များအား အကြမ်းဖက်၊ ခြိမ်းခြောက်ရာတွင် အသုံးပြုသော စစ်အစိုးရ၏ နိုင်ရေးလက်နက်အဖြစ် ပြောင်းလဲကြီးထွားလာသော အဖွဲ့ဖြစ်သည်။ ထို့အပြင် ၄င်းအဖွဲ့ဝင်များမှာလည်း လူ့ပတ်ဝန်းကျင်တွင် အခွင့်ထူးခံများဖြစ်သည်။ ပို၍ အသေးစိတ်လေ့လာချင်လျှင်

visit: http://burmalibrary.org/docs3/USDA-Mon-Forum2005-04.html

၆၃ သတင်းအချက်အလက်များပိုမိုရရှိလိုပါလျှင် – visit: http://www.badasf.org/education.htm.

၆၄ ကျေးလက်ဒေသအမျိုးသမီးများ ပုဒ်မ ၁၄ တွင်လည်းတွေ့နိုင်သည်။

၆၅ မြန်မာနိုင်ငံအတွင်းတွင် အစိုးရမှ မူလတန်းကျောင်းပေါင်း (၃၉၀၀၀) ကျောင်းဖွင့်ထားပေးလျက်ရှိပြီး အများစုမှာ မြို့ပြများတွင်သာဖြစ်သည်။

၆၆ သတင်းအရင်းအမြစ် – UNICEF current website: http://www.unicef.org/myanmar/children_1350.html “ကျောင်းကုန်ကျစရိတ်တော်တော်များများကို ကျောင်းသားမိဘများက ပေးရသည်။ ထို့ကြောင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ငွေကြေးအခက်အခဲဖြစ်လာခဲ့သည်။ ကျောင်းသုံးပစ္စည်းများမှာ အမြဲတမ်းလိုလိုပင် ဆင်းရဲ၍ မလောက်မငှဖြစ်၍ ကျောင်းဆရာ၊ ဆရာမများမှာလည်း လစာမလောက်ငှမှုများ၊ အလုပ်ခွင်အတွင်းသက်တောင့်သက်သာမရှိမှုများနှင့် မိသားစုများနှင့် ကာလကြာမြင့်စွာ ခွဲခွာရမှုများကြောင့် အလုပ်မှရပ်နားမှုများလည်း မြင့်တက်လာသည်။

၆၇ သတင်းအရင်းအမြစ် – လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (LNDO)” မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ တွင်ထုတ်ဝေသော Undercurrents မှ “*Is Development Really Coming*?” – စာမျက်နှာ ၂၀

၆၈ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများကိုပင် စည်းမျဉ်း၊စည်းကမ်းများထုတ်၍တင်းကျပ်သည့်အပြင် အချို့တိုင်းရင်းသားဒေသများတွင် လုံးဝမလုပ်ရဟူသော တားမြစ်ချက်များဖြင့် နိုင်ငံရေးလှုပ်ရှားမှုများအား တားမြစ်သကဲ့သို့ လုပ်ဆောင်ထားသည်။ (တွေ့ဆုံမေးမြန်းချက်)

၆၉ အမျိုးသားပညာရေးနှင့် ကျန်းမာရေးကော်မတီမှာ တိုင်းရင်းသားအဖွဲ့များအပါအဝင် ဒီမိုကရေစီလိုလားသော အင်အားစုများမှ ကျန်းမာရေးနှင့် ပညာရေးအတွက် လုပ်ဆောင်နေသော အဖွဲ့များပေါင်းစုထားသော ကော်မတီဖြစ်သည်။

၇၀ http://www.un.org/ga/children/myanmarE.htm.

၇၁ ဒေါက်တာသိန်းလွင်နှင့် အီးမေးလ် ဆက်သွယ်မှုဖြင့်ရရှိသည့် အချက်အလက်။

၇၂ သတင်းအရင်းအမြစ် – မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၏ နိုင်ငံခြားရေးရာကော်မတီမှ စုစည်းထုတ်ဝေသော ၂၀၀၂ ခုနှစ် ပညာရေးအစီရင်ခံစာဖြစ်သည်။

၇၃ သတင်းအရင်းအမြစ် – အမျိုးသားကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကော်မတီ

၇၄ မြန်မာ့ရိုးရာ စကားပုံကိုးကားချက် “သားကိုသခင်၊ လင်ကိုဘုရား”

၇၅ တနိုင်ငံလုံးအတိုင်းအတာဖြင့် ကုလသမဂ္ဂ၏ မကြာသေးခင်က စာတမ်းပြုစုမှု (Source: http://www.burmanet.org/news/2007/08/20/bangkok-post-soaring-petrol-costsdeepen-woes-larry-jagan/).

၇၆ http://www.unicef.org/infobycountry/myanmar.html.

၇၇ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) နှင့် မြန်မာ့အမျိုးသမီးသမဂ္ဂ တို့မှထုတ်ဝေသော တွန်းပို့ခံရခြင်းနှင့် ငရဲနှစ်ခုကြားတွင် ပိတ်မိနေခြင်း အစီရင်ခံစာအတွင်းတွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်။

၇၈ မြန်မာနိုင်ငံတွင်း စစ်တပ်မှ ကျူးလွန်သော မုဒိမ်းမှုများအကြောင်းကို သက်သေများဖြင့် အမျိုးသမီးသမီးအဖွဲ့များမှ အစီရင်ခံစာများ ထုတ်ဝေခဲ့သည်။

၇၉ သတင်းအရင်းအမြစ် – မြန်မာ့အလင်းသတင်း ၂၀၀၈ ခုနှစ် မတ်လ ၂၅ ရက်နေ့ထုတ်၊ စာမျက်နှာ ၇ မှ “၆၃ ခုနှစ်မြောက် တပ်မတော်နေ့တွင်ပြောကြားသော တပ်မတော်အစိုးရ၏ အချိန်အလိုက်တိုးတက်နေသောကျန်းမာရေးကဏ္ဍ”

၈၀ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အစည်း – http: //www.who.int/nha/country/en/

၈၁ ကိုးကားချက် – ၂၀၀၀ ခုနှစ် ကမ္ဘာ့ကျန်းမာရေး အစီရင်ခံစာ

၈၂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး– ၂၀၀၃

၈၃ သတင်းအရင်းအမြစ် – The Gathering Storm : http://www.hrcberkeley.org/pdfs/BurmaReport2007.pdf p. 64

၈၄ သတင်းအရင်းအမြစ် – နယ်သာလန်ရေဒီယို ၊ ဇွန်လ ၂၅ ၊ ၂၀၀၈

၈၅ Beyrer, Labrique, Brookmeyer, assessing the magnitude of the HIV/AIDS epidemic in Burma. *J AIDS* 2003; 311-317. မြန်မာနိုင်ငံတွင် ရောဂါ၏ ပမာဏ နှင့် အခြေအနေ ကို ဆန်းစစ်ခြင်း

၈၆ ရည်ညွှန်းချက်: US GAO အစီရင်ခံစာ, April 2007

၈၇ UNAIDS 2007 သို့ စစ်အစိုးရ တင်သွင်းသည့် အစီရင်ခံစာ

၈၈ UNAIDS 2007 သို့ စစ်အစိုးရ တင်သွင်းသည့် အစီရင်ခံစာ

၈၉ ICAAP 2007, Colombo.

၉၀ သတင်းအရင်းအမြစ်: http://www.unaids.org/unaids_resources/UNGASS/2005-Country-ProgressReports/2006_country_progress_report_myanmar_en.pdf.

၉၁ သတင်းအရင်းအမြစ် *Prevention and Treatment of HIV in Myanmar*. ICAAP in Colombo, 2007 တွင် Dr. Frank Smithuis, MSF- Holland ပြောသော မိန့်ခွန်း အထက်ပါအတိုင်း

၉၂ http://www.gng.org/currents/myanmar/mya_hiv.html

၉၃ BPHWT, *Chronic Emergency*, အစီရင်ခံစာ– 2006

၉၄ အထက်ပါအတိုင်း

၉၅ အထက်ပါအတိုင်း

၉၆ အထက်ပါအတိုင်း

၉၇ အထက်ပါအတိုင်း

၉၈ သတင်းအရင်းအမြစ် -The Gathering Storm: http://www.hrcberkeley.org/pdfs/BurmaReport2007.pdf.

၉၉ သတင်းအရင်းအမြစ်: International Herald Tribune, Myanmar Cracks Down on Business Groups. အင်တာနက် စာမျက်နှာ – http://www.iht.com/articles/ap/2007/05/16/asia/AS-GEN-Myanmar-Government-Crackdown.php

၁၀၀ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၏ *Unsung Heroines: The Women of Myanmar*. 24 May 2000. အင်တာနက်စာမျက်နှာ – http://web.amnesty.org/library/Index/engASA160042000?OpenDocument&of=COUNTRIES%5CMYANMAR?OpenDocument&of=COUNTRIES%5CMYANMAR.

၁၀၁ သတင်းအရင်းအမြစ် UNICEF. Myanmar, The Country အင်တာနက်စာမျက်နှာ– http://www.unicef.org/myanmar/pages/a4.html

၁၀၂ သတင်းအရင်းအမြစ် The Gathering Storm: http://www.hrcberkeley.org/pdfs/BurmaReport2007.pdf.

၁၀၃ BPWHT, Chronic Emergency, 2006.

၁၀၄ အထက်ပါအတိုင်း

၁၀၅ UNPFA Population Fund, 2001.

၁၀၆ ကိုယ်ဝန်ဖျက်ချခြင်းသည် မြန်မာနိုင်ငံအတွင်းတွင် တရားမဝင်သောကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေ အပိုင်း ၃၁၂ အရ မိခင်၏ အသက်ကိုအန္တရာယ်ရှိနိုင်သော ကိုယ်ဝန်မှအပ ကိုယ်ဝန်ဖျက်ချရာတွင် ပါဝင်သော လူနာနှင့် ဆေးပညာကို အသုံးပြုသူနှစ်ဦးနှစ်ဘက်စလုံး ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ် (၃) နှစ်ကျခံရမည်ဖြစ်ပြီး သေဆုံးသွားလျှင် ထောင်ဒဏ် ၁၀ နှစ်ထိကျခံရနိုင်ဖွယ်ရှိသည်။

၁၀၇ www.unfpa.org/exbrd/2001/secondsession/dpfpammr_eng.doc

၁၀၈ Physicians for Human Rights, No Status, 2004.

၁၀၉ http://www.unicef.org/media/media_27322.html.

၁၁၀ Antiretroviral drugs are medications for the treatment of infection by retroviruses, primarily HIV

၁၁၁ Declaration of Commitment on HIV/AIDS (UNGASS); Myanmar country report Reporting period: January-December 2004.

၁၁၂ အထက်ပါအတိုင်း

၁၁၃ ထင်ပေါ်ကျော်ကြားသော သတင်းမီဒီယာများဖြစ်သည့် မဂ္ဂဇင်း၊ ဗွီဒီယို၊ သရုပ်ဆောင်၊ ရေဒီယို၊ ဟာသစာအုပ် နှင့် လူငယ်မဂ္ဂဇင်းများကို အသုံးပြုခြင်း

၁၁၄ http://www.un.org/special-rep/ohrlls/ldc/MTR/Myanmar.pdf

၁၁၅ အချက်အလက် http://www.mm.undp.org/HDI/Agricultural.html

၁၁၆ စစ်အစိုးရမှ ထိုင်းနှင့် တရုတ်နိုင်ငံများသို့သစ်ရောင်းဝယ်ရေးအများဆုံးလုပ်ဆောင်သည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံမှ ကျွန်းသစ်အများဆုံးတင်သွင်းသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ နှစ်စဉ် ၉၅ ရာခိုင်နှုန်းသော ကျွန်းသစ်များ (ကုဗမီတာ ၁ သန်းကျော်)ကို မြန်မာနိုင်ငံမြောက်ပိုင်းမှတဆင့် တရုတ်နိုင်ငံယူနန်နယ်သို့ တရားမဝင်ရောင်းချလျှက်ရှိသည်။ (Source: *A Choice for China: Ending the destruction of Burma's frontier forests*, a report by Global Witness, a London-based, non governmental organization)

၁၁၇ မြန်မာနိုင်ငံတဝှမ်းတွင် တရားဝင်နှင့် တရားမဝင်သော မိုင်းလုပ်ငန်းများစွာရှိသည်။ Ivanhoe Mines Ltd. and The LeewardCapital Corporation, and China Nonferrous Metal Mining Company (CNMC) တို့မှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးလုပ်ကိုင်သော ကုမ္ပဏီများဖြစ်သည်။ (CNMC) မြန်မာနိုင်ငံတွင် တကောင်းတောင်မိုင်းဟုခေါ်သော ဒန်သတ္တုတူးဖော်သော မိုင်းအသစ်တွင် အမေရိကန်ဒေါ်လာ သန်း (၆၀၀) ရင်းနှီးမြှုပ်နှံ၍ စစ်အစိုးရ၏ မိုင်းလုပ်ငန်းစဉ် နံပါတ် ၃ နှင့် တွဲဖက်လုပ်ရန် ပြင်ဆင်လျှက်ရှိသည်။ ၄င်းမှာ စစ်အစိုးရအတွက် ဝင်ငွေကောင်းပင်ဖြစ်သည်။ (Source: Burma Campaign UK website)

၁၁၈ ကချင်လူမှု ဖွံ့ဖြိုးရေး ကွန်ယက်အဖွဲ့ မှ ထုတ်သော "အမှောင်လွှမ်းနေသော ချိုင့်ဝှမ်း" အစီရင်ခံစာ၊ စာမျက်နှာ ၃၃။

၁၁၉ Unhindered prospects, Undercurrents Issue 2, p. 2

၁၂၀ The Shan Relief and Development Committee – ဘာမှမရှိသော စိုက်ပျိုးခင်းများ– ရှမ်းပြည်နယ် မိုးနဲမြို့နယ်တွင် စိုက်ပျိုးရေးများကို ဖျက်ဆီးခြင်းများ

၁၂၁ တိုင်းရင်းသားလူမျိုးများ လူထုဖွံ့ဖြိုးရေးဆုံရပ်မှ ထုတ်ဝေသော အမိန့်အာဏာဖြင့် ဇီဝလောင်စာထုတ်လုပ်ခြင်းအစီရင်ခံစာ– (တိုင်းရင်းသားလူမျိုးများ လူထုဖွံ့ဖြိုးရေးဆုံရပ်သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်သော အဖွဲ့အစည်း ၇ ဖွဲ့ဖြင့် ဖွဲ့စည်းထားပါသည်။ )

၁၂၂ အသေးစိတ်အချက်အလက်များအတွက် Show Business, Hand in Gloves & Shan Drug Watch at www.shanland.org

၁၂၃ ၂၀၀၇ ခုနှစ် ကရင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ဝေသော "စိုးရိမ်မှတ်လွှန် ရက်စက်မှု" အစီရင်ခံစာ မှ ဖြစ်ရပ် နံပါတ် ၂၇

၁၂၄ ၂၀၀၆ ခုနှစ် တွင် ပလောင်အမျိုးသမီးအဖွဲ့အစည်းမှ ထုတ်ဝေသော "အဆိပ်သင့်ပန်း" အစီရင်ခံစာမှ မူးယစ်ဆေးဝါးသုံးစွဲမှုအကြောင့်အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများ

၁၂၅ ၂၀၀၂ ခုနှစ်တွင် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်းမှ ထုတ်ဝေသော "မုဒိန်းကျင့်ခွင့်လိုင်စင်" အစီရင်ခံစာ

၁၂၆ ၂၀၀၇ ခုနှစ်တွင် ကရင်အမျိုးသမီးအစည်းရုံးထုတ်ဝေသော "စိုးရိမ်မှတ်လွှန်ရက်စက်မှုများ" အစီရင်ခံစာထဲမှ ဖြစ်ရပ် နံပါတ် ၁၁၈

၁၂၇ သတင်းအရင်းအမြစ် – ကုလားတန်သတင်း၊ ဩဂုတ်လ ၂၀ ရက်နေ့ ၂၀၀၇ ခုနှစ်

၁၂၈ ကချင်လူမှု ဖွံ့ဖြိုး ရေး ကွန်ယက်အဖွဲ့ မှ ထုတ်ဝေသော "အမှောင်လွှမ်းနေသော ချိုင့်ဝှမ်း" အစီရင်ခံစာ၊ ၂၀၀၆

၁၂၉ ၂၀၀၆ ခုနှစ်တွင် ကုလမဂ္ဂအထွေထွေညီလာခံ၏ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု လေ့လာချက်များ။ သတင်း အရင်းအမြစ်: http://www.un.org/womenwatch/daw/vaw/

၁၃၀ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ တွင် အမျိုးသမီးအကြမ်းဖက်မှုရပ်တန့်ရေး စတင်လှုံ့ဆော်ရေးအစီအစဉ်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းမှ ထည့်သွင်းဖော်ကြားခြင်း

၁၃၁ စစ်အစိုးရမှ ၂၀၀၀ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဘေဂျင်း + ၅ အစည်းအဝေးနှင့် ၂၀၀၄ ခုနှစ် စက်တင်ဘာတွင် ဘေဂျင်း +း ၁၀ အစည်းအဝေး သို့တင်သွင်းသော အစီရင်ခံစာ

၁၃၂ အထက်ပါအတိုင်း

၁၃၃ UN စာတမ်း အမှတ်: CEDAW/C/ MMR/3, စာမျက်နှာ ၃၊ အပိုဒ် ၆၆.

၁၃၄ အင်တာနက် စာမျက်နှာ: http://www.un.org/womenwatch/daw/vaw/.

၁၃၅ အင်တာနက် စာမျက်နှာ http://daccessdds.un.org/doc/UNDOC/GEN/N06/588/04/PDF/N0658804.pdf?OpenElement, p. 29.

၁၃၆ ၁၉၉၁ ခုနှစ်မှ စတင်၍ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တို့သည် အနည်းဆုံး ကုလသမဂ္ဂ ဆုံးဖြတ်ချက်ပေါင်း ၃၀ ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်များထဲတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ လူ့အခွင့်အရေးချိုး အခြေနေများကိုတင်သွင်းသော အစီရင်ခံစာနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ တင်သွင်းသော အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုပပျောက်ရေး အစီရင်ခံစာများတွင် စစ်အစိုးရစစ်တပ်နှင့် အာဏာပိုင်များမှ ကျူးလွန်ထားသော လိင်ပိုင်းဆိုင်ရာပြစ်မှုများအတွက် သက်သေပေါင်းများစွာပေးလျှက်ရှိသည်။

၁၃၇ သတင်း အရင်းအမြစ်: – SCOEWBA, သည် အမျိုးသမီးများကို ကြည့်ရှုစောင့်ရှောက်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

၁၃၈ ၂၀၀၄ ခုနှစ်မှစတင်၍ မြန်မာနယ်စပ်တစ်လျှောက်တွင် ပြုလုပ်ခဲ့သော အမျိုးသမီးများ အလုပ်ရုံဆွေးနွေးပွဲများမှ အကြံပြုချက်များ

၁၃၉ သတင်း အရင်းအမြစ်   –SCOEWBA.

၁၄၀ သတင်း အရင်းအမြစ်   – SCOEWBA. စက်တင်ဘာလ ၆ ရက်နေ့တွင် အမျိုးသမီးသည် SCOEWBA တွင်ရောက်ရှိလာခဲ့သည်။

၁၄၁ ဇန်နဝါရီလ ၂၀၀၈ ခုနှစ်တွင် ပြုလုပ်သော စီဒေါ စင်ပြိုင် အစီရင်ခံစာ တိုင်ပင်ဆွေးနွေးပွဲ

၁၄၂ ရှမ်းအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်ရေးအသင်းမှ ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေသော မုဒိမ်းကျင့်ခွင့်လိုင်စင်၊ ကရင်အမျိုးသမီးအစည်းအရုံး၏ တိတ်ဆိတ်မှုကို ဖြိုခွင်းခြင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ၂၀၀၄ ခုနှစ်တွင် ထုတ်ဝေသော *ကျူးလွန်ခွင့်ပြုထားသောစနစ်*၊ မွန်အမျိုးသမီးအစည်းအရုံး၏ ၂၀၀၅ ခုနှစ်တွင်ထုတ်ဝေသော (Catwalk to the Barracks)/ 2007 ခုနှစ်တွင် ထုတ်ဝေသော စိုးရိမ်မှတ်လွန်ရက်စက်မှုများ နှင့် Unsafe State

၁၄၃: UN စာတမ်း အမှတ်: CEDAW/C/ MMR/3, စာမျက်နှာ ၁၅၊ အပိုဒ် ၅၉

၁၄၄ အသေးစိတ်အချက်အလက်များသိလိုပါက  http://www.shanwomen.org: on Publications Page: *A Mockery of Justice*

၁၄၅ "ကျူးလွန်ခွင့်ပြုထားသောစနစ်"– အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏အစီရင်ခံစာ၊ ၂၀၀၄ ခုနှစ်

၁၄၆ သတင်း အရင်းအမြစ်   – ကချင်အမျိုးသမီးအစည်းအရုံး ( ထိုင်းနိုင်ငံ)

၁၄၇ အင်တာနက် စာမျက်နှာ http://myanmargeneva.org/pressrelease_PMGev/7th%20Session%20HRC%20 Statement%2017% 20Mar%202008.htm.

၁၄၈ သတင်း အရင်းအမြစ်   – ကရင်အမျိုးသမီးအစည်းအရုံး

၁၄၉ သတင်း အရင်းအမြစ်   –ကရင်နီအမျိုးသမီးအစည်းအရုံး

၁၅၀ သတင်း အရင်းအမြစ်   – ပလောင်အမျိုးသမီးအဖွဲ့အစည်း

၁၅၁ စစ်တပ်၏ကျူးလွန်မှုကို ကိုယ်တွေ့ခံရခြင်း ဇန်နဝါရီလ ၁၇ ရက ၂၀၀၃။ သတင်းအရင်းအမြစ် www.shanwomen.org, Archives on Press releases:

၁၅၂ သတင်း အရင်းအမြစ်   – ရှမ်းသံတော်ဆင့်  Junta army looks at gift horses in the mouth, No.03 – 05/2006, 4 May 2006

၁၅၃ သတင်း အရင်းအမြစ်   – ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် ၊ ဇန်နဝါရီလ ၂၀၀၈ ခုနှစ် အစီရင်ခံစာ –

၁၅၄ သတင်း အရင်းအမြစ်   – ကရင်နီအမျိုးသမီးအစည်းအရုံး

၁၅၅ တိုက်ပွဲများမရှိသောနယ်မြေ၊ အချိန်မရွေးအကန့်အသတ်မရှိလှုပ်ရှားသွားလာနိုင်သောနယ်မြေ

၁၅၆ သတင်း အရင်းအမြစ်   – ရဲမှ အမျိုးသမီးငယ်ကိုမုဒိန်းကျင့်မှု၊ ငွေ ၁၇၀၀၀၀ ကျပ်လုယူမှု၊ ဇန်နဝါရီလ ၂၈ ရက် ၂၀၀၈ ခုနှစ် Kaladan News

၁၅၇ သတင်း အရင်းအမြစ်    – ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်

၁၅၈ file:///d:/eudora2/attach/Democratic%20Voice%20of%20Burma.htm

၁၅၉ သတင်းအရင်း အမြစ်– စစ်တပ်မှ စစ်တပ်အမျိုးသမီးကိုမုဒိန်းကျင့်မှု၊ နံပါတ် ၀၆၊ ၀၅၊ ၂၀၀၅၊ ရှမ်းသံတော်ဆင့်–မေလ ၆ ရက် ၂၀၀၅ ခုနှစ်နှင့် ရှမ်းပြည်တွင်းမှရရှိသောသတင်းများ

၁၆၀ အင်တာနက်စာမျက်နှာ – http://khonumthung.com/kng-news/2008-news-archive/june-2008/two-chin-teenaged-girls-raped-in-burma-rapists-arrested.

၁၆၁ http://english.dvb.no/news.php?id=1439.

၁၆၂ http://www.kachinnews.com.

၁၆၃ သတင်း အရင်းအမြစ်   – ၂၀၀၄ ခုနှစ် ပညာရေးအစီရင်ခံစာ၊ နိုင်ငံခြားရေးရာကော်မတီ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၊ ဖေဖော်ဝါရီလ–၂၀၀၅ ခုနှစ်

၁၆၄ http://www.myanmar-information.net/infosheet/2004/040814.htm

Women's League of Burma

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

P O Box 413 GPO
Chiang Mai 50000,
Thailand

wlb@womenofburma.org
www.womenofburma.org